www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၅၈၀၇၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၅၁၀၇၀၉
ထုတ်ဝေခြင်း - ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
မျက်နှာဖုံးပန်းချီ - အောင်စံမြင့်
မျက်နှာဖုံးတာလာခွဲ - မြရတနာColour Seperation
အတွင်းဖလင် - A.Z
ကွန်ပျူတာစာစီ - Future World
စာအုပ်ချုပ် - မြရတနာအဖွဲ့သားများ

ထုတ်ဝေသူ
ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြ)
သိင်္ဂီမြင်သာစာပေအတွင်း
မဟာဗန္ဓုလလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မဟာဗန္ဓုလလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

သောင်းဝေဦး ၁၅၅.၈ [illegible]
အမှတ်တရတိုက်ပွဲများအမှတ်(၃) ကျွန်တော်ပါဝင်သော နောင်လိုင်ပါခန်းနှင့် ပြုံ့ ၆၀၄၁ တိုက်ပွဲကြီး
သောင်းဝေဦး။ ရန်ကုန်။
၂၆၀၊ စာ ၁၂၄ စင်တီ × ၁၈.၅ စင်တီ
(၁) အမှတ်တရတိုက်ပွဲများအမှတ်(၃) ကျွန်တော်ပါဝင်သော နောင်လိုင်ပါခန်းနှင့် ပြုံ့၆၀၄၁ တိုက်ပွဲကြီး


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

# သောင်းဝေဦး

# အမှတ်တရတိုက်ပွဲများ

## အမှတ် (၃)

# ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန် နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး

## (၁၉၇၈)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ကျွန်တော်ပါဝင်သော နောင်လိုင်ဝါဒနှင့်ပွဲငြိမ်းတေးတိုက်ပွဲကြီး


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁)** | |
| | **အရှေ့တောင်တိုင်းမှသည်အရှေ့မြောက်ဆီသို့** | |
| ၁။ | ကျွန်တော် ပြုတ်မနေး | ၇ |
| ၂။ | တပ်ပြောင်းရွှေ့တင်လိုက်မိခြင်း | ၁၀ |
| ၃။ | မော်လမြိုင်ကျောက်တစ်လုံးမှသည် လားရှိုးတန့်ယန်းဆီသို့ | ၁၂ |
| ၄။ | ကျွန်တော်ဦးစီးအရာရှိ | ၁၄ |
| ၅။ | သင်တန်းပြီးဆုံးသည့်နောက်ဝယ် | ၁၆ |
| | **အခန်း (၂)** | |
| | **ကျွန်တော်နှင့်နောင်လိုင်** | |
| ၆။ | နောင်လိုင်ဆိုသည်ကား | ၁၈ |
| ၇။ | နောင်လိုင်စခန်းမှာသုံးလကြာ | ၂၀ |
| ၈။ | နောင်လိုင်ကပြန်ရပြီ | ၂၅ |
| ၉။ | ဗကပများ လာကြပြီဆိုခြင်း | ၃၀ |
| ၁၀။ | နောင်လိုင်သို့ရှိရာဝယ် | ၃၉ |
| | **အခန်း (၃)** | |
| | **ကျွန်တော်ကြုံခဲ့ရသောဝန်ရွှန်းတောင်ရှာတိုက်ပွဲကြီး** | |
| ၁၁။ | ဗကပနဲ့တွေ့ပြီ | ၅၁ |
| ၁၂။ | တိုက်ပွဲနေရာမှရွာစစ်ဆင်ရခြင်း | ၇၀ |
| ၁၃။ | ကျွန်တော်၏တစ်ညတာစွန့်စားခန်း | ၇၇ |
| ၁၄။ | ဆုံကွေ့သို့အပြန်ခရီး | ၈၆ |
| | **အခန်း (၄)** | |
| | **မြို့ဆုံးသေးသေးသောနောင်လိုင်ဝါဒနှင့်ပွဲငြိမ်းတေးတိုက်ပွဲများ** | |
| ၁၅။ | ရက်သတ္တနှစ်ပတ်ကြာ ဆုံကွေ့မှာ | ၉၅ |
| ၁၆။ | အမှတ်တရပြောစရာလေးတစ်ခု | ၁၀၃ |
| | **အခန်း (၅)** | |
| | **မြို့ဆုံးသေးသေးသောနောင်လိုင်ဝါဒနှင့်ပွဲငြိမ်းတေးတိုက်ပွဲများ** | |
| ၁၇။ | နိဒါန်း | ၁၀၉ |
| ၁၈။ | ထိုစဉ်က ဗကပတို့အခြေအနေ | ၁၁၁ |
| ၁၉။ | သံလွင်အနောက်ခြမ်းမှဗိုလ်တို့အနေအထား | ၁၁၅ |
| ၂၀။ | ကျွန်တော်နှင့် ဗိုလ်ကြီးသိန်းထွန်းတင် | ၁၁၆ |
| | **အခန်း (၆)** | |
| | **ဗိုလ်ကြီးသိန်းထွန်းတင်နှင့်ပွဲငြိမ်းတေးတိုက်ပွဲကြီး** | |
| ၂၁။ | တိုက်ပွဲမဖြစ်မီ ယေဘုယျအခြေအနေ | ၁၁၉ |
| ၂၂။ | တိုက်ပွဲစတင်ခြင်း | ၁၂၆ |
| ၂၃။ | တိုက်ပွဲပြင်းထန်သောနေ့ရက်များ | ၁၃၁ |
| ၂၄။ | ဗိုလ်ကြီးသိန်းထွန်းတင်အကျရှုံးပြီ | ၁၃၆ |


www.burmeseclassic.com

www.burmeseclassic.com

၂၅။ ရှာစင်းဆင်ခန်းဆုံးဖြတ်ပြီ ၁၄၀
၂၆။ ငြိမ်းသူတို့၏လိုက်လံပူဇော်ရှာသောအကူအညီ ၁၄၂
၂၇။ တိုက်ပွဲနိဂုံး ၁၄၄

အခန်း (၇)

တိုက်ပွဲများနိဂုံးချုပ်ခြင်း

၂၈။ ဆုံကွေ့ဒေသမှတိုက်ပွဲများ ၁၄၉
၂၉။ ပွိုင့် ၆၀၄၁ နှင့် ပါဖန်ဒေသမှတိုက်ပွဲများ ၁၅၀

အခန်း (၈)

တိုက်ပွဲသုံးသပ်ချက်များ

၃၀။ ပန်မွန်းစန်းခေါ်ပန်မွန်းတောင်ရှာတိုက်ပွဲသုံးသပ်ချက် ၁၅၂
၃၁။ ပွိုင့် ၆၀၄၁ စခန်းတိုက်ပွဲသုံးသပ်ချက် ၁၆၅
၃၂။ တိုက်ပွဲစဉ်တစ်ခုလုံးအပေါ်ခြုံငုံသုံးသပ်ခြင်း ၁၇၀

အခန်း (၉)

ဖြည့်စွက်ဖော်ပြချက်များ

၃၃။ တိုင်းမှူးရုံးအတင်ခံရခြင်း ၁၈၆
၃၄။ နောက်တစ်မှုနှင့် ရင်ဆိုင်ရပြန်ခြင်း ၁၈၉
၃၅။ ဗျူဟာမှူးကြီးနှင့် ငြင်းခုံမိခြင်း ၁၉၃
၃၆။ ကျွန်တော်နဲ့ကိုအောင်ကျည်ထွက်း ၁၉၇

အခန်း (၁၀)

နောက်ဆက်တွဲဖော်ပြချက်

၃၇။ စစ်သားတို့အချစ် ၂၁၃



သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

စစ်သက် ၁၀ နှစ်အကြာ၌ ဗကပကိုတိုက်ချင်လှချည်ရဲ့ဆိုပြီး အရှေ့တောင်တိုင်းမှ အရှေ့မြောက်တိုင်းကို ကိုယ်တိုင်တောင်းဆိုမှု Own Request ဖြင့် တပ်ပြောင်းခဲ့သည်။ လားရှိုးအရှေ့တောင်ဘက်က မိုင်းရယ်မြို့ကလေးသို့ ရောက်ရသည်။ ၁၉၇၆ ခုနှစ် ဇွန်လတွင်ဖြစ်၏။ ဇနီးက မွေးကင်းစ ကလေးနီတာရဲလေးနှင့် လိုက် ပါလာရ၏ လင်မယားနှစ်ယောက် အသက်ကသာ သိပ်မကြီးကြသေးတာ။ ကလေးက လေးယောက်ကြီးများတောင်။ ဇနီး



www.burmeseclassic.com

www.burmeseclassic.com

တ အသတ် အစိတ်ခန့် ကျွန်တော်က သုံးခဲယ်သာသာ။

ကလေးရဲဘော်လေးများနှင့် မိုင် ၁၀၀၀ ကျော် ခရီးကို အတောတကော ချီတက်ရောက်ရှိလာသော ကျွန်တော့်အား မိုင်ရယ်တပ်ရင်းမှူးကြီးက သနားရောထင့် တပ်ရင်းဌာနချုပ်မှာ လအတန်ကြာ အနားပေးထား သည်။ တစ်မှ သိပ်ဝေးဝေးလံလံ ခရီးထွက်ရတာ မရှိခဲ့ပါ။ ထို့ကြောင့် ကျွန်တော် အလွန်တိုက်ချင်သော ဗကပများကို ၂ နှစ်နီးပါးကြာသည်အထိ လုံးဝ မမြင်ဘူး မတွေ့ဘူး မတိုက်ဘူးခဲ့ပါ။ ထိုစဉ်က မိုင်းရယ်မြို့ ကလေးယတ်ဝန်းကျင်၌ ဗကပများ မရှိပါ။ SSA, KIA, SURA စသည့် လူမျိုးစု သောင်းကျန်းသူများသာ ရှိပါသည်။ ထိုသောင်းကျန်းသူများ နဲ့ကတော့ ဟိုနားဒီနားသွားရင်း အနည်းအကျဉ်း ပစ်ရခတ်ရတာလေးများ ရှိပါ၏။ ဒါပေမယ့် အရှေ့တောင် တိုင်းမှာ KNU များနဲ့ ဆယ်နှစ်ဆယ်မိုး ထွေးလုံးရစ်ပတ် သတ်ပုတ်လာသော ကျွန်တော့်အတွက် ဒါလောက်ပစ်ရခတ်ရတာလေးလောက်တော့ အပျော့ပေါ့ခင်ဗျာ။ ဘာမှ မှုစရာမရှိခဲ့ပါ။ သို့ရာတွင် ဤအရာသည် လေပြင်းမုန်တိုင်းကြီး မလာမီ ပထာမရှေ့ပြေးလေပြေလေညင်းလေး ဆိုတာ ကျွန်တော် ကြိုတင်မရိပ်စားခဲ့မိပါ။



၁၉၇၈ ခုနှစ် မတ်လဆန်းတွင် သံလွင်အရှေ့ခြမ်းမှ ဗကပများ အုံနဲ့ကျင်းနဲ့ ကူးလာပြီး လားရှိုးအရှေ့ ခြမ်းရှိ နောင်လိုင်ပါဖန်နှင့် ဖွိုင့် ၆၀၄၁ စခန်းများကို ပြင်းထန်စွာ ဝင်ရောက်တိုက်ခိုက်လေတော့သည်။ ကျွန် တော်တို့တပ်မှ ညတွင်းချင်း စစ်ကူသွားရသည်။ စစ်ကူတပ်ခွဲကို ဗိုလ်ကြီး ခင်မောင်အုံးနှင့် ကျွန်တော် ကွပ်ကဲရ၏။ မတ်လ ၆ ရက်နေ့ည စစ်ကူသွားခဲ့ရာ ၈ ရက်နေ့မနက်တွင် နာမည် ကျော်ဗကပများနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ရတော့၏။ ရင်ဆိုင်ရတော့၏။

ရန်သူဗကပများသည် လက်နက်ကြီးကျည်များကို အလွန်ပုံးပေါလအောာ သုံးပြီး Human Wave ခေါ် လူတွေ အသုတ်လိုက် အသုတ်လိုက် တန်းစီကျားထိုး တိုက်ခိုက် သော သူတို့၏ပုံသေ ဖော်မြူလာနှင့် ကျွန်တော်တို့ တပ်ခွဲကို တိုက်ခိုက်လေတော့သည်။ အင်အားကလည်း သူတို့က လေးငါးခြောက်ရာ၊ ကျွန်တော်တို့က ၆၀ ပျော့ပျော့ ။အင်အား၊ လက်နက်အင်အား ဆယ်ဆခန့်ကွာသဖြင့် တစ်နေကုန်တိုက်ပွဲ၌ တစ်လုံးပြုတ်နီးပါး ဖြစ်ခဲ့ရ၏။ အားလုံးပြုတ်ပြုတ်ပြုန်းလုလုတွင် ကျည်ပါ လုံးဝကုန်သွား သဖြင့် တိုက်ပွဲနေရာမှ ခွာစစ်ဆင်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တောမစတွေ့ဘူး မတွေ့ဘူးနဲ့ တွေ့မယ့်တွေ့တော့ ထည်း တစ်သက်စာ ရှုံးလုံသွားတော့၏။ ကျွန်တော့် အတွက် အရာရှိငယ်ဘဝတွင် ဘယ်တော့မှ မမေ့မရသောတိုက်ပွဲကြီး ဖြစ်ပါ၏။ ဝထမဆုံး မတ်လ ၈ ရက်နေ့ တိုက်ပွဲမှသည် ဇတ်လ စတုတ္ထပတ် စခန်းတွေအားလုံး တပ်မတော်မှ ပြန်သိမ်းပြီးသည်အထိ တိုက်ပွဲဒေသကြီးတွင် တာဝန် ထမ်းဆောင်ခဲ့ရပါသည်။ ကောင်းကောင်း စစ်မရှုံးဘူး သေးသော ကျွန်တော့်အတွက် အသက်သွေးချွေးနှင့်လဲခဲ့ရ သော ခါးသီးသည့် အတွေ့အကြုံကြီးပါပေ။ သို့ရာတွင် ဤအတွေ့အကြုံကား နောင် ကျွန်တော် တပ်မှူးကြီး ဖြစ်သည့်အခါ ဗကပနှင့် ရင်ဆိုင်ရာ၌ အလွန်အသုံးဝင်လှ သည်။

တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ရရန်အတွက် ကိုယ့်တပ်အကြောင်း သိရုံဖြင့်မရ။ ရန်သူ့အကြောင်းလည်း သိရမည်ဟု စစ်ပညာရှင်ကြီး ဆန်ဇုကဆိုပါသည်။ ကိုယ့် တပ်အကြောင်းသာသိပြီး ရန်သူ့အကြောင်း ကောင်းစွာ မသိခဲ့သည့် ကျွန်တော်သည် ကျွန်တော့်ငယ်ဘဝက နောင်လိုင်ပါဖန် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီးများ၌ ကျွန်တော် တို့ ဘယ်နည်းဘယ်ပုံ ပါဝင်တိုက်ခိုက်ခဲ့ကြသည်ကို



ယခုခေတ်လူငယ်စစ်သည်များ သင်ခန်းစာယူနိုင်ရန် အမှားပြင် အမှန်ပွားနိုင်ရန်နှင့် ကျန်စာရှုသူများလည်း လေ့လာသုံးသပ် အကဲဖြတ်နိုင်ကြရန်သည်ကား ဤစာအုပ် ရေးရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်းပါ ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ
သောင်းဝေဦး

နေရာ - ရန်ကုန်မြို့
ရက်စွဲ - ၂၀၀၉ ခုနှစ်၊ ဧပြီလ (၂) ရက်



www.burmeseclassic.com

www.burmeseclassic.com



**အင်း သူငယ်ချင်းများက** ဖာပွန်ကို Posting ကျသည်ဟု **M.S Order** ထုတ်ပြသည့်နေ့က ...

"ဟော့ကောင် ... ဆယ့်တစ်ကလေးရေ မတ်စေ့ ဆောင်သွားတော့ဟေ့ ... မတ်စေ့ ... မတ်စေ့"

ဟု စကြနောက်ကြအားပေးကြ၏။ ကျွန်တော့် ဗိုလ်လောင်းကျောင်းသားနံပါတ်က ဆယ့်တစ်ပါခင်ဗျာ။

အစ်ပွာယ်မှာ "မင်းက မြန်မြန်သေမယ့်ကောင်။ တစ်ခါတည်း ကူးတို့ခမတ်စေ့ ဆောင်သွား" ဟု ဆိုလိုပါသည်။

ဖာပွန်ရောက်တော့ လူရည်လည်သော ဆရာဝန်ကြီးသား ဗိုလ်တက်ထွန်းက အားလုံးနဲ့ တည့်အောင်ပေါင်းသည်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း အူကြောင်ကြောင် ဂယောင်ချောက်ချား ခေါင့်ကြားကြား။ အပေါင်းအသင်းကောင်းသည့် ဗိုလ်တက်ထွန်းက မကြာခဏ ဘားအံ၊ မော်လမြိုင်တို့သို့ Temporary Duty ခေါ် ယာယီတာဝန် သွားရ၏။ သူက မူဒုံမော်လမြိုင်ဇာတိ။ ထို့ကြောင့် အလွန်ဟန်ကျလှ၏။ ရတာခေါ် အရှေ့တောင်တိုင်း စစ်ဌာနချုပ်သို့ အဝင်အထွက် အသွားအလာ များပြီး များကြာမီမှာပင် မော်လမြိုင် ရတခသို့ လုံခြုံရေးတပ်စုမှူးရာထူးနှင့်





အပြီးအပိုင် ပြောင်းရွှေ့သွားလေတော့သည်။

ကျွန်တော်သာ ဖာပွန်တွင် ငေါင်းစင်းစင်းနှင့် ကျန်ခဲ့သည်။ သို့ရာတွင် လူက ခပ်ငယ်ငယ်ဆိုတော့ ဒါတွေကို သိပ်မမှုပါ။ တိုက်ခိုက်ရေးတပ်ခွဲ၌ ဂျီသရီးသေနတ် တကားကားနှင့် သွားလာလှုပ်ရှားနေရတာ ပျော် နေသည်။ ကာဘိုင်အား မရ၍ ဂျီသရီးသေနတ်လွယ်ပြီး ပွိုင့်တွင် လိုက်ပါသည့် သူတို့တပ်စုမှူး ကျွန်တော့်ကို စစ်သည်များက ...

"ဒို့ဗိုလ်ကြီးက ဂျီသရီးနဲ့ သိပ်လိုက်တာပဲ" ဟု မသိမသာ မြှောက်ပေးကြသည်ကိုလည်း အလွန်ကျေနပ်နေ၏။

တကယ်တော့ ဂျီသရီး မကိုင်သင့်ပါ။ မကိုင်ရပါ။ ကိုယ့်ဖွဲ့စည်းပုံအတိုင်း တပ်စုမှူးသည် ကာဘိုင်သာ ကိုင်သင့်ပါသည်။ လူက ငယ်သေးတော့ ရှုးလို့ကောင်းတုန်းပေါ့ ခင်ဗျာ။

ဤသို့ဖြင့် ဖာပွန်ပတ်ဝန်းကျင် သွားလိုက်လာလိုက် ပစ်လိုက်ခတ်လိုက်ဖြင့် ၅ နှစ်ခွဲ ၆ နှစ်ကြာသွားမှ အထက်က တပ်ပြောင်းပေး၍ မော်လမြိုင်ကျောက်တစ်ခုံးသို့ ပြောင်းခဲ့ရပါသည်ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



**ဆင်ခြေဖုံးနှင့်ထင်သိုက်မိခြင်း**

**မော်လမြိုင်** ဘော့ဂျက်တစ်လုံးတပ်၌လည်း စစ်ဆင်ရေးတာဝန်ဝင် ထမ်းဆောင်ရပါသည်။ P.D.P ခေါ် ပြည်ပြေများ ထကြွသောင်းကျန်းမှုအရှိန်ကောင်းနေသည့်ကာလမို့ စစ်ကလဲတိုက်လိုက်ရသည်မှာ မပြောပါ နှင့်တော့။ နေ့မအား ညမနားပါဘဲ။ ခရီးတစ်ခါထွက်လျှင် လေးငါးဆယ်လကြာပါသည်။ တစ်ကြိမ်တွင်မူ ဆယ့်တစ်လကြီးများတောင် ကြာသွား၏။

စစ်မြေပြင်တွင် အောင်မြင်မှုများ ရ၍ ကျွန်တော့်အား အထက်လူကြီးများက ချီးကျူးကြ၏။ အားပေးကြ၏။ စစ်မာန်ယစ်၍ လုပ်လို့ကိုင်လို့ ကောင်းနေဆဲ ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် ထားဝယ်မြစ်အတွင်း၌ ကျွန်တော် သေနတ်မှန်တော့သည်။ ကံကောင်းလို့ မသေ သံချောင်းတို့အဖေကျွန်တော့်ခမျာ မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ လပေါင်းအတော်ကြာ ဆေးရုံတက်လိုက်ရတော့၏။ ဆေးရုံကဆင်းတော့ဆေးအဆင့် ဘီသို့ချပြီး တပ်တွင် အိမ်ထောင်သည်အရာရှိတာဝန် ထမ်းဆောင်ရသည်။ နှစ်လ သုံးလတာဝန်ထမ်းဆောင်ပြီး အိမ်ထောင်သည် အမျိုးသမီးများ၏နားပူနားဆာဒဏ် မခံနိုင်တော့သဖြင့် ရှေ့တန်းလိုက်ပါရန်





Volunteer လုပ်လိုက်မိသည်။ ရှေ့တန်းတွင် အရာရှိအခက်အခဲရှိနေရာ တပ်ရင်းမှူးကြီးက ဝမ်းမြောက်ဝမ်းသာပင် ကျွန်တော့်အား Outpost စခန်းတိုင်ခိုင်းတော့သည်။

"မင်းကို ခဏထားတာပါကွာ"

ဟုလည်း ဆို၏။

သူ့ခဏက ၆ ,လ ကြာသွား၏။ ဆေးပြန်စစ်ဖို့ အချိန်စေ့မြောက်သော်လည်း ပြန်မခေါ်ပါ။ နောက်ထပ်တစ်လကျော် ၂ လကြာမှ ပြန်ခေါ်တော့သည်။ မလိမ်မိုးမလိမ္မာ ဖနီးသည်ကလည်း မော်လမြိုင်သူ၊ ငယ်စဉ်ကတည်းက သမီးဦးမို့ အဖေက အကြွင်းမဲ့ အလိုလိုက်ထားခဲ့ရာ ငွေကြေး အသုံးအစွဲကောင်းစွာမတတ်။ အမျိုးတွေနှင့်သွားလာစားသောက် ပျော်ရွှင်နေ၏။ ရသည့်လစာနှင့်မလောက်၊ ကလေးကလည်း သုံးယောက် ရှိနေပြီ၍ လူမှုရေးဒုက္ခဒဏ်ကို ကျွန်တော် ခါးစည်းခံစားရသည်။ မော်လမြိုင်ဒေသကို စိတ်ပျက်လာ၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်းလဲ မသိ။ တိုင်ပင်ဖော် တိုင်ပင်ဖက်ကလည်း မရှိ။ ရုံးလုပ်ငန်း ကျွမ်းကျင်တိကျသော တပ်ရင်းမှူး ကြီး၏ ကွပ်ကဲမှုအောက်၌ မကြာခဏ ကျွန်တော် ဟိုစိစွဲ ဒီကိစ္စများအတွက် ငွေပေးလျော်ရသည်များလည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com




ဆောက်ထားသော ကြာရာမရဖြစ်ကာ စစ်ဆေးရုံတက်စဉ်က အရှေ့မြောက် ဗကပများနှင့် တိုက်ပွဲဝင်ခဲ့သည့် သူငယ်ချင်းများ၏ မစားရဝခမန်း တိုက်ပွဲများအကြောင်း နားမှာကြားယောင်ပြီး ''ဗကပနှင့် အလွန် တိုက်ချင်ပါသည်။ ဗကပများရှိသည့်နေရာကို ပြောင်းပေးပါရန်''ဟု အထက်သို့ ကိုယ့်သဘောနှင့်ကိုယ် စာတင်လိုက်မိတော့၏။

မော်လမြိုင်ကျောက်တစ်လုံးမှသည် လားရှိုးတန့်ယန်းဆီသို့ ဆေးအဆင့်ပြန်မြင့်ပြီး ဒေါနတောင်တန်းသို့ KNU များနှင့် တိုက်ရန် ခရီးထွက်ရပြန်သည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာတွင်ဖြစ်၏။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ၌ ဒေါနတောင် အနောက်ခြမ်း၌ ဂျော်နီကျော်တုတုတို့နှင့် သတ်လို ပုတ်လို ကောင်းနေဆဲ ကျွန်တော့်တပ်ပြောင်းမိန့် ထွက်လာသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းက မိုင်းရယ်မြို့ကလေးသို့ပါခင်ဗျာ။

တပ်ပြောင်းမိန့် ထွက်ခဲ့သော်လည်း ချက်ချင်း မပြောင်းရပါ။ ထုံးစံအတိုင်း အကြုံစောင့်ရင်း ပစ်ခတ် တိုက်ခိုက်နေရပါသေးသည်။ ပွဲကြီး နှစ်ပွဲလောက် တိုးသွား





ကျွန်တော စာရေးသူအား အရှေ့တောင်တိုင်းမှ အရှေ့မြောက်တိုင်းသို့ တပ်ပြောင်းရန် ဆောင်ရွက်ပေးခဲ့သည့် ခလရ(၆၁)တပ်ရင်းမှူး ဗိုလ်မှူးကြီး အောင်မြင့်
(ယခု ဗိုလ်မှူးကြီး အောင်မြင့် အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



သေး၏။ ၁၉၇၆ ပြီ သကြံန်ကျမှ ဒေါနပေါက ဆင်းခဲ့ရသည်။ ထိုအချိန်မှာ အိမ်က ဇနီးသည်က နောက်ဆုံးကလေးကိုယ်ဝန်ကြီးနှင့် ဖြစ်ပါသည်။ တပ်ရောက်ပြီး မင်္ဂလာဒုံသွား၍ ဆေးစစ်ရသည်။ ဇနီးသည်က နောက်ဆုံးကလေးကို တပ်မတော် စစ်ဆေးရုံမှာ မွေးသည်။ သမီးကလေးဖြစ်ပါ၏။

(ယခု ဤစာရေးနေချိန်တွင် ထိုသမီး အငယ်ဆုံးလေးမှာ ဒုတပ်ရင်းမှူးကတော်ပင် ဖြစ်နေပါပြီ။ ဤကားစကားချပ်)

သမီးအငယ်ဆုံးလေး တစ်လအရ၌ မော်လမြိုင်မှ လားရှိုး တန့်ယန်းဒေသသို့ အပြီးပြောင်းခဲ့သည်။ ကလေးမှုစုခရုနှင့် မိုင်တစ်ထောင်ခန့် ခရီးအား သင်္ဘော၊ ကား၊ မီးရထား အဆင့်ဆင့်စီးကာ ချီတက်ခဲ့ရ၏။ ကျွန်တော်တာဝန်ကျသည့် မိုင်းရယ်မြို့ကလေးကို လားရှိုးမှ ကားဖြင့်သွားရသည်။ လားရှိုး၏ အရှေ့တောင်ယွန်းယွန်းတွင်ရှိသည်။ ရှေးက စော်ဘွားအုပ်ချုပ်သော မြို့ကလေးဖြစ်သည်။ မိုင်းရယ်ကို တပ်က Convoy ယာဉ်တန်းဖြင့် လိုက်ပါရ၏။ တပ်ရောက်သော် မိုင်းရယ်ရှိ ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူးကြီးက "နားနားနေနေ နေပါဦးများ

www.burmeseclassic.com



[illegible]ကြီးကြီးကျယ်ကျယ် မရှိပါဘူး။ မိသားစု အခြေ[illegible]အောင် စီစဉ်ပါ”

ဗျာ ကရုဏာစကားဆိုသည်။

သူသည် Sandhurst ခေါ် ဘုရင့်စစ်တက္ကသိုလ်ကျောင်းဆင်းဖြစ်၏။ မော်လမြိုင်ဇာတိဖြစ်ပြီး မှန်သူဌေးကြီး ဦးနာအောက်ခေါ် ဦးနိုင်အွတ်၏ ဆွေမျိုးအသိုင်းအဝန်းကဖြစ်၏။ အင်္ဂလန်ပြန်မို့ အင်္ဂလိပ်စာနှင့် စကား အထူးကျွမ်းကျင်လေသည်။ အမည်ကား ဒုဗိုလ်မှူးကြီး မောင်မောင်ထွန်း။

**ကျွန်တော်ဦးစီးအရာရှိ**

မိုင်းရယ်မြို့ကလေးဘေးတွင် ရန်သူများ များများစားစားမရှိပါ။ KIA, SSA နှင့် SURA များသာ ကြိုကြား ကြိုကြား လှုပ်ရှားမှုရှိပါသည်။ နာမည်ကျော် အသူရာခေါ် ဗကပများကတော့ သံလွင်အရှေ့ခြမ်းမှာသာ ရှိနေပါသည်။ မိုင်းရယ်ဒေသသို့ လာလေ့လာထ မရှိပါ။ ထို့ကြောင့် ကျွန်တော်သည် ဗကပများနှင့် မတွေ့ရပါ။ မရင်ဆိုင်ရပါ။ တပ်ကလည်း Garrison Duty ခေါ် Outpost များတွင် စခန်းထိမ်းတာဝန်များကိုသာ ထမ်းဆောင်ရပါသည်။





တပ်ရင်းမှူးကြီးက ကျွန်တော့်ကို ဘယ်မှမလွှတ်။ တပ်မှာထားသည်။ တပ်ရင်းမှူးကြီးက Scrabble ခေါ် အင်္ဂလိပ်စာလုံးစီ ကစားနည်းကို ကစားတတ်သည်။ ကျွန်တော်ကလည်း ဝါသနာပါသည်။ ညစဉ်ညတိုင်း ရိပ်သာမှာ Scrabble ကစားကြသည်။ တပ်ရင်းမှူးကြီးထံ တပည့်ခံရင်း Scrabble ပညာသင်သည်။ တပ်ရင်းမှူးကြီးနှင့် ရင်းနှီးသွားတော့၏။ ထိုအခါ I.O ခေါ် ထောက်လှမ်းရေးအရာရှိကလေး မကြာခဏ ဝင်လုပ်ရသည်။ တပ်ထောက်ဗိုလ်ကြီးလေး ဝင်လုပ်ရသည်။ တစ်နှစ်ခန့်အကြာ၌ စီနီယာ တပ္ပတိန်ကြီးများ တပ်ပြောင်းသွားကြသောအခါတွင်မူကား ကျွန်တော် တပ်ရေးဗိုလ်ကြီးဖြစ်လာ၏။

တပ်ရေးဗိုလ်ကြီးလုပ်သက် သုံးလေးလအကြာ၌ စစ်ဆင်ရေးကြိုတင်ငွေကိစ္စနှင့် ပတ်သက်ပြီး ဒုတပ်ရင်းမှူးနှင့် အခြေအတင်ဖြစ်သည်။ ဒုတပ်ရင်းမှူးက မကျေနပ်၍ တပ်ရင်းမှူးကြီးဆီ သွားသတင်းပို့သည်။

“ကိုင်းဗျာ ... ခင်ဗျားက ငွေကြေးကိစ္စသဘောတရားတွေ သိပ်နားမလည်တော့ ဒုတပ်ရင်းမှူးတောင်းတဲ့ ကြိုတင်ငွေထုတ်မပေးတာကို ဘာမှမပြောချင်ဘူး။ ဒါပေမဲ့ Polite Manner တော့ လိုတယ်။ ခင်ဗျား ဦးစီးတာဝန်



www.burmeseclassic.com

www.burmeseclassic.com



တောင်းတောင်း နားမလည်သေးဘူး။ အအက ကို ရေးထောက် သင်တန်း သွားတက်တော့''

တပ်ရင်းမှူးကြီးက ကျွန်တော့်ကို ဒုတပ်ရင်းမှူးအား မခြေမင် ပြန်ပြောသည်ဟု သုံးသပ်ပြီး ပြင်ဦးလွင်ရှိ အုပ်ချုပ်မှု အကူအတတ်သင်ကျောင်းသို့ ရေးထောက်သင်တန်းတက်ရန် လွှတ်လိုက်ပါတော့သည်ခင်ဗျား။

သင်တန်းပြီးဆုံးသည့်နောက်ဝယ်

၁၉ရရ ခုနှစ် ဇူလိုင်တွင် ပြင်ဦးလွင်၌ သင်တန်းတက်ရသည်။ သုံးလေးလအကြာ အောက်တိုဘာအကုန် နိုဝင်ဘာလဆန်းတွင် သင်တန်းပြီးဆုံး၍ တပ်ကို ပြန်ခဲ့ရ၏။ ခရီးရောက်မဆိုက်မှာပင် တပ်ရင်းမှူးကြီးက

"ကဲ . . . ဗိုလ်ကြီးသက်ဦး သင်တန်းဆင်းလာပြီး အဝေ့ါ်ပဲဗျာ။ နောင်လိုင်မှာ စခန်းထိုင်နေတဲ့ တပ်ခွဲက တပ်ခွဲမှူးဗိုလ်ကြီးဌေးလွင် ဆေးစစ်သွားဖို့ရှိနေတယ်။ ခင်ဗျားက သင်တန်းပြန်ဆိုတော့ Fresh ပါ။ အဲဒါကြောင့် ဗိုလ်ကြီးဌေးလွင်ကို သွားလဲပေးပါဗျာ။ သူလည်း ဆေးစစ်ရမယ့် Date ကျော်နေပြီ''

ဟု ဆီးပြောတော့၏။





၁၉၇၈ နောင်လိုင်ပါဖန် ပွိုင့် ၆၀၄၁ တိုက်ပွဲ မတိုင်မီက စာရေးသူနှင့်မိသားစု ခလရ (၆၇) မိုင်းရယ်ရှိ နေအိမ်ရှေ့တွင် တွေ့ရစဉ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါခင်ဗျာ"

တစ်ခွန်းသာဆိုပြီး အိမ်မှာ တစ်ရက် နှစ်ရက်နား၍ တပ်ယာဉ်တန်းအကြုံဖြင့် နောင်လိုင်သို့ ထွက်ခဲ့ ရပါသည်။ သင်တန်းတက်ခဲ့သည့်ကိစ္စဘာညာကွိကွများကို မပြောတော့ပါ။ သူက ကိုယ့်ကို ဦးစီးအရာရှိတာဝန် ပေးဖို့မှ စိတ်ကူးမရှိတော့တာ။

ဤတွင် ယခုစာအုပ်မှာ ဖော်ပြမည့် နောင်လိုင်အေသနှင့် ကျွန်တော် နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ရပါတော့သည် ခင်ဗျာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

## ကျွန်တော်နှင့် နောင်လိုင်

**နောင်လိုင်ဆိုသည်ကား**

နောင်လိုင်ဆိုသည်ကား ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးခရိုင် တန့်ယန်းမြို့နယ်မှ ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ တန့်ယန်း၏ မြောက်တည့်တည့် မိုင် ၂၀ ကျော် အကွာမှာရှိ၏။ ရှမ်းကုန်းပြင်မြင့်၏ မြင့်မားသေသီသော တောင်များပေါ်တွင် တည်ရှိပါသည်။ တောင်များမှာ ပေ ၃၀၀၀ အကျော်ထိ မြင့်ကြ၏။ နောင်လိုင်ရွာသည် တစ်

www.burmeseclassic.com

www.burmeseclassic.com



ချိန်တစ်ခါက နာမည်ကြီးခဲ့သော MTA ခေါင်းဆောင်ဦးခွန်ဆာ၏ ဇာတိချက်ကြွေ မွေးရပ်မြေလည်း ဖြစ်ပေသည်။ နောင်လိုင်ရွာ၏ အရှေ့မြောက်ယွန်းယွန်း တစ်မိုင်ကျော် နှစ်မိုင် အကွာ၌ ၇၄၃၆ ပေ မြင့်သော လွယ်မော်တောင်ကြီးရှိလေသည်။ ထိုတောင်ကြီးကို အစွဲပြု၍ ဦးခွန်ဆာ၏ အဖွဲ့အား လွယ်မော်ဟု အားလုံးက အလွယ်တကူခေါ်ခဲ့ကြ၏။ လွယ်မော်အဖွဲ့၏တံဆိပ်ကား တောင်သုံးလုံးတည်း။ ပွိုင့် ၆၀၄၁ လွယ်စန့်တောင်၊ ပွိုင့် ၆၁၁၆ သံခမောက်တောင်နှင့် ပွိုင့် ၇၄၃၆ လွယ်မော်တောင်ကြီး ကို ကိုယ်စားပြုသည်ဟု ဆိုပါသည်။

နောင်လိုင်သည် ရှမ်းရွာဆိုသော်လည်း ကျွန်တော်ရောက်ရှိသွားချိန်၌ တရုတ်များသာနေသည့် ရွာဖြစ်၏။ အိမ်ပေါင်း ရာကျော်ရှိသော်လည်း ရှမ်းအိမ်မှာ ၂ အိမ်သာရှိသည်။ တစ်အိမ်က သူကြီး ပူကျယ်ပီခမ်း၏အိမ်နှင့် နောက်တစ်အိမ်မှာ ကျွန်တော်နှင့် ရင်းနှီးသော ကိုစိုင်းဌေးနုတို့ အိမ် ၂ အိမ်သာဖြစ်ပါပေသည်။ ကျန်အိမ်များကား တရုတ်အိမ်များသာ။ စီးပွားရေးမှာ ဆောင်းရာသီ၌ ဘိန်း၊ အာလူး၊ ဂျုံ၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း၊ ကျန်ကာလများတွင်ကား အရက်ချက်ခြင်း





တွဲနွားဝက်ကြက် စသည့် တိရစ္ဆာန်များ မွေးမြူရောင်းချခြင်း စသည်များသာဖြစ်၏။ နောင်လိုင်သည် တန့်ယန်းမြို့နယ်အတွင်း၌ ဘိန်းစိုက်ပျိုး၍ အလွန်အထွက်ကောင်းလှသည်ဟု နာမည်ကြီး၏။ ကျောက်တောင်များကြားတွင် ရေမခန်းသော အင်းများလည်းရှိ၏။ အင်း ရေများကား အနီရောင်သန်းကြသည်။

ထို့ကြောင့် နောင်လျှံ သို့မဟုတ် နောင်လိုင်။ နောင်က အင်း၊ လျှံက အနီ၊ အင်းနီရွာဟု အမည်ရလေသည်။

## နောင်လိုင်စခန်းမှာ သုံးလကြာ

နောင်လိုင်စခန်းမှာ သုံးလကျော်ကျော်ကြာခဲ့ပါသည်။ ၁၉၇၇ ခုနှစ် နိုဝင်ဘာကုန်ခါနီးမှသည် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလကုန်ထိဖြစ်၏။ အလွန်အေးသော ဆောင်းကာလများတွင် နေခဲ့ရရာ ဒီဇင်ဘာ ဇန်နဝါရီ တစ်လလုံး ရေခဲလေသည်။ ကျွန်တော်နေရသော စခန်းသည် နောင်လိုင်ရွာ၏ အနောက်ဘက် ရွာနှင့် တစ်ဆက်တည်း တောင်တုန်းကြီးဖြစ်၏။ လေးငါးခြောက်ကေခန့် ကျယ်ဝန်းပါသည်။

"သူငယ်ချင်းလေး ကိုသက်ဦး ဒီတစ်ပိုင်းက



www.burmeseclassic.com

www.burmeseclassic.com



လွယ်မော်တွေချည်းပဲ။ သိပ်ပြီး အန္တရာယ်မရှိပါဘူး အေးအေးဆေးဆေးပါ"

တာဝန်လွှဲတော့ တပ်ခွဲမှူးဟောင်း ဗိုလ်ကြီးဌေးလွင်က ပြောသည်။

"ဗကပ ရော မရှိဘူးလား"

"မရှိဘူး။ သူတို့က သံလွင်အရှေ့ဘက်ကမ်းမှာ နေကြတာ။ ဒီဝွင်မှာ လွယ်မော်က အဓိကပဲ။ လွယ်မော် မသိဘဲ သူတို့ဝင်လာလို့မရပါဘူး။ ရွာကလည်း လွယ်မော် အမျိုးတွေချည်းပဲဆိုတော့ ဗကပ ဝင်လာရင်လည်း ကြိုသတင်းရပါတယ်"

"ကြော်"

"ရွာကလည်း အရောင်းအဝယ်နဲ့ စိုက်ပျိုးရေး မွေးမြူရေးရွာ ဆိုတော့ ကုန်သည်တွေပါ သဘောကောင်းကြပါတယ်"

"ကိုယ့်ညီ ရွာနဲ့သာ တည့်အောင်ပေါင်းပါ။ အားလုံး အဆင်ပြေပါလိမ့်မယ်"

ထိုသို့ မှာကြားပြီး ဗိုလ်ကြီးဌေးလွင်က တပ်ခွဲကို ကျွန်တော့်လွှဲပြီး တပ်ရင်းဌာနချုပ်သို့ ပြန်လည်ထွက်ခွာသွားပါတော့သည်။





စခန်းတွင် စုပုံရိကွာ Dumping များနှင့်တိုင်းအရံ ကျည်များရှိလေသည်။ စခန်းကို ဝါးခြံစည်းရိုး ၃ ထပ် ကာရံထားပါ၏။ ရွာဘက်၌ကား ဝင်ပေါက်ကြီး တစ်ခုရှိလေသည်။ ကားများဝင်၍ရအောင် ကျယ်ဝန်းပေသည်။

ဗိုလ်ကြီးဌေးလွင်ပြောခဲ့တာ မှန်ပါပေသည်။ နောင်လိုင်တွင်နေခဲ့သည့် သုံးလတာမှာ အေးအေးဆေးဆေးသာ ဖြစ်၏။ ရွာသူရွာသား တရုတ်များက ကျွန်တော် ရောက်တော့ လာမိတ်ဆက်ကြသည်။ ထမင်းဖိတ်ကျွေးသည်။ အရက်ကောင်းကောင်း တိုက်သည်။ တပ်ခွဲအရာခံဗိုလ် ဆရာကြီးသောင်းမောင်မှာ ရှမ်းအစစ်ဖြစ်နေ၍ သူ့ကြောင့် ရွာနှင့် ဘာသာစကားအခက်အခဲ မရှိပါပေ။ ထစ်ဦးတည်းသော တပ်စုမှူးကလေး ဗိုလ်လှထွန်းက အဆိုကလေး။ လူပျို ရုပ်ချော သဘောကောင်းကလေး။ အာကစားကလည်း တော်သည်။ ဘောလုံးနှင့်ဘော်လီဘော၊ ဘတ်စကတ်ဘော အားလုံး ကောင်းလှသည်။ ထို့ကြောင့် သူ့ကို နောင်လိုင်သူ ပျိုမြစ်ချောများက အလွန်သဘောကျကြ၏။

အထူးပြောရန်ရှိသည်မှာ နောင်လိုင်တွင် ယောက်ျား များများစားစား မရှိပါ။ ယောက်ျားဆို၍ တရုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာ နှစ်ဦးသုံးဦးနှင့် ဈေးသည် တရုတ် သုံးလေးဦး ပုကျယ်ပီခမ်းနှင့် ကျွန်တော့်မိတ်ဆွေ ကိုစိုင်းငွေးနုတို့သာရှိသည်။ ကျန်အမျိုးသမီးများသာတည်း။

"ယောက်ျားတွေ ဘယ်သွားကြလဲဟင်"

ဟု ကျွန်တော်က မေးတော့ အားလုံးပြုံးကြသည်။ ဘာမှမဖြေကြပါ။ ယောက်ျား မရှိဘူးဆိုသော်လည်း **Maternity Coat** ဝတ်ထားသည့် တရုတ်မ သုံးလေးငါးဦးကို တော့ ရွာထဲမှာတွေ့နေရသည်။

"တပ်ခွဲမှူးရဲ့ ... သူတို့ယောက်ျားတွေက ခရီးသွားနေကြတာတဲ့"

"တချို့ကလည်း လွယ်မော်ထဲမှာတဲ့"

တပ်စုမှူး ဗိုလ်လှထွန်းက သူသိထားသည်များကို ပြောပြ၏။ ရွာမှာ လူပျိုလူလွတ် ယောက်ျား များများစားစား မရှိ၍ ဗိုလ်လှထွန်းမှာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်နေ၏။ သူ့ကြောင့် နောင်လိုင်သူ ပျိုဖြူချောများ နှင့်ရင်းနှီးခဲ့ရ၏။ တရုတ်မလေးတွေ ချက်ကျွေးသည့် ဂန္ဓာလရာဇ် ဟင်းလျာမျိုးစုံကို စားခဲ့ရ၏။ မြွေနဲ့လိပ် လုံးထွေးရစ်ပတ်နေသည့် တရုတ်ချက်အရက် အမျိုးစုံကိုမြည်းစမ်းခဲ့ရ၏။ စားရင်းသောက်ရင်း တရုတ်မလေးများနှင့် စကား



၅-၁-၅-၉၆ ရက်နေ့ MTA ဌာနချုပ်ဟိုမိန်း၌ ပထမအကြိမ် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် အခမ်းအနားအပြီးတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ထွတ်နှင့် ခွန်ဆာမှ အမြတ်တနိုးကိုင်တွယ်ခဲ့သည့် နှစ်လုံးပြူးသေနတ်အား လက်ဆောင်အဖြစ်ပေးအပ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



စမြည် ပြောဖြစ်ခဲ့၏။ ကျွန်တော်က တပ်ခွဲမှူး။ အိမ်ထောင်သည်ဖြစ်၍ တရုတ်မလေးများနှင့် စကားစမြည် ပြောရုံသာ ပြောခဲ့သော်လည်း တပည့်ကျော် လူပျိုရဲဘော်များကတော့ နောင်လိုင်သူ တရုတ်မလေးများနှင့် ချစ်သူဘဝကျ ရောက်ခဲ့ကြသည်။ ဈေးနေ့ ဈေးဝယ်ရင်း ရှာလယ်ခေါင်က ရေတွင်းကြီးမှာ ရေခပ်ရင်း ရေချိုးရင်း ဆုံကြသည်။ ဘော်လီဘော ဘတ်စကတ်ဘောကစားရင်း ထိကြ ငြိကြသည်။

ဤသို့ဖြင့် ကျားမသဘာဝအရ ချည်သီးနှင့် ဆားအတူထား လျှာဖျားက္ကန္ဒြေမရဖြစ်ကာ နောင်လိုင်က စခန်းလွှဲပြီး အပြန်၌ တရုတ်မလေး လေးငါးဦး မိုင်းရယ် တပ်ရင်း ဌာနချုပ်သို့ ပါလာခဲ့ပါသည် ခင်ဗျား။

## နောင်လိုင်က ပြန်ရပြီ

၁၉၇၈ ဖေဖော်ဝါရီ နောက်ဆုံးပတ်၌ ကျွန်တော်နှင့် တပ်ခွဲတစ်ခွဲလုံး နောင်လိုင်ကပြန်ကြရသည်။ ကျွန်တော်တို့ တပ်ခွဲအား တန့်ယန်းတပ်မှ တပ်ခွဲတစ်ခွဲက လာလဲ၏။ တပ်ခွဲမှူးမှာ ဗိုလ်သင်တန်း အပတ်စဉ်(၃၁)မှ ဗိုလ်ကြီး ဆောင်းဝှန်း ဖြစ်လေသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူသည် မကြာသေးမီကမှ အနောက်တောင်တိုင်း ပုသိမ်မှ ပြောင်းလာသူ ဖြစ်သည်။ နတခ စခန်းမှူး တာဝန် ထမ်းဆောင်နေရာမှ တန့်ယန်းတပ်သို့ ရောက်လာခြင်း ဖြစ်၏။ ကျွန်တော့်လိုပင် ဗကာပ အတွေ့အကြုံနှင့် အရှေ့ မြောက်ဒေသ အတွေ့အကြုံ မရှိသူပါပေ။ ထို့ကြောင့်ထင် ၏။ ကားသုံးစီးဖြင့် နောင်လိုင်တပ်စခန်းထဲ ဝင်လာ သည့်အခါ ကက်ဆက်တစ်လုံးကို လက်ကဆွဲပြီး ကား ခေါင်းထဲမှဆင်းချလာ၏။

"ဟာ . . . အစ်ကိုကြီး။ ကက်ဆက်ကြီး တစ်လုံး နဲ့ပါလား။ ဘာလုပ်မလို့လဲ"

"ကက်ဆက်ဖွင့်ပြီး ဆိုမယ် ကမယ်လေကွာ။ ကိုယ့်မှာ အခွေတွေပါလာတယ်"

"ဩော်"

ကျွန်တော်က ဗိုလ်သင်တန်း အပတ်စဉ် (၃၆)၊ သူက (၃၁) ဆိုတော့ Course အရရော၊ အသက်အရပါ သူကကြီးပေသည်။ တန့်ယန်းတွင် တစ်ခါနှစ်ခါ မြင်ဖူး ထား၍ လူချင်းတော့သိပါ၏။ သိပ်တော့ မရင်းနှီးပါ။ သူသည် အဆိုအက ဝါသနာပါပုံရ၏။ ရုပ်ပုံကတော့ Nutty Professor ထဲမှ Jerry Lewis လိုလို ယနေ့ နာမည်





ကျော် Brazil ဘော်လုံးသမား ရော်နယ်ဒင်ဟို လိုလိုပုံ ဖြစ်၏။

စခန်းတာဝန်လွှဲပြောင်းခြင်းမှာ နေ့လယ်မှ ပြီးဆုံး တော့သည်။ စခန်းတွင် စုပုံရိက္ခာများ တိုင်းအရန်ကျည် များရှိနေရာ ထိုကိစ္စဝိစ္စများကို ရှင်းနေရသဖြင့် တော်တော် နှင့် ကိစ္စမပြတ်ပါ။ ဗိုလ်ကြီးသောင်းထွန်းက ရိက္ခာ လွှဲပြောင်းရယူရေးအတွက် ချိန်ခွင်တစ်လက်နှင့် အလေး တင်းတောင်းများပါ သယ်ချလာ၏။ တယ်မလွယ်ပါ ခင်ဗျာ။ ရိက္ခာလွှဲတော့ သူ ချိန်တွယ်ယူသည်ကို စောင့်ပြီး ပြေစာ အားလုံး သူ လက်မှတ်ထိုးပေးပြီးမှ တာဝန်လွှဲခြင်း ပြီးဆုံး ပါလေတော့သည်။

ထိုနေ့က တပ်ရင်းဌာနချုပ်ကို ညစာစားချိန် ပြန်ရောက်ပါသည်။ တန့်ယန်း၌ ဗျူဟာရုံး ဝင်သတင်းပို့ ရသေး၏။ ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးမြင့်အောင် (ကွယ်လွန် သူ ဒုဗိုလ်ချုပ်ကြီးမြင့်အောင်) ဖြစ်၏။ ဗျူဟာဂျီသရီးမှာ ကျွန်တော်တို့တပ်မှ ပြောင်းရွှေ့သွားသည့် ဗိုလ်ကြီး ညီရှင် ဖြစ်သည်။ သူနှင့်ကျွန်တော်ကား မိုင်းရယ်တွင် အိမ် နီးချင်း Scrabble ကစားဖော် ကစားဖက်မို့ အထူးရင်းနှီး ပါသည်။ ဗျူဟာရေးထောက်အရာရှိမှာ ဗိုလ်သင်တန်း အပတ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



(၃၅)မှ ဗိုလ်ကြီးချစ်ခင် ဖြစ်၏။ သူနှင့်ကျွန်တော် သည် *အရပ်သား ကျောင်းဆရာ ဘဝကပင် သိခဲ့ကြသူများ* ဖြစ်ပါသည်။

(ဤနေရာတွင် မဆီမဆိုင် ဖော်ကောင်လုပ်ရပါဦးမည်။ သူနှင့် ကျွန်တော် အရပ်သား ကျောင်းဆရာဘဝက ယခု အငြိမ်းစားဒုဝန်ကြီးတစ်ဦး၏ ခယ်မချောတစ်ဦးကို အပြိုင်ပိုးပန်းနေသည့် ကာလပါခင်ဗျား။ အစ်ကိုကြီးကိုချစ်ခင် ခွင့်လွှတ်နော်။)

ထို့ကြောင့် သူနှင့်လည်း ရင်းနှီးသည်ဆိုရပါမည်။ ဗျူဟာကျိုသရိုးနှစ်ယောက်နှင့် ရင်းနှီးနေသဖြင့် ဗျူဟာတွင် ဘာပြဿနာမှ မကြုံခဲ့ရပါ။ ဗျူဟာမှူးကြီးကမူ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး အသေအချာကြည့်ပြီး

"တစ်ပြန်ရောက်ရင် မင်းတစ်ခွဲကို တိုက်ပွဲဝင်လေ့ကျင့်ရေးပြန်လုပ်။ လုပ်စရာကိုင်စရာတွေ အများကြီးရှိတယ်ကွ"

ဟု ဆိုပါလေတော့သည်။

"ဟုတ်ကဲ့ပါ ခင်ဗျ"

"အေး ...ပြီးတော့ မင်းတပ်ရင်းမှူးအဟောင်းကြီး ပြောင်းသွားပြီကွ။ တပ်ရင်းမှူးအသစ်ကြီးကို ဗိုင်းကူလုပ်





ပေး ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါခင်ဗျ"

"မင်းဘာသတင်းပို့စရာရှိလဲ"

"မရှိပါဘူး ခင်ဗျ"

"အေး ...အေး ...ဒါဆိုလည်း သွားတော့ သွားတော့"

တပ်ပြန်ရောက်တော့ တပ်ရင်းမှူးအသစ် ဗိုလ်မှူးသန်းရွှေ (ယခု အငြိမ်းစားဒုဗိုလ်မှူးကြီးသန်းရွှေ) နှင့် တွေ့ရသည်။ အရပ်ခပ်ပြတ်ပြတ် တောင့်တောင့်တင်းတင်းနှင့် တည်ကြည်သောဉပဓိရုပ်ရှိသူ ဖြစ်၏။ ငယ်စဉ်က နာမည်ကျော်ဘောလုံးသမားဟု ဆိုသည်။ ရန်ကုန်တပ်နယ်မှ ပြောင်းရွှေ့လာသည်ဟုလည်း သိရ၏။

တွေ့လျှင်တွေ့ခြင်း တပ်ရင်းမှူးအသစ်ကြီးအား ပြောမဖြစ် နောင်လိုင်က တရုတ်မ လေးငါးခြောက်ဦး ပါလာခဲ့ကြောင်းကို ရှေ့မျက်နှာနောက်ထားပြီး သတင်းပို့ရတော့၏။

"အေးလေဗျာ။ ခင်ဗျားခေါ်လာခဲ့ပြီဆိုတော့လည်း ထတ်ခံရတော့မှာပေါ့"

ဟုဆိုလိုက်သဖြင့် ကျွန်တော့်မှာ အတော် စိတ်



www.burmeseclassic.com

www.burmeseclassic.com



သတ်သာရာရသွားပေါ်။ တွေ့တွေ့ချင်း ဆောက်နဲ့တွင်းကာ တပ်ရင်းမှူးအသစ်ကြီးက ကျွန်တော့်ကို Impression ရှိမှာကို စိတ်ပူမိပါသည်။ အခုတော့ "လူတွေရဲ့ ကျားမ သဘာဝ ဖြစ်တတ်တဲ့သဘောပဲ။ ပေးစားရမှာပေါ့"ဟု ရှောရှောရှုရှု ခွင့်ပြုလိုက်သဖြင့် စိတ်အေးသွားပါတော့သည်။

"ကဲ ... ဆရာကြီးသောင်းမောင်နဲ့ဗိုလ်လှထွန်းတို့ရေ ... တပ်ခွဲ နေရာချ၊ လက်နက်တွေအပ်၊ အားလုံး ကိုယ့်အဆောင် ကိုယ်သွားနိုင်။ အိမ်ထောင်သည်တွေ လိုင်းထဲပြန်နိုင်။ ခင်များတို့ ခေါ်လာတဲ့ အီရှမ်ကွမ်းလန်း မလေးတွေအတွက်လည်း အဆင်ပြေအောင် ကြည့်လုပ်ပေး လိုက်ကြ။ သူ့ပစ္စည်းနဲ့သူ နေရာချပေးလိုက်ပေါ့ဗျာ"

မှာသင့်သည်များ မှာ၍ ထိုနေ့က ဖနီးသည် မေနှင့် အတူ ညစာကိုပင် အတော်မိုးချုပ်မှ စားရပါသည် ခင်ဗျာ။

မကာပများ ခင်လာကြပြီဆိုခြင်း

ကျွန်တော့်တပ်ခွဲ မိုင်းရယ်ပြန်ရောက်သည်မှာ ရက်သတ္တတစ်ပတ်ခန့် ရှိပါပြီ။ ဖေဖော်ဝါရီလကုန်က ပြန်ရောက်သည်။ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန်





ရက်သတ္တတစ်ပတ် အနားရသည်။ ဒါပြီးရင် တိုက်ပွဲဝင် လေ့ကျင့်ရေးမွမ်းမံသင်တန်း နှစ်ပတ်လုပ်ရမည်။ အနားရသည့်ရက်အားလုံးမှာ တစ်လသာဖြစ်၏။ သင်တန်းပြီးဆုံးက နောက်ထပ် တစ်ပတ် ပြင်ဆင်စရာရှိသည်များပြင်ဆင်ပြီး အချိန်စေ့မြောက်နေသည့် အခြားတပ်ခွဲတစ်ခွဲခွဲကို တာဝန်သွားလဲရမည်။

ထိုစဉ်က မိုင်းရယ်တပ်ရင်းမှ တိုက်ခိုက်ရေးတပ်ခွဲ ငါးခွဲသည် Operation Duty စစ်ဆင်ရေးတာဝန်နှင့် Garrison Duty စခန်းထိန်းတာဝန်များကို အောက်ပါ အတိုင်း ထမ်းဆောင်လျက်ရှိကြ၏။

(က) တပ်ခွဲတစ်ခွဲ သံလွင်ကမ်းခြေပိတ်ဆို့ရေး
(ခ) တပ်ခွဲတစ်ခွဲ မိုင်းကောင် အထိုင်
(ဂ) တပ်ခွဲတစ်ခွဲ မန်ပုံ မန်စန့် စခန်းထိန်း အထိုင်
(ဃ) တပ်ခွဲတစ်ခွဲ မိုင်းပတ် မန်ကတ် စခန်းထိန်းနှင့် လားရှိုးတန့်ယန်းလမ်းကြောင်းလုံခြုံရေး
(င) တပ်ခွဲတစ်ခွဲ စစ်ဆင်ရေးအရန်

ကျွန်တော့်တပ်ခွဲမှာ စစ်ဆင်ရေးအရန် ဖြစ်ပါသည်။ ထို့ကြောင့် လေ့ကျင့်ရေးလုပ်မည်။ ပြီးပါက လွယ်ရှား သို့မဟုတ် စခန်းထိန်း တာဝန်တစ်ခုခုအား သွားလဲရမည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် တိုက်ပွဲဝင်လေ့ကျင့်ရေးအတွက် ပြင်ဆင်နေရသည်။ လေ့ကျင့်ရေးအား မတ်လ ၇ ရက်နေ့မှစမည်။ လေ့ကျင့်ရေးမစမီ ယနေ့ မတ်လ ၆ ရက်၌ လိုအပ်သည်များ ပြင်ဆင်ရသည်။ တပ်ခွဲရှိစစ်သည်များ စည်းလုံးညီညွတ်ကာ တိုက်စွမ်းရည်တိုးတက်လာစေရေးအတွက် တပ်ခွဲ စုပေါင်းညစာစားပွဲကို တပ်ရင်းမှူးကြီး ခွင့်ပြုချက်နှင့်ပြုလုပ်ခဲ့၏။

ဤနေရာတွင် ကျွန်တော့်တပ်ခွဲ၏ အပြောင်းအလဲကို တင်ပြရန်လိုပါလိမ့်မည်။ ကျွန်တော့်တပ်ခွဲမှာ တပ်ခွဲ(၄) ဖြစ်သည်။ တပ်ခွဲမှူးဟောင်း ဗိုလ်ကြီးဒွေးလွင်သည် ဗိုလ်သင်တန်း အပတ်စဉ်(၂၉)မှ ဖြစ်၏။ သူသည် ဆေးစစ်သွားရာမှ အပြန်၌ Promotion ထွက်၍ အပြီးတပ်ပြောင်းသွားတော့၏။ ထို့ကြောင့် တပ်ခွဲကို ကျွန်တော်မှပင် ဆက်လက်တာဝန်ယူရတော့၏။

တပ်ရင်းမှူးအသစ်ကြီးက ...

"ခင်ဗျားပဲ ဆက်ပြီး တာဝန်ယူပါဗျာ"

ဟု နှုတ်မိန့်ပေးခြင်းကြောင့် ဖြစ်၏။ တရားဝင်တပ်ရင်းအမိန့် Battalion Order (B.O) တော့ မထုတ်ပြန်ရသေးပါ။

တပ်ရင်းမှူး ဗိုလ်လှထွန်းမှာလည်း ဗထူးတိုက်ခိုက်ရေး





၁၉၇၈ နောင်လိုင်ပါဖန် နှင့် ပွိုင့်၆၀၃၁ တိုက်ပွဲကာလက ခလရ(၆၇) မိုင်းရယ်တပ်မှ အိုင်အို ဗိုလ်တင်ဦး (ယခု အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး၊ ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင် ဖွင့်လှစ်သည့် ခြေလျင်တပ်စုမှူး သင်တန်း တက်ရောက်ရန် တပ်ပြန်ရောက်ပြီး တစ်ရက်နှစ်ရက် အတွင်း ထွက်ခွာသွားရသည်။ သူ့တပည့်များနှင့် ပေါက်ဖော်မလေးများ၏ အာဝါဟ ဝိဝါဟပွဲများကိုပင် ပြီးမြောက်အောင် ချီးမြှင့်မသွားနိုင်ရှာပါ။ ဗိုလ်လှထွန်းအစား အလုပ်သင် (၄) မှ ဗိုလ်သင်တန်း ဆင်းလာသည့် ဗိုလ်တင်မောင်အားကို တပ်ခွဲသို့ တပ်စုမှူးအဖြစ် ပြန်ပေးသည်ကို လက်ခံရရှိခဲ့ပါသည်။

မတ်လ ၆ ရက်နေ့ည၌ တပ်ခွဲစုပေါင်း ညစာစားပွဲအား ပျော်ရွှင်စွာ ဆင်နွှဲကြပါသည်။ တပ်မတော်ချော်ခွဲတမ်းရသည်များကို စစ်သည်များသို့ သင့်တင့်မျှတစွာ တိုက်ကျွေးလိုက်သဖြင့် အားလုံးပျော်ကြရွှင်ကြနှင့် ကက်ဆက်များဖွင့်၍ သီချင်းဆိုကာ ကကြခုန်ကြနှင့် အတော်ပျော်ပါသည်။

ကျွန်တော်ကတော့ တပ်ရင်းမှူးကြီးနှင့် ဦးစီးအရာရှိများကို ဧည့်ခံပြီးသည့်နောက် ယမကာကြိုက်တတ် သော ဗိုလ်ကြီးခင်မောင်အုန်းဦးဆောင်သည့် အရာရှိငယ်များနှင့်အတူ အာမီရမ်လေးအား တစိမ့်စိမ့်သောက်၍ ကိုယ့်တပ်ခွဲကိုယ် ကြည့်ပြီး ပျော်ရွှင်ကြည်နူးနေပါသည်။ ထိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေ့မှာက ကြာကြာမခံပါခင်ဗျာ။

အချိန်က ည ခုနစ်နာရီခန့်ဖြစ်သည်။

"ဗိုလ်ကြီး သက်ဦးခင်ဗျာ အခုချက်ချင်း အရေးပေါ် စစ်ဆင်ရေးကိစ္စနဲ့ တန့်ယန်းမျှုဟာကို ချီတက်ဖို့ပြင်ပါလို့ တပ်ရင်းမှူးကြီးက ညွှန်ကြားပါတယ်ခင်ဗျာ"

အိုင်အိုဗိုလ်တင်ဦး (ယခု ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး) က လာပြောတော့၏။

"ဟုတ် ... သွားပြီ"

ဒါပေမဲ့ အမိန့်သည် အမိန့်ပေပဲ။ စစ်သားဆိုတော့ အမိန့်နာခံရပါသည်။

"ကိုင်း ... ဆရာကြီးသောင်းမောင်ရေ ကြားတဲ့ အတိုင်းပဲဗျာ။ ခင်ဗျားပဲ တပ်ခွဲကို ပြင်လိုက်ပါတော့"

ကျွန်တော်က တပ်ခွဲအရာခံဗိုလ် ဆရာကြီးသောင်း မောင်ကို ခေါ်ပြောရတော့သည်။ ပြီးတော့ တပ်ရင်းမှူးကြီး ထံ သွားရောက်တွေ့ဆုံ၏။ စားနေသောက်နေရာမှ ထသွားလိုက်ရ၍ အရသာတော့ အတော်ပျက်သွား၏။ ဘာမှမတတ်နိုင်ပါခင်ဗျာ။ အမိန့်သည် အမိန့်ပေပဲ ဇနီးသည်ကိုလည်း ကျောပိုးအိတ်ပြင်ခိုင်းလိုက်ရ၏။

တပ်ရင်းမှူးကြီးနှင့်တွေ့သည့်အခါတွင်မှ အောက်ပါ



အတိုင်း ပြောတော့သည်။

"ကဲ ... ဗိုလ်ကြီးသက်ဦးရေ တန့်ယန်းမျှုဟာက ခင်ဗျားရဲ့ လေ့ကျင့်ရေးအရန်တပ်ခွဲကို အခု ညတွင်းချင်း သူတို့ဆီ လွှတ်ပေးပါတဲ့။ ခင်ဗျားနေခဲ့တဲ့ နောင်လိုင်ဘက်မှာ ရန်သူသတင်းပေါ်လို့တဲ့ဗျာ။ တောင်သုံးလုံးအဖွဲ့တွေ ဖြစ်မှာပါ။ တန့်ယန်းတပ်ရင်းက အရန်တပ်ခွဲကိုတော့ နောင်လိုင်ဘက် လွှတ်လိုက်ပြီတဲ့ဗျာ"

"ခင်ဗျားတပ်ခွဲအတွက် အရေးပေါ် ကားသုံးစီး စီစဉ်ထားပါတယ်။ နောက်တစ်ခုက ခင်ဗျားတပ်ခွဲမှာ ခင်ဗျားရယ် ဗိုလ်တင်မောင်အေးရယ် နှစ်ယောက်ထဲ မဟုတ်လား။ သူများတပ်တွေနဲ့ ယှဉ်ပြီးလုပ်ရမှာဆိုတော့ အရာရှိ အင်အား တောင့်သွားအောင် ဗိုလ်ကြီး ခင်မောင်အုံးကိုပါ ကျွန်တော် ထည့်ပေးလိုက်မယ်။ သူ့ပါ ခေါ်သွားဗျာ။ ခင်ဗျား တို့ အချင်းချင်း တိုင်ပင်ဖော် တိုင်ပင်ဖက်ရတာပေါ့"

တပ်ရင်းမှူးကြီး၏ အစီအစဉ်ကို ဘာမျှ စောဒက မတက်လိုပါ။ **Higher Formation Request is Order** ဖြစ်ပါသည်။ တပ်ရင်းမှူးကြီးထည့်ပေးလိုက်သည့် ဗိုလ်ကြီးခင်မောင်အုံးကို ခေါ်ခဲ့ရပါတော့သည်။

ဤနေရာတွင်လည်း ဗိုလ်ကြီးခင်မောင်အုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကြား၌ ပြောစရာလေးများ အတန်အသင့် ရှိပါ၏။ သူနှင့်ကျွန်တော်ကား အခုမှတွေ့ကြသူများမဟုတ်။ ၁၉၆၇ ခုနှစ်တွင် သူက ဘားအံရှိ ကချင် သေနတ်ကိုင် တပ်ရင်းက ဖြစ်သည်။ ကျွန်တော်က ဖာပွန်ရှိ ခြေလျင် တပ်ရင်းက ဖြစ်သည်။ ဖာပွန်နှင့် ဘားအံမှာ ဘာမျှမဝေး လှသဖြင့် သူနှင့်ကျွန်တော် မကြာခဏ ဆုံနေကြ။ ဘားအံ တပ်မဟာမှာ ဆုံဖြစ်သည်။ ဖာပွန်ကမမောင်း ရိက္ခာယာဉ် တန်း ပြေးဆွဲရာတွင် သူတို့တပ်က လုံခြုံရေး လာယူပေး ရင်း ဆုံသည်။ ဘားအံနှင့် မော်လမြိုင်သို့ ကျွန်တော် ယာယီ တာဝန်သွားသည့်အခါ ဆုံသည်။ သူသည် ဗိုလ်သင်တန်း အပတ်စဉ် (၃၃) က ဖြစ်၏။ ကျွန်တော့်ထက် စီနီယာ ကျသည်။ အသက်လည်း ကြီးပါသည်။ သူနှင့်ကျွန်တော် သည် တစ်နယ်တည်းသားလည်း ဖြစ်၏။ သူက ရွှေဘိုမြို့ ပေါ်က။ ကျွန်တော်က ရွှေဘိုမြောက်လက် ရွေဦးက။

ထူးထူးခြားခြား သူကား မြန်မာ ကက်သလစ် ခရစ်ယာန်ဖြစ်၏။ အလောင်းမင်းတရားကြီး သံလျင်က ဖမ်းဆီးခေါ်ဆောင်လာခဲ့သော ဒီဘာရစ်တိုခေါ် ဖေင်ကာ၏ ပေါ်တူဂီအမြောက်တပ် အဆက်အနွယ်များဟု သိသူများက ပြောကြသည်။ အသားညိုညို၊ ဆံပင်ကောက်ကောက်နှင့်





ယောက်ျားပီသသော ရုပ်ရည်ရှိ၏။ ပေပေတေတေနေသည်။ ပေါ်တူဂီ အမျိုးအနွယ်ပီပီ အာမီရမ်ကိုလည်း အလွန်ကြိုက် ရှာ၏။

သူနှင့်ကျွန်တော်သည် သင်တန်းတစ်ခုနှစ်ခုလည်း အတူတက်ခဲ့ဖူး၏။ ၁၉၇၁ ခုနှစ်က ပြင်ဦးလွင် ဗဟိုအင်ဂျင်နီ ယာတပ်တွင် အင်ဂျင်နီယာသင်တန်းအတူတက်ခဲ့စဉ်က သူ့အား အခြားသင်တန်းများက မကြာခဏ စကြနောက် ကြသည်။ သင်တန်းသားများ အလှည့်ကျ မိုင်းခွဲပြရသည့် လေ့ကျင့်ခန်း၌ သူ့အလှည့်တွင် သူနှင့် တစ်ပတ်တည်းဆင်း သင်တန်းသားများက ...

"Fire ဖားယား"

"ဖားယား ဒုံးဒုံး"

"ဖားယား ဒုံးဒုံး ခင်မောင်အုံးကွ"

ဟူ၍ အော်ကြ စကြသည်။ ထိုအခါမျိုးတွင်သူ စိတ်ဆိုးတတ်၏။

"မင်းတို့ကလည်းကွာ"

ဟု ပြန်ပြောတတ်သည်။

သူ စိတ်ဆိုးသွားသည့်အခါမှ သူ့သူငယ်ချင်းများ က ... သူ့ဆံပင် ပုံစံကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကေအပုံနဲ့ ခင်မောင်အုံးပေါ့" ဟု ပြန်ပြင်ပြောကြသည်။

ထိုအခါကျမှ သူ ပြုံးလေသည်။

သူဆံပင်သည် အမေရိကန်အဆိုကျော် မိုက်ကယ်ဂျက်ဆင်ပုံစံနှယ် ဖြစ်၏။ ရုပ်ကလည်း မိုက်ကယ်ဂျက်ဆင်ပုံပါပင်။

ထိုနေ့က သူသည် ရွှေဘိုသို့ ခွင့်ပြန်ရန် တပ်ရင်းသို့ ဆေတ္တရောက်နေရိုးဖြစ်၏။ သူ့နေ ဒေါ်ခင်မိုကား အညာသူ ပိပိ ညိုညိုချောချောကြီးဖြစ်၏။ ရွှေဘိုတွင် အထက်တန်းပြ ဆရာမဟု ထင်ပါသည်။ ဗိုလ်ကြီးခင်မောင်အုံးသည် ဘယ်တပ်မှာမှ နေသည်ကို ခေါ်ထားလေ့မရှိပါ။ တစ်ဦးတစ်ယောက်တည်းနေ၍ တစ်နှစ်တစ်ခါ နေသည်ထံ ပြန်တတ်၏။ သူနေသည်ကလည်း နွေကျောင်းပိတ်များ၌ သူ့ရှိရာလိုက်လာတတ်၏။

ထိုနေ့က သူလိုက်ပါလာသဖြင့် ကျွန်တော့်တပ်ခွဲ၏ တပ်ခွဲမှူးတာဝန်ကို သူ့အား လွှဲလိုက်ရပါတော့သည် ခင်ဗျား။



နောင်လိုင်သို့ ချီရာဝယ်

ကျွန်တော်တို့တပ်ခွဲ မိုင်းရယ်က ထွက်တော့ ညနေစောင်းရှိပါပြီ။ အရပ်ကားသုံးစီးဖြင့် လူ ရ၀ ခန့် ပါလာ၏။ ကားများမှာ တစ်လမ်းလုံး ဖွတ်ချက် ဖွတ်ချက်နှင့် ပျက်၏။ မိုင်းရယ်နှင့်တန့်ယန်းမှာ မိုင် ၃၀ ကျော်ဝေး၏။ ထိုခရီးကို ကားများက ပျက်၊ ကားမီးတွေက မကောင်းနှင့် တစ်ညလုံး မောင်းရသည်။ လမ်းတစ်ဝက်၌ မန်ကတ်စခန်းသို့ ညသန်းခေါင်ကျော်ပြီးမှ ရောက်တော့၏။ မန်ကတ်စခန်း၌ တပ်ခွဲ (၃) တပ်ခွဲမှူး ဗိုလ်ကြီးနေဝင်း ရှိသည်။ သူသည် အကယ်ဒမီစိနီယာကြီးဖြစ်၏။ ရမခ အလုပ်ရုံတပ်ခွဲ EME မှာ တာဝန်ထမ်းဆောင်နေရာမှ ခြေလျင်တပ်ပြောင်းလာသူဖြစ်၏။ သူလည်း ကျွန်တော့်လို ဗကပတိုက်ချင်လှချည်ရဲ့ဆိုသော လူမျိုးဖြစ်၏။

"ဟော့ ... ဗိုးသက်ဦး ညကြီးမင်းကြီး ဘယ်လိုဖြစ်လာကြတာလဲ"

"နောင်လိုင်မှာ ရန်သူသတင်းပေါ်လို့တဲ့ နောင်တော်ကြီးရယ်"

"အင်း ... သတိတော့ထားသွား။ ဗကပဆိုရင်တော့ လက်နက်ကြီး တအားသုံးတယ်နော်။ ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com



ရမခမှာ အနေကြာနေပြီ''

ဟု သတိပေးရှာ၏။


သူ သတိပေးတာ ဟုတ်ပါသည်။ သူသည်လည်း နောက်တစ်နှစ်အကြာ ၁၉၇၉ ခုနှစ်၌ ဗကပတို့၏ လက်နက်ကြီး ထိမှန်ကာ အရှေ့မြောက်ဒေသမှာပင် ကျဆုံးသွားခဲ့ရှာပါသည်။

မန်ကတ်မှ ဆက်ထွက်ခဲ့ရာ မိုးစင်စင်လင်းမှ တန့်ယန်းဗျူဟာသို့ ရောက်ပါတော့သည်။

''ကဲ . . . ဗိုလ်ခင်မောင်အုံးနဲ့ ဗိုလ်သက်ဦး နောင်လိုင် ပတ်ဝန်းကျင်မှာ ဗကပတွေ ရောက်နေပြီ။ တပ်မဟာ (၈) နဲ့ တပ်မဟာ (၁၂) ပေါင်းထားတာလို့ သိရတယ်။ နောင်လိုင်ပါဖန်နဲ့ ပွိုင့် ၆၀၄၁ ကို တိုက်မယ်ထင်တယ်။ နောင်လိုင်ကရော ပွိုင့် ၆၀၄၁ ကရော သတင်းပို့တယ်။ နောင်လိုင်ဘက်ကိုတော့ တန့်ယန်းက ဗိုလ်မှူး စန်းမောင်နဲ့ တပ်ခွဲတစ်ခွဲ ညကတည်းက လွှတ်ထားပြီးပြီ''


''မင်းတို့တပ်ခွဲ ဒီမှာလိုအပ်တဲ့အုပ်ချုပ်မှုကိစ္စ အမြန်လုပ်ပြီး အမြန်ဆက်ထွက်။ လိုတာတွေ ဗိုလ်ညီရှင် လုပ်ပေးလိမ့်မယ်။ မင်းတို့ရှေ့မှာရှိနေတဲ့ ဗိုလ်မှူးစန်းမောင် တို့အဖွဲ့နဲ့ နှစ်ခွဲတစ်ကြောင်းပေါင်းပြီး ရှေ့မှာ အတိုက်ခံ





www.burmeseclassic.com


www.burmeseclassic.com




(၃-၁၀-၁၉၇၇)မှ(၂၇-၁၀-၁၉၇၇) ဟိုပန်ဒေသအတွင်း
ဗကပနှင့်မြန်မာ့တပ်မတော်တိုက်ပွဲဖြစ်ပွားရာနေရာများ

www.burmeseclassic.com

www.burmeseclassic.com



လားရှိုး၊ မိုင်းရယ်၊ တန့်ယန်း ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ စခန်းတွေကို သွားကူကြ။ ငါလည်း ရတဲ့တပ်နဲ့နောက်က လိုက်လာမယ်။ ဘာမေးစရာရှိလဲ။ မရှိရင် ခပ်မြန်မြန်လုပ်၊ မြန်မြန်ထွက်ကြ''

ကျွန်တော်တို့သည် လိုအပ်သည်များ ဗိုလ်ကြီးညီရှင်နှင့် ညှိကာ နောင်လိုင်ဘက်သို့ အမြန်ဆက်ထွက်ခဲ့ရ၏။ လမ်းတွင် တစ်ရေးမှ မအိပ်ခဲ့ရ၍ လူတွေက မှုးတူးမိုင်တိုင်ဖြစ်နေသည်။ မတတ်နိုင်ပါ။ ဆက်ထွက်ဆိုတော့လည်း ဆက်ထွက်ရပါသည်။ စစ်သားတွေရဲ့ အာဝေဏိကဒုက္ခက မသေးလှပါခင်ဗျာ။ တန့်ယန်းတွင် ထမင်းပင်မချက်ခဲ့ရပါ။ ကားတွေကလည်း မကောင်းပါ။ ဖွတ်ချက်ဖွတ်ချက်နှင့် မောင်းလာရသဖြင့် ခရီး တစ်ဝက်သာသာရှိနားညှုရွာကလေးသို့ နေ့လယ်မှ ရောက်ပါတော့သည်။

''ကဲ ...အစ်ကိုကြီး နေ့လယ်စာ စားလိုက်ရအောင်။ ရှေ့မှာ ဘာဖြစ်လို့ဖြစ်မယ်ဆိုတာ မသိဘူး''

ကျွန်တော်က ဗိုလ်ကြီးခင်မောင်အုံးကို အထက်ပါအတိုင်း ပြောပြီး နားညှုရှိ တစ်ဆိုင်တည်းသော ရှမ်းခေါက်ဆွဲဆိုင်လေးတွင် ကျွန်တော်၊ ဗိုလ်ကြီးခင်မောင်အုံးနှင့် ဗိုလ်တင်မောင်အေး သုံးယောက်သား နေ့လယ်စာ စားကြပါတော့သည်။ တပ်ခွဲကိုလည်း အမြန်ချက်ပြုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာစားခိုင်းရ၏။

ဗိုလ်တင်မောင်အေးသည်လည်း ကျွန်တော်တို့နှင့် ရေကြော မြေကြောဆက် စစ်ကိုင်းသားဖြစ်၏။ သူလည်း ယမကာကြိုက်သည်။ စကားက သိပ်မပြော။ မှုန်ကုတ်ကုတ်။ အသားဖြူဖြူ၊ အရပ်ရှည်ရှည်မို့ Fistful of dollars ဇာတ်ကားထဲက မင်းသားကြီး ကလင့်အိစ်ဝုဒ်နှယ်ပင်။ သုံးယောက်သား ရမ်တစ်ခွက် တစ်ဖလားစီ သောက်၊ နေ့လယ်စာ အမြန်စားကာ နားညုက ထွက်ခဲ့ကြ၏။ ခြေလျင်ဖြစ်သည်။ ကားတွေက တောင်တွေကို မတက်နိုင်တော့၍ နားညုမှာပင် ထားခဲ့ပြီး တန့်ယန်းသို့ ပြန်ခိုင်းခဲ့၏။

နားညုမြောက်ဘက် ၃ မိုင်ခန့်အကွာ ပွိုင့် ၆၁၁၆ သံခမောက်တောင်၌ ဗိုလ်မှူးစန်းမောင်နှင့် တန့်ယန်းမှ တပ်ခွဲတစ်ခွဲက စောင့်နေကြ၏။ သံခမောက်တောင်သို့ နေ့လယ် ၁ နာရီသာသာတွင် ရောက်သွား၏။

"အခြေအနေဘယ်လိုပါလဲ ဗိုလ်မှူး"

တောင်ခြေတွင် ဗိုလ်မှူးစန်းမောင်နှင့်တွေ့ရာ အကျိုးအကြောင်း မေးရ၏။

"နောင်လိုင်တော့ ကျသွားပြီဗျ။ မနက် ၁၀း၀၀နာရီ Call မှာ ဗကပတွေ စခန်းထဲရောက်နေပြီလို့ နောင်လိုင်စက်





က ပြောပြီး အသံပျောက်သွားတယ်။ နောက်ထပ် ဘာသံမှ မကြားရတော့ဘူး။ ပြီးတော့ စောစောကပဲ ဗကပသုံးလေးငါးဆယ် သံခမောက်တောင်ခြေရင်း ရောက်ချလာလို့ တောင်ပေါ်တင်ထားတဲ့ တပ်စုက ဆီးပစ်လိုက်တာ လေးငါးယောက်ထိပြီး နောက်ကြောင်းပြန်ပြေးကြလေရဲ့"

ဗိုလ်မှူးစန်းမောင်က ဗကပများ ကျန်ရစ်ခဲ့သည့် စစ်သုံးပစ္စည်းများ၊ စစ်လွယ်အိတ်များ၊ ခဲယမ်း မီးကျောက်များကို ပြကာ ပြောလေသည်။

"ဒါဆို ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ"

"ဗျူဟာမှူးကြီးနောက်က လိုက်လာနေပြီ။ တပ်မက တပ်ရင်းတစ်ရင်း ပါလာတယ်။ ဗျူဟာမှူးကြီးနဲ့တွေ့ပြီး အမိန့်နာခံကြတာပေါ့"

ညနေသုံးနာရီကျော်ကျော် လေးနာရီလောက်၌ တန့်ယန်းစစ်ဗျူဟာမှူးကြီးနှင့် တပ်မမှ အင်းမ တပ်ရင်း ရောက်လာသည်။ တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီး ဒိန်ရင်နော်ဖြစ်၏။ တိုင်းရင်းသား ကချင်လူမျိုးပါပေ။

ခရီးရောက်မဆိုက်မှာပင် ဗျူဟာမှူးကြီးက . . .

"ကိုင်း . . . ဗိုလ်မှူးစန်းမောင်က နှစ်ခွဲတစ်ကြောင်းစုဖွဲ့၊ နောင်လိုင်ကျသွားပြီဆိုရင် မင်းရဲ့နှစ်ခွဲ တင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနဲ့ ဒီစခန်းကို ရအောင်ပြန်တိုက်ကြမယ်။ မင်းစစ်ကြောင်းက လမ်းရှောင် တောတိုးပြီး နောင်လိုင်အရောက်သွား။ ဒါမှမဟုတ် ပန်မွန်းမှာ ခြေကုတ်ယူထား။ ငါက ဒီတပ်နဲ့ ကားလမ်းမကြီးအတိုင်း ချီတက်ခဲ့မယ်။ ပန်မွန်း ဒါမှမဟုတ် နောင်လိုင်မှာ ပြန်ဆုံကြတာပေါ့"

"အလေးအပင်တွေ ထားခဲ့။ စခန်းမြန်မြန်ရောက်အောင် ပေါ့ပေါ့ပါးပါးသွားကြ"

ပေါ့ပေါ့ပါးပါးသွားဆိုသဖြင့် အရန်ကျည်နှင့် အရန်ရိက္ခာများ သံခမောက်တောင်မှာပင် ထားခဲ့ရ၏။ ဖျားနာပြီး မလိုက်နိုင်သူအချို့နှင့် ပစ္စည်းစောင့်တစ်ဖွဲ့ ချန်ခဲ့ရရာ လူ (၇၀) ခန့်ပါဝင်သော တပ်ခွဲမှာ လူ (၆၀) ခန့်သာ ခရီးဆက်နိုင်တော့သည်။

ကျွန်တော်တို့တပ်ခွဲနှစ်ခွဲသည် ကားလမ်းမကြီးကို မြှောင်ကပ်ပြီး ထွက်ခဲ့ကြ၏။ မတ်လ (၇) ရက် တပို့တွဲလပြည့်ကျော် (၁၃) ရက်မို့ လရောင်ကလည်း မရှိပါ။ ကြယ်ကလေးများကိုသာ ကြည့်ပြီး တဖြည်းဖြည်း တရွေ့ရွေ့ ချီတက်ခဲ့ကြ၏။ ညဦးပိုင်း၌ သံခမောက်တောင်နှင့် သိပ်မဝေးသော ဆုံကွေ့ တရုတ်ရွာကလေးသို့ ရောက်တော့၏။ တရုတ်သူကြီးကား ကျွန်တော့်မိတ်ဆွေဖြစ်သည်။





နားညနောင်လိုင် ရိက္ခာယာဉ်တန်း ပြေးဆွဲ စဉ်က တရုတ်သူကြီးမင်းနှင့် အတော်ပင် ရင်းနှီးခင်မင်ခဲ့၏။

"ဟော့ ... မိုလ်ကြီး ရှေ့မှာ ဗကပတွေအများကြီးကွ။ ညနေကတည်းက ရောက်နေတာ။ တဒုတ်ဒုတ်နဲ့ ကျင်းတွေတူးနေကြတယ်။ ဒီလမ်းကြီးအတိုင်းတော့ မသွားနဲ့။ နင်တို့ အကုန်သေကုန်ကြမယ်"

ပွိုင့်တပ်ခွဲကို ဦးဆောင်လာသည့် ကျွန်တော့်အား တရုတ်သူကြီးက ဆီးပြောသည်။ ဤဒေသရှိ တရုတ်များမှာ ဗကပများကို လက်မခံပါ။ ကွန်မြူနစ်စနစ်ကို ကြောက်ပြီး နှံရှာမှန်းတီးသူများဖြစ်၏။

"အေးကွာ ... ဒါဆို ဒို့ ပန်မွန်းထိသွားချင်တယ်။ ဗကပမရှိတဲ့ တောလမ်းက ပို့ပေးစမ်းပါ"

သူကြီးမင်းက ချက်ချင်းပင် လမ်းပြနှစ်ဦး ရှာထည့်ပေးသည်။ ကျွန်တော်တို့ စစ်ကြောင်းသည် လမ်းပြ တရုတ်နှစ်ဦး၏ အကူအညီဖြင့် ဗကပများကို ရှောင်ကွင်းပြီး အနောက်ဘက်တောလမ်းမှ ပန်မွန်းသို့ ချီတက်ခဲ့ ၏။ ညမှာ လမိုက်ညဖြစ်ခြင်း၊ မီးရောင်မသုံးရခြင်း၊ တောင်များကလည်း ၅၀ ၆၀၀၀ ပတ်ဝန်းကျင် အနိမ့် အမြင့်များရှိနေခြင်းကြောင့် မင်းကြောင်းမှာ ဟိုတိုးဒီတိုး ဟိုကွေ့ဒီကွေ့နှင့် ချောက်ထဲကျ



www.burmeseclassic.com

www.burmeseclassic.com



သူကျ၊ လဲသူလဲ၊ ကွဲသူ ကွဲ၊ နှစ်ညဆက်တိုက် အိပ်ရေးက လည်း ပျက်နှင့် အတော်ပင် အိုးနင်းခွက်နင်းနိုင်ကာ မိုးစင်စင်လင်းမှ ပန်မွန်းရွာနား ရောက်တော့၏။

ပန်မွန်းအနောက်ဘက် တောင်ကုန်းတစ်ခုရောက်တော့ မိုးစင်စင်လင်းကာ ပတ်ဝန်းကျင်အားလုံးကို မြင်ရပြီ။

"ဟိုဟာပန်မွန်းရွာပဲ။ အစုသုံးစု၊ အလယ်ကဟာက ရွာမကြီး၊ မြောက်ဘက်ကအစုက မြောက်ရွာ၊ ဒီကုန်းအောက်က တောင်ရွာ"

"ကဲ ...ကိုသက်ဦးနဲ့ ကိုခင်မောင်အုံးတို့က ဒီမှာနေလာကြတဲ့သူတွေဆိုတော့ ပန်မွန်းတောင်ရွာမှာ အခြေပြုပြီး ဗျူဟာမှူးကြီးအလာ စောင့်ဗျာ။ ကျွန်တော့်စစ်ကြောင်းနဲ့ တပ်ခွဲက ဒီကုန်းမှာရှိနေမယ်။ ရန်သူက တော့ လာမှာပဲ။ လာရင် ဆီးချဗျာ။ ကဲ ...အမြန်နေရာယူကြစို့။ ဗကပခွေးကောင်တွေ ဆင်းလာနေဦးမယ်"

ဗိုလ်မှူးစန်းမောင်နှင့် ဗိုလ်ဟန်တင် ခေါင်းဆောင်သော တပ်ခွဲသည် ပန်မွန်းတောင်ရွာလေးနှင့် ကိုက် ၁၀၀၀ ခန့်အကွာ ရွာအနောက်ဘက် တောင်ကုန်းတွင် နေရာယူ ကျန်ရစ်ခဲ့၏။ ကျွန်တော်နှင့် ဗိုလ်ကြီးခင်မောင်အုံးဦးစီးသည့် တပ်ခွဲသည် ထိုတောင်ကုန်းမှ ဆင်းချလာခဲ့ကြရာ ခဏ





အကြာတွင် ပန်မွန်းစန်းခေါ် ပန်မွန်း တောင်ရွာလေးသို့ ရောက်ပါတော့သည်။

ဗိုး ...အတော်မောပါသည်ခင်ဗျာ။ လုံးဝ မအိပ်ရတာလည်း နှစ်ညရှိသွားပါပြီ။

"ကဲ ...ကိုသက်ဦးနဲ့ ဗိုင့်တပ်စုက ကားလမ်းမကြီးဘေး ကပ်ပြီး နေရာယူဗျာ။ ကိုယ်က ရွာတောင်ဘက်က ကုန်းမှာ ခွဲရုံးတစ်စုနဲ့ ရှိမယ်။ ကိုတင်မောင်အေးနဲ့ တစ်စုက အလယ်မှာ တပ်စုချင်းဆက်ထားပြီး အရန်လုပ်ထားတာပေါ့။ ကြားမှာရှိမယ်"

ကျွန်တော်တို့သည် တပ်စုသုံးစုကို မြောက်မှ တောင်သို့ အတန်းလိုက် ဖြန့်ခွဲလိုက်၏။ အားလုံး ကိုက် ၅၀၀ ခန့်အတွင်းမှာ ဖြစ်သည်။ ကျွန်တော်တို့နှင့်ကပ်လျက် ပန်မွန်းတောင်ရွာကလေး ရှိနေသည်။ ခြေတံရှည် ရှမ်းအိမ်လေး အလုံး ၂၀ ခန့်တွေ့ရ၏။ ရွာမှာ ယောကျ်ားကြီးများ မရှိပါ။ တပ်ခွဲအရာခံဗိုလ် ဆရာကြီး သောင်းမောင်က ရှမ်းလိုမေးပြီး အမျိုးသမီးကြီးများထံ သတင်းစုံစမ်းသည်။

"မဲ့ထောက် ကွန်းထင့် မီးဟား မားဟား"

"အမေ သူပုန်ရှိလား၊ လာလား"

"အိုမီး နမ်နမ် ဟော"



www.burmeseclassic.com

www.burmeseclassic.com



"အို အများကြီးရှိတယ်"

"မီးဂလိုင်"

"ဘယ်မှာရှိတာလဲ"

"မီးပန်မွန်းဟောင်"

"ပန်မွန်းမြောက်ရွာမှာ"

ရှေးယခင်အခါများက လွယ်မော်သတင်း SSA သတင်းမေးရင် မဟု မဟာန် မယင်း မသိ မမြင် မကြား ဟု ဖြေခဲ့သော မဲ့ထောက်များက ယခု ဗကပများကိုတော့ ကြောက်ရှာသည်။ ရှုံ့မုန်းကြပုံလည်း ရ၏။ ထို့ကြောင့် ချက်ချင်း သတင်းပေး၏။

"ဗိုလ်ကြီး ရွာမကြီးက ဘုန်းကြီးကျောင်းမှာ ဗကပတွေ လေးငါးခြောက်ရာတောင် ရောက်နေသတဲ့ ခင်ဗျ"

"ဟေ"

ပန်မွန်းတောင်ရွာကလေးထဲ ထမင်းသွားချက်နေသည့် ဝစစ်သားလေး အိုက်ကပ်က ပြေးလာပြီး ပြောသည်။ သူသည် ဝ တိုင်းရင်းသားဖြစ်၍ ရှမ်းစကား ကောင်းစွာ တတ်ပေသည်။

"မြမောင်ရေ ဆရာကြီးစန်းမောင် ခေါ်ကွာ"





တပ်စုရုံးဆက်သား မြမောင်အား တပ်စုတပ်ကြပ်ကြီးကို အခေါ်ခိုင်းရ၏။

"ဆရာကြီးစန်းမောင်ရေ တပ်စုကို အသေအချာ နေရာယူခိုင်းဗျာ။ ရှေ့က ရွာကြီးမှာ ဗကပတွေ အများကြီးတဲ့ဗျို့။ ထမင်းကျက်ရင်လည်း စားထားကြ။ တော်ကြာ တော်နေဦးမယ်"

"စိတ်ချ ဗိုလ်ကြီး။ လွှမ်းဘေးက ဝါးရုံတောကြီးထဲမှာ ရင်ခေါင်းလောက်နက်တဲ့ ရေနုတ်မြောင်းကြီးတွေ ရှိတယ်။ တပ်စိပ်သုံးစိပ်လုံး အဲဒီအထဲမှာ ထည့်ထားတယ်။ ထားရင် လည်း ချကြတာပေါ့ ဗိုလ်ကြီးရာ"

ကျောက်ဆည်သား သူရဲကောင်းမှတ်တမ်းဝင်ထားသည့် သတ္တိခဲ တပ်ကြပ်ကြီးစန်းမောင်က သူ ဆောင်ရွက်ပြီးကြောင်း သတင်းပို့သည်။

"ကောင်းတယ် . . . ကောင်းတယ် . . . ကျုပ်တို့တော့ ပွဲကြီးပွဲကောင်း နွှဲရတော့မယ်ထင်တယ်ဗျို့"

"ဟော . . . နားထောင်စမ်း ဘာလဲ"

"အုံး . . . ဝုန်း ဝုန်း ဝုန်း ဒုန်း ဒုန်း ဒက် ဒက် ဒက် ဒက် ဒက်"

"ဝုန်း . . . ဝုန်း . . . ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်မှ လက်နက်ကြီးအသံများ ကြားနေရ သည်။ ဆုံကွေ့တစ်ဝိုက်ဆီမှ ဖြစ်၏။ အသံများက တိတ် မသွား။ ပို၍ ပို၍သာ ဆူညံလာတော့၏။

"အင်း . . . ဆုံကွေ့မှာတော့ ချနေပြီ။ ဒို့အလှည့် ဘယ်တော့လာမလဲ"

ကျွန်တော်သည် ထိုသို့တွေးတောကာ မနက်စာ ထမင်းကို ကပျာကယာ စားလိုက်တော့၏။ မနေ့ညက လည်း ထမင်းမစားလိုက်ရဘူးလေ။ ထမင်း တစ်လုပ် တစ်ဆုပ်စားပြီးသည်နှင့် တပ်စုနှင့်အတူ ဝါးရုံတောတွင် အသင့်နေရာယူထား လိုက်ပါတော့သည်။

ကဲ လာခဲ့စမ်း ဗကပတွေ။ လာရင် ချမယ်ဟေ့ သက်ဦးတဲ့ကွ။

❖ ❖ ❖



# အခန်း ( ၃ )

## ကျွန်တော်ကြုံခဲ့ရသော ပန်မွန်းတောင်ရှာတိုက်ပွဲကြီး

ဗကပနဲ့တွေ့ဆုံပြီ

ကျွန်တော်သည် ဤနောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄ တိုက်ပွဲကြီး ကာလမတိုင်မီထိ ဗကပတို့အကြောင်း ကို ဘာမျှသိသူမဟုတ်ပါ။ ဘာမျှလဲ သူတို့အကြောင်း ဆုတ်တိပတ်တိ လေ့လာထားခြင်းလည်း မရှိပါ။ လေ့လာ ရကောင်းမှန်းလည်း မသိပါ။ ထိုစဉ်က ဗကပတို့သည် အရှေ့မြောက်၌ သံလွင်အရှေ့ခြမ်းအားလုံးနီးနီး ထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားရာ ကျွန်တော်တို့ ရမခတပ်များက သံလွင်အနောက် ခြမ်း၌ တပ်တွေကို တန်းစီပိတ်ထားပြီး စစ်ရှိန်မမြှင့်ဘဲ အသာထိန်းထားသည့်ကာလလည်း ဖြစ်ပါ၏။

၁၉၇၇ နှင့် ၁၉၇၈ တို့၌ ဗကပတို့သည် ယခင် ၎င်းတို့ဗဟိုအခြေပြုထားသည့် မိုင်းမောဒေသမှ တပ်များကို စုဖွဲ့ပြီး သံလွင်အရှေ့ခြမ်း ကွန်လုံဒေသရှိ တာတိလင် ရှိကလာနှင့် အဖွတ်ထိုနယ်မြေများတွင် တိုက်ကွက်များ ဖော်ခဲ့လေသည်။ အဓိက အမာခံထားသည့် တပ်များမှာ မိုင်းမမိုင်းလားဒေသတွင် ဖွဲ့စည်းခဲ့သည့် တပ်မဟာ (၈) နှင့် ဝမြောက်ခြမ်းဒေသမှ တပ်မဟာ (၁၂) ကို အမာခံ ထားခဲ့လေသည်။ ၁၉၇၈ နှစ်ဦးပိုင်း ဖေဖော်ဝါရီလ၌ ကွမ်းလုံဒေသတိုက်ပွဲများတွင် အောင်မြင်မှုရမသွားသော ဗကပများသည် သံလွင်ကို ဖြတ်ကျော်ပြီး ကွမ်လုံ အနောက်ခြမ်းရှိ လွယ်ပင်းရဲနှင့် မြင်ဖူရှမ်းဒေသအတွင်းသို့ ဝင်ရောက်လာကာ တိုက်ကွက်များ ဖော်ခဲ့ပြန်၏။ ထိုရန်သူ များကို ရမခ ကွပ်ကဲမှုအောက်တပ်များနှင့် မြေမြန်တပ် ဌာနချုပ်များမှ တပ်များက လိုက်လံ ချေမှုန်းခဲ့လေသည်။

ထိုစဉ်က ကျွန်တော်တို့က ဘာမျှမသိ၍သာဖြစ် သည်။ ဗကပ ဗဟိုအနေဖြင့် ယခင် အခြေပြုထားသည့်





...မောဒေသမှ ပန်ဆန်းသို့ ရွှေ့ပြောင်းပြီး စစ်ရေး ...အောင်ပွဲများကို ရှာဖွေနေချိန်ဖြစ်၏။ စစ်ရေးအောင်ပွဲများ ...မှ သူတို့အတွက် ပေါက်ဖော်ကြီးများထံမှ ဟိုဟာ ...ဟာတွေ တောင်းလို့ကောင်းမည်လေ။ လက်နက်တွေ၊ ...ည်ယန္တရားတွေ တောင်းမည်။ ပိုက်ဆံတောင်းမည်။ ...အဝ်သည့် ရုပ်ဝတ္ထုများတောင်းမည်။ လိုရင် အီရှမ်း ...မ်းလန်းမများတောင် ပေါက်ဖော်ကြီးများက ပေးခဲ့သည် ...တ်လား။ အဲ တစ်ခုတော့ ရှိပါသည်။ သူတို့နိုင်း ...တော့ လုပ်ရမည်။ သူတို့ဖြစ်စေချင်တာ လုပ်ပြရမည်။ ...ရှတ်ကွန်မြူနစ်ပါတီက ဗမာကွန်မြူနစ်ပါတီအား စစ်ရေး ...အောင်ပွဲများဖြင့် အာဏာရစေချင်သည်။ တောကို ...အခြေခံပြီး မြို့ကို ဝိုင်းစေချင်သည်။

ယခုလည်း နောင်လိုင်ပါဖန် ပွိုင့် ၆ဝ၄၁ စခန်း ...များကို သိမ်းပြီးသည့်နောက် တန့်ယန်းနှင့် လားရှိုးမြို့များ ...ကို ဝင်သိမ်းမည်ဆိုပဲ။ နောင်လိုင်ကတော့ ဗကပလက် ...သွားပါပြီ။ ဒါပေမယ့် ပွိုင့် ၆ဝ၄၁ မှ ဗိုလ်ကြီး သိန်းထွန်း ...င်နဲ့ တပ်ခွဲက ဗကပများကို စွမ်းစွမ်းတမံခုခံနေကြရာ ...ပတို့မှာ ထင်တိုင်းမပေါက် ဖြစ်နေ၏။ လောလောဆယ် ...တို့ရထားသည်မှာ နောင်လိုင်စခန်းကြီးတစ်ခုတည်းသာ



www.burmeseclassic.com

www.burmeseclassic.com



နောင်လိုင်ကို အလွယ်တကူ ရပြီး တောင်ဘက်က
...ယန်မြို့ကိုပါ ထိပါးရန် သူတို့ဆင်းချလာမည်မှာ
သေချာပါသည်။

ကျွန်တော်သည် အထက်ပါအတွေးများကို ထိုစဉ်က မတွေးနိုင်ခဲ့ပါ။ ရာထူးတွေ အတော်ကြီးပြီး တာဝန်တွေ အတော်ကြီးလာမှ ဖတ်မှတ်လေ့လာ၍ သိလာခြင်း ဖြစ်ပါ၏။ ယခုလည်း အလွန်တိုက်ချင်လှသော ဗကပကို တွေ့ရတော့မည်။ မကြောက်ပါ။ အသင့်စောင့်နေခဲ့၏။ သူတို့ ဘာတော်ပြီး ဘာစွမ်းမှန်းလဲ မသိသေးပါ။

မျှော်လင့်ထားသော ဗကပများ လာပါပြီခင်ဗျာ။

"ဗိုလ်ကြီး ဗကပနဲ့ တွေ့ဖူးပြီးပြီလား"

"မတွေ့ဖူးသေးဘူးဗျ"

"ဒါဆို ဒီတစ်ခါတော့ မလွဲမသွေ တွေ့ရတော့မယ် ဗိုလ်ကြီးရေ။ ကျွန်တော်လည်း နှစ်ရက် သုံးရက် ရှိပြီ မျက်ခုံးတွေ လှုပ်၊ မျက်ခမ်းတွေ လှုပ်နေတာ"

ဆရာကြီးစန်းမောင် စကားမဆုံးသေးပါ။

"ဖောင်း ...ဖောင်း ...ဖောင်း"

"ဒိုင်း ...ဒိုင်း ...ဒိုင်း"

"ဒက် ...ဒက် ...ဒက်"





"ဒက် ...ဒက် ...ဒက်"

"ဟိုက် ...ချကုန်ပြီဟေ့"

"ဗိုလ်ကြီး ...ဗိုလ်ကြီး ...ဗကပတွေ ...စ်လိုက်ကြီး တက်လာတာ ဗိုဂ္ဂင့်ကဆီးချတာ လမ်းပေါ်မှာ ...တုံးအရုံးပဲ"

တပ်စိတ်(၂)တပ်စိပ်မှူး ဒုတပ်ကြပ်တင်သိန်းမှ ...သတင်းပို့၏။

"ဟေ ...ဟုတ်လား"

ကျွန်တော်လည်း အလျင်အမြန် ဗိုဂ္ဂင့်တပ်စိပ်ရှိရာသို့ ...လိုက်သွားကြည့်ရာ ကားလမ်းမကြီးပေါ်၌ ကျွန်တော်နှင့် ...ိုက် ၁၀၀ ခန့် အကွာတွင် ရန်သူလေးငါးခြောက်ဦး သေဆုံးနေ၏။ ငှက်ပျောရွက်စိမ်းရောင် ယူနီဖောင်းအစိမ်း၊ ကြယ်နီတံဆိပ်တပ်၊ နံပြားဦးထုပ်များ ဆောင်းလျက် ပိုးလိုး ...တ်လက် သေဆုံးနေကြသည့် ဗကပများကို ပထမဦးဆုံး အကြိမ် မြင်ဖူးပေပြီ။

"သေနတ်တွေ တက်မကောက်ကြဘူးလား"

"သေနတ်တွေ တက်ကောက်လို့မဖြစ်ဘူး။ နောက်မှာ သူတို့လူတွေ အများကြီးပါသေးတယ်"

ဗိုဂ္ဂင့်တပ်စိပ်မှူး တပ်ကြပ် လျှံခန်းက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ငါးမိခန့်သာကြာသည်ထင်ရ၏။ ကျွန်တော်တို့ အခြေအနေ စောင့်ကြည့်နေစဉ်မှာပင် ...

"ဖောင်း ... ဝုန်း"

"ဖောင်း ... ဝုန်း"

"ဖောင်း ... ဝုန်း"

ရန်သူ့ထံမှ ပစ်လိုက်သည့် လက်နက်ကြီးများ အဆက်မပြတ်ကျရောက်ပေါက်ကွဲလာပါတော့သည်။ ၆၀ မီလီမီတာ စိန်ပြောင်းနှင့် ၈၂ မီလီမီတာ စိန်ပြောင်း ဗုံးသံများဖြစ်၏။

အချိန်က မနက်ရှစ်နာရီတိတိ။ ၁၉၇၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့ မနက်ခင်း။

"ဖောင်း ... ဝူး ... ဒိန်း"

"ဖောင်း ... ဝူး ... ဒိန်း"

နောက်ထပ်တစ်မျိုး တိုးလာပြန်သည်။ ဘာ သေနတ်မှန်း ကောင်းစွာမသိ။ အလျားလိုက် ကျည်ဆန် တောင့်အဝါရောင်ကြီးများ ဝေါခနဲ ဝေါခနဲ ဝင်လာပြီး ဝါးရုံများ အပိုင်းပိုင်းပြတ်ကျကုန်၏။

"ဆရာကြီးစန်းမောင် ဘာတွေလဲဗျ"

"ဗိုလ်ကြီး အဲဒါ ၅၇ တွေ။ အသာငြိမ်နေ။





ဒီကောင်တွေ လက်နက်ကြီးပစ်ပြီးရင် ကျားထိုးတတ်တယ်"

ထိုအသံများအပြင် နောက်အသံတစ်မျိုးက လာပြန်သေး၏။

"တောက် ... တောက် ... တောက်"

"ဒက် ... ဒက် ... ဒက်"

"အဲဒါက ဘာလဲ"

"ပွိုင့်ဖိုက် ဗိုလ်ကြီး ... ပွိုင့်ဖိုက်။ သတိထား မှန်ရင် မချောင်ဘူး။ ဗိုလ်ကြီး မြောင်းထဲဝပ်နေ။ ထိသွားဦး မယ်"

ရန်သူများက သူတို့စစ်နည်းဗျူဟာအတိုင်း လက်နက်ကြီးများကို အစွမ်းကုန်သွန်ပစ်ပါတော့သည်။ ကျွန်တော့်စိတ်အထင် တစ်နာရီကျော်ခန့်ကြာသည်ထင်၏။ ဗုံးသီးများ ဝုန်းခနဲ ဝုန်းခနဲ ကျရောက်ပေါက်ကွဲသည်မှာ လည်း နေရာမလပ်အောင်ပင် ရန်သူ့ကျည်များက အနီးရှိ အိမ်များပေါ် ကျရောက်ပေါက်ကွဲမှုကြောင့် ပန်မွန်းတောင် ရွာကလေးမှာ နံနက် (၀၉း၃၀) ချိန်တွင် မီးဟုန်းဟုန်း တောက်လောင်ကာ ရွာလုံးကျွတ် ပြာပုံအတိ ဖြစ်သွားပါ တော့သည်။ မတ်လဖြစ်၍ ရာသီကလည်း ခြောက်သွေ့ လှ၏။ ရွာမှ ခဏထားသည့် ကျွန်တော်တို့ ပစ္စည်းများလည်း



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ရာ၌ ပါသွားတော့၏။

ရွာမီးလောင်နေစဉ်မှာပင် ပထမဆုံးအကြိမ် "ဝေး ... ဟေး ... ဟေး ... ဟေး" ဟုအော်ပြီး ကုန်းလိုက် ကွလိုက်ဖြင့် ဗကပလူအုပ်ကြီး တက်လာသည်ကို ပထမဆုံးအကြိမ် မြင်ရပါတော့သည်။ လူတစ်ရာခန့်။ ကျွန်တော်တို့မှာ တပ်ခွဲတစ်ခွဲလုံးမှ လူ ၆၀ သာပါလာပါ၏။

"ဗကပကောင်တွေ လာပြီဟေ့ ... ရဲဘော်တို့ ပစ်ဟ"

ကျွန်တော်သည် ကိုက် ၁၀၀ ခန့်အတွင်း ရန်သူတို့ ဝင်အောင် စောင့်ဆိုင်းပြီးမှ တပ်စုကို ပစ်မိန့်ပေးလိုက်ပါတော့သည်။

"ဖောင်း ... ဒိုင်း ... အုန်း ... ဝုန်း"

"ဒက် ... ဒက် ... ဒက် ... ဒက်"

အသံဗလံအမျိုးစုံ ဆူညံသွား၏။ ရန်သူတို့က ရှေ့တက်ကျည်ပွေ့သဏ္ဌာန် လက်ပစ်ဗုံးများကိုလည်း 'ဖောင်းခနဲ ဖောင်းခနဲ' လှမ်းလှမ်းပစ်လိုက်သေး၏။ ကျွန်တော့်ဘေး ကျင်းထဲသို့ တစ်လုံးကျလာသဖြင့် ခြေဖြင့် ခတ်ထုတ်လိုက်ရာ ခပ်လှမ်းလှမ်းမှာ သွားကွဲ၏။ ထိရောက်မှုမပြင်း၍ ဘာမှတော့ မဖြစ်။ တော်သေး၏။ ဒီကောင်တွေက တယ်





မလွယ်ပါလား။ သူပစ် ကိုယ်ပစ်ဖြင့် သွေးလုံးရစ်ပတ်ပစ်ခတ်ကြရာ ၁၅ မိနစ်ခန့်ကြာသွားသည် ထင်၏။

ကျွန်တော်တို့လည်း ပါသမျှ လက်နက်ငယ်အမျိုးစုံဖြင့် သွန်ပစ်၏။ ၃၆ လက်ပစ်ဗုံးများကိုပါ ထုတ်ပစ်၏။ အစွမ်းကုန် အိတ်သွန်ဖာမှောက်ပစ်လိုက်ရာ ရန်သူတပ် လန့်သွားပြီး ဆုတ်သွား၏။ သို့ရာတွင် လူ ၁၈ ယောက် သာရှိသည့် ကျွန်တော့်တပ်စုတွင် ၆ ယောက် ထိသွား၏။ ၄ ယောက် ဒဏ်ရာပြင်း၏။ ရန်သူဘက်ကတော့ ၁၅ ယောက်၊ ၂၀ ခန့် ကျသွားမည်ထင်၏။ မလှမ်းမကမ်းတွင် သေနေသူများကို မြင်ရ၏။ သို့ရာတွင် ကျင်းထဲက မထွက်ရဲ။ မြောင်းထဲက လှုပ်လိုက်တိုင်း သူတို့ဆီက 'ဖောင်းခနဲ' လှမ်းပစ်၏။

ကျွန်တော်၏တပ်စုမှ သေနတ်မှန်ထားသူတွေက ညည်းညူကြ၏။ ဒီအတိုင်းတော့ ငြိမ်မနေနိုင်ပါ။ သူတို့ကို ကုသပေးရပေလိမ့်မည်။

"ဆရာကြီးစန်းမောင် မှန်ထားတဲ့သူတွေ ခွဲရုံးပို့ဗျာ။ ဆရာတင်သိန်း မင်းလိုက်သွား"

အလျင်အမြန်ပင် မှန်ထားသူများအား ကျင်းထဲမှ မ၍ နောက်ကြောင်းပြန်ပို့၏။ ခွဲရုံးက ဆေးတပ်သား



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရှေ့ မခေါ်လိုပါ။ ဆေးတပ်သားကလည်း အရေးပေါ်ခေါ်လာရ၍ လူသစ်ဖြစ်နေ၏။ ခဏအကြာတွင် ရန်သူဘက်မှ ဝုန်းခနဲ ဝုန်းခနဲဖြင့် လက်နက်ကြီးများ ပစ်လာပြန်သည်။

"ဟာ ... ချပြန်ပြီဟေ့"

"ကွိကွိ ... ကွ ... ကွ" နှင့် ဗကပတို့၏ အော်သံများလည်း ကြားရပြန်၏။

"ဗိုလ်ကြီး ... အဲဒါ ငါတို့ကို ဆဲနေတာကွ"

ကျွန်တော် တပ်စုရုံးမှ လွယ်လတပ်သားညီဆန်းက လှမ်းပြော၏။ လက်နက်ကြီးများ အဆက်မပြတ်ကျနေစဉ် ...

"အစ်ကို ကျွန်တော် လာပြီ"

ဟု အော်ပြောကာ ဗိုလ်တင်မောင်အေးနှင့် သူ့တပ်စုမှလူများ အပြေးအလွှား ရောက်လာ၏။

သူ့တပ်စုနှင့်အတူ ၃ ဒသသမ ၅ ရော့ကက်လောင်ချာပါလာ၏။ ရန်သူက လက်နက်ကြီးအမျိုးစုံ။ ကျွန်တော့်မှာက လက်နက်ကြီး ဘာမှမပါ။ ယခု လောင်ချာတစ်လက်သာ ပါ၏။

"အစ်ကိုတစ်စုတစ်စုတည်းဖြစ်နေလို့ ကျွန်တော်





လာပေါင်းတာ"

"ကဲ ... ခွေးမသားတွေကို လောင်ချာနဲ့ပစ်မယ်"

ဗိုလ်တင်မောင်အေးက လက်နက်ကြီး တဝုန်းဝုန်းကျနေသည့်ကြားမှ ရော့ကတ်လောင်ချာအား ဒူးထောက်ကာ ထမ်းပြီး "အုန်းခနဲ အုန်းခနဲ" တစ်လုံးပြီးတစ်လုံး ပစ်ထုတ်၏။ နာရီဝက်ခန့်ကြာသော် သူ့သေနတ်က ဒုံးကျည်ကုန်သွား၏။ ပါလာသည်က အားလုံးမှ ကိုးလုံးသာဖြစ်သည်။ ကျည်ကုန်သွားက သေနတ်ဆိုသည်မှာ တုတ်သာသာသာတည်း။

လောင်ချာနှင့်ပြန်ပစ်လိုက်မိ၍လားမသိ။ ရန်သူက ၅၇ ရော၊ ၆၀ ရော၊ ၈၂ ရော စုံအောင် ကျွန်တော်တို့နေရာအား စုပစ်ပြန်ပါသည်။ ပွိုင့်ဖိုက်ကလည်း ပါလာပြန်သည်။ ခွေးမသားတွေ ကျားထိုးဦးမည်လားမသိ။

ထင်သည့်အတိုင်းပါပေ။ နေ့လယ် ၁၂ နာရီခန့်တွင် ဒုတိယအကြိမ် "ဝေး ဟေး ဟေး ဝေး ဟေး ဟေး" အော်၍လည်းကောင်း "ဝူး ဝူး ဝူး ဝူး" ဟု အော်၍လည်းကောင်း ဗကပများ တက်လာပြန်၏။ Human Wave ခေါ် သူတို့၏ လူလှိုင်းစစ်ဆင်နည်း ထင်ပါ၏။ လူတွေပေါ်ပေသကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ကြိမ်တွင်လည်း သူပစ် ကိုယ်ပစ် အနီးကပ် တွေ့ဆုံးရစ်ပတ် ပစ်ခတ်ပြီး ပွဲကြမ်းသွား၏။ သူ့ဘက် ကိုယ့်ဘက် ထိခိုက်ကုန်ကြ၏။ လေးပေခန့်နက်သည့် ရေနုတ်မြောင်းကြီးကြောင့် ကျွန်တော်တို့မှာ သက်သာ နေခြင်း ဖြစ်၏။ ရေနုတ်မြောင်းတူးထားသည့် ပန်မွန်း ရွာသားများ ကျေးဇူးပါပေ။ ဝါးတိုးဝါးရုံပင်ကြီးများကလည်း အတော်အတန် ကျည်ကွယ်မျက်ကွယ်ရပါ၏။

သို့ရာတွင် ယခုပွဲ၌ ဗိုလ်တင်မောင်အေး ညာ ဘက်ခြေထောက်ထိသွား၏။

"အစ်ကို ... ကျွန်တော့်ခြေထောက်ထိသွားပြီ။ ကျွန်တော့်တပ်စုက လေးငါးယောက်လည်း မှန်သွားပြီ။ ဆရာကြီးခင်မောင်ပါ နည်းနည်း ထိသွားတယ်"

"ကဲ ... ဒါဆို မင်းနဲ့ဒဏ်ရာရထားတဲ့သူတွေ ခွဲရုံးပြန်ကွာ။ ဗိုလ်ကြီးခင်မောင်အုံးလည်း ပြောပါအုံး။ ကျည်ဆန်ကုန်တော့မယ်။ ပို့ပေးအုံးလို့"

ဒုတိယအကြိမ် ရန်သူလန်ကျသွားပြီးနောက် ဗိုလ်တင်မောင်အေးနှင့် ဒဏ်ရာရသူများအား ခွဲရုံးပြန်ပို့ ရ၏။ ဒုတပ်ကြပ်တင်သိန်းကိုပင် ပို့ခိုင်းရသည်။ ကျွန်တော့် တပ်စုမှာ နှစ်ယောက်ထပ်မှန်၍ လူကုန်လုနီးနီးဖြစ် နေပြီ။



နည်းနည်းစီ မှန်တာ ထိတာ ရှိတာ အရေးမကြီး။ ထား၍ ရ၏။ အကြီးအကျယ် ထိမသွားဖို့က အရေးကြီးသည်။

"ကဲ ... ဆရာကြီးစန်းမောင် ခင်ဗျားနဲ့ ဆရာ ငွေးရီတို့ကတော့ ကြံ့ကြံ့ခံထားအုံး။ ခွဲရုံးကလည်း ဘာအမိန့် မှ မလာဘူးဗျ။ အခြေအနေတော့ ဗိုလ်ကြီးခင်မောင်အုံးကို ကျူပ်သွားပြောအုံးမယ်။ နောက်တစ်ချီဆိုရင်တော့ ကျည် လည်း ကုန်ပြီ။ ကျည်ကုန်ရင် လူလည်း ကုန်မှာပဲ"

"နည်းနည်းပါးပါးထိထားတဲ့ကောင်လေးတွေက တော့ ရပါတယ် ဗိုလ်ကြီး။ ဒါပေမယ့် ကျည်ဆန်က ကုန် လုနေပြီ။ တစ်ယောက်မှ သုံးလေးငါးဆယ်ပဲ ကျန်တယ်။ တစ်ယောက် ၃၆၀ ပါတာ။ ၂ချီ ကျားထိုး ခံရတာ အတော်သွန်လိုက်လို့ ခွေးမသားတွေ လန်သွားတာ။ ကျည်ဆန်တော့ အရေးတကြီးလိုတယ်"

ထိုစဉ် လေယာဉ်သံကြားရ၏။ မိမိတို့ တပ်မတော် မှ ကင်းထောက်လေယာဉ်ပင်။ လေယာဉ်သံကြောင့် ရန်သူ တို့ ငြိမ်နေ၏။ လေယာဉ်ကိုတော့ သူတို့ ကြောက်ကြ၏။

ကျွန်တော်သည် ထိုလေယာဉ်သံကို အခွင့်ကောင်း ယူကာ တပ်ခွဲမှူးထံ ပြေးတက်သွား၏။ ကျွန်တော်တို့နှင့် တပ်ခွဲရုံးနေရာကား ကိုက် ၅၀၀ ခန့် ဝေးပေသည်။

www.burmeseclassic.com

"ကဲ ...အစ်ကိုကြီး ရှေ့မှာထိထားတာတွေ များနေပြီ။ စစ်ကြောင်းမှူးက ဘာပြောလဲ။ ဒီပုံအတိုင်း ဆိုရင် အကုန်ကုန်မယ်။ ကျည်လည်း ကုန်လုနေပြီ။ ခွဲရုံး မှာ နောက်ဆုံးချန်ထားတဲ့ ၇ ဒသမ ၆၂ ကျည် တစ်သေတ္တာပေးလိုက်ပါ။ ကျည်ကုန်ရင်တော့ ဆုတ်ရမယ်။ အဲလိုမှမဟုတ်ရင် ရန်သူ့လက်နက်ကြီး ထိတာနဲ့ အားလုံး သေကုန်မယ်"

ဒီဘာရစ်တို့အဆက်အနွယ်ကြီးက ...

"ကျည်ကုန်တဲ့အထိ ချတာပေါ့ ညီလေးရာ။ ကုန်မှ ဆုတ်မယ်လေ"

သူက ကျည်ကုန်သည်အထိ ချမည်ဟု ဆိုလေ၏။

"ကျည်မကုန်ဘဲ လူအကုန်ကုန်သွားမှာစိုးရတယ်။ ကျွန်တော့်တပ်စုက တစ်စုရုံးနဲ့ ဆရာဒွေးရီတပ်စိပ်ပဲ ကျန် တော့တယ်။ ဗိုလ်တင်မောင်အေးတပ်စုနဲ့ ပေါင်းထားရ တယ်"

"ခဏတော့ တောင့်ထားပါအုံး ကိုယ့်ညီရာ"

"ကဲ ...ဒါဆို ကောင်းပြီဗျာ။ လုပ်မယ်။ ကျည် ဆန် သာပေး"

ခွဲရုံးမှ ၇ ဒသမ ၆၂ ကျည်လက်ကျန်တစ်သေတ္တာ





ယူလာပြီး ရဲဘော်အားလုံး ခွဲဝေပေးရပါသည်။ ခွဲရုံးက စက်လတ်လည်း ယူလာခဲ့၏။ ဒီစက်လတ်က စောစောက ထည်းက ပို့ပေးဖို့ကောင်းသည်။ ယခုမှ တောင်းလာရ၏။

သိပ်မကြာ။

မျှော်လင့်ထားသည့်အတိုင်း ရန်သူ့လက်နက်ကြီး များ တဝုန်းဝုန်း တဒိုင်းဒိုင်း ကျလာပြန်၏။ ဒီတစ်ချီက တော့ အတော်ကြာ၏။ ၅၇ သာမက သူ့ထက်ပိုပြင်းသည့် ၅ များပါ ပါလာ၏။ ရွာအနောက်ဘက် တောင်ကြော စစ်ကြောင်းရုံးရှိရာဘက်ကပါ အသံဗလံများ ဆူညံနေ၏။ သူတို့ကိုလည်း တိုက်နေပြီထင်၏။

တစ်နာရီကျော်ကြာ ရန်သူက အပြင်းအထန် လက်နက်ကြီးများနှင့် ချေမှုန်း၏။ ကျွန်တော်တို့မှလည်း အသံကြားရာသို့ ၂ လက်မ စိန်ပြောင်းဖြင့်လည်းကောင်း၊ စက်လတ်ဖြင့်လည်းကောင်း ပြန်ပစ်ကြ၏။ သူတို့ ဘက်က ပစ်ခတ်မှုကား ပြင်းထန်လှ၏။ ဒီတစ်ချီတော့ ဝါးရုံများ လည်း အပိုင်းပိုင်းပြတ်သည်မှာ များလာ၍ အထိအခိုက် လည်း ပိုများလာ၏။ ဆရာကြီးစန်းမောင်အား ၅၇ အစ [illegible] ပွိုင့်တပ်စိပ်မှ လားဟူရဲဘော်လေး ကျည်း လည်း [illegible]၏။ လူနှစ်ဆယ်ကျော်တွင် တစ်ဝက်ခန့် မှန်သွား၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အသံဗလံ တွေ ဆူညံလွန်းသဖြင့် ဘာတွေမှန် သွားမှန်းပင် မသိနိုင် တော့ပါ။

နေ့လယ်နှစ်ချက်တီးတိတိတွင် ဒုတိယအကြိမ် ရန်သူမှ ကျားထိုးပါတော့သည်။ "ဝေး ဟေး ဟေး၊ ဝူး ဟူး ဟူး" နှင့် ယောက်ျားသံတွေရော၊ မိန်းမသံတွေရော ဆူညံနေ၏။ အနီးကပ်တွေ့ပြီး "ပတောက် ပတောက်" ဖြင့် အမ် ၂၁၊ ၂၂၊ ၂၃ များဖြင့်လည်း ပစ်၏။ "ဝိုးခနဲ ဝိုးခနဲ" ခေါင်းပေါ်မှ လက်နက်ငယ် ကျည်ဆန်များက ကျော်သွား၏။ ရေတ်ကျည်ပွေ့လက်ပစ်ဗုံးလေးများကလည်း ပလူပျံနေ၏။ ကျွန်တော့်ဘေးတွင် ရဲဘော် အတော်များများ ထိမှန်ကုန်ကြ၏။ ရန်သူကျည်ထိမှန်ထားသည့် ရဲဘော်များအား ပစ်၍တော့ ကျွန်တော် မသွားနိုင်ပါ။

"ဗိုလ်ကြီး . . . ဗိုလ်ကြီး . . . လုပ်ပါအုံး။ ကျွန်တော်တို့ကို ကြည့်ပါအုံး"

ဒဏ်ရာရထားသူများက ကျွန်တော့်ကို အားကိုးတကြီးပြောကြ၏။

"အေးပါကွာ"

"ဗိုလ်ကြီး . . . ကျွန်တော်လည်း ရင်ဘတ်ထိထားပြီ"





ဆရာကြီးစန်းမောင်က ပြော၏။

"ရတယ် ဆရာကြီး . . . ရတယ်။ ခဏစောင့် ခိုရုံးပြန်ပို့ပေးမယ်"

ရန်သူ့ဆဲသံ၊ ဆူသံ၊ ပစ်သံ၊ ခတ်သံများကတော့ ဆုံးဝရုပ်မသွား။ ကွိကွိကွကွနှင့် သူတို့အသံများက လည်း နေဒီယိုမှ လာသည့်အခါ အင်္ဂလိပ်ဟော်သားအသံလိုလို သံပုံးထဲ ခေါ်ည့်လှုပ်သည့်အသံလိုလိုဖြစ်၏။

ခွေးမသား ဗကပကောင်တွေ။

အင်း . . . ဒီတစ်ချီတော့ ဗကပတို့လက်ချက်ဖြင့် သေပြောင်းရတော့မည်လား မသိ။

ပစ်သံ ခတ်သံ ဆူညံနေစဉ် တပ်မတော်လေတပ် လေယာဉ်သံ ဒုတိယ အကြိမ် ကြားရပြန်သည်။ လေယာဉ်သံ ကြားသည်နှင့် ရန်သူတို့ ငြိမ်သွား၏။ ဒါ အခွင့်ကောင်း ပဲ။ လေယာဉ်က ၁၀ မိနစ် ၁၅ မိနစ်ခန့် ဝဲကြည့်နေ၏။ ကျွန်တော်လည်း ဘယ်သူ့အမိန့်မှ မစောင့်တော့။ ကျွန်တော့်တစ်ဖွဲ့လုံး ကျည်ကုန်၍ သေွးခြင်းခြင်းရဲကာ အားလုံး ဒဏ်ရာတရဖြစ်နေကြပြီ။ အားကိုးရသည့် ဆရာကြီး စန်းမောင်လည်း ထိထားပြီ။ ကြုံကြုံခံနေသည့် ဆရာလှုံခန်း လည်း လက်ပစ်ဗုံးစ အနည်းငယ် ထိထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဆရာ‌ဒွေးရီ ဆုတ်မယ်။ အားလုံးတွဲပြီး ခေါ်ခဲ့ပေတော့"

ကျွန်တော်သည် ဆရာကြီးစန်းမောင်အား တွဲပြီး ဒဏ်ရာရသူများကိုပါ သယ်၍ ဆုတ်လာ၏။ နောက်မှ တပ်ကြပ်လှျံခန်းကို ခုခံပစ်ခတ်ရင်း ဟန့်စစ်ဆင်စေ ဟိုကွေ့ဒီကောက်ဖြင့် အတင်းပြေးတက်လာကြရာ ဗိုလ်ကြီး ခင်မောင်အုံးအဖွဲ့နှင့် ရွာတောင်ဘက်ကုန်းတွင် ပေါင်းမိ

"အစ်ကိုကြီး ... ကျည်လည်း ကုန်၊ လူလည်း ကုန်ပြီ။ ဘာမှမထူးဘူး ဆုတ်ကြစို့"

"ဖြစ်ပါ့မလား"

"ကျည်ဆန်မှမရှိတော့ဘဲ။ အသေခံမှာလား ဒါမှမဟုတ် စစ်ကြောင်းရုံးအမိန့်တောင်းဗျာ စက် အဆက် အသွယ် မရဘူးလား"

"တိုက်ပွဲဖြစ်ပြီးကတည်းက စက်အဆက်အသွယ် ပြတ်သွားပြီ။ သူတို့ ၁၅၆ စက် ရန်သူ့လက်နက်ကြီး ထိသွားသလားမှ မသိဘဲ။ ကိုယ်တို့စက်တော့ ကောင်း ပါတယ်။ ဒီက ခေါ်တယ် မရဘူး"

"ဒါဆို ဆရာကြီးသောင်းမောင် လွှတ်ပြီး မေးနိုင် ဗျာ"





ကိုက် ၁၀၀၀ ခန့် အကွာရှိ ဗိုလ်မှူးစန်းမောင်ဆီ ...ို့ ဆရာကြီးသောင်းမောင်နှင့် တစ်ဖွဲ့လွှတ်ပြီး မေးခိုင်း ...ါတော့သည်။ အမိန့်မရသေးဘဲ ဆုတ်မလား မဆုတ် ...ူလားဆိုသည်ကိုလည်း ဗိုလ်ကြီးခင်မောင်အုံးနှင့် ဆွေး ...နွေးငြင်းခုံကြ၏။

ထိုစဉ် ကျွန်တော်တို့ စုဝေးနေသည့် တောင်ကုန်း ...ာက်ကျောမှ "ဝေး ဟေး ဟေး" ဟု အော်ကာ လူ ...ေးငါးဆယ်ခန့်ပြေး၍ ပစ်တက်တက်လာသည်ကို ...တွေ့လိုက်ရ၏။

"ဟ ... ကင်းချထားတဲ့ ဆရာညီရှန်းတပ်စိပ် ... မေးပါအုံးဟ"

"မဟုတ်ဘူး ဗိုလ်ကြီး။ ရန်သူတွေ ... ရန်သူ ...ွ"

ပြောပြောဆိုဆို ခွဲရုံးနှင့်ပေါင်းထားသည့် ဆရာ ...ျော်ဒွန်းတပ်စုမှ ရဲဘော်အချို့က ရုတ်တရက် ထပြေး ...ကြ၏။ ဗိုလ်ကြီးခင်မောင်အုံးကလည်း ...

"ဟေ့ ... ကိုသက်ဦး ရန်သူတွေဟ။ လစ်ကြစို့။ ...ာတွေ ဆရာကျော်ဒွန်းအဖွဲ့ သယ်ခိုင်းကွာ။ ရဲဘော် ...ွ ဆုတ်တော့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သူကစပြီး ဝါးရုံတောထဲ ဝင်ပြေး၏။ ကျွန်တော်လည်း ဒရောသောပါးဖြင့် လူနာများ သယ်ပြီး သူဆုတ်ရာရှာအနောက်တောင်ဘက် ဝါးရုံတောသို့ ဆုတ်ရပါတော့သည် ခင်ဗျား။

ကဲ ဗကပနဲ့ ပထမပွဲမှာပင် မောင်သက်ဦးတို့ အလဲလဲအကွဲကွဲနှင့် ဆုတ်ရပါပြီ။

**တိုက်ပွဲနေရာမှ ခွာစစ်ဆင်ရခြင်း**

စစ်တိုက်ရာ၌ ခံခွာတိုက်ချီ သို့မဟုတ် ချီတိုက်ခံခွာဟူ၍ လေးမျိုးသာရှိပါ၏။ ထိုလေးမျိုးမှာ ဘယ်ဟာ အခက်ဆုံးထင်ပါသလဲ စာရှုသူများခင်ဗျာ။ မသိရင် ပြောပါမည်။ ခွာစစ်သည်သာ အခက်ဆုံးပါခင်ဗျာ။

ခွာစစ်ဆင်ရာ၌ ကိုယ့်လူတွေ စိတ်ဓာတ်မကျအောင်၊ အဖွဲ့အစည်းပျက်မသွားအောင်၊ နောက်တစ်ကြိမ်အတွက် အင်အားကျန်အောင် ခွာရပါသည်။ ထိုသို့မခွာနိုင်က ရန်သူ၏လက်စတုန်း ချေမှုန်းခြင်းခံရပြီး ပွဲပြီးသွားတတ်ပါ၏။

ကမ္ဘာ့စစ်သမိုင်း၌ ပြင်သစ်ကေရာဇ်စစ်ဘုရင်ကြီး နပိုလီယံ မော်စကိုဝင်တိုက်ရာ ရုရှားတို့က မြေလှန်စနစ်





ကျင့်သုံး၍ မော်စကို တစ်မြို့လုံး မီးတိုက်ပြီး တိမ်းရှောင်သွားကြသည်။ ရုရှားမြို့တော် မော်စကိုကိုတော့ ရပါ၏။ ဒါပေမယ့် စားစရာ နေစရာ နားခိုစရာ ဘာမှမရှိ။ မီးပျက်ဟင်းလင်းပြင်ကြီးမို့ ခွေးတစ်ကောင် ကြောင်တစ်မြီး မှလည်းမရှိ။ ဒါသာမက မော်စကိုဆောင်းကလည်း အလွန်အေးလှသည်။ ဒီဆောင်းဒဏ်ကို ဒေသခံရုရှားတွေသာ ခံနိုင်ကြသည်။ မကြုံဘူးသော ပြင်သစ်တို့ မခံနိုင်ကြပါ။ ပြင်သစ်စစ်သားတွေ သေွးခဲပြီး သေကုန်ကြ၏။ မော်စကိုမှာ ကြာကြာနေမရ၍ ပြင်သစ်တို့ လာလမ်းကို ပြန်ခွာရသည်။ အလာတုန်းက လမ်းအကောင်းတွေအားလုံး နှင်းခဲတွေဖုံးပြီး ရေခဲပြင်ကြီးဖြစ်နေတော့သည်။ ရုရှားပြောက်ကျားများကလည်း လမ်း၌ ဖြတ်တိုက်ကြ၏။ နပိုလီယံခင်ဗျာ သူ့ကိုယ်တိုင် အသက်နဲ့ကိုယ် အိုးစားကွဲမသွားအောင် အနိုင်နိုင် ကြိုးစားရရှာ၏။ လူသိန်းချီပါလာသည့် သိမ်မတော်ကြီးတစ်ခုလုံး ရာသီဥတုဒဏ်၊ ငတ်မွတ်ခေါင်းပါးသည့်ဒဏ်၊ ရောဂါဘယဒဏ်၊ ရန်သူမှ ချောင်းမြောင်းတိုက်ခိုက်သည့် ဒဏ်များကို အလူးအလဲခံစားရင်း လုံးဝအားပြုန်းသွားတော့သည်။ ပြင်သစ်နိုင်ငံသို့ သောင်းဂဏန်းသာ ပြန်ရောက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com




ဤသည်မှာ စစ်ဘုရင်ကြီး နပိုလီယံ ချာစစ် မကျွမ်းကျင်မှုကြောင့် ပထမဆုံးကြုံရသည့် အရှုံးနှင့် သူ၏ ကျဆုံးခန်းအစပေါ်ပင်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်တိုက်ပွဲစဉ် များ၌ ဗိုလ်ချုပ်ကြီး ဝီလီယံစလင်း ဦးစီးကွပ်ကဲသော မြန်မာ့တပ်မကြီး (၁) သည် ရန်ကုန်မှ အင်ဖာအထိ ဂျပန်တို့၏ ထိုးစစ် လိုက်စစ် တိုက်စစ်ကို ခုခံရင်း ချာသွားသည်။ တစ်ဆင့်ပြီး တစ်ဆင့် ဖားခုန်စနစ်ဖြင့် ကြားခံစစ်နေရာများ သတ်မှတ် နေရာယူကာ စနစ်တကျ ဟန့်စစ်ဆင်ဆုတ်ခွာ သွားရာ အကျအဆုံးအနည်းဆုံးနှင့် အင်ဖာသို့ ရောက် သွားသည်။ ဤသို့ချာနိုင်ခြင်းကြောင့် အင်အားများ ပြန်လည် စုဖွဲ့နိုင်၍ ၁၉၄၄ ၌ ထိုတပ်မကြီးမှ စစ်သည်များဖြင့် ဝီလီယံ စလင်းပင် ဦးဆောင်၍ မြန်မာနိုင်ငံအား ပြန်လည်ချီတက် သိမ်းပိုက်နိုင်ခဲ့၏။ အောင်မြင်စွာ ချာစစ်ဆင်မှု၏ အကျိုး ဆက်ပင်။

ဝီလီယံစလင်းနှင့် ဆန့်ကျင်ဘက်ကား ၁၉၄၄ ခုနှစ်က အင်ဖာကိုပင်းမား တက်တိုက်ခဲ့သည့် ဂျပန် ဗိုလ်ချုပ် ကြီး ကဝါဘီနှင့် ရန်ညှားမုတာဂုချီတို့ ဂျပန်တပ်များ အင်ဖာမှ ပြန်အချာ၌ ချာစစ်အတတ်ပညာကို အလေး


မြရတနာစာပေ



ဒုတိယ ကမ္ဘာစစ် ကာလက မြန်မာပြည်စစ်မြေပြင်မှ ဗြိတိသျှတပ်များကို စနစ်တကျအောင်မြင်စွာ ချာစစ်ဆင်နိုင်ခဲ့သော ဗိုလ်ချုပ်ကြီးဝီလီယံစလင်း

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ကမ္ဘာစစ် ကာလက အင်ဖာကိုဟီးမား တိုက်ပွဲ၌
ဗြိတိသျှစစ်မကျွမ်းကျင်၍ စစ်ရှုံးခဲ့ရသော
ဂျပန်ဗိုလ်ချုပ်ကြီး ရန်ညား မူတာဂူချီ

www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့သည့် ဂျပန်တို့ တပ်လုံးပြုတ်ချေမှုန်းခံရကာ ၁၉၄၅ ခုနှစ်၌ ဂျပန်တပ်အားလုံး အကြွင်းမဲ့လက်နက်ချခဲ့ရသည့် ဖြစ်စဉ်ပင်ဖြစ်ပါ၏။

ယခုလည်း ကျွန်တော်တို့ တပ်ခွဲ တိုက်ပွဲနေရာမှ ရန်သူကို မခံနိုင်တော့သောကြောင့် ခွာရပါပြီ။ သို့ရာတွင် ကျွန်တော်တို့တိုက်ပွဲနေရာက ခွာတော့ အဲဒီ အတိုင်းမဟုတ်ပါခင်ဗျာ။ စနစ်တကျမဖြစ်။ စီမံချက် မရှိ၊ ဘာမရှိဖြင့် ကသောကမျော ဆုတ်ခွာရခြင်းသာ ဖြစ်၏။

တပ်ခွဲမှူးဗိုလ်ကြီးခင်မောင်အုံးက နွေခေါင်ခေါင်မှာ နိုင်လွန်ဂျာကင်ဖားဖားကြီးဝတ်ပြီး ထပြေး သွားရာ ဘယ်ရောက်လို့ ဘယ်ပေါက်သွားမှန်းတောင် မသိတော့ပါ။ ဘာအစီအစဉ် ဘာစီမံချက်မှလဲ ချပေးမသွားပါ။

ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်နှင့်အတူ ပါလာသည့် ဒုတပ်ကြပ်ဒွေးရီနှင့် တပ်စိပ်ကို ခေါ်လိုက်၏။

“ကဲ ...ဆရာဒွေးရီ မင်းတပ်စိပ်နဲ့ ဒို့ရှေ့က သွားပြီး လမ်းရှာရအောင်လာကွာ”

ဗိုလ်ကြီးခင်မောင်အုံးနေခဲ့သော ရွာတောင်ဘက်ကျွန်းအား ရန်သူဗကပများက ပစ်ရှင်း ရှင်းနေပါပြီ။

“ဖန်းဖန်းဖန်း ...ပတောက် ...ပတောက်”



www.burmeseclassic.com

www.burmeseclassic.com



"ဟ ...အငယ်သံတွေဟေ့။ ကျည်ဆန်တွေ သိပ်နီးနေပြီ"

"လာဟေ့ ...ဆရာဒွေးရီ။ ဆရာကြီးသောင်း မောင်လည်း ခေါ်ခဲ့ဟေ့"

မလှမ်းမကမ်း ဝါးရုံရိပ်၌ တပ်ခွဲအရာခံဗိုလ် ဆရာ ကြီး သောင်းမောင်ကို ရိပ်ခနဲ မြင်ရ၍ ဆရာဒွေးရီကို လှမ်းပြောလိုက်သည်။

ဗကပတို့က ၆၀ မီလီမီတာ စိန်ပြောင်းများ အဆက်မပြတ် ကျွန်တော်တို့ ဆုတ်လမ်းကို ပစ်လာ၏။

"ဝုန်း ...ဝုန်း ...ဝုန်း"

"ဆရာဒွေးရီရေ လာဟ"

ကျွန်တော့်စကားမဆုံးမီမှာပင် ဗကပတို့အော်သံ ဟစ်သံ လူသံသူသံနှင့် လက်နက်ငယ်ပစ်ခတ်သံများ အလွန်နီးကပ်လာသဖြင့် ဝါးရုံတောထဲသို့ အတင်းတိုးဝင် လိုက်ရ၏။ ဝါးရုံတောများကလည်း ခပ်ရှုပ်ရှုပ်မို့ ဘယ်သူ က ဘယ်ရောက်သွားမှန်းမသိတော့။ ရန်သူ့လက်နက်ကြီး များကလည်း တအုန်းအုန်း တဝုန်းဝုန်းနှင့် အဆက်မပြတ် ကျပေါက်ကွဲနေ၏။ ဝါးရုံများလည်း အပိုင်းပိုင်းပြတ်ကျနေ သည်။ ကျွန်တော်လည်း လက်နက်ကြီးဒဏ်မှ လွတ်အောင်





အနောက်တောင်ဘက်သို့ အပြေးအလွှားပင် ဆုတ်ခွာ ရတော့၏။ ရွာအပြင် ကိုက် ၁၀၀၀ ခန့် ရောက်မှ ဘယ်သူတွေပါလာသလဲဆိုတာ ကြည့်နိုင်တော့၏။

"ဟိုက် ...ဆရာဒွေးရီတစ်ယောက်တည်းပါ လား"

"ဟေ့ ဒွေးရီ ...ဒို့လူတွေရောဟ"

"ဗိုလ်ကြီးခင်မောင်အုံးနောက် ပါသွားတာ မြင် လိုက်တယ်။ သူက တောင်တည့်တည့်ဆုတ်သွားတယ် ဗိုလ်ကြီး"

"ဟေ ...မင်းကလည်းကွာ စောစောက ပြော ရောပေါ့"

ကျွန်တော်သည် မသက်မသာညည်းညူရင်း စိတ် ပျက်လက်ပျက်ဖြင့် ထင်းရှူးပင်ကြီးတစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ဤနေရာကား ထင်းရှူး တောကြီးဖြစ်၏။

သွားပြီ။ တပ်ခွဲတစ်ခွဲလုံး ဆရာဒွေးရီမှလွဲပြီး ဘယ်သူမှ မတွေ့တော့။ တကွဲတပြားစီ ဖြစ်ကုန်ပြီထင်ရဲ့။ ဆရာကြီးသောင်းမောင်လည်း ပါမလာတော့။ ကျန်များ ကျန်ရစ်ခဲ့သလား မသိ။ ဒဏ်ရာရထားတဲ့ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



စန်းမောင်တို့အဖွဲ့ရော လွတ်မှလွတ်ရဲ့လား။ ပါမှပါလာပါ့မလား။ အားလုံးအတွက် စိတ်ပူမိပါသည်။ ကျန်ခဲ့သူတွေ ပြန်ရှာရင်ကောင်းမည်လားဟု ဆရာဌေးရီကို မေးမိ၏။

ထိုစဉ် လူသံ သူသံများကြားလာရပြန်သည်။ အသံက ကွိကွိကွကွနှင့် အင်္ဂလိပ်ဟုတ်သားအသံများ။ မိမိတို့လူများအသံမဟုတ်။ ဗကပတို့ အသံပင်ဖြစ်သည်။

"ဗိုလ်ကြီး နောက်ကြောင်းပြန်လှည့်လို့တော့ မရတော့ဘူး။ လူစုတွေလည်း ကွဲကုန်ပြီ။ ကျွန်တော့် တပ်စိပ်တောင်ပါမလာတော့ဘူး။ သွားကြတာပေါ့ ဗိုလ်ကြီးရယ်။ ရှေ့မှာဆုံမှာပါ။ ရန်သူတွေအသံ သိပ်နီးနေပြီ"

"အေးပါကွာ"

တစ်ခါမှ ယခုလိုအဖြစ်မျိုး မကြုံဘူးသေးသဖြင့် ကျွန်တော်သည် အလွန်စိတ်ထိခိုက်သွား၏။ စိတ်ပျက်လက်ပျက်ဖြင့် ထိုနေရာမှ ထွက်ခွာ၍ တောင်ဘက်စူးစူးသို့ မှန်းပြီး ဆရာဌေးရီနှင့် နှစ်ယောက်သား ဆုတ်ခဲ့ပါသည်။ တောင်ဘက်တွင် ကျွန်တော်တို့ တန့်ယန်းစစ်ဗျူဟာမှူးကြီးနှင့်အဖွဲ့ ရှိသည်မဟုတ်လား။ ထိုနေရာများမှလည်း တဒိန်းဒိန်း တဒိုင်းဒိုင်းနှင့် ပစ်သံခတ်သံများ ဆူညံနေသည်။ တိုက်ပွဲသံများ အဆက်မပြတ် ကြားနေရဆဲ။ ဗကပနဲ့ ပွဲဦး





ထွက်ကတော့ တယ်မချောင်ပါခင်ဗျာ။

## ကျွန်တော်၏တစ်ညတာစွန့်စားခန်း

ညနေ သုံးနာရီသာသာ၌ ကျည်ကုန် လူကုန်ဖြင့် တိုက်ပွဲနေရာ ပန်မွန်းတောင်ရွာကလေးမှ ကျွန်တော်သည် ဒုတပ်ကြပ်ဌေးရီနှင့် နှစ်ယောက်သာ ဆုတ်လာနိုင်ခဲ့၏။ အဖွဲ့တွေလည်း အကွဲကွဲအပြားပြားနှင့် ဘယ်ရောက်လို့ ဘယ်ပေါက်ကြမှန်း မသိတော့ပါ။

ကျွန်တော်တို့နှစ်ယောက် ခဏနားခဲ့ကြသော ထင်းရှူးတောင်အောက်၌ ရေချောင်းကလေးရှိရာ ချောင်းရိုးလေးအတိုင်း တောင်ဘက်သို့ ဆုတ်လာခဲ့၏။ ရေမသောက်ရသည်မှာ တစ်နေ့ရှိပြီ။ ထမင်းကောင်းကောင်း မစားရသည်မှာလည်း နှစ်ရက်ရှိပြီ။ မနက်က ထမင်းလေး တစ်လုတ်တစ်ဆုပ်ကို သေနတ်သံများကြားမှ လဒမျို မျိုလိုက်ရ၏။ မအိပ်ရသည်မှာလည်း မတ် ၆ ရက် ၇ ရက် နှစ်ရက်ရှိပြီ။ ရေချောင်းလေးရောက်တော့ ရေသောက်ကြ၏။ ရေသောက်လို့မှ မပြီးသေးမီ ရေချောင်းထဲသို့ ဝုန်းဆို စိန်ပြောင်းဗုံးတစ်လုံး ကျရောက် ပေါက်ကွဲလာ၏။ လန့်ပြီး လက်ကို ရုတ်လိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး ကျွန်တော်တို့များ လှမ်းပစ်လိုက်တာလား"

"ဟာ . . . စိန်ပြောင်းက လူတည့်တည့်ချိန်ပစ်ရတဲ့ အမျိုးမှ မဟုတ်တာကွာ။ အဝေးကြီးက ရမ်းပစ်လိုက်တာပါ။ ကဲ ရေသောက်ပြီးရင် သွားကြစို့"

ဆက်ထွက်လာကြသည်။ ညနေလေးနာရီခန့်တွင်မူ တောင်ယာခုတ်ထားသည့် ကွင်းပြောင်တစ်ခုသို့ ရောက်သွားကြ၏။ တောင်ယာထိပ်၌ ဝါးရုံများ ခပ်ကြဲကြဲပေါက်နေသည့် တောင်ကုန်းတစ်ခုကို တွေ့ရ၏။ တောင်ကုန်းအောက်၌ နောက်ထပ်ရေချောင်းလေးတစ်ခုကို မြင်ရပြန်သည်။ ရေချောင်းမြင်မှ ရေကလည်း ဆာလာပြန်၏။

"ဟော့ . . . ဟိုမှာ ရေချောင်းလေးကွ။ ရေသွားသောက်ပြီး ရေဘူးထဲ ရေထပ်ဖြည့်ကြအုံးစို့"

ကျွန်တော်တို့နှစ်ဦးသည် တောင်ကုန်းအခြေက ရေချောင်းလေးသို့အမြန်သွားပြီး ရေသောက်ကာပါလာသည့် ရေဘူးများကို ရေဖြည့်လိုက်ကြ၏။

"ဟိုက် . . . ဟော့ကောင်ရေ . . . ဟိုမှာ ဗကပတွေကွ"

တောင်ကုန်းပေါ်မှာ ယူနီဖောင်းအစိမ်းပုပ်များဖြင့်





ဗကပဆယ်ဦးခန့်ရေချောင်းလေးသို့ ဆင်းလာကြသည်။ RPG များလက်နက်ငယ်များ ကိုယ်ဆီကိုင်ဆောင်လာကြ၏။ ကျွန်တော်နှင့်ဆရာဒွေးရီတို့တွင် သေနတ်ဆို၍ ကျွန်တော့်၌ Side Arm ပစ္စတိုတစ်လက်နှင့် ကျည်ဆယ်တောင့်သာကျန်၏။ ဆရာဒွေးရီတွင်မူ ဂျီသရီးတစ်လက်နှင့် ကျည်ကပ်တစ်ကပ်သာ ပါလာပါသည်။ ရန်သူဆယ်ဦးကိုရင်ဆိုင်တိုက်ခိုက်ရန် ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။ နှစ်ယောက်သား ရေချောင်းဘေးမှ ဝါးရုံအုပ်ကလေးတစ်ခုအတွင်း အလျင်အမြန် ဝင်ရောက်ပုန်းခိုလိုက်ရပါတော့သည်။

ဗကပများသည် ရေချောင်းလေး၌ ရေခပ်ပြီး လာလမ်းအတိုင်းတောင်ကုန်းပေါ်ပြန်တတ်သွားကြ၏။ လူဆယ်ယောက်လောက်တောင် ရေလာခပ်တော့ ဒီနားမှာ သူတို့လူတွေ အများကြီးရှိမည်ထင်သည်။ သတိထား နေမှ တော်ရာကျပေမည်။ ဘာဆက်လုပ်သင့်သည်ကို စဉ်းစားခန်း ဝင်မိ၏။ တောင်ကုန်းပေါ်မှ ဖေါင်းဝူး ဖေါင်းဝူးနှင့် ရှရ မီလီမီတာနောက်ပွင့် ရိုင်ဖယ်ပစ်သံများကြားနေရ၏။ တောင်ဘက်သို့လှည့်ပစ်နေသည်။ ဆုံတွေ့ရှိကျွန်တော်တို့ တပ်များကို လှမ်းပစ်နေပုံရ၏။ ဤနေရာသည်ဆုံကွေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



တော့သိပ်ဝေးပုံမရ။

"ထောက်ရှဲ"

"ဟော့ ... ဌေးရီ ဘာလုပ်တာလဲ"

"ဆေးလိပ်သောက်မလို့ဗိုလ်ကြီး"

"မင်းအမေကလွှား မင်းကလဲအရေးထဲမှာ ဆေးလိပ်သောက်အုံးမလို့လား။ မင်းအဖေတွေကမီးခိုးမြင်လို့ လာဆင်းရှင်းရင် မင်းရောငါပါ မာလကစျာန်ကြွသွားအုံးမယ်။ ငါ့လူ ဆေးလိပ်မသောက်နဲ့"

ဆရာဌေးရီအားဆေးလိပ်မသောက်ရန် တားလိုက်ရ၏။

ထိုစဉ် ဘယ်ကပျံလာမှန်းမသိသည့် တောကျီးကန်းနှစ်ကောင်သည် အားကလောက် ကလောက် အားကလောက် ကလောက်ဟု အော်မြည်ကာ ကျွန်တော်တို့နှစ်ဦးပုန်းနေသည့် ဝါးရုံအုပ်တွင်လာနားသည်။ ဆရာဌေးရီကလှုပ်လှုပ်ရွရွလုပ်လိုက်၏။

"ဟော့ကောင် ကျီးတွေထမခြောက်လိုက်နဲ့အုံး ကျီးတွေလန့်ပျံသွားလို့ မသက်ာပြီး မင်းဘိုးအေတွေဆင်းလာလို့ ကွိသွားအုံးမယ်"

ဆရာဌေးရီ ကယောင်ကတန်းနှင့် လုပ်မိလုပ်ရာ





လုပ်လိုက်မိမှာစိုးပြီး တားရသေး၏။ ဒုတပ်ကြပ်ဌေးရီသည် တပ်သားအဆင့်မှ ယခုစစ်ဆင်ရေးပြန်မထွက်မီ အနားတစ်ပတ် ကာလအတွင်းလေးတင်မှ ဒုတပ်ကြပ်ရာထူးရလာသူ ဖြစ်၏။ ထို့ကြောင့်ဖွဲ့စည်းပုံ ပါကာဘိုင်သေနတ်ပင်မရသေးဘဲ ရဲဘော်ဘဝကကိုင်ခဲ့သည့် ဂျီသရီးသေနတ်နှင့်ပင် ရှေ့တန်းသို့လိုက်ပါလာခဲ့သူဖြစ်လေသည်။ ပီပီပြင်ပြင်တပ်စိတ်ကို မကိုင်ရသေးရာ သာမန်စစ်သည်အတွေးအခေါ်နှင့်သူကောင်းမည်ထင်သည်များကို လျှောက်လုပ်ပါကယခုလိုကြက်ရေး၊ ငှက်ရေးတွင်အန္တရာယ်ရှိနိုင်၏။ အသက်ပါသွားနိုင်၏။ ထို့ကြောင့် အသက်ဘေးမှလွတ်ရာ လွတ်ကြောင်းကို သူ့အား ထိန်းသိမ်းကွပ်ကဲရင်းစဉ်းစား ဆောင်ရွက်ရပါသည်။ ပြောသင့်ပြောထိုက်တာပြောရပါသည်။

"ဗိုလ်ကြီး ကျွန်တော်တို့က ဘာဆက်လုပ်ရမှာလဲ"

"အေး ငါလည်း အဲဒါစဉ်းစားနေတာကွ၊ ဒီနေရာအဆုံကွေ့နဲ့တော့နီးပုံရတယ်။ အကြီးသံတွေရော၊ အငယ်သံသဲ့သဲ့တွေပါကြားနေရတယ်။ ငါတို့နည်းနည်းဆက်သွားရင်ဆုံကွေ့တော့ရောက်လောက်တယ်"

"ဒါပေမယ့် ခွေးမသား ဗကပတွေက ရှေ့မှာပိတ်နေတယ်ကွ။ မိသွားရင်မချောင်ဘူး။ အဲဒီတော့ တောင်



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့် မဆုတ်တော့ဘဲ အနောက်ဘက်ကိုဖောက်ထွက် မယ်ကွာ။ ရန်သူကရှေ့ရော၊ နောက်ရော၊ တောင်ရော၊ မြောက်ရော အရှေ့ဘက် ကားလမ်းမကြီးမှာပါရှိနေတော့ လွတ်မဲ့နေရာကတော့ အနောက်ဘက်ဘဲကွ''

''ဘယ်တော့သွားကြမှာလဲ''

''ဒီနေရာကကွင်းပြောင်ကြီးကွ။ ကွင်းကြီးထဲ လျှောက်သွားနေလို့တော့ မဖြစ်ဘူး။ ဗကပတွေ မြင်သွားအုံး မယ်။ မှောင်မှဒီနေရာက လစ်ရအောင်၊ ဒီနေ့က တပို့တွဲလ ကွယ်နေ့ကွ၊ လလုံးဝမရှိဘူး။ ညရောက်မှ ကြယ်တွေ ကြည့်ပြီးသွားကြတာပေါ့''

ကျွန်တော်က Haversack ဘေးလွယ်အိတ်က လေးထဲမှ စစ်သုံးမြေပုံကို ထုတ်ကြည့်ပြီး သူ့ကိုရှင်းပြ နေသည်။ ဤနေရာ၏ အနောက်ဘက်၌ နမ့်မဆွတ်ချောင်း နှင့် မုန်းတောင်းမုန်းမ အရှေ့ခြမ်းကရွာများရှိပေသည်။ မန်ကပ်တွင်စခန်းထိုင်ခဲ့စဉ်က ထိုဒေသမှအချို့ရွာများကို ကျွန်တော်ရောက်ဘူးသည်။ ရှမ်းနှင့်ပလောင်လူမျိုးများ နေကြ၏။ အခြားတိုင်းရင်းသားများမရှိပါ။

အခြေအနေကို စောင့်ကြည့်အကဲခတ်ကာ ည မှောင်သည်အထိ ဝါးရုံတောလေးမှာ ငြိမ်ကုတ်နေခဲ့၏။





ည ၆ နာရီထိုးပြီး အမှောင်ကြီးစိုးလာသည်နှင့် ...တော်နှင့် ဒုတပ်ကြပ်ဌေးရီတို့ ဝါးရုံတောကလေးက ...ပြီး အနောက်စူးစူးသို့ညချီတက်မှုစတော့၏။ စထွက် ...ါစက အလင်းရောင်ရှိသေးသဖြင့် ခရီးအတော်ပေါက် ...တ်လည်း ၇ နာရီနောက်ပိုင်း၌ မှောင်မိုက်မဲ့တဝါးဝါးဖြစ်လာ၏။ ...ထူသောနေရာများ၌ကား ဘာကိုမှမမြင်ရတော့ပါ။ ...ုင်းတိုးရင်းမှ နှစ်ယောက်လုံး ချောက်ကလေးတစ်ခုထဲ ...ကျသွားကြ၏။ ကမန်းကတန်း ကြိုးစားကာ နှစ်ယောက် ... လူးလဲထလိုက်ကြရသည်။

''မင်းမီးခြစ်ပေးစမ်းကွာ''

''ဘာလုပ်မလို့လဲ ဗိုလ်ကြီး''

''ငါ့မှာဖယောင်းတိုင်လေးငါးတိုင်ပါတယ်ကွာ။ ...ပြီးသွားရအောင်။ ငါ့ခါတ်မီးကလည်း ခွဲရုံးပုံး မီး ...င်တာထဲ ပါသွားပြီကွ''

''ဖြစ်ပါ့မလားဗိုလ်ကြီး လေတိုက်ရင်ငြိမ်းသွားမယ် ...ယ်''

''ဖြစ်ပါတယ်ကွာ ဦးထုပ်ထဲထည့်ထွန်းပြီးသွားကြ ...ါ့''

ကျွန်တော်သည် တောဆောင်းဦးထုပ်ချွတ်၍



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်ကိုမီးထွန်းပြီး ဦးထုပ်ထဲ၌ထည့်ကာ မီးရောင်ဖြ
ဝါးတောများ ဆူးချုံတောများကို တိုးရတော့၏။ ဖယောင်း
တိုင်မီးဖြင့်ချီတက်ရင်းလည်း သုံးလေးကြိမ်လိမ့်ကျ ချော်
သွားပါသေးသည်။ ပွန်းတာ၊ ပဲ့တာ၊ ရှတာ၊ နာတာတွေရှိ
သည်။ ဒါတွေဂရုမစိုက်အားပါ။ မသေဖို့နဲ့ ရန်သူအဖမ်း
ဖို့က အထူးအရေးကြီးပါသည်။

"ဗိုလ်ကြီး ကျွန်တော်တော့ တစ်ကိုယ်လုံးနုံးနေပြီ
အားလည်းကုန်နေပြီ။ ဒီည ဒီမှာ အိပ်ကြရရင် မကောင်း
လားဗိုလ်ကြီးရယ်"

ည၁၀နာရီခန့် သာယာပြန့်ပြူးသော ကွင်းပြ
ကလေးတစ်ခုအရောက်၌ ဆရာဒွေးရီက ပြောလာ၏။

"ဟေ့ကောင် အခုမှနှစ်မိုင်လောက်ပေါက်သေး
ကွ၊ သိပ်စိတ်မချရသေးဘူး။ နုံးတာတွေ မောတာ
အားကုန်တာတွေ လုပ်မနေနဲ့။ ရသလောက်ချီတက်ကြ
လေးငါးမိုင်လောက်ဝေးသွားမှ စိတ်ချရမယ်။ လာစမ်း
ကွာ"

ကျွန်တော်ကဆရာဒွေးရီကို ချော့မော့တွဲခေါ်ရင်း
အနောက်ဘက်ကိုခရီးဆက်ခဲ့သည်။ ညသည်ကား မဟူ
ရောင်ကဲ့သို့ နက်မှောင်နေ၏။ ကောင်းကင်တွင်ခုနစ်စ





ယ်ပြောင်ကိုပင် အမြီးထောင်စပြုနေသည်ကို တွေ့နေ
ပြီ၊ အတော်တော့ခရီးပေါက်ခဲ့ပြီ။ တောကလည်း
နောက်ဘက်ရောက်လေ ရှင်းလာလေဖြစ်လာ၏။
တောများအစား မြင့်မားဝေသီသည့် ထင်းရှူးတောကြီး
သော အတွေ့ရများလာသည်။

မကြာမီထိပ်ပိုင်း၌ ညီညာပြန့်ပြူးသည့် တောင်ကမူ
တစ်ခုကိုရောက်လာသည်။ ထင်းရှူးပင်ကြီးတစ်ပင်
ပင်ရှိသည်။ တောင်ပေါ်မြတ်များက ခပ်ပါးပါးလေး
တ်နေ၏။

"ဟေ့ ... ဆယ့်တစ်နာရီထိုးပြီးပြီကွ။ ဒီနေရာ
မှာ ညအိပ်ကြစို့။ ဒို့လာခဲ့တဲ့ နေရာနဲ့လည်း လေး
ိုင် လောက်တော့ဝေးသွားပြီ၊ ဒီနေရာလေးက မြင်ကွင်း
ည်ကောင်းမယ့်ပုံပဲ။ ကဲ မင်းအရင်အိပ်။ ပေးမင်းကိုသရီး
အရင်ကင်းစောင့်မယ်'

ဒုတပ်ကြပ်ဒွေးရီသည် အနားပေးလိုက်သည်နှင့်
ipment အိတ်ကွစ်မင့်ချွတ်ကာ ခေါင်းအုံး၍ အိပ်တော့
ည်။ ခဏလေးနှင့် တခေါခေါဟောက်သံကြားရ၏။ အင်း
စ်ကိုယ်လုံးနုံးနေပြီဆိုတာဟုတ်ပါလိမ့်မည်။ ချက်ချင်း
ပျော်သွားသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်အီအီစဉ်းစားရင်း နွေညဏ်လေ... လေညင်းလေးကိုခံစားရင်း လက်ကနာရီကြည့်လိုက်... မနက် သုံးနာရီထိုးသွားတော့၏။

"အဲ ဆရာဌေးရီထကွာ။ မင်းသုံးလေးနာရီအိပ်... ပြီ။ ငါ တစ်လှည့်မှေးလိုက်အုံးမယ် မင်းကင်းစောင့်။ ... မင်းကျီသရီ။ ငါးနာရီထိုးရင် ငါ့နှိုး။ ဒို့ ဒီကဆက်ထွက်မယ်"

ကျီသရီးသေနတ်ကို သူ့ပေးပြီးမြေကြီးပေါ် လှဲ... ချလိုက်ရာ အိပ်ရေးပျက်ခဲ့သည်မှာ နှစ်ညသုံးညပင်ရှိ... ချက်ချင်းပင် အိပ်ပျော်သွားပါတော့သည်ခင်ဗျာ။

ဆုံကွေ့သို့အပြန်ခရီး

ဖျတ်ခနဲလန့်နိုးသွားသည်။ မိုးစင်စင်လင်းနေပြီ... ၏။ အရှေ့ဘက်တွင်ကားနေမင်းကြီးပင် ထွက်ပြူနေ... လက်ကနာရီကြည့်လိုက်တော့ မနက်ခုနစ်နာရီ။

တပည့်ကျော်ဌေးရီကား ကျွန်တော့်ဘေး... ကျီသရီးပိုက်ကာခွေခွေကလေးအိပ်နေ၏။ ဘယ်တုန်း... ပြန်အိပ်နေပါလိမ့်။

"ဟိုက် ... ဟော့ကောင် ဌေးရီ ထ ထ။ အော်... မယ်လေး ငါ့လူရာ။ မင်းလုပ်တာနဲ့ ငါပါ ဒုက္ခရောက်တော့...





မယ်"

သူ့အားအတင်းနိုးပြီး တစ်ညတာအခြေပြုသည့် ထင်းရှူးပင်ကြိုးကျဲကျဲ တောင်ကုန်းလေးမှ လျှင်မြန်စွာ ထွက်ခဲ့ကြ၏။ ဒီတစ်ခါတော့ တောင်ဘက်သို့ဖြစ်၏။ ရှေ့တွင်တောင်ကုန်းအနိမ့်အမြင့်များကို တွေ့နေရသည်။ မကြာမီမှာပင် ဖုံနေသောလူသွားလမ်းလေးတစ်ခု တွေ့ရ၏။ လမ်းတွင် မြန်မာ့တပ်မတော်မှ တောစီးဖိနပ်ခြေရာများကိုတွေ့ရာနှစ်ယောက်သား ခြေရာများကို လိုက်ကြည့်ကြ၏။ ဘယ်ကနေလာပြီး ဘယ်ဘက်ဦးတည်နေသလဲပေါ့။

"ဟော့ ... ဘယ်သူလဲရပ်"

"ဟ ... ဗမာသံပါလား။ ကြည့်စမ်း'

မိမိတို့တပ်မတော်မှ ရဲဘော်တစ်ယောက်အား သေနတ်မပါဘာမပါ ဝါးလုံးတိုတစ်ချောင်းကိုင်ပြီး သေနတ်လိုလုပ်ကာ ကျွန်တော်တို့ နှစ်ယောက်အားချိန်ထားသည်ကို တွေ့ရ၏။ ဝါးလုံးကိုသေနတ်လိုလုပ်ပြီး ချိန်လိုက်သဖြင့် အရေးထဲမှာရယ်ရပါသေးသည်။

ကျွန်တော်တို့နှစ်ဦးသူ့နားရောက်တော့ ကျွန်တော့် ဇခုံးက ဗိုလ်ကြီးအဆင့်အပွင့်များကိုမြင်တော့ ဝါးလုံး ဘွင့်ပစ်ပြီး အလေးပြုတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးခင်ဗျာ ကျွန်တော် အင်းမတပ်က လက်နက်ကြီးတပ်ခွဲက တပ်သားရွှေကိုပါ ခင်ဗျာ။ ညက တိုက်ပွဲတွေဖြစ် လူစုကွဲပြီး ဒီရောက်လာတာပါ။ ကျွန်တော် ဗျားလည်းဗျားနေပါတယ် ဗိုလ်ကြီးရယ်။ ဒီဘက်လည်း တစ်ခါမှမရောက်ဘူးလို့ ဘယ်မှလဲမသွားတတ်ပါဘူး"

"ဟေ ... ဟုတ်လား။ တို့က မိုင်းရယ်တပ်ကကွ။ ဒါဖြင့် တို့နဲ့အတူလိုက်ခဲ့လေကွာ"

သူက ကိုယ့်ထက်ပင်ဆိုးနေသေး၍ ရဲဘော်စိတ်ဖြင့် သူ့ကိုခေါ်လာခဲ့ပါသည်။

နေ့လယ် ၁၂ နာရီခန့်တွင်မူ ထွန်ယက်စိုက်ပျိုးရန် ပြင်ဆင်နေသည့် တောင်ယာအသစ်တစ်ခုနှင့် တဲငယ်လေးတစ်လုံးတွေ့၍ အသာချဉ်းကပ်ကြည့်ကြရာ ပလောင်အမျိုးသမီးကြီးတစ်ဦးနှင့်ကလေးငယ်တစ်ဦးကို တွေ့ရ၏။ ပလောင်အမျိုးသမီးကြီးက ရှမ်းစကားတတ်ပေသည်။ ကျွန်တော်တတ်ထားသည့် မပီမပြင်ရှမ်းစကားကို ပြောဆို၍ ပလောင်အမျိုးသမီးကြီးကို တောင်းတောင်းပန်ပန်ဖြင့် ငွေငါးဆယ်ပေးပြီး တောင်ယာဆန်နီနီတစ် အိုးချက်၍ ကြက်ကလေးတစ်ကောင်ကို ဆားနှင့် ရေလုံပြုတ်ကာ သုံးယောက်သားနေ့လယ်စာ စားကြရာ ဆီ မပါ၊ ပျားမပါ





ထမင်းဟင်းဖြစ်သော်လည်း ထမင်းငတ်တာ သုံးရက်မြောက်နေ့ဖြစ်နေပြီဖြစ်၍ စားလို့ ကောင်းလှပါသည်။ ကျွန်တော့်ဘဝတစ်သက်တာ၌ စားအကောင်းဆုံးထမင်းတစ်နပ်တွင် ထိုနေ့လယ်စာပါ ဝင်သွားတော့၏။

ကျွန်တော်တို့ထမင်းစားနေသည်ကို တဲရှင်ပလောင်အမျိုးသမီးကြီးကကြည့်၍ စုတ်တသပ်သပ်ဖြင့် သနားနေ၏။

ထမင်းစားပြီးသော် ကျေးဇူးတင်စကား ဆိုရပါသည်။ လမ်းလည်းမေးရ၏။ သူမသိသလောက် တောင်ဘက်သို့ သွားရာလမ်းကို ရှမ်းလိုပြောပြသည်။ ရှမ်းစကားကို ထမင်းစားရေသောက် တတ်အောင်သင်ထားမိရာ ဒီနေရာမှာတော့ အတော်အသုံးဝင်သွား၏။

သူမညွှန်လိုက်သည့် လမ်းသုံး၍တောင်ဘက်သို့ ဆောင်ကြောလမ်းအတိုင်းလိုက်ခဲ့ရာ လမ်းတွင် တရုတ်အိမ်လေး လေးငါးလုံးတွေ့ရ၏။ ခြစ်ပြီးဘိန်းခင်းအချို့လည်း တွေ့ရသည်။ သူတို့ထံတွင် သတင်းစုံစမ်းရာ မနက်ခင်းက တပ်မတော်အဖွဲ့သုံးဖွဲ့ဖြတ်သွားကြောင်း၊ တစ်ဖွဲ့က လူသုံးလေးဆယ်ခန့်ပါ၍ တစ်ဖွဲ့က လူနှစ်ဆယ်ခန့်ပါကြောင်း၊ ထမ်းစင်နှင့်ဒဏ်ရာရသူများကိုလည်း ထမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာကြကြောင်း၊ ဆုံကွေ့အထိ လိုက်ပို့ခဲ့ရကြောင်းပြော ပြကြပါသည်။

"အဖွဲ့စမ်"

"ဘယ်အဖွဲ့ကလဲ" ဟုမေးတော့

"ဆမ်ဆစ်ဆမ်"

"သုံးဆယ့်သုံး" ဟု ဖြေပါလေတော့သည်။ ဒါဆို တန့်ယန်းတပ်မှ ဗိုလ်မှူးစန်းမောင်အဖွဲ့ဖြစ်မည်ထင်၏။ ဗိုလ်ကြီးခင်မောင်အုံးတို့ရော ဘယ်ရောက်သွားကြပါလိမ့်။

တရုတ်ရွာလေးမှ တရုတ်လူငယ်နှစ်ဦးပြလိုက်သည့် လမ်းကြောင်းအတိုင်းမြန်မာ့ တပ်မတော်တောစီးဖိနပ် များခြေရာခံပြီးလိုက်ခဲ့ရာ အခက်အခဲမရှိတော့ဘဲ ညနေ လေးနာရီခန့်တွင် ဆုံကွေ့ရှိ စစ်ဌာနချုပ်ရုံးသို့ ရောက်ရှိ သတင်းပို့နိုင်ပါတော့သည်ခင်ဗျား။

ဗိုး အောင်မလေး ကံကောင်းလို့ပါလားဗျာ။ ဗကပနဲ့တွေ့တာတစ်ခါဆိုတစ်ခါပဲ။ သီသီသာသာ။ အသက် ပါပါမသွားတယ်။

ဌာနချုပ်ရုံးတွင် ဌာနချုပ်မှူးဗိုလ်မှူးကြီး မြင့်အောင်ထံ ရောက်ရှိကြောင်းသွားသတင်း ပို့ရ၏။

"ဌာနချုပ်မှူးကြီး ကျွန်တော်ရောက်ပြီခင်ဗျ"





"ဟော ... ဗိုလ်သက်ဦးရောက်လာပြီလား။ မင်း တပ်ခွဲရောကွ"

"အဖွဲ့တွေကွဲပြီး ဆုတ်သွားကြတယ် ဌာနချုပ်မှူး ကြီး။ ကျွန်တော်က နောက်ဆုံးကကျန်ခဲ့တာ။ ဗိုလ်ကြီးခင် မောင်အုံးနဲ့ ဒဏ်ရာရထားသူတွေ ရှေ့ကဆုတ်နှင့် သွားကြတယ်ခင်ဗျ"

"အေး ဒီတော့ရောက်မလာသေးဘူးကွ။ မင်း စစ်ကြောင်းမှူးဗိုလ်မှူးစန်းမောင်နဲ့ အဖွဲ့ကတော့ စောစော ကပြန်ရောက်နေပြီ။ မနေ့ကမင်းတို့ အခြေအနေမကောင်း ဘူးဆိုတာ သိရလို့ နေ့လယ်ကတည်းက ငါဆုတ်မိန့် ပေးလိုက်တယ်ကွ။ မင်းတို့မရဘူးလား"

"မရဘူးခင်ဗျ။ ကျွန်တော်တို့ကကျည်ကုန်တဲ့ အထိခံချနေတာ။ ကျည်လည်းကုန် လူလည်းကုန် အားလုံး ကုန်မှ ဆုတ်လာကြတာ။ ဌာနချုပ်မှူးကြီးလည်း စောင့်သေး တယ်၊ စစ်ကြောင်းက ဘာမှအမိန့်လည်းမရဘူး။ နောက်ဆုံး ရန်သူတွေ ပတ်ပတ်လည်ဝိုင်းလာမှ အတင်းဖောက်ထွက် လာကြတာခင်ဗျ"

ကျွန်တော့်စကားကြားတော့ ဌာနချုပ်မှူးကြီးမှာ အတော်စိတ်မကောင်း ဖြစ်သွားပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ငါလည်း မင်းတို့ဆီ လာတာပါပဲ။ ဒီမှာလဲအတော်ကိုလုပ်ကိုင်နေရလို့ မင်းတို့ဆီ ရောက်မလာတာပါ"

"ကဲ . . . ကဲ . . . မင်းစစ်ကြောင်းမှူးနဲ့သွားတွေ့လိုက်ပါအုံး။ ပြောစရာလေးတွေပြောကြဆိုကြအုံး"

ဗိုလ်မှူးစန်းမောင်နှင့်တွေ့ပါသည်။ ယခုမှ ဖလုံတစ်လုံးနှင့် ထမင်းစားနေ၏။

"ဘယ်လိုလဲ ဗိုလ်မှူးရယ်။ ဘာအမိန့်မှလဲ မရပါလား။ ကျွန်တော့်တပ်ခွဲတစ်ခွဲလုံး ကျည်ကုန်မှဆုတ်လာတာ။ ဗျူဟာမှူးကြီးဆုတ်မိန့်ပေးလိုက်တယ်ဆို။ ကျွန်တော်တို့လည်း မသိရပါလား"

"ကိုယ့်စစ်ကြောင်းဆက်သွယ်ရေးစက်က လက်နက်ကြီးထိသွားလို့ ကိုယ့်ညီတို့ဆီ ဆုတ်ဖို့ လူလွှတ် အပြောခိုင်းလိုက်တာ။ အဲဒီဆက်သားက ပြန်ရောက်မလာတော့ဘူး။ ခဏနေတော့ရန်သူသုံးလေးရာဝိုင်းပြီး ကျားထိုးတာ မခံနိုင်တော့တာနဲ့ ဆုတ်ခဲ့ရတော့တာပဲ ငါ့ညီရေ။ လေးငါးယောက်ကျပြီး ဆယ့်လေးငါးယောက် ဒဏ်ရာရလို့ တချို့ထမ်းစင်နဲ့ထမ်းပြီး ခေါ်ရတယ်"

"ကျွန်တော့်ဆီကတော့ ဘယ်သူသေပြီး ဘယ်သူ





ရှင်မှန်းတောင်မသိရသေးပါဘူး ဗိုလ်မှူးရယ်၊ တပ်ခွဲမှူးကြီးလည်း ဘယ်ရောက်လို့ဘယ်ပေါက်သွားမှန်း မသိတော့ပါဘူး"

ကျွန်တော့်စကားကြောင့် စစ်ကြောင်းမှူးလည်း စိတ်မကောင်းဖြစ်သွား၏။ ကြက်ရေး၊ ငှက်ရေးမှာ ဒီလိုအလွဲလွဲအချော်ချော်တွေက မြစ်တတ်သည်ပဲလေ ရှိပါစေတော့။

ထိုနေ့ညက ဗျူဟာရုံးစိုက်ရာ ဆုံကွေ့သို့ ဒဏ်ရာရသူများတဖွဲဖွဲ ပြန်ရောက်လာကြသည်။ တပ်ခွဲရုံးမှ စက်လတ်သန်းဝင်းနဲ့ အဖွဲ့ရောက်လာ၏။ ခွဲရုံးမှ ကျွန်တော့်အကူရဲဘော် တပ်သားမြမောင်ပြန်ရောက်လာ၏။ စုစုပေါင်းလူ ၂၀ နီးပါးတော့ရှိသွား၏။ ကျန်လူ ၂၀ ခန့်ကတော့ ဗိုလ်ကြီးခင်မောင်အုံးတို့ ဗိုလ်တင်မောင်အေးတို့နှင့် ပါသွားသည်ထင်၏။

ကျွန်တော့်အထင်မှန်ပါသည်။ နောက်တစ်နေ့မတ်လ ၁၀ ရက်မနက်တွင် ဗိုလ်ကြီးခင်မောင်အုံးနှင့် လူနာအဖွဲ့ညက တန့်ယန်းသို့ရောက်လာကြောင်း။ တန့်ယန်းဗျူဟာမှ ဂျီသရီးဗိုလ်ကြီး ညီရှင်က ဆုံကွေ့ရှိ လှုပ်ရှားဗျူဟာသို့ ကြေးနန်းပို့တင်ပြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒီဘာရစ်တိုအမျိုးနောင်တော်ကြီး ကိုခင်မောင်အုံးက တနင့်ယန်းထိအရောက် တရကြမ်း ချီစစ်ဆင်သွားတာကို။ ဒါလည်းကောင်းပါတယ်။ ဒဏ်ရာရ ထားသူတွေ ဆေးရုံအမြန်တင်ရတာပေါ့လေ"

ဆုံကွေ့တွင် စစ်ဆင်ရေးကာလ ပြီးဆုံးသွားအောင် ဗျူဟာအရန်နေခဲ့ရပါသည်။

ထိုကာလမှာပင် မပြီးဆုံးသေးသော နောင်လိုင် ပါဖန်နှင့် ပို့ဂ် ဗဝငှာ ဒေသမှ တိုက်ပွဲကြီးများအား မျက်ဝါး ထင်ထင် မြင်ခွင့်သိခွင့်ရပါတော့သည်ခင်ဗျာ။

❖ ❖ ❖



## အခန်း ( ၄ )

## မပြီးဆုံးသေးသော နောင်လိုင်ပါဖန်နှင့် ပို့ဂ် ဗဝငှာ တိုက်ပွဲများ

### ရက်သတ္တနှစ်ပတ်ကြာဆုံကွေ့မှာ

ဆုံကွေ့မှာဗျူဟာအရံ ရက်သတ္တနှစ်ပတ်ကျော် အောင် နေခဲ့ရ၏။

တနင့်ယန်းဗျူဟာမှ ဗျူဟာမှူးကြီးနှင့် အင်းမ ရင်းမှာ ဆုံကွေ့မှ ရွှေ့မတိုးနိုင်ပါ။ မတ်လ (၇) ရက်နေ့ ခမောက်တောင်မှ ဆုံကွေ့ကိုဖြတ်ပြီး နောင်လိုင်သို့



www.burmeseclassic.com

www.burmeseclassic.com



ချီတက်သွားသည့် ဒုဗိုလ်မှူးကြီးဒိန်ရင်နော် ဦးစီးသည့် အမှတ် (–) ခြေလျင်တပ်ရင်းအား ဆုံကွေ့ရွာမြောက်ဘက် အထွက်၌ ဗကပ အင်းအား ၅၀၀ ကျော် ၆၀၀ ခန့်က ကျင်းများတူးကာ စောင့်ကြိုတိုက်ခိုက်တော့သည်။ ရန်သူတို့က နောင်လိုင်စခန်းကို မတ်လ ၇ ရက်နေ့က သိမ်းပြီးပြီ။ သူတို့တပ်မဟာ နှစ်ခုပေါင်းအင်အား ၂၀၀၀ ကျော်ကို အစုသုံးစုခွဲကာ စခန်းသုံးခု ကိုတစ်ချိန်တည်း တစ်ပြိုင်နက်တည်း တိုက်ခဲ့သည်။

တစ်စုက နောင်လိုင်ကိုလည်းကောင်း၊

တစ်စုက ပွိုင့် ၆၀၄၁နှင့် ပါဖန်စခန်းကိုလည်း ကောင်း၊

တစ်စုက နောင်လိုင်တန့်ယန်းလမ်းကြောင်းရှိ မိမိတပ်များကိုလည်းကောင်း

ဗကပတို့က နောင်လိုင်စခန်းကို သိမ်းပိုက်ပြီးသည်နှင့် ၎င်းတို့၏ လက်နက်ကြီးတပ်ဖွဲ့များအား ပွိုင့် ၇၄၁ လွယ်မော်တောင်ကြီးပေါ်တင်တော့သည်။ လွယ်မော်တောင်ကြီး၏ တောင်ဘက်အစွန်ဆုံး ခိုဆန်း ရွာထိပ်ရှိ ကုန်းများတွင်၎င်းတို့၏ ၁၂၀ မီလီမီတာစိန်ပြောင်းကြီးများ၊ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးများကို ကျင်းတူး နေရာချ





ထားပါသည်။ တောင်ဘက်မှ ချီတက်လာသည့် ကျွန်တော်တို့တပ်များကို အဆက်မပြတ်ပစ်တော့၏။ ကားလမ်းအရှေ့ဘက် နမ့်မူဆယ်လမ်းခွဲမှ ပွိုင့်ဖိုက်စက်သေနတ်ကြီးများကလည်း အတော်ဒုက္ခပေးပါသည်။ ပွိုင့်ဖိုက် စက်သေနတ်ကြီးများက Tracer Bullet ခေါ် မီးကျည်တောင့်များဖြင့် ကျွန်တော်တို့ တပ်တွေရှိရာသို့ Indication of Target ပစ်မှတ်ညွှန်ပြသည်။ ဤသို့ဖြင့် မတ်လ (၇) ရက်နေ့က စတင်ခဲ့သည့် ဆုံကွေ့တိုက်ပွဲ၌ ခလရ ( – ) သည် ရန်သူမှ R.P.G များ၊ အမ် ၂၃ [illegible]ခေါ် တရုတ်ဘော်လတ်များ၊ ငရုတ်ကျည်ပွေ့လက်ပစ်ဗုံးများဖြင့် အနီးကပ်အတိုက်ခံရရုံမက အဝေးမှလည်း ၇၅ မမ ၅၇ မမ စသည့် အဖြောင့်ပစ် နောက်ပွင့်ရိုင်ဖယ်များ၊ ပွိုင့်ဖိုက်စက်သေနတ်ကြီးများ၊ ၈၂ မီလီမီတာ၊ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးများနှင့်ပါ အပစ်အခတ်ခံရတော့ရာ တပ်မှာ အထိအခိုက် အကျအဆုံး အတော်များသွား၏။ ကျင်းတူးနေရာ ယူထားသည့် ရန်သူကို မကျော်နိုင်ပါ။ လူ၊ လက်နက် အင်အားက ရန်သူဘက်ကပင် သာနေရာ ထင်တိုင်းမပေါက် ဖြစ်နေ၏။

မတ်လ (၈) ရက်နေ့ မနက်၌ ခလရ ( – ) မှာ အတော်ပင် အထိနာခဲ့ပြီးဖြစ်၏။ ပွိုင့်တပ်ခွဲသည် ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မတိုးနိုင်တော့ဘဲ ရောက်သည့်နေရာမှာပင် ခြေကုတ်ယူထား ရ၏။

တန့်ယန်းဗျူဟာမှူးကြီးက အားမရ၊ ထို့ကြောင့် တပ်ရင်းမှူးထံ အောက်ပါအတိုင်း ကြေးနန်းပို့သည် ဆို၏။

"ဆုံကွေ့ကို မကျော်နိုင်က မိမိအား တပ်အပ်ပြီး ထွက်စာတင်ပါရန်"

ဟိုကလည်း ချက်ချင်း ကြေးနန်း ပြန်လာသည်။

"လောလောဆယ် လူ (–) ကျဆုံးထားပြီး၊ (–) ယောက် ဒဏ်ရာရထား၏။ ခွဲနှစ်ခွဲ ဖွဲ့စည်းပုံပျက်သွားပြီ ဖြစ်[illegible] အခအနကို ဗျူဟာမှူးကိုယ်တိုင် လာရောက်ကြည့်ရှုသုံးသပ် နိုင်ပါရန်"

ဗျူဟာမှူးကြီးက ချက်ချင်းလိုက်ကြည့်သည်။ တပ်ရင်းမှူး တင်ပြချက်အားလုံး မှန်နေသဖြင့် အခြေအနေ ကို အထက်သို့တင်ပြကာ တပ်ကူများ ထပ်ဆောင်းပေး[illegible] တောင်းရတော့၏။ ထိုအချိန်၌ ပို့ငြိမ် ဗိဝငှာ နှင့် ပါဇန် တွင်လည်း ပွဲကြီးပွဲကောင်း နွှဲနေကြဆဲဖြစ်သည်။ ဗိုလ်ကြီး သိန်းထွန်းတင်က လူ ၆၀ လောက်နှင့် ရန်သူအင်အား ၁၀၀၀ နီးပါးကို ခံချနေသည့်မှာ နှစ်ရက် သုံးရက်ရှိသွားပြီ။

မတ်လ ၁၂ ရက်နေ့၌ ပြည်တပ်မမှ နည်းဗျူဟာ





(၆၆၃) နှင့် တပ်ရင်းနှစ်ရင်း ရောက်လာသည်။ တစ်ရင်းက အမှတ် (–) ခြေမြန်တပ်ရင်းဖြစ်ပြီး တစ်ရင်းက အမှတ် (–) ခြေလျင်တပ်ရင်း ထင်ပါ၏။ ကျွန်တော့်စိတ်ထင်ပါ။ သဲမကွဲမှတ်သားထားမိခြင်းဖြစ်ပါသည်။ နည်းဗျူဟာမှူးမှာ ဒုတိယမှူးကြီးဘုန်းမြင့် (ယခု အငြိမ်းစားဒုဗိုလ်ချုပ်ကြီး ဘုန်းမြင့်) ဖြစ်ပါ၏။

နည်းဗျူဟာ (၆၆၃) နှင့် ၇၆ မီလီမီတာ အမြောက် အသေးလက်ပါလာရာ ဆုံကွေ့တွင် အမြောက်စခန်း ဖွင့်၍ ရန်သူလက်နက်ကြီးရှိရာဒေသများကို စတင်ပစ်ခတ်ပါတော့ သည်။ အမြောက်တပ်မှူးမှာ လားရှိုး အမြောက်တပ်ရင်းမှ ဒုတိယမှူးစိုးမြင့် (ယခု အငြိမ်းစား ဒုဗိုလ်မှူးကြီးစိုးမြင့်) ဖြစ်ပါသည်။

နည်းဗျူဟာ (၆၆၃) သည် နောင်လိုင်စခန်းသွားရာ လမ်းကြောင်းမှ ရန်သူများကို ရှင်းလင်းသုတ်သင်ရေး တာဝန်ယူပြီး တန့်ယန်းစစ်ဗျူဟာမှ ဗျူဟာမှူးကြီးနှင့် အဖွဲ့ သည် နမ့်မူဆယ်ဘက်သို့ ချီတက်သွား၍ ပို့ငြိမ် ဗိဝငှာ မှ ဗိုလ်ကြီးသိန်းထွန်းတင်တို့ တပ်ဖွဲ့အား ဆွဲထုတ်နိုင်ရန် တပ်ရင်းနှစ်ရင်းဖြင့် ဆောင်ရွက်လေတော့သည်။ ခမရ (–) နှင့် ခလရ ( – ) ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးသက်ဦး တပ်ခွဲကတော့ နည်းဗျူဟာ (၆၆၃) အရန်နဲ့ ဒီမှာလိုတာလုပ်ပေးပြီးနေခဲ့တော့" ဟု တန့်ယန်းဗျူဟာမှူးကြီးက မှာသွား၏။

နည်းဗျူဟာတွင် အနီးကပ်တပ်မရှိပါ။ ကျွန်တော့် တပ်ခွဲနှင့် ဗိုလ်မှူးစန်းမောင်၏ တပ်ခွဲသာ ရှိပါသည်။ နှစ်ခွဲလုံး ဖွဲ့စည်းပုံပျက်ထား၏။ ကျွန်တော့်တပ်ခွဲက အမြောက်စခန်းလုံခြုံရေးနှင့် ဗျူဟာလုံခြုံရေး တာဝန်ယူရ၏။ ဗိုလ်မှူးစန်းမောင်တပ်ခွဲကိုတော့ စုပုံရိက္ခာနှင့် စုပုံခဲယမ်းများ လုံခြုံရေးတာဝန် ပေးထား၏။ ရံဖန်ရံခါ လူနာသယ် လူနာကောက် တာဝန်ကို နှစ်ခွဲလုံး လုပ်ကြရပါသည်။

မတ်လ (၁၂) ရက်နေ့ နည်းဗျူဟာ (၆၆၃) နှင့်အတူ မိုင်းရယ်တပ်မှ အင်အားဖြည့် တပ်စု တစ်စု ထည့်ပေးလိုက်ရာ ကျွန်တော့်တပ်ခွဲတွင် လူအင်အား (၅၀) ကျော် ပြန်ဖြစ်သွား၏။ နောက်ချိန်ပါ ပြန်ပေါင်းက ရှာ နီးပါးဖြစ်ပါသည်။ တပ်ခွဲမှူးဗိုလ်ကြီးခင်မောင်အုံးကတော့ နောက်တစ်ရက် နှစ်ရက်အကြာ၌ တန့်ယန်းမှ အကြံဖြင့် ပြန်ရောက်ချလာ၏။

"ကိုယ့်ညီတပ်ခွဲကိုတော့ ကိုယ့်ညီပဲ ကွပ်ကဲတော့





...။ ကိုယ့်တော့ ဘေးမဲ့ပေးထားတော့" ဟုဆိုပြီး ဒီဘာရစ်တို ...မှူးကြီးက တန့်ယန်းမှ ဝယ်ချလာသည့် ဂျယ်ရီကန်ပုံးနှင့် ...ဖြည့်ပါလာသော ရွှေလိမ္မော်အရက်များကို မှန်မှန်ကြီး ...သောက်သုံးလျက် ဆက်ရက်မင်းစည်းစိမ်ကို ခံစားလေ ...သော့၏။

ညနေတိုင်း သူဝယ်လာသည့် ရွှေလိမ္မော်ကို အတူ ...ရင်း တိုက်ပွဲအကြောင်း ငြင်းကြခုံကြသည်။ မူးလာသည့် ...ခါ သူ့ အရင်ဆုတ်တာ ငါ အရင်ဆုတ်တာ ဖြစ်ကုန်တော့ ...ထားပါတော့ခင်ဗျာ။ မဆုတ်ရင်လည်း အကုန်သေကြမှာ ... သူ့နဲ့ပြန်တွေ့မှ ကျွန်တော့်တပ်ခွဲ လူ၊ လက်နက် ...ဆုံးအရှုံးကို အသေအချာ စိစစ်နိုင်ပါတော့သည်။

(က) တပ်ခွဲအရာခံဗိုလ် ဆရာကြီးသောင်းမောင်နှင့် တပ်ကြပ်ကြီး စန်းမောင်တို့ အပါအဝင် လူ ၂၀ ကျဆုံးသည်။

(ခ) ဗိုလ်တင်မောင်အေးနှင့် စစ်သည် ၁၀ ဦး ဒဏ်ရာရသည်။ ၄ ဦး ဒဏ်ရာပြင်းထန်သည်။

(ဂ) ခွဲရုံးမှ တပ်သားကျော်ဝင်းနှင့် ၇ ဦး ပျောက်ဆုံးသည်။

(ဃ) လက်နက်စုံ ၃၄ လက် ဆုံးရှုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှင့်အတူ တိုက်ပွဲဝင်ခဲ့သော တန့်ယန်း တပ်မှာမူ စစ်သည်လေးငါးဦး ကျဆုံး၍ ၁၀ ဦးခန့် သာ ဒဏ်ရာရပြီး လက်နက်ငယ်သုံးလေးလက်သာ ကျန်ခဲ့သည်ဟု သိရပါသည်။ သူ့အကြောင်းနဲ့သူပေါ့ ခင်ဗျာ။

ဗိုလ်ကြီးခင်မောင်အုံးသည် ကျွန်တော်နှင့်လေးငါးရက် အတူနေပြီး နည်းဗျူဟာ (၆၆၃) မှ ဗျူဟာ ကီ့သဒ်းဗိုလ်ကြီးတင်လှက သူနှင့် တစ်ပါတ်တည်း ဆင်းဖြစ်၍ ဗျူဟာရုံးတွင် အတူနေရန် လာခေါ်သဖြင့် လိုက်သွားတော့သည်။ ကျွန်တော်ကလည်း "အစ်ကိုကြီးလိုက်ချင် လိုက်သွားပါ။ ခွဲရုံးက ထမင်း နေ့တိုင်းလာပို့ပေးပါ့မယ်" ဟု အာမခံ၍ လွှတ်လိုက်သည်။

နည်းဗျူဟာ (၆၆၃) က တပ်ရင်း ၂ ရင်းဖြင့် နောင်လိုင်စခန်းသွား ကားလမ်းမကြီးဘေးမှ ကျင်းများ နေရာယူထားသည့် ရန်သူအား နေ့စဉ် ထိုးစစ်ဆင်နေသည်။ ၈၆ မီလီမီတာအမြောက်များသာမက နေ့စဉ် T. 33 ဂျက် ၃၃ ဂျက်လေယာဉ်များဖြင့် ဗုံးကြဲ၊ ရော့ကက်များဖြင့် ပစ်သော်လည်း ရန်သူဗကပတို့က လွယ်လွယ်နှင့် ဆုတ်မသွားပါ။ တောင်ကုန်းများတွင် Foxhole ခေါ် ခွေးဟောင်းကျင်းများ တူးကာ အခိုင်အမာ ခုခံကြပါသည်။ ရက်သတ္တ





ပတ်တစ်ပတ်ကျော် နှစ်ပတ်ကြာအောင် တိုက်ယူရ၏။ ကျွန်တော်တို့ အမြောက်စခန်းကိုလည်း ဗွိုင့်ဗိုက်များ၊ စိန်ပြောင်းကြီးများဖြင့် အဆက်မပြတ် တန်ပြန် Counter ပစ်ခတ်လျက်ရှိ၏။

ရန်သူ့တန်ပြန် Counter ပစ်ခတ်မှုနှင့် ပတ်သက်ပြီး ကျွန်တော့်တွင် အမှတ်တရပြောစရာလေးတစ်ခု ကျန်၏။ ထိုပြောစရာလေးကား . . .

**အမှတ်တရပြောစရာလေးတစ်ခု**

ဆိုကွေ့အမြောက်စခန်း၌ ကျွန်တော်သည် ကွင်းပြောင်ထဲတွင် အမြောက်ရှေ့ကာသဘောမျိုး လူ ၂၀ အတိတ်နှင့် နေရ၏။ ကွင်းထဲ၌ ကျင်းအကျယ်ကြီးတစ်ခု တူးကာ အပေါ်က အချင်းတစ်ပေခွဲခန့် ထင်းရှူးသား သစ်ငည်လုံးကြီးများ ဖိထားပြီး သဲအိတ်များတင်၍ နေရ၏။ မြေကျင်းထဲတွင် ကြာရှည် အိပ်လေ့အိပ်ထမရှိ၍ အမြဲ နေနိုင်ပါ။ မွမ်းကြပ်ပြီး ပူပါသည်။ သာမန်အချိန်များဆို ကျင်းအပေါ် တက်နေလေ့ရှိပါသည်။ ရန်သူ့စိန်ပြောင်း ပစ်သံကြားလျှင် ကျင်းထဲ လိုမ့်ချလိုက်၏။ စိန်ပြောင်းသံက အထောင်တတ်၍ နားယဉ်နေလျှင် ခန့်မှန်းရ လွယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမ ဖောက်ခနဲ အသံအရင်ကြားရ၏။

ဒါက ဗုံးသီးကို ပြောင်းထဲက ပစ်ထုတ်လိုက်သည့် အသံ။

ဗုံးသီးဖင်က ပို့ကျည်ကို အပစ်ဒုတ်က ရိုက်လိုက်သည့်အသံ။

ထိုအသံကြားက ကျင်းထဲသို့သာ လိမ့်ချလိုက်ပါခင်ဗျာ။ မကြာမီ ဗုံးသီး မြေပေါ်ကျပြီး ဝုန်းခနဲ ဂျိမ်းခနဲ ပေါက်ကွဲပါတော့မည်။

ဖောက်ခနဲအသံကြားပြီး တစ်နှစ်သုံးလေးငါးခြောက် လောက်အတွင်းမှာပင် ဗုံးသီးက မြေပေါ်ကျပြီး မြေမှာနှင့်ထိကာ ဂျိမ်းခနဲ ကွဲတော့၏။ ဗုံးစများ လွင့်စင်ထိမှန်တော့၏။ ဒါက သူ့ **Mechanism** ၏ စက်အစိတ်အပိုင်း လှုပ်ရှားမှုပေါ့ခင်ဗျာ။ ဒါ နားလည်ရင် ရှောင်ရတိမ်းရလွယ်ပါသည်။

ကျွန်တော်သည် ရန်သူ့စိန်ပြောင်းများကို အထက်ပါအတိုင်း ရှောင်ရင်းတိမ်းရင်းနေလာခဲ့၏။ စိန်ပြောင်းအန္တရာယ်ကို ရှောင်နိုင်ခဲ့သော်လည်း တစ်ရက်၌ ဗွိုင့်ဖိုက်ခေါ် စက်သေနတ်ကြီး ဒုက္ခပေးမှုနှင့် ကြုံရတော့၏။

ထိုနေ့က တန့်ယန်းမှ ခဲယမ်းလာပို့သည့် ယာဉ်တန်းအကြံဖြင့် ဗိုလ်ကြီးညီရှင်က ကျွန်တော့်အတွက်





၁၉၇၈ နောင်လိုင်ပါဖန် နှင့် ဗွိုင့် ၆၀၄၁ တိုက်ပွဲကာလက တန့်ယန်း စစ်ဗျူဟာမှ ဗျူဟာ ဂျီသရီး ဗိုလ်ကြီးညီရှင် (ယခုကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်ပုံး ပို့ပေးလိုက်သည်။

ပုံးတွင် ညီမှသက်အတွက် ဟုလည်း စာကပ်လွှတ်လိုက်၏။ အရက်ပုံးသာမကပါ။ ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်နှင့် ဘဲဥ၊ ကြက်ဥများက ပါလိုက်သေး၏။ ထိုနေ့ညနေက ခွဲရုံး ထမင်းချက်အဖွဲ့ကို Special အမြည်းလုပ်ခိုင်းပြီး ဒီဘရစ်တိုအမျိုးကြီးသို့ အရက်တစ်ပုလင်းနှင့်အမြည်းများ ပို့လွှတ်ပေးလိုက်၏။ ကိုယ့်အတွက်လည်းအထူးစီစဉ်ပြီး ဂုဘားလမ်းအနောက်ခြမ်းအစပ်က ဝါးရုံပင်ကြီးအောက်၌ တစ်ယောက်တည်း အတွေးနယ်ချဲ့ကာ အမြည်းကလေးစားလိုက်၊ ချက်အရက်ကလေး တစ်ငုံငုံလိုက်ဖြင့်အတော်ပင် ဖိမ်ကျလျက်ရှိ၏။ အချိန်က ညနေ ခြောက်နာရီခန့်ဖြစ်သည်။ မကြာမီ မှောင်တော့မည်။ မှောင်ရင်မီးထွန်းခွင့်မပြုပါ။ ထို့ကြောင့် ထမင်းပြင်ခိုင်းပြီး ထမင်းစားတော့သည်။

ရှေ့တန်းစစ်မြေပြင်မှ မူးယစ်ဝေသော နွေဦးကာလများကို ယမ်းငွေ့ဝေဝေကြားမှာ ခံစားကောင်းနေ၏။ လူကမူးတူးမို့ ဝါးရုံပင်ကြီးကို မှီထားလိုက်သည်။ ထမင်းကတော့ စစ်ပန်းကန်ပြားအစိမ်းနှင့် ဟင်းက ပန်းကန်ထဲပြီး ထည့်ခိုင်းလိုက်သည်။ စစ်မြေပြင်ဆိုတော့ စပ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ပြား စစ်မတ်ခွက်သာ သုံးနိုင်၏။ ထမင်းသုံးလေး လုတ် လွေးလိုက်ရာ မွှားမွှားနှင့် လွေးလို့ အတော်ကောင်း၏။

"အင်း ... ဒီနေ့ ထမင်းက အတော်ကောင်းပါ လား။ ပြေးရလွှားရတုန်းကသာ ဒီလိုစားလိုက်ရရင်"

အတွေးမဆုံးလိုက်။

"ပတောက် ... ပတောက် ... ဒက် ဒက် ဒက် ဖုန်း ဖုန်း ဖုန်း"

"ဟိုက် ... ပွိုင့်ဖိုက်စက်သေနတ်ကြီးပါလား"

"ဘုန်း ... ဘုန်း ... ဘုန်း ... ဒေါက် ဒေါက် ဒေါက် ဘုတ် ဘုတ် ဘုတ် ဘုတ်"

"ဂလွပ် ... ဂလပ်"

အသံတွေကတော့ တခြားမဟုတ်ပါခင်ဗျာ။ ဒက်ဒက်ဒက် ဖုန်းဖုန်း ဆိုတာက လွယ်မော်တောင် အစွန်အဖျားက ဗကပရဲ့ ပွိုင့်ဖိုက်စက်သေနတ်ကြီး ပစ်တဲ့ အသံပါခင်ဗျာ။

ဒေါက် ဒေါက် ဖောက် ဖောက် ဆိုတာက ပွိုင့်ဖိုက်ကျည်ဆန် သုံးလေးတောင့် ကျွန်တော် မှီထားတဲ့ ဝါးရုံပင်ကြီးကို လာမှန်တဲ့အသံပါခင်ဗျာ။

ဘုတ်ဘုတ် ဘုတ်ဘုတ်ဆိုတာကတော့ ပွိုင့်ဖိုက်





ကျည်ဖူးကြီးတွေ ဝါးရုံပင်ကြီး မှန်ပြီး အောက်ပြုတ်ကျ သွားတဲ့ အသံပါခင်ဗျာ။ ကျည်ဖူးကြီးတွေက ကြီးတော့ မှတ်သင်ညိုကြီးတွေ မြေပေါ် ခုန်ချတဲ့အသံမျိုး ဘုတ်ခနဲ ဘုတ်ခနဲ မြည်သွားတာပေါ့ခင်ဗျာ။

ဂလွပ် ဂလပ် ဆိုတာကတော့ ကျွန်တော်ကိုင်ထားတဲ့ ထမင်းပန်းကန်ပြား ပွိုင့်ဖိုက်သံကြောင့် လက်က လွတ်ကျပြီး အောက်ကကျောက်တုံးနဲ့ ဆောင့်မိတဲ့အသံပါခင်ဗျာ။

"တောက် ... ခွေးမသား ဗကပတွေ ထမင်းတောင် ကောင်းကောင်းမစားရဘူး"

ကျွန်တော်က မကျေမနပ် ရေရွတ်ဆဲရေးလိုက်၏။ ပန်းကန်ပြားလက်က လွတ်ကျသွားတာလဲ ကျွန်တော့် ကိုယ့်ရဲဘောကြောင်ရန်ကောဆိုပြီး အပြစ်မတင်စေချင်ပါခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ပွိုင့်ဖိုက်လာမှန်တာက ကျွန်တော် မှီထားတဲ့ ဝါးရုံပင်မှာ ကျွန်တော့်ခေါင်းအထက် သုံးပေလောက်သာ ဝေးပါသည်ခင်ဗျား။

တည့်တည့်ကြီးထိလိုက်ရင်တော့ ကျွန်တော် မောင်သက်ဦး ဘယ်က ဒီစာတွေရေးနိုင်မှာလဲဗျာ။ သေသော ကြာပေါ့။

အဲဒီနည်း အဲဒီပုံနဲ့ ဆုံကွေ့မှာ ဗကပများရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြောက်သံ စိန်သံ ဗုံးသံကြားမှာ ရက်သတ္တနှစ်ပတ် ကြာနေခဲ့ရပါသည်ခင်ဗျား။

ဤတွင် ဤအပိုင်းကို ခေတ္တရပ်နား၍ ဗိုလ်ကြီးသိန်းထွန်းတင်၏ ပွိုင့် ၆၀၄၁ တောင်ကြောစခန်းကြီးနှင့် ပါဖန်ဒေသတိုက်ပွဲများအကြောင်းတစ်လှည့် ဖော်ပြပါမည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ကြီးသိန်းထွန်းတင်နှင့် သူ ကွပ်ကဲခဲ့သော တပ်ခွဲသည် မတ်လ ပထမပတ်မှ မတ်လ ဒုတိယပတ်ကုန်ဆုံးသည်ထိ ရန်သူကို စွမ်းစွမ်းတမံ ခုခံတိုက်ခိုက်ခဲ့ရာ ရန်သူ့ရည်မှန်းချက်ကြီး ပျက်ပြားသွားအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ပါ ခင်ဗျား။

❖ ❖ ❖



## အခန်း ( ၅ )

## ပွိုင့် ၆၀၄၁နှင့် ပါဖန်ဒေသအကြောင်းသိကောင်းစရာ

**နိဒါန်း**

ပွိုင့် ၆၀၄၁ တိုက်ပွဲမှာ ၁၉၇၈ ခုနှစ်က နာမည်ကျော် တိုက်ပွဲကြီးပါပေ။ ထိုစဉ်က ပွိုင့် ၆၀၄၁ နှင့် ပါဖန်ဒေသကို ရတခလရ(–)ခေါ် ရှေ့တန်းအမှတ်(–) ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးသိန်းထွန်းတင်နှင့် တပ်ခွဲ တစ်ခွဲက တာဝန်ယူထားခြင်း ဖြစ်ပါသည်။ ပကပတပ်မဟာ



www.burmeseclassic.com

www.burmeseclassic.com



(စ)နဲ့ တပ်မဟာ(၁၂)သည် ၁၉၇၈ ခုနှစ် မတ်လ ၆ ရက်နေ့ တာဆိုင်းလျှံကူးတို့မှ သံလွင်မြစ်ကို ဖြတ်ကူးပြီး မတ်လ (၇)ရက်နေ့တွင် နောင်လိုင်ပါဖန်ဒေသစခန်းများကို အစု သုံးလေးစု ခွဲကာ ဝင်တိုက်တော့၏။ နောင်လိုင်စခန်းက တစ်မနက်နဲ့ ကျသွား၏။ ပို့ဖြင့် ၆၀၄၁က တော်တော်နဲ့ ကျမသွားပါ။ ရှစ်ရက်တိုင်တိုင် ဖွဲ့နပဲနှင့် ခုခံပြီး ရန်သူ အင်အား ၁၀၀၀ ခန့်အား ထိန်းထားနိုင်၏။ ဗကပများက လည်း သူတို့နှင့် အနီးဆုံး ပို့ဖြင့်၆၀၄၁ကို တော်တော်နှင့် မရနိုင်သဖြင့် အင်အားများထပ်ဆောင်းကာ လူအသေခံ၍ တိုက်တော့သည်။ ကျွန်တော်တို့ဘက်က စစ်ပြင်ချိန် ရလိုက်၏။ ထိုစဉ်က ဗကပများသည် တန့်ယန်းမြို့ကိုဝင် ဖြိမ်းခြောက်လျက် ရှိလေသည်။ သို့ရာတွင် ပို့ဖြင့် ၆၀၄၁ တိုက်ပွဲကြီးကြောင့် ဗကပတို့၏ မဟာ ရည်ရွယ်ချက်ကြီး ပျက်ခဲ့ရ၏။

ဤတိုက်ပွဲကြီးအကြောင်း မရေးသား မဖော်ပြမီ ထိုစဉ်က ဗကပတို့၏ အခြေအနေနှင့် လှုပ်ရှားမှုများကို ဦးစွာပထမ ဖော်ပြလိုပါသေးသည်။ သို့မှသာ အဘယ် ကြောင့် ဗကပတို့ နောင်လိုင်ပါဖန် ဒေသနှင့် ပို့ဖြင့် ၆၀၄၁ တို့အား လာရောက်တိုက်ခိုက်ခြင်းအကြောင်းကို စာရှုသူတို့





သဘောပေါက်ပါလိမ့်မည်။

**ထိုစဉ်က ဗကပတို့ အခြေအနေ**

၁၉၆၈ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် ဗကပ အရှေ့မြောက် စစ်ဒေသသည် တစ်ဖက်ရှိ နောင်တော် တရုတ်ကွန်မြူနစ်ပါတီ၏ လူလက်နက် ရိက္ခာထောက်ပံ့မှုများ ထိုလေသေးမရှိ ထောက်ပံ့ ကူညီမှုကြောင့် ၁၉၇၇/၇၈ ဆယ်နှစ်တာကာလအတွင်း တိုက်ခိုက်ရေးအင်အားများ လျင်မြန်စွာ တိုးပွားလာ၍ တပ်မဟာ ၆–ခုအထိ ဖွဲ့စည်း နိုင်ခဲ့၏။

(က) ရင်း ၁၀၇၊ ၃၀၃၀၊ ၃၀၃၃၊ ၃၀၃၇ တို့ ပါဝင်သော တပ်မဟာ(၂)

(ခ) ရင်း ၅၀၂၊ ၄၀၄၅၊ ၄၀၄၆၊ ၄၀၄၇ တို့ ပါဝင်သော တပ်မဟာ(၅)

(ဂ) ရင်း ၅၀၁၊ ၅၀၃၊ ၃၀၃၅၊ ၄၀၄၈ တို့ ပါဝင်သော တပ်မဟာ(၈)

(ဃ) ရင်း ၆၊ ၉၊ ၁၈၊ ၂၂ တို့ ပါဝင်သော တပ်မဟာ(၁၂)

(င) ရင်း ၅၀၂၊ ၄၀၄၅၊ ၄၀၄၆၊ ၄၀၄၇ တို့ ပါဝင်သော တပ်မဟာ (၆၈၃)



www.burmeseclassic.com

www.burmeseclassic.com



(စ) ရင်း ဝ၄၇၊ ဝ၇၇၊ ၆၈၅၆၊ ၆၈၅၈ တို့ ပါဝင်သော တပ်မဟာ (၆၈၅)

ထိုတပ်မဟာများအပြင် ၁၉၇၆၌ မိုင်းယန်းဒေသမှ ရှမ်းသောင်းကျန်းသူ အိုက်မြင့်ခေါ် ကျောက်ခွင်းမင် ဦးစီးသည့် ရှမ်းတပ်အား တပ်ရင်း(၃)ရင်းပါသော တပ်မဟာ (၇၆၈) အဖြစ် ဖွဲ့စည်းပေးခဲ့၏။ ၁၉၇၆ ခုနှစ် ဩဂုတ်လတွင် ဖွဲ့ခဲ့၍ တပ်မဟာ ၇၆၈ ဟု အမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ထို့အပြင် တရုတ်မြန်မာနယ်စပ် နမ့်မလွေချောင်း အနီး ဝမ်ဆောဝမ်ဖိုင်ဒေသရှိ ဒေသခံ တိုင်းရင်းသား လွယ်လ၊ အခါ၊ ပလောင်၊ လားဟူနှင့် လီရှောများကို စည်းရုံးသိမ်းသွင်း၍ တပ်မဟာ (၈၁၅)ကို ၁၉၇၁ ကပင် စတင်ဖွဲ့စည်းခဲ့၏။ ၁၉၇၅၌ တပ်မဟာ (၈၁၅)တွင် ရင်း ၁၂၊ ၁၃၊ ၁၆၊ ၁၈ ဟူ၍ တပ်ရင်းလေးရင်းပါဝင် ဖွဲ့စည်းနိုင်ခဲ့၏။


ဗကပတပ်မဟာများ၏ လှုပ်ရှားရာ ဒေသများမှာလည်း အောက်ပါအတိုင်း ဖြစ်၏။

(က) တပ်မဟာ (၂) ကွတ်ခိုင်ဒေသ

(ခ) တပ်မဟာ (၅) သံလွင်အရှေ့ခြမ်း မိုင်းမောဒေသ

(ဂ) တပ်မဟာ (၈) ဝနယ်တောင်ပိုင်းနှင့် ကျိုင်းတုံ






၁၉၆၈ ခုနှစ် အရှေ့မြောက်ဒေသသို့ ဗကပတို့ စတင်ဝင်ရောက်ထိုးဖောက်လာပုံ

www.burmeseclassic.com

www.burmeseclassic.com




ရှလိုင်လရမခနယ်မြေတွင် ဒေသခံသောင်းကျန်းသူများနှင့်
မြန်မာ့တပ်မတော် တိုက်ပွဲပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ခြမ်း မိုင်းမမိုင်းလားဒေသ

(ဃ) တပ်မဟာ (၁၂) ဝနယ်မြောက်ပိုင်း

(င) တပ်မဟာ (၆၈၃) အရှေ့မြောက်စစ်ဒေသ အရန်

(စ) တပ်မဟာ (၆၈၅) အရှေ့မြောက်စစ်ဒေသ အရန်

(ဆ) တပ်မဟာ (ရ၆၈) မိုင်းယန်းဒေသ

(ဇ) တပ်မဟာ (၈၁၅) ကျိုင်းတုံအရှေ့ခြမ်းဒေသ

၁၉၇၅ ခုနှစ်၌ ပဲခူးရိုးမတွင် ဗကပ ဗဟိုကော်မတီ [illegible] သခင်ဇင်နဲ့ အတွင်းရေးမှူး သခင်ချစ်တို့ ကျဆုံးသွား[illegible]သာအခါ အရှေ့မြောက်ဒေသရှိ အဝေးရောက် ဗဟို[illegible]ကော်မတီသည် ဗကပ ဗဟိုကော်မတီအသစ်ကို ဖွဲ့စည်းခဲ့[illegible] ဘသိန်းတင်ခေါင်းဆောင်သော ဗဟိုကော်မတီအသစ်[illegible]သည် သံလွင်အရှေ့ခြမ်း စိုးမိုးရေးကိုသာမက သံလွင်[illegible]နောက်ခြမ်းသို့ ကူးဝင်ပြီး ပြည်တွင်းကွန်မြူနစ် လက်နက်[illegible] တပ်ဖွဲ့များ (၁၀၁)စစ်ဒေသ တပ်ဖွဲ့များနှင့် ဆက်သွယ်[illegible]များရေးတို့ကိုပါ ကြိုးပမ်းခဲ့ကြ၏။ ထိုလှုပ်ရှားမှုအနေ[illegible] ...

၁၉၇၇ တွင် ကွမ်လုံအရှေ့ခြမ်း ဟိုပန်ဒေသ၌ [illegible]တွက်များ ဖော်ခဲ့၏။

၁၉၇၈ နှစ်ဦးတွင် ကွမ်လုံအနောက်ခြမ်းသို့ ကူးကာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကြီးများ ဖော်ခဲ့ပြန်၏။

ထိုတိုက်ပွဲနှစ်ခုလုံး ဗကပတို့ အထိနာသွားခဲ့ရ၏။ ထိုဒေသရှိ တပ်မတော်စခန်းများ၏ ခံစစ်မှာ ခိုင်မာ တောင့်တင်းပြီး တန်ပြန်တိုက်စစ်မှာ ပြင်းထန်လှသောကြောင့် ဗကပတို့ ထင်တိုင်းမပေါက်ဖြစ်ခဲ့၏။ ထို့ကြောင့် သံလွင်အနောက်ခြမ်း၌ အလွယ်တကူ သိမ်းယူနိုင်မည်ဟု ယူဆရသော နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ စခန်းများကို ထိုးစစ်ဆင်၍ တိုက်ခိုက်လာခြင်းဖြစ်လေသည်။

ဗကပ ဗဟိုကော်မတီအသစ်အနေဖြင့် စစ်ရေးအောင်ပွဲများကို ပြသပြီး နောင်တော် ပေါက်ဖော်ပါတီမှ လိုအပ်သည်များ တောင်းခံရန် အစီအစဉ်ရှိလေသည်။ ဤသို့ဖြင့် ဝတောင်ပိုင်းမှ တပ်မဟာ(၈)နှင့် ဝမြောက်ပိုင်းမှ တပ်မဟာ(၁၂)ကို ပူးပေါင်းစေပြီး ဒေသခံပြည်သူစစ်များကိုပါ စုစည်း၍ မိမိတို့၏ သံလွင်အနောက်ခြမ်းရှိ စခန်းများကို လာရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်လေသည်။

ဤကား ဗကပများ အဘယ်ကြောင့် နောင်လိုင်ပါဖန်ဒေသနှင့် ပွိုင့် ၆၀၄၁ စခန်းများအား တိုက်ခိုက်ရသည်ဆိုသည့် အကြောင်းပါတည်း။



...ွင်အနောက်ခြမ်းမှ မိမိတို့ အနေအထား

ဗကပတို့အကြောင်း ဖော်ပြပြီးသည့်နောက် ...ွင်အနောက်ခြမ်းရှိ မိမိတို့ တပ်မတော် အခြေအနေ ... အကျဉ်းမျှ ဖော်ပြရန် လိုပါသေးသည်။

မိမိတို့ တပ်မတော်သည် သဘာဝအတားအဆီး ...သော သံလွင်မြစ်ကြီးကို အခြေခံကာ ကွမ်လုံဒေသ ...င်ခြမ်းမှသည် သံလွင်မြစ်နှင့် နမ့်မခချောင်းဆုံအထိ ...ွင်မြစ် အနောက်ဘက်ကမ်း၌ ပိတ်ဆို့ရေးတပ်များ ...ားခဲ့၏။ ဒေသခံတပ်များနှင့် မလုံလောက်သဖြင့် တပ်မ... တပ်များကို ပေါင်းစပ်ချထားရ၏။

ကျွန်တော် မိုင်းရယ် ရောက်ပြီး လအနည်းငယ် ...ကြာ၌ တန့်ယန်းအရှေ့ခြမ်း လွယ်လန်း တောင်တန်းတွင် ...ဆို့ရေးတာဝန်ကို တပ်ခွဲတစ်ခွဲနှင့် သွားရောက် ထမ်း...င်ခဲ့ဖူးပါသည်။ ရန်သူ သတင်းများ ထူးခြားမှုရှိပါက ...မ တပ်များ စစ်ကူရောက်လာတတ်ပါသည်။ ထို့ကြောင့် ...တပ်ရင်းများမှ တပ်မှူးများ အရာရှိများနှင့် သိကျွမ်း...င်ခဲ့၏။

၁၉၇၇ ခုနှစ် နောင်လိုင်တွင် စခန်းသွားထိုင်ရ...ာ နောင်လိုင်၏ အရှေ့ဘက် သံလွင်ကမ်းခြေ ပိတ်ဆို့

www.burmeseclassic.com

www.burmeseclassic.com



ရေးအား တပ်မမှ ရတခလရ (–)ခေါ် ရှေ့တန်း အမှတ် (–) ခြေလျင်တပ်ရင်းမှ တာဝန်ယူထားသည့်ကာလ ဖြစ်... ထိုစဉ်က ဗကပဗဟိုသည် မိုင်းမောဒေသတွင် ရှိနေသေး... ၁၉၇၉ ခုနှစ်မှ ပန်ယန်းပန်ဆန်းသို့ ရွှေ့သွားခဲ့ခြင်း ဖြစ်... ဗကပဗဟို ပန်ဆန်းသို့ ရွှေ့သွားသောအခါ ဗဟို... ထိန်းချုပ်ရန် တပ်မတော်မှ မင်းရန်အောင် စစ်ဆ... ရေးကြီးဖြင့် သံလွင်နှင့် နမ့်မခကြားရှိ မော်ဖဒေသ... တိုက်၍ သိမ်းခဲ့၏။

ဤသည်မှာ နောင်လိုင်နှင့် ပွိုင့် ၆၀၄၁ တိုက်... မဖြစ်မီ ကျွန်တော်တို့ တပ်မတော်ဘက်မှ ယေဘုယျ... အခြေအနေပင် ဖြစ်ပါ၏။

**ကျွန်တော်နဲ့ ဗိုလ်ကြီးသိန်းထွန်းတင်**

ဆက်လက်၍ နောင်လိုင်တွင် စခန်းထိ... တာဝန်ထမ်းဆောင်ခဲ့စဉ်က ကျွန်တော်နှင့် ရင်းနှီးခင်မင်... သော ဗိုလ်ကြီးသိန်းထွန်းတင်တို့၏ ဆက်ဆံရေးကိုလည်း ဖော်ပြလိုပါသေးသည်။

နောင်လိုင်တပ်စခန်းမှာ တန့်ယန်းနှင့် ကားလမ်း... ပေါက်ပါသည်။ နောင်လိုင်ရွာမှ နေ့စဉ်လိုလို တန့်ယန်း...





...သို့ ဂျစ်ကားပြေးဆွဲသည်။ ပွင့်လင်းရာသီတွင် နောင်လိုင်သို့ ...တ်ဆိုင်ရာမှ စုပုံရိက္ခာနှင့် ခဲယမ်းများ စုပုံလေ့ရှိ၏။ ...နည်းဆုံး လူတစ်သောင်းစာ စုပုံရိက္ခာရှိသည်။ ပွိုင့် ၆၀၄၁မှ တပ်မ တပ်များကို မကြာခဏ ရိက္ခာထုတ် ...ပေးရသည်။ ကျွန်တော်နေခဲ့သည့် သုံးလတာကာလ၌ ...ရတခလရ(–)မှ တပ်များနှင့် မကြာခဏ ဆုံရသည်။ ...ဗိုလ်ကြီး သိန်းထွန်းတင်ထံမှ ကြေးနန်းဖြင့်လည်းကောင်း၊ ...ဖြင့်လည်းကောင်း ဆက်သားဖြင့်လည်းကောင်း စစ်ဆင် ...ရေးကိစ္စများ၊ အုပ်ချုပ်မှုကိစ္စများအတွက် ဆက်သွယ်လေ့ ...ရှိ၏။ လူချင်း မမြင်ဖူးကြသော်လည်း စာအဆက်အသွယ် ...အား မပြတ်ရှိခဲ့ပါသည်။

ဗိုလ်ကြီး သိန်းထွန်းတင်သည် D.S.A အပတ်စဉ် ...မှဖြစ်ပြီး ကျွန်တော့်ထက် ဂျူနီယာကျသည်။ လူပုံက ...ငယ်ချောချောမို့ သူ့အား သူနှင့် တစ်ပတ်စဉ်တည်း ...ကျောင်းဆင်းများက ချာတိတ်ဟု ခေါ်ကြသည်ဆို၏။ ...ကျွန်တော်နဲ့တော့ ၁၉၈၄ ခုနှစ်ရောက်မှ တွေ့ဖူးကြသည်။ ...၈၄ ခုနှစ်၌ ကျွန်တော် ကျိုင်းတုံ ဂျီတူးဘဝ၌ စစ်ရုံးမှ ...ကြီးများနှင့် ဗိုလ်မှူးသီဟ သူရသိန်းထွန်းတင်လိုက်ပါ ...၏။ ကျိုင်းတုံသို့ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်မှူး . . . ကျွန်တော် သက်ဦးပါဗျာ။ နော
လိုင်ပါဖန် ပို့ုင့် ၆၀၄၁ တိုက်ပွဲမတိုင်မီက နောင်ထ
စခန်းမှူးလေဗျာ"

ဟု ပြောပြီး မိတ်ဆက်ရသည်။

"တွေ့ရတာ ဝမ်းသာတယ်ဗျာ"

ဟု လှိုက်လှဲဝမ်းသာပြော၏။ ထိုအချိန်၌ သူသည
ကကကျင့်တွင် ဦးစီးအရာရှိတာဝန် ထမ်းဆောင်နေသ
ထင်၏။ များမကြာမီ၌ နယ်ဘက်သို့ ပြောင်းရွှေ့တာ
ထမ်းဆောင်ရသည်ဟု သတင်းစကားကြားရ၏။

ဤကား ကျွန်တော်နဲ့ ဗိုလ်ကြီးသိန်းထွန်းတင်
ဆက်သွယ်မှုအကြောင်းပါ ခင်ဗျာ။

ဆက်လက်၍ ဗိုလ်ကြီးသိန်းထွန်းတင် ဦးစီးကွပ်
တိုက်ပွဲဝင်ခဲ့သော ပို့ုင့် ၆၀၄၁ တိုက်ပွဲကြီးကို ဖော်ပြပါ
ခင်ဗျား။

❖ ❖ ❖



## အခန်း ( ၆ )

## ဗိုလ်ကြီးသိန်းထွန်းတင်နှင့် ပို့ုင့် ၆၀၄၁ တိုက်ပွဲကြီး

**တိုက်ပွဲမဖြစ်မီ ယေဘုယျအခြေအနေ**

**မြေပြင်အခြေအနေ။** ။ မြေပြင်အခြေအနေမှာ ရှမ်း
ပြည်နယ်အရှေ့မြောက်ဒေသ၏ သဘာဝအတိုင်း ပေ ၄၀၀၀
မှ ၇၀၀၀ အထိ မြင့်သော တောင်ကြီးများ ဝန်းရံနေသော
ဒေသဖြစ်ပါသည်။ ပို့ုင့် ၆၀၄၁ တောင်ကျောကြီးအား
ဒွယ်စန့်တောင်ကျောကြီးဟု ဒေသခံများက ခေါ်ကြသည်။
ထိုတောင်ကျောကြီးအား သံလွင်မြစ်မှ မြောက်အရှေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



တောင် သုံးဖက်လုံးမှ ပတ်လည် ဂငယ်ပုံသဏ္ဌာန်ဝိုင်းပတ်ထား၏။ အနောက်ဘက်၌ နမ့်မချောင်းနှင့် လွယ်မော်တောင်ကြီးရှိလေသည်။ ပွိုင့် ၆၀၄၁ ပေါ်တွင် ရှေ့တန်းအမှတ် (–) ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးသိန်းထွန်းတင် ဦးစီးသည့် လူအင်အား ၆၀ ကျော်ပါရှိသည့် တပ်ခွဲတစ်ခွဲ အခြေပြုထား၏။ ထိုတပ်ခွဲ၏ ရည်မှန်းချက်တာဝန်မှာ နောင်လိုင်ပါဖန်ဒေသ၏ ရှေ့ကာတပ်အဖြစ် လှုပ်ရှားရန်နှင့် သံလွင်မြစ်ကို ဗကပများ ဖြတ်ကူးလာပါက ဆီးကြို ဟန့်စစ်ဆင်တိုက်ခိုက်ရန်ဖြစ်ပါသည်။

**သဘာဝပေါက်ရောက်ပင်များ။** ။ အများအားဖြင့် ဝါးတောများသာ ပေါက်ရောက်လေ့ရှိ၏။ အချို့သောနေရာများ၌ တောင်ပေါ်ထင်းရှူးတောကြီးများကို တွေ့ရတတ်ပါသည်။ အချို့သောနေရာများတွင်ကား သက်ကယ်တောများ၊ ကိုင်းပင်၊ မြက်ပင်များသာရှိ၏။ မြက်သာပေါက်သည့် တောင်ကတုံးအများအပြားလည်း တွေ့ရ၏။





**ရာသီဥတုအခြေအနေ။** ။ ၁၉၇၈ ခု မတ်လ ပထမပတ်ဖြစ်၏။ ရာသီဥတုမှာ ဆောင်းကုန်၍ နွေကူးစပြုနေ သည့်အခါသယမဖြစ်၍ မိုးမြူများကင်းစင်သဖြင့် မြင်ကွင်းတန့်သတ်ချက်များ မရှိပေ။ နေစောစောထွက်ပြီး နေဝင်ချိန်မှာ ညနေ ၆ နာရီကျော်ဖြစ်၏။

**ဒေသခံပြည်သူလူထုများ။** ။ ဒေသခံပြည်သူလူထုများကား အဓိကမှာ ရှမ်းလူမျိုးများ၊ ရှမ်းရွာများ အများအပြားရှိသော်လည်း အခြားတိုင်းရင်းသားများဖြစ်သည့် ဝ၊ လွယ်လ၊ ပလောင်၊ ကချင် စသူတို့၏ ရွာလေးများ လည်းရှိ၏။ အချို့နေရာများတွင် တရုတ်ရွာကလေးများလည်း ကြိုကြား ကြိုကြားရှိတတ်ပါသည်။ ဒေသခံ ပြည်သူများသည် အများအားဖြင့် ဗုဒ္ဓဘာသာကိုးကွယ်သူများသာ ဖြစ်ကြသည်။ ထို့ကြောင့် ဗကပများကို လက်မခံကြချေ။

**မိမိတပ်၏နောက်ဆုံးအခြေအနေ။** ။ ရှေ့တန်းအမှတ် (–) ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးသိန်းထွန်းတင် ဦးစီးသည့် အင်အား ၆၁ ယောက်ပါ တပ်ခွဲသည် ပွိုင့် ၆၀၄၁ လွယ်စန့်တောင်ကျော၌ စခန်းထိန်းတာဝန်နှင့် တပ်ဝန်းကျင်နယ်မြေ စိုးမိုးရေးတာဝန်များကို ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လျက်ရှိ၏။ ပွိုင့် ၆၀၄၁ ပေါ်တွင် စခန်းနှစ်ခုရှိရာ မြောက်ဘက်စခန်းသည် ပင်မစခန်းဖြစ်၍ တောင်ဘက်စခန်းသည် အရန်စခန်းဖြစ်၏။ မဆုတ်တမ်းခံစစ်စခန်းများဖြစ်ကြ၏။ တောင်ကျောပေါ်တွင် တပ်ခွဲရုံးနှင့် တပ်ရ ၂ ခု အခြေပြုပြီး ကျန်တပ်စုတစ်စုသည် ပါဖန်၊ လွယ်စ ဒေသရှိ ယာယီခြေကုတ်များတွင် အခြေပြုပြီး လှုပ်ရှားသွားလာ၍ နယ်မြေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။ လှုပ်ရှားတပ်စုကို တပ်စုမှူး ဗိုလ်ခင်မောင်အေးမှ ဦးစီးပါသည်။ ပွိုင့် ၆၀၄၁ နှင့် အနီးကပ်ဆုံးမှာ အနောက်ဘက် ၇ မိုင်အကွာရှိ တန့်ယန်းတပ်မှ တာဝန်ယူထားသော နောင်လိုင်တပ်စခန်းသာရှိ၏။ နောင်လိုင်တွင် ဗိုလ်ကြီးသောင်းထွန်းနှင့် တပ်ခွဲတစ်ခွဲ အခြေပြုလျက်ရှိ၏ ကျန်ဘေးနံတပ်များမရှိပါ။ တောင်ဘက် မိုင် ၂၀ ကျော် အကွာ၌ တန့်ယန်းမြို့ရှိပါသည်။ တန့်ယန်းတွင် အခြေခ စစ်ဗျူဟာနှင့် အမှတ် (–) ခြေလျင်တပ်ရင်း တပ်ရင်းဌာနချုပ် တည်ရှိပါသည်။





ရန်သူ၏စုဖွဲ့ပြင်ဆင်မှုနှင့် နောက်ဆုံးအခြေအနေ။ ဗကပတို့သည် ၁၉၇၁ မှစ၍ သံလွင်အရှေ့ခြမ်း စိုးမိုးရေးစီမံချက်အရ အောက်ပါတိုက်ပွဲကြီးများကို ဖော်ထုတ်ခဲ့၏။

(က) ၁၉၇၁ ၌ ရက် ၄၀ ကြာ ကွမ်လုံတိုက်ပွဲ

(ခ) ၁၉၇၇ ၌ ပထမနောင်လိုင်ပါဖန်တိုက်ပွဲ

(ဂ) ၁၉၇၇ ၌ ခြူးရှေ့ပန်ကောက်တိုက်ပွဲ

(ဃ) ၁၉၇၈ တာတီလင်၊ ရှိကလာနှင့် အဖွတ်ထို တိုက်ပွဲများ

(င) ၁၉၇၈ လွယ်ပင်းရဲနှင့် မြင်ဖူရှမ်းတိုက်ပွဲ

မိမိတို့တပ်မတော်မှ ထိုတိုက်ပွဲများတွင် ထိုးဖောက်တိုက်ခိုက်လာသော ရန်သူအား ပြင်းထန်စွာ တုံ့ပြန်ချေမှုန်းခဲ့ရာ ဗကပများအဖို့ အင်အားများ ကြေပြုန်း၍ အထိနာခဲ့ရ၏။ ၎င်းတို့၏ သံလွင်အရှေ့ခြမ်း စိုးမိုးရေးနှင့် သံလွင်အနောက်ခြမ်း စိမ့်ဝင်ရေးစီမံချက်မှာလည်း ပီပီပြင်ပြင် အကောင်အထည် မဖော်နိုင်ခဲ့ချေ။

ထိုအချိန်တွင် နောင်တော် ကွန်မြူနစ်ပါတီကြီးမှလည်း လိုလေသေးမရှိ ရုပ်ဝတ္ထုပစ္စည်းများကို ပံ့ပိုးပေးမှု တူညီပြီး နယ်မြေသိမ်းတိုက်ပွဲများ ဆင်နွှဲ၍ သံလွင်အရှေ့ခြမ်းတစ်ခုလုံးအား လွတ်မြောက်သော နယ်မြေအဖြစ် ဖော်



www.burmeseclassic.com

www.burmeseclassic.com



ရန် ဖိအားပေးခဲ့လေသည်။

ထိုသို့ဖိအားပေးခံရသဖြင့် ဗကပဗဟိုသည် တိုက်ပွဲကြီးများ တစ်ပွဲပြီးတစ်ပွဲ တိုက်ခဲ့၏။ သို့ရာတွင် မျှော်လင့်သလို အောင်မြင်မှုများ မရခဲ့ချေ။ ထို့ကြောင့် သံလွင်အနောက်ခြမ်း၌ နောက်ထပ်တိုက်ပွဲကြီးတစ်ပွဲ ဖော်ထုတ်ရန် ဆုံးဖြတ်ခဲ့၏။ ထိုတိုက်ပွဲ၌ လုံးဝအောင်ပွဲရရှိပြီး နယ်မြေကိုပါ ထိန်းချုပ်၍ နောင်တော်ပေါက်ဖော်ကြီးများ ကျေနပ်မည့် အောင်မြင်မှုမျိုးဖြစ်အောင် စီစဉ်ဆောင်ရွက်ခဲ့လေသည်။

ထို့ကြောင့် မိုင်းမောဒေသရှိ ဗကပဗဟိုသည် နောက်ထပ်တိုက်ကွင်းတိုက်ကွက်ကို ရွေးရာ မော်၏ ပျောက်ကြား သီဝရီအရ အစွန်အကျဆုံးစခန်းများကို အရင်တိုက်၊ စစ်ကူလာရန်ခက်ခဲသည့်စခန်းများကို အရင်တိုက်၊ ထီးထီး ဖြစ်နေသည့် ခစန်းများကို အရင်တိုက်ဆိုသော အဆိုအမိန့်အတိုင်း တန့်ယန်းနှင့် မိုင် ၂၀ ကျော်ဝေးသော စစ်မျိုဟာ၏ အစွန်ဆုံးစခန်းဖြစ်သည့် နောင်လိုင်ပါဖန်နှင့် ပို့ုင့် ၆၀၄၁ တို့ကို တိုက်ရန်ဆုံးဖြတ်ခဲ့လေသည်။

ထိုဒေသသည် တန့်ယန်းနှင့်သာ အလှမ်းဝေးသော်လည်း ဗကပဗဟို မိုင်းမောနှင့်ကား တစ်ရက်ခရီးသာ ရှိ၏။





ထို့ကြောင့် ဗကပတို့အနေဖြင့် သူတို့အတွက် Line of Communication ဆက်သွယ်ရေးလမ်းကြောင်း တိုပြီး Logistics ခေါ် အုပ်ချုပ်ထောက်ပံ့မှု လွယ်ကူမည့် ပစ်မှတ်ကို ရွေးခဲ့ရာ နောင်လိုင်ပါဖန်နှင့် ပို့ုင့် ၆၀၄၁ တို့သည် ဗကပများအတွက် မျက်စိကျစရာဖြစ်ခဲ့၏။

၁၉၇၈ ခုနှစ် ဖေဖော်ဝါရီအတွင်း၌ ကွမ်လုံအရှေ့ခြမ်းနှင့် အနောက်ခြမ်းတိုက်ပွဲများတွင် အင်အား အလုံးအရင်း သုံးကာ တိုက်ပွဲများဖော်ထုတ်ခဲ့သော်လည်း စခန်းများ မသိမ်းနိုင်ဘဲ အကျအဆုံးသာများခဲ့သဖြင့် ဗကပဗဟိုက အခဲမကျေဘဲ ၎င်းတို့အရန်ထားသည့် တပ်မဟာနှစ်ခုဖြစ်သည့် တပ်မဟာ (၁၂) နှင့် တပ်မဟာ (၈) တို့ကို ဖေဖော်ဝါရီလကုန်တွင် မိုင်းမော၌ စုဖွဲ့ခဲ့လေသည်။

တပ်မဟာ (၈) ၌ တပ်မဟာမှူး ဖုံကြာဖူး၊ ဒုတပ်မဟာမှူး ရန်ကျုံးဝေ၊ နိုင်ငံရေးမှူး ရန်ဖုခန်း၊ ဒုနိုင်ငံရေးမှူး စွင်းတိန့်ယိ တို့ဖြစ်၏။

တပ်မဟာ (၁၂) ၌ တပ်မဟာမှူးဝင်းဆွေခေါ် လင်ချန်၊ ဒုတပ်မဟာမှူး ညီလိုင်ခေါ် ကျောက်ညီလိုင်၊ နိုင်ငံရေးမှူး မြသောင်းခေါ် ကော်ကျစ်မင်တို့ဖြစ်၏။

တပ်မဟာနှစ်ခုလုံးအား လွယ်လ၊ ဝ၊ ကိုးကန့်



www.burmeseclassic.com

www.burmeseclassic.com



စသည့်တိုင်းရင်းသားများကို အမာခံထားကာ ဖွဲ့စည်းထားပေ၏။

ဗကပတပ်များသည် ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် မိုင်းမော်၌စုဖွဲ့ထားရာမှ နမ့်မချောင်းအတိုင်း စုန်ဆင်းလာကြ၍ မတ်လ ပထမပတ်၌ သံလွင်နှင့် နမ့်မဆုံရာ မိုင်းနောင်နှင့် ဆွတ်မားသို့ ရောက်ရှိခဲ့လေသည်။ မိုင်းနောင်နှင့် ဆွတ်မားတွင် လှေဖောင်များ ပြုလုပ်ခြင်း၊ လှူနာထမ်းစင်များ ပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ပြီးသည်နှင့် ၁၉၇၈ ခုနှစ် မတ်လ ၆ ရက်နေ့ နံနက်တွင် သံလွင်အရှေ့ဘက်ကမ်း မိုင်းနောင် ဆွတ်မားမှ အနောက်ဘက်ကမ်း တာဆိုင်းလျှံကူးတို့သို့ အင်အား အလုံးအရင်းနှင့် ဖြတ်ကူးလာတော့သည်။

ဤတွင် ယခုဖော်ပြမည့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး စပါပြီခင်ဗျာ။

**တိုက်ပွဲစတင်ခြင်း**

၁၉၇၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ဗကပတပ်မဟာ(၈)နှင့် တပ်မဟာ (၁၂) တို့မှ အင်အားစုများသည် တာဆိုင်းလျှန်ကူးတို့ဆိပ်မှ





ဖြတ်ကူးလျက် လွယ်စန့်ဆီသို့ ရောက်ရှိလာကြောင်း ကျေးရွာလူထုမှတစ်ဆင့် သတင်းများ ရရှိခဲ့ပါသည်။ ထို့ကြောင့် တပ်ခွဲမှူးဗိုလ်ကြီး သိန်းထွန်းတင်သည် ပတ်ဝန်းကျင်နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေရှိသည့် ဗိုလ်ခင်မောင်အေး ဦးစီးလှုပ်ရှားတပ်စုကို ပွိုင့် ၆၀၄၁ စခန်းသို့ ပြန်လည်ဝင်ရောက်ရန် အကြောင်းကြားခေါ်ယူခဲ့ပါသည်။ ထို့အပြင် လွယ်စန့်စခန်းမှ အင်အားခြောက်ယောက်ပါ တပ်စိတ်တစ်စိတ်အား ထုတ်နှုတ်ကာ သက်နက်ကြီး ခြေကုတ်အဖြစ်ရန်သူမှ အသုံးပြုနိုင်သည့် ပွိုင့် ၅၀၅၈ တောင်ကုန်းအား ကင်းပုန်းဝပ်ရန် စေလွှတ်ခဲ့ပါသည်။ လမ်းတွင် လှုပ်ရှားတပ်စုနှင့် တွေ့ဆုံပြီး ဗိုလ်ခင်မောင်အေးမှ ရန်သူ့အင်အားပေါ်မူတည်၍ ယင်းတပ်စိတ်အား ၎င်းကိုယ်တိုင်ကွပ်ကဲ၍ ကင်းပုန်းဝပ်နိုင်ရန် တပ်ခွဲမှူးသို့ တင်ပြကာ နံနက် ၁၀ နာရီ၊ ၃၅ မိနစ်အချိန်တွင် ချက်ချင်းကင်းပုန်းဝပ်ခဲ့ပါသည်။

၁၉၇၈ ခုနှစ်၊ မတ်လ (၆)ရက်နေ့ည (၉)နာရီအချိန်ခန့်တွင် မုန်းယိုင်ဘက်မှ ဗကပအင်အား ၈၀ခန့်နှင့် လက်နက်ကြီးအဖွဲ့သည် ဗိုလ်ခင်မောင်အေးတို့ ကင်းပုန်းဝပ်စောင့်ဆိုင်းနေရာတောင်ကုန်းသို့ ချဉ်းကပ်ချီတက်လာရာ



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်က ၎င်းတို့နှင့် ကိုက် (၅၀)အကွာခန့်အထိ အကပ်ခံ၍ စတင်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အနီးကပ် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပါသည်။ ရန်သူများမှာ ယင်းတောင်ကုန်းကို သိမ်းပိုက်ရန်အတွက် အကြိမ်ကြိမ် ကြိုးစားခဲ့သော်ငြားလည်း နောက်ဆုံးတွင် အထိနာစွာဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့ကြပါသည်။ သို့ရာတွင် အပြီးတိုင် ဆုတ်ခွာသွားခြင်းမဟုတ်ဘဲ လက်နက်ကြီးပစ်ကူများသုံးပြီး ထပ်မံလုံးထွေး တိုက်ခိုက်ရန်အတွက် ကြိုးစားခဲ့ပြန်ပါသည်။ ထို့ကြောင့် ပွိုင့် ၆၀၄၁ စခန်းမှ လက်နက်ကြီး ပစ်ကူများ ပေးပြီး ပြန်လည်ခုခံ တိုက်ခိုက်ခဲ့ကြပါသည်။ ရန်သူသည် ထိုတောင်ကုန်းကို သိမ်းပိုက်ရရှိနိုင်ရန်အတွက် ငါးကြိမ်တိုင် ကျားထိုးရန် ကြိုးစားခဲ့သည်ကိုလည်း တပ်မတော်က ရှုပ်ရှုပ်ချုံချုံ ခုခံတွန်းလှန်နိုင်ခဲ့ပါသည်။ ဗကပတို့သည် ထိုတပ်စိတ်ကို နောက်မှ ဝိုင်းပတ်တိုက်ခိုက်ရန် ကြိုးစား လာသည့်အတွက် ပင်မတောင်ကုန်းဆီသို့ အဖွဲ့လိုက် ဆုတ်ခွာစေခဲ့ရာ လမ်းတွင် ရန်သူအဖွဲ့နှင့် ထပ်မံ တွေ့ဆုံ တိုက်ပွဲဖြစ်ခဲ့ပြီး ဗိုလ်ခင်မောင်အေး ကျဆုံးခဲ့ရပါသည်။

ရန်သူသည် ထိုပွိုင့် ၅၀၅၈ တောင်ကုန်းအား ခြေကုပ်ယူကာ ယင်းမှတစ်ဆင့် တောင်ကြောအတိုင်း



၁၉၅၈ နောင်လိုင်ပါဖန် နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကာလက ပွိုင့် ၆၀၄၁ လွယ်စန့်တောင်ကြောမှ တပ်ခွဲ တစ်ခွဲဖြင့် ဗကပများကို နှစ်ပါတ်ကျော်စွမ်းစွမ်းတမံ ခုခံတိုက်ခဲ့သည့် ဗိုလ်မှူးသီဟသူရ သိန်းထွန်းတား



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးသီဟသူရသိန်းထွန်းတင် စွမ်းရည်တွဲလက်စံရယူစဉ်က
ဇနီးသည်နှင့် အတူတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးသီဟ သူရ သိန်းထွန်းတင်နှင့် ပွိုင့် ၆၀၄၁ လွယ်စန့်တောင်ကြော

www.burmeseclassic.com

www.burmeseclassic.com



ခန်းသို့ ချဉ်းကပ်လာခဲ့ကြပြီး နားလိန်ရွာဘက်တွင် တပ်ဖြန့်ရင်း ငြိမ်နေခဲ့သည်ကို တွေ့ရှိရပါသည်။ ရန်သူသည် ပို့င့် ဗ၀၄၁ စခန်းအား ရင်ဆိုင်ထားခဲ့ပြီးနောက် ဇွန်လ (၇)ရက်နေ့တွင် နောင်လိုင်နှင့် ပါဖန်စခန်းတို့အား နံနက် (၆)နာရီအချိန်မှအစပြု၍ ရန်သူအင်အား (၆၀၀) ခန့်နှင့် လက်နက်ကြီး ပစ်ကူယူကာ စတင်တိုက်ခိုက်သည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပို့င့် ဗ၀၄၁ စခန်းမှ လက်နက်ကြီးပစ်ကူပေးခဲ့ရာ မွန်းလွဲ(၁)နာရီအချိန်ခန့်တွင် ရန်သူဘက်မှ ငြိမ်သွားခဲ့ပါသည်။ ထိုအချိန်တွင်ပင် ရန်သူ၏ တပ်ဖြန့်မှုကို သိလိုသဖြင့် သွေးတိုးစမ်းတိုက်ခိုက်ရန် နားလိန်ရွာသို့ တပ်စိတ်တစ်စိတ် ထွက်ထောက်လှမ်းစေခဲ့ပါသည်။ ၎င်းရွာထဲတွင် ရန်သူအင်အား ၃၀ ခန့်နှင့် အနီးကပ် ထွေးလုံးရစ်ပတ်တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ထိုအဖွဲ့သည် ပို့င့် ဗ၀၄၁ စခန်းသို့ ညနေ သုံးနာရီတွင် ပြန်လည်ရောက်ရှိပါခဲ့ပါသည်။ ထိုအဖွဲ့မှ စစ်သည်တစ်ဦး ကျဆုံးခဲ့ပါသည်။ ရန်သူသည် ပို့င့် ဗ၀၄၁ တောင်ကုန်းရှိ စခန်း(၂)ခုကြားသို့ အင်အား ၂၀၀ခန့်ဖြင့်ရောက်လာပြီး လက်နက်ငယ်၊ လောင်ချာတို့ဖြင့် ပြင်းထန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စခန်းနှစ်ခုလုံးမှ



www.burmeseclassic.com

စနစ်တကျ ပြန်လည် ခုခံတိုက်ခိုက်ခဲ့သဖြင့် ရန်သူများ အထိနိုက် အကျဆုံးများစွာဖြင့် ပြန်လည်ဆုတ်ခွာ သွား ကြရပါသည်။

**တိုက်ပွဲပြင်းထန်သော နေ့ရက်များ**

နောက်တစ်နေ့ဖြစ်သော မတ်လ (၈)ရက်နေ့တွင် ဗိုလ်ကြီးသိန်းထွန်းတင်ဦးစီးသော အင်အား (၅၇) ယောက် စခန်းအား နံနက် ၆–နာရီမှစတင်၍ ၈၂ မမ၊ ၅၇ မမ ဗွိုင့် ၅စက်သေနတ်ကြီး၊ ၆၀ မမစိန်ပြောင်း တို့ဖြင့် ပြင်းထန်စွာ ပစ်ခတ်တိုက်ခိုက်လာခဲ့ပါသည်။ ရန်သူ အဝေးလက်နက်ကြီးဖြင့်သာ ပစ်ခတ်ခဲ့ခြင်းဖြစ်၍ မိမိ စစ်သည်များက တုံ့ပြန်ပစ်ခတ်ခြင်း မပြုခဲ့ပေ။ ဤသို့ မိမိတပ်မှ ကျည်မဖြုန်းဘဲ ငြိမ်သက်နေခြင်းကို အားမရ သော ဗကပများသည် တောင်ဘက်စခန်းကုန်းအား တောင်ဘက်မျက်နှာစာမှ ချဉ်းကပ်တိုက်ခိုက် ခဲ့ကြပြန် သည်။ မိမိစစ်သည်များက ထိုသို့ချဉ်းကပ်လာသော ရန်သူများကို လက်ပစ်ဗုံးများဖြင့် ပြန်လည်ပစ်ခတ်တိုက် ခိုက်သဖြင့် ရန်သူများ စခန်းအနီးသို့ မကပ်နိုင်ဘဲ ပြန်လည် ဆုတ်ခွာသွားခဲ့ကြရပါသည်။ အလားတူ မြောက်ဘက်စခန်း

မြရတနာစာပေ



ကုန်းကိုလည်း မြောက်ဘက်တောင်စောင်းမှ ၄၀ မမ ောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာ မိမိစခန်းပေါ်မှ ၂ လက်မစိန်ပြောင်းဖြင့် ပြန်လည် ပစ်ခတ်တိုက်ခိုက်မှု ကြောင့် ရန်သူများ အထိနာစွာ ပြန်လည်ဆုတ်ခွာ တ်ပြေးသွားခဲ့ကြရပါသည်။ ရန်သူများသည် အနီးကပ် တိုက်ခိုက်ရန် သွေးလန့်သွားသည်ဖြစ် ၍ အဝေးမှပင် က်နက်ကြီးများအား အသုံးပြု ပစ်ခတ်ကာ စခန်းများအား တ်ဆိုင်ရင်ဆိုင်ထားခဲ့ပါသည်။

မတ်လ (၉)ရက်နေ့ နံနက် ၅ နာရီအချိန်တွင် ကြီးသိန်းထွန်းတင်ဦးစီးသော အင်အား ၅၇ ယောက် ာ ရှိသည့် တောင်ကုန်းစခန်းအား လက်နက်ကြီးပစ်ကူ ားဖြင့်လည်းကောင်း၊ တောင်ဘက်စခန်းကုန်းအား ာင်ဘက်နှင့် မြောက်ဘက်စခန်းကုန်အား မြောက်ဘက် က်နှာစာမှလည်းကောင်း တက်ရောက်သိမ်းပိုက်နိုင်ရန် ကြိုးစားခဲ့ကြပြန်ပါသည်။ တပ်မတော်မှ စခန်းအနီးသို့ ချဉ်းကပ်တက်ရောက်လာသော ရန်သူများအား ကျည် တ်တောင့် လူတစ်ယောက်နှုန်းဖြင့် ပစ်ခတ်ခြေမှုန်းခဲ့၍ လည်းကောင်း၊ ထိုနေ့တွင် တပ်မတော် လေတပ်က ကြောင်းပစ်ကူပေးတိုက်ခိုက်ခြင်းကြောင့်လည်းကောင်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အထိအနိုက် အကျအဆုံးများစွာဖြင့် ပြန်လည် ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြပါသည်။ ရန်သူက မည်မျှအင်အား ကြီးမားစွာ တိုက်ခိုက်စေကာမူ တပ်မတော်မှ စစ်သည်များ သည် လေ့ခွက်ချည်းကျန် အလံမလဲစတမ်း ခုခံကာကွယ် ပြီး စည်းလုံးညီညွတ်စွာဖြင့် ရှုပ်ရှုပ်ချွံချွံ ခုခံကာကွယ်နိုင်း ကြသည်သာ ဖြစ်ပါသည်။

မတ်လ ၁၀ ရက်နေ့တွင်မူ ရန်သူမှ သူရဲဘော ကြောင်သော လုပ်ရပ်တစ်ခုကို လုပ်ကိုင်လာခဲ့ပါသည် တပ်မတော်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းဖြင့် အထိနာ ခဲ့ပြီဖြစ်သော ဗကပတို့သည် ခြံစည်းရိုးနှင့် စခန်း မီးလောင်တိုက်သွင်းရန် စခန်းအခြေမှ မီးရှို့ခဲ့ကြခြင် ဖြစ်ပါသည်။ သို့ရာတွင် တပ်မတော်သားများမှာ မူလ ပင် မီးတားအဖွဲ့၊ မီးငြိမ်းသက်ရေးအဖွဲ့ လုံခြုံရေးအဖွဲ့မျာ ဖွဲ့စည်းပြီးဖြစ်ရာ ရန်သူတို့၏ ညစ်ပတ်သောအကြံ အလွယ်တကူ ဖြိုဖျက်နိုင်ခဲ့ပေသည်။ သို့ရာတွင် မီးငြိမ်း သတ်နေစဉ် ရန်သူမှ ပွိုင့် (၅)စက်သေနတ်ကြီးဖြင့် ပစ်ခတ် တိုက်ခိုက်မှုကြောင့် စစ်သည်အချို့ ဒဏ်ရာရရှိခဲ့ပါသည်

မတ်လ ၁၁ ရက်နေ့တွင်မူ ရန်သူသည် အနား မကပ်သေးဘဲ အဝေးမှ လက်နက်ကြီးများဖြင့်လည်းကောင်း





သက်နက်ငယ်တစ်ကမ်းအကွာမှ ကျည်ဖြန်းတီးခြင်းဖြင့် သည်းကောင်း ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့ကြပါသည်။ သို့ရာတွင် ၎င်းတို့၏ ပစ်ခတ်မှုမှာ ထိရောက်မှု မရှိလှပေ။ သို့ကြောင့်လည်း တပ်မတော်သားများသည် ပြန်လည် ပစ်ခတ်ခြင်းမပြုဘဲ ငြိမ်သက်စွာ ရန်သူကပ်လာမည့်လမ်း ကိုသာ စောင့်ဆိုင်းနေခဲ့ကြပါသည်။ ထိုနေ့ မွန်းလွဲ ၁ နာရီအချိန်ခန့်တွင် ပါဖန်ဘက်မှ ရန်သူအင်အား ၅၀ ခန့် အဖွဲ့တစ်ဖွဲ့သည် လွယ်စန့်ရွာသို့ လာနေကြကြောင်း အတိုင်းသား မြင်တွေ့နေရပါသည်။ ထိုအချိန်တွင်ပင် ရန်သူတို့သည် ပန်ဆင်တောင်ကုန်းတွင် ကွပ်ကဲမှုအဖွဲ့ ထားရှိပြီး ၈၂ မမနှင့် ၅၇ မမများအား တောင်ဘက်စခန်း ကုန်း၏ တောင်ဘက်ပွိုင့် ၅၁၈၁ တောင်ကုန်းသို့ ရွှေ့ပြောင်းနေကြသည်ကိုပါ တွေ့ရှိရပါသည်။ ထိုနေ့တစ်နေ့ လုံး ရန်သူသည် စခန်းများအား လာရောက်တိုက်ခိုက်ခြင်း အလျဉ်းမပြုလုပ်ခဲ့ကြပေ။

ရန်သူမှ ဤသို့ ငြိမ်သက်နေခြင်းမှာ အားမွေးနေ သည်ဟုပင် ယူဆရပေမည်။ အဘယ်ကြောင့်ဆိုသော် နောက်တစ်နေ့ဖြစ်သော မတ်လ ၁၂ ရက်နေ့တွင် ရန်သူ သည် နံနက် ၆ နာရီအချိန်မှစ၍ လက်နက်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြု စုပြုပစ်ခတ်ကာ စခန်း၏ အနောက်မြောက်ဘ
နှင့် တောင်ဘက်မျက်နှာစာ စခန်းနှစ်ခုအကြားမှ ချဉ်းက
တိုက်ခိုက်ရန် ကြိုးစားလာခဲ့ကြပါတော့သည်။ တပ်မတော်
သားများသည် မပိုင်လျှင် မပစ်ဘဲ ခြံစည်းရိုး အနီး
ကပ်လာသည်အထိ စောင့်ဆိုင်းနေခဲ့ကြပါသည်။ ရန်
သည် ခြံစည်းရိုးအနီးသို့ ကပ်နိုင်သည်နှင့် ခြံစည်းရိုးများအ
ကြိုးဖြင့် ဆွဲလှဲခြင်း၊ မပြိုလဲသော ခြံစည်းရိုးများအား
မမလောင်ချာများဖြင့် ပစ်ခတ်ဖြိုလှဲခြင်းများကို ပြုလုပ်
ကြပါသည်။ ထို့နောက် အသုတ်လိုက် တက်လာကြ
မြောက်ဘက်တောင်ကုန်းအား အင်အား ၁၅၀ခန့်ဖြင့်လ
ကောင်း စခန်းများအား သိမ်းပိုက်နိုင်ရန် ချဉ်းကပ်လာ
ကြသည်ကို တွေ့ရှိရပါသည်။ တပ်မတော်သားများသ
ဝင်ရောက်လာသော ရန်သူများကို စနစ်တကျနှင့် စိ
အေးဆေးစွာထား၍ ကျည်တစ်တောင့် လူတစ်ယောက်
ဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာ ရန်သူမှာ များစွာ အထိနာခဲ့
ပေသည်။ သို့သော် ရန်သူသည် နောက်ဆုတ်လျှင်လ
အချင်းချင်းက သတ်တော့မည့်တူတူ နေမထူးသော
ဆိုသည့်အတိုင်း တပ်မတော်သားများကို ထွေးလုံးရစ်
တိုက်ခိုက်ရန်အထိ ကြိုးစားလာခဲ့ကြသည်။ တပ်မတေ





သားများကလည်း စနစ်တကျ ပြန်လည်တွန်းလှန်ခဲ့မှုကြောင့် ရန်သူသည် သုံးကြိမ်တိုင်တိုင် ကျားထိုးကာ သိမ်းပိုက်နိုင်အောင် ကြိုးစားခဲ့ကြသည်ဆိုသော်လည်း ၎င်းတို့အလောင်းများပင် မကောက်နိုင်တော့ဘဲ ကစဥ့်ကလျားနှင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြရပါတော့သည်။

မိမိတို့ တပ်မတော်သားများ၏ အနီးကပ် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကတုတ်ကျင်းများ၏ နှုတ်ခမ်းဝတွင် အသက်ထွက်သွားခဲ့သော ရန်သူ့အလောင်းများထံမှ အမ် ၂၉ စက်ကလေးတစ်လက်၊ အမ် ၂၂ လေးလက်၊ ၄၀ မမလောင်ချာတစ်လက်ပေါင်းခြောက်လက်ကို သိမ်းဆည်းရမိခဲ့ပါသည်။ ထိုလက်နက်များဖြင့်ပင် ရန်သူကို ပြန်လည်ထိုးပြန်ပစ်ခတ်ကာ ရန်သူ့လက်နက်ကို ကိုယ့်လက်နက်အဖြစ် အသုံးပြုခဲ့ကြသည်။ ထိုနေ့နေ့လယ်တွင် ဒုတိယအကြိမ်လက်နက်ကြီး လက်နက်ငယ်နှင့် လက်ပစ်ဗုံးများသွန်ပစ်ပစ်၍ စခန်းအားသိမ်းပိုက်နိုင်ရန် ထပ်မံကြိုးစားခဲ့ကြပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးသိန်းထွန်းတင် ဒဏ်ရာရရှိပြီ

ထိုအချိန်တွင် တပ်ခွဲမှူးဗိုလ်ကြီးသိန်းထွန်းတင်မှာ ရန်သူတို့ကို ၎င်းကိုယ်တိုင် ၂ ရက်ဘိစိန်ပြောင်းဖြင့် ပစ်ခတ်ချေမှုန်းနေစဉ် ရန်သူ့လောင်ချာ ၄ လုံးဆက်တိုက် ယင်းနေရာ အနီးတဝိုက်သို့ကျရောက်ပေါက်ကွဲခဲ့သဖြင့် တပ်ခွဲမှူး၏ ဘယ်ဘက်မျက်လုံးတွင် ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။ သို့ရာတွင် တပ်မှူးခွဲဗိုလ်ကြီးသိန်းထွန်းတင် အနေဖြင့် ဒဏ်ရာရရှိသောမျက်လုံးကို ပုဆိုးစဖြင့်ဖြစ်သလိုချည်နှောင်၍ ဆက်လက်တိုက်ပွဲဝင်ခဲ့ပါသည်။ ထိုတိုက်ပွဲသည်လည်း အနီးကပ်တိုက်ပွဲပင်ဖြစ်သောကြောင့် တိုက်ပွဲမှာပြင်းထန်ခဲ့ပါသည်။ မြောက်ဘက်စခန်းကုန်းတွင် လေးဦးကျဆုံးကာ သုံးဦးမှာပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြပါသည်။ တစ်ဆက်တည်းပင် တောင်ဘက်စခန်းကုန်းကိုလည်း ရန်သူမှ အလုံးအရင်းဖြင့် တိုက်ခိုက်လျက်ရှိရာ အထက်ဌာနသို့ လေကြောင်းပစ်ကူခေါ်ယူ၍ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ရန်သူတို့မှာ ရှေ့သို့ဆက်မတက်နိုင်တော့ဘဲ အလောင်း များကိုထားခဲ့ကြရကာ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြရပါတော့သည်။ ခြံစည်းရိုးအစပ်တွင်မူ ရန်သူ့အလောင်း ၇၀ ခန့်ပြန့်ကြဲ

မြရတနာစာပေ



ကျန်ရစ်ခဲ့ပါသည်။ သို့ရာတွင် တောင်ဘက်စခန်းကုန်းတွင် ဒဏ်ရာရသူများပြားနေ၍ ဖောက်ထွက်ကာတပ်ခွဲရုံးနှင့် ပူးပေါင်းရန် ကြိုးစားရာမှ ရန်သူဖြတ်တောက်ရေးကင်းအဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွား ခဲ့ပြီး စခန်းမှူးကျဆုံးခဲ့ရပါသည်။ မြောက်ဘက်စခန်းကိုမူ ရန်သူတို့လုံးဝသိမ်းပိုက်ခြင်းမပြုနိုင်ဘဲ အကျအဆုံး များစွာဖြင့်သာ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားကြရပါသည်။

မတ်လ (၁၃)ရက်နေ့ နံနက်ဖြနာရီခန့်တွင် ပို့ဖြဝေဝှာ စခန်း၏ တောင်ဘက်ကုန်းတွင် ဗကပများ တက်ရောက်နေရာယူနေကြောင်းကင်းအဖွဲ့၏ သတင်းပို့ချက်အရ ထောက်လှမ်းခဲ့ရာ ရန်သူ ၅၀ ခန့်မှာ တောင်ဘက်စခန်းကုန်းအား ခြေကုပ်ယူထားကြောင်း တွေ့ရှိရလေသည်။ ထို့ကြောင့် လေကြောင်းပစ်ကူတောင်းပြီး တောင်ဘက်ခန်းကုန်းကို လေကြောင်းမှ ပစ်ခတ်ချေမှုန်းခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် ရန်သူသည် ပင်မစခန်းကုန်းအား စီးနင်းနိုင်ရန် ထပ်မံကြိုးစားခဲ့ကြောင်းတွေ့ရှိရပါသည်။ သို့ရာတွင် စစ်သည်များသည် လှေခွက်ချည်းကျန်အလုံ မလှုပ်စတမ်း စိတ်ဓာတ်ဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့ရာ ရန်သူသည်စခန်းအား ဘက်ရောက်သိမ်းပိုက်ခြင်းမရှိဘဲ အလောင်းများကိုသာ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**ထင်း၍** ဆုတ်ခွာထွက်ပြေးသွားခဲ့ကြရပါသည်။

ထိုနေ့ညနေ ၃ နာရီအချိန်ခန့်တွင် ဗကပအင်အား ရဝခန့်သည်လွယ်စန့်ရွာဘက်မှ မိမိပို့င့်ဖြဝဍ္ဍာ တောင်ကုန်း ပတ်ဝန်းကျင် တစ်ဝိုက်သို့အင်အားဖြည့်တင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင်တပ်ခွဲမှူးအပါဝင် စခန်းရှိ တိုက်ပွဲဝင်အကြပ်စည်စစ်သည်အားလုံးမှာ လက်ရှိနေရာတွင် စနစ်တကျခုခံတိုက်ခိုက်ရင်း တိုင်းပြည်နှင့် လူမျိုးအတွက် ဂုဏ်သိက္ခာရှိရှိဖြင့် အသက်ကိုသာ အသေခံကာတိုက်ပွဲ ဝင်သွားကြရန် သန္နိဋ္ဌာန်ချထားခဲ့ကြပြီဖြစ်ပေသည်။

ညနေ၅နာရီအချိန်ခန့်တွင် ယောင်လိုင်နှင့် ယောင်ကရော့ ရွာများဘက်မှ မြင်း၊ လား ၁၄ ကောင်နှင့် အတူ ဗကပအင်အား ၃၀၀ ခန့် အင်အားဖြည့်တင်း ရောက်ရှိလာကြောင်း စခန်းပေါ်မှအတိုင်းသားမြင်တွေ့ရပါသည်။ ထိုအခြေအနေအရရန်သူသည် မိမိတပ်မတော်သားများနှင့် စခန်းအားအပြီးအပိုင်ချေမှုန်းတိုက်ခိုက်ရန် အပြင်းအထန် ကြိုးစားလာဦးမည်ဟု အဓိပ္ပါယ်ဆောင်နေကြောင့်ကိုကား အထူးပြောရန်မလိုတော့ပေ။

ထိုကြောင့်လည်းတပ်ခွဲမှူးသည် အခြေအနေအရပ်ကို သုံးသပ်ကာ နောက်ဆုံးအချိန်အထိ တိုက်ပွဲ ဝင်သွား





နိုင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ခဲ့ပေသည်။ ထို့အပြင် အထက်ဌာနသို့လည်း နောက်တစ်နေ့ မတ်လ ၁၄ ရက်နေ့ နံနက် ၆နာရီတိတိအချိန်တွင် အဆက်အသွယ်ရသည် ဖြစ်စေ မရသည်ဖြစ်စေ မိမိတို့စခန်းပေါ်သို့ လေကြောင်း ပစ်ကူးရန်တင်ပြတောင်းခံခဲ့သည်။ ဤအချက်သည်ပင်လျှင် တပ်မတော်သားတို့သည် မိမိတို့အသက်ကို ရင်း၍ ရန်သူကို လက်စတုံးချေမှုန်းနိုင်ရေးအတွက် အောင်စိတ်အပြည့်ဖြင့် ခံဝိကထားကာစွန့်လွှတ်စွန့်စားသော စိတ်ကိုပြသနေပြီ ဖြစ်ပါသည်။

တပ်ခွဲမှူးအပါအဝင် တပ်မတော်သားများ သုံးသပ် မှန်းဆသည့်အတိုင်း မှန်ကန်ခဲ့ပေသည်။ အဘယ်ကြောင့် ဆိုသော် အမျိုးသားသစ္စာဖောက် ဗကပများသည် အမှောင် ထုကို အကာအကွယ်ယူကာ မိမိမြောက်ဘက်ကုန်းအား စခန်းနှစ်ခုအကြားမှ အနီးကပ် ချဉ်းကပ်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ပြုလုပ်ခဲ့ဟန်ရှိလေသည်။ ရန်သူ၏ ကျင်းတူးသံများကိုပင် အတိုင်းသားကြားနေရပြီဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် ရန်သူသည်ဖြန့်ခွဲထားသော ၎င်း၏ လက်နက်ကြီးများဖြင့် စခန်းအပေါ်သို့စုပြုပစ်ခတ်မှုများကို လည်း ပြုလုပ်လာခဲ့ကြသည်။ စခန်းရှိ တဲများပင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့လက်နက်ကြီးကျည်ထိမှန်ကာ မီးလောင်ခဲ့ပါသည်။ ထိုမီးရောင်ကြောင့် တပ်ခွဲမှူး၏လှုပ်ရှားကွပ်ကဲနေပုံကို လှမ်းမြင်ရသော ဗကပများက နောက်ပွင့်ရိုင်ဖယ်ဖြင့် တိုက်ရိုက်ချိန်တွယ်ပစ်ခတ်ခဲ့ကြသည်။ တပ်ခွဲမှူးကိုမထိသော်လည်း ဆက်သွယ်ရေးစက်မှ ကောင်းကင်ကြိုးများ အပိုင်းပိုင်းပြတ်တောက်သွားခဲ့ရသည်။ ထိုအချိန်မှစ၍ ပွိုင့် (၆၀၄၁) စခန်းနှင့်အထက်ဌာနအဆင့်ဆင့်တို့ အဆက်အသွယ်ပြတ်တောက်သွားခဲ့တော့သည်။ သို့ရာတွင် တပ်မတော်သားတို့မှာ စိုးစဉ်းမျှနောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်သာဖြစ်ပါသည်။

**ခွါစစ်ဆင်ရန်ဆုံးဖြတ်ခြင်း**

ယင်းကဲ့သို့ အခြေအနေတွင်တပ်ခွဲမှူးအနေဖြင့် တိုက်ပွဲဝင်မိမိ စစ်သည်များကို ကြပ်မတ်ကွပ်ကဲရင်း ရန်သူကို အများဆုံးသုတ်သင်ချေမှုန်းနိုင်ရန်ကိုသာ အလေးထားခဲ့သည်။ သို့ရာတွင်တပ်မတော်သားများထံတွင် ကျည်အင်အားများစွာနည်းသွားခဲ့ပြီဖြစ်သည်။ ပျမ်းမျှ တစ်ယောက်လျှင် ကျည်အရေအတွက် ၂၀ ခန့်သာ ကျန်ရှိတော့သည်။ တပ်ခွဲမှူးသည် အခြေအနေအရပ်ရပ်ကိုတွက်ချက်ကာ





အလေးအနက်စဉ်းစားပြီးနောက် ထိုနေ့ညရနာရီတိတိအချိန်တွင် စခန်း၏အနောက်ဘက်မျက်နှာစာမှ ဖောက်ထွက်ရန်ဆုံးဖြတ်လိုက်လေသည်။ မှန်ပေသည်။ တပ်မတော်အနေဖြင့်ကျည်ကုန် လက်နက်မဲ့ ဘဝဖြင့်ရန်သူအဖမ်းအဆီးတို့ ခံရခြင်းထက် လက်ရှိ အခြေအနေမှဖောက်ထွက်ကာ နောင်အခါ ယခုကဲ့သို့အခွင့်အရေးကြုံလာပါက ရန်သူကို ပိုမိုသုတ်သင်သတ်ဖြတ်ရန် အခြေအနေများကိုဖန်တီးယူနိုင်မည် ဖြစ်ပါသည်။ ထို့အပြင်ရန်သူကိုလည်းအထိနာအောင် သုတ်သင်နိုင်သမျှ သုတ်သင်ပြီးဖြစ်ရာ တပ်မတော်၏ စွမ်းရည်သတ္တိကိုပြသနိုင်ခဲ့ပြီလည်းဖြစ်ပါသည်။

**ဖေါက်ထွက်ကြပြီ**

တပ်ခွဲမှူးသည် သူ၏ ဆုံးဖြတ်ချက်အတိုင်း ဖောက်ထွက်နိုင်ရေးအတွက်အဖွဲ့များကို စနစ်တကျဖွဲ့စည်းခဲ့ပါသည်။ မသယ်ဆောင်နိုင်သော လက်နက်ခဲယမ်းများ၊ စာရွက်စာတမ်းများနှင့်ရိက္ခာပစ္စည်းများကို ဖျက်ဆီးလိုက်သည်။ ထို့နောက်သတ်မှတ်ထားသည့်အတိုင်း ဒဏ်ရာရ သူနာများနှင့် တပ်ခွဲမှူးအဖွဲ့က ရှေးဦးစွာဖောက်ထွက်ခဲ့သည်။ အလုပ်သင်ဗိုလ်ဝင်းမြင့်နှင့် အင်အား ငါးယောက်



www.burmeseclassic.com

www.burmeseclassic.com



က နောက်ချန်နေပြီး စခန်းကိုစောင့်ထိန်းထားကာ နာရီဝက်ခန့်ကြာမှ တပ်ခွဲမှူးဖောက်ထွက်ရာလမ်းအတိုင်း ဆက်လက်သွားခဲ့ကြလေသည်။

တပ်ခွဲမှူးနှင့်အဖွဲ့သည် ကြယ်ရောင်ကိုသာ အားပြုကာ သတိကြီးစွာဖြင့်ချီတက်ခဲ့ကြသည်။ တပ်ခွဲမှူးသည် မျက်လုံးတစ်ဖက်တည်းကိုသာအားပြုကာ ခက်ခဲစွာ လှုပ်ရှားနေရလေသည်။ တပ်ခွဲမှူးနှင့်အဖွဲ့သည် နမ့်မလောင်းချောင်းဖျားသို့ မတ်လ ၁၄ ရက် နံနက် ၁ နာရီ အချိန်ခန့်တွင် ရောက်ရှိသွားကြသည်။ ထိုနေရာတွင်ပင် ဖြစ်သလို အိပ်လိုက်ကြရပြီး နံနက်၃နာရီကျမှ နမ့်မလောင်းချောင်းအတိုင်း ဆက်လက်ဆင်းလာခဲ့ရာ သံလွင်မြစ်ကမ်းသို့ နေ့လယ် ၁၂ နာရီခွဲအချိန်ခန့်တွင် ရောက်ရှိခဲ့သည်။

## ပြည်သူတို့၏လှိုက်လှဲပျူငှာသောအကူအညီ

နောက်တစ်နေ့တွင် အထောက်တော်လွှတ်၍ ပန်မွန်းရွာသူရွာသားများနှင့် ဆက်သွယ်နိုင်ခဲ့သည်။ ရွာသူရွာသားများသည် ပြည်သူ့တပ်မတော်အပေါ် များစွာ ခင်မင်ကြည်ညိုလေးစားရင်းစွဲရှိသည့်အလျောက် နံနက်စာ ကျွေးသည်။ တောင်ဘက်စခန်းမှ ဖောက်ထွက်ကြရာတွင်





ခြေထောက်မှ ဒဏ်ရာဖြင့်လူစုကွဲလာသော စစ်သည်တစ်ဦး အားရွာသားများက တပ်ခွဲမှူးထံပြန်အပ်ခဲ့သည်။ ထို့နောက် လမ်းပြနှစ်ယောက်ဖြင့် နမ်းကျိုန်ရွာသို့ ဆက်ပို့ပေးခဲ့ကြသည်။ နမ်းကျိုန်ရွာတောင်ယာတဲတစ်တဲသို့ ရောက်နှင့်နေသော တောင်ဘက်ကုန်းစခန်းမှ ဖောက်ထွက်လာသော တပ်စိတ်နှင့်ဆုံခဲ့သည်။ တဖြည်းဖြည်း ပါဖန်မှ ဖောက်ထွက်လာသော တပ်စိတ် တစ်စိတ်၊ နောက်ချန်အဖွဲ့ဖြစ်သော အလုပ်သင်ဗိုလ်ဝင်းမြင့်နှင့်အဖွဲ့တို့ မတ်လ ၁၆ ရက်နေ့တွင် အားလုံးပြန်ပေါင်းမိခဲ့ကြသည်။ ပိန်းလွန်းရွာသို့ တပ်ခွဲမှူးမှအထောက်တော် စေလွှတ်ရာ ခမရ (–) စစ်ကြောင်းနှင့် အဆက်အသွယ်ရရှိကာ ပူးပေါင်းမိခဲ့ကြသည်။ ထိုမှတစ်ဆင့် အဆင့်ဆင့်ပို့ဆောင်ပေးခဲ့ကြရာ မတ် ၁၇ ရက်နေ့မွန်းလွဲ ၂ နာရီခွဲအချိန်တွင် တန့်ယန်းသို့ ရောက်ရှိခဲ့ကြသည်။ တန့်ယန်းရှိတာဝန်ရှိသူများနှင့် မြို့သူမြို့သားများကမိမိတို့၏ ရင်နှစ်သည်းချာများပမာ သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြလေသည်။



www.burmeseclassic.com


www.burmeseclassic.com



**တိုက်ပွဲနိဂုံး**

နိဂုံးချုပ်အနေဖြင့် ဖော်ပြလိုသည်မှာ တပ်ခွဲမှူးဗိုလ်ကြီး သိန်းထွန်းတင်ဦးစီးသော တပ်မတော်သားများသည် ပွိုင့် (၆၀၄၁) စခန်းမှရှစ်ရက်တိုင်တိုင် ရေနှင့် ရိက္ခာ ကုန်သည်အထိ ဖွဲ့သတ္တိကြံ့ခိုင်ပြောင်မြောက်စွာဖြင့် ဗကဖ ၂၀၀ ခန့်ကိုသုတ်သင်ရှင်းလင်းနိုင်ခဲ့သည့်အပြင် ရန်သူကို အထိနာအောင် စွမ်းဆောင်နိုင်ခဲ့ကြပေသည်။ ထို စွမ်းဆောင်နိုင်ချက်မှာ တပ်မတော်သမိုင်းတွင် ထူးခြား ပြောင်မြောက်သော တိုက်ပွဲတစ်ပွဲ အဖြစ်မှတ်ကျောက်တင် မော်ကွန်းထိုးရမည့်ပင်ဖြစ်ပေသတည်း။

❖ ❖ ❖




ခ၉ရုစနောင်လိုင်ပါဖန် နှင့် ပွိုင့်၆၀၄၁ တိုက်ပွဲကာလက ခမရ(၁၀၄) မှအိုင်အိုဗိုလ်ကြီးလှမြင့် (ယခုဦးလှမြင့်ဆွေ Y.C.D.C ဌာနမှူး)



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်မှူးသီဟသူရသိန်းထွန်းတင်

သီဟသူရဘွဲ့

၁။ ကိုယ်ပိုင်အမှတ် – ကြည်း ၁၂၀၁၉

၂။ အဆင့်/အမည် – ဗိုလ်မှူးသိန်းထွန်းတင်

၃။ အမြင့်ဆုံးရရှိသည့်ဘွဲ့ – သီဟသူရ

၄။ ရရှိသည့်နှစ် – (၁၉၈၉)

၅။ ဘွဲ့ရရှိစဉ်တာဝန်ထမ်းဆောင်နေသည့်တပ်ရင်း – အမှတ်(၂)ခြေလျင်တပ်ရင်း

၆။ ဘွဲ့အပ်နှင်းခံရသောအမိန့်အာဏာ – ၁/အထူး/၈၉

မြရတနာတာရေ

www.burmeseclassic.com

## ဘွဲ့ရရှိပုံဖြစ်စဉ်အကျဉ်း

အမှတ် (၂) ခြေလျင်တပ်ရင်းမှ ဗိုလ်မှူးသိန်းထွန်းတင် ဦးစီးသည့် တပ်ခွဲ (၂)နှင့် တပ်ခွဲ (၅)မှ အင်အား (၆၁) ယောက်နှင့် ဗကပ တပ်မဟာ (၁၂) မှ အင်အား (၄၀၀) ကျော်တို့သည် ၆-၃-၇၈ မှ ၁၃-၃-၇၈ အထိ (၈) ရက်တိုင်တိုင် ပွိုင့် (၆၀၄၁) လွယ်ရှ တောင်ကုန်းတွင် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားရာ ဗိုလ်မှူးသိန်းထွန်းတင်သည် ရန်သူက လက်နက်ကြီးများဖြင့် ပစ်ခတ်၍ အကြိမ်ကြိမ်အင်အားစုစည်းတိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားသည့်ကြားမှ စခန်းကို မကျအောင် ထိန်းသိမ်းနိုင်ခဲ့ခြင်း၊ ရန်သူများ အကျအဆုံးများပြားပြီး လက်နက်ခဲယမ်းများရရှိခြင်း၊ တိုက်ပွဲဝင်စစ်သည်တစ်ဦးချင်းထံသို့ သွားရောက်၍ တိုက်ပွဲကို ကြီးကြပ်ကွပ်ကဲရင်း စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ ရေနှင့်ရိက္ခာပြတ်လပ်နေသော်လည်း စိတ်ဓာတ်မကျဘဲ အနိုင်မခံအရှုံးမပေးသည့် သတ္တိ စိတ်ဓာတ်ဖြင့် ရန်သူအား တိုက်ခိုက်ခဲ့ခြင်း၊ မိမိ၏ ဝဲဘက်မျက်လုံးဒဏ်ရာရသည်ကိုပင် ရဲဘော်များနှင့် အထက်လူကြီးများအား သိမပေးဘဲ ဆက်လက်တိုက်ပွဲဝင်ခဲ့ပြီး ရက်ကြာသည်နှင့်အမျှ ကျည်အားနည်းလာသော





ကြောင့် စနစ်တကျအောင်မြင်စွာ ခွာစစ်ဆင်နိုင်ခဲ့ခြင်း သည့် ဗိုလ်မှူးသိန်းထွန်းတင်၏ ခေါင်းဆောင်ပီသသော ဘဲမှု၊ ရဲဝံ့စွန့်စားမှု၊ သူရသတ္တိရှိမှု၊ အနိုင်မခံ အရှုံး စိတ်ဓာတ်ဖြင့် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်မှု၊ ပြည်သူ့ မတော်သားကောင်းပီသမှုတို့ကြောင့် ဗိုလ်မှူးသိန်းထွန်း င်အား နိုင်ငံတော်က သီဟသူရဘွဲ့တံဆိပ် ချီးမြှင့် သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၇ )

## တိုက်ပွဲများနိဂုံးချုပ်ခြင်း

**ဆုံကွေ့ဒေသမှတိုက်ပွဲများ**

ဆုံကွေ့ဒေသမှနည်းဗျူဟာ (၆၆၃) သည် ထိုးရှင်းနှစ်ရင်းဖြင့် တန့်ယန်းနောင်လိုင်ကားလမ်းပေါ်ရှိ ရန်သူကို ရှင်းလင်းတိုက်ခိုက်ရာ ရန်သူသည် မတ်လ ဒုတိယပတ်ကုန်ခါနီးထိ အပြင်းအထန်ခုခံနေသဖြင့် ရန်သူ ခိုင်အမာနေရာယူထားသည့် နေရာများကို တပ်မတော် လေမှ တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်လေမှ နေ့စဉ်ရက်ဆက်ပုံးကြဲတိုက်ခိုက်ခဲ့သည်
၁၀၅ မီလီမီတာအမြောက်ကြီးများ ရောက်ရှိလာ၍ မတ်
ဒုတိယပတ်အကုန်၌ ဆုံကွေ့အမြောက်စခန်းမှ လေ
ကျည်များဖြင့် ရန်သူ့စက်သေနတ်ကြီးနှင့် ၇၅ မီလီမီ
နောက်ပွင့် စခန်းများအားပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

လေကြောင်းတိုက်ခိုက်မှုနှင့် အမြောက်ကြီးမျ
ပစ်ခတ်မှုကြောင့် ရန်သူ့လက်နက်ကြီးများကို တိုက်ခို
ထိမှန်သွားသဖြင့် မတ်လ ၂၀ ရက်နေ့၌ ဆုံကွေ့မှရန်သူ
မြောက်ဘက်သို့ဆုတ်ခွာသွားရာ မိမိတပ်များမှ လိုက်
တိုက်ခိုက်ကြရာ မတ်လ ၂၂ ရက်နေ့တွင် နောင်လိုင်
စခန်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့ပါသည်။

ပွိုင့် ၆၀၄၁ နှင့် ပါဖန်ဒေသမှတိုက်ပွဲများ

ပွိုင့် ၆၀၄၁နှင့် ပါဖန်ဒေသ တိုက်စစ်အတွ
တန့်ယန်းစစ်ဗျူဟာနှင့် တပ်ရင်းနှစ်ရင်းတို့သည် နမ့်မှုဆ
လမ်းကြောင်းအတိုင်း ချီတက်တိုက်ခိုက်ခဲ့ပါသည်။ န
မှုဆယ်အနီးရှိ တောင်ကုန်းများမှ ရန်သူ အင်အား ၅
ခန့်သည် လက်နက်ကြီးများ ၊ RPG များဖြင့် အပြ
အထန်ကျင်းတူးခုခံကြရာ မတ် ၁၄၊ ၁၅၊ ၁၆ သုံးရက်လုံး





နေ့ရော၊ ညပါ ခမရ (-) မှ ထွေးလုံးရစ်ပတ်တိုက်ခိုက်
ကြရာ မတ်လ ၁၇ ရက်နေ့၌ ရန်သူသည် နမ့်မှုဆယ်အနီး၌
တောင်ကုန်းများကို စွန့်လွှတ်၍ ပွိုင့် ၆၀၄၁ ဘက်သို့
ဆုတ်ခွါသွားခဲ့ပါသည်။ မိမိစစ်ဗျူဟာနှင့် တပ်များမှ
ထပ်ချပ်လိုက်လံတိုက်ခိုက်ရာ လမ်းတွင် အကြိမ်ကြိမ်
တိုက်ပွဲများဖြစ်ပွားခဲ့ပြီး မတ်လ ၂၄ ရက်နေ့တွင် ရန်သူ
သိမ်းပိုက်သွားခဲ့သော ပါဖန်နှင့် ပွိုင့် ၆၀၄၁ စခန်းများအား
ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။

ရန်သူ တပ်အားလုံး မတ်လ ၂၄ ရက်နေ့၌ တာဆိုင်းလျှံလူးတို့မှပင် သံလွင်မြစ်ကိုဖြတ်ကူးပြီး မိုင်းမော ဒေသသို့ ဆုတ်ခွါသွားခဲ့ကြပါသည်။ မိမိတပ်များမှ တာဆိုင်း လျှံထိ ရန်သူများကိုထပ်ချပ်လိုက်လံ ရှင်းလင်းခဲ့ပါသည်။


ဤတိုက်ပွဲစဉ်ကြီး တစ်ခုလုံးကြောင့် ဗကပ တပ်မဟာ (၁၂) မှာ အလွန်အထိနာသွားပြီး ဝနယ်မြောက်ပိုင်း၌ တပ်များကိုပြန်လည်ဖွဲ့စည်းရကြောင်း သတင်း ရရှိခဲ့ပါသည်။

❖ ❖ ❖




www.burmeseclassic.com

www.burmeseclassic.com





ပွိုင့် ၆၀၄၁ လွယ်စန်းတောင်တိုက်ပွဲပြမြေပုံ

www.burmeseclassic.com



တန့်ယန်း၊ နောင်လိုင်ပါဖန် နှင့် ဗွိုင်ဖဝ၄ ဒေသပြမြေပုံ

www.burmeseclassic.com




ာရှိုး၊ မိုင်းရယ်၊ တန့်ယန်း။ နောင်လိုင် ဒေသမြေပုံ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

## တိုက်ပွဲသုံးသပ်ချက်များ

**ဝန်မွန်စမ်းဒေါ် ပန်မွန်းတောင်ရှာတိုက်ပွဲသုံးသပ်ချက်**

ဤတိုက်ပွဲတွင် ကျွန်တော်သည် တိုက်ပွဲစသည်မှ ပြီးဆုံးသည် အထိအစအဆုံးကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ပါသည်။ ကျွန်တော်၏ အရာရှိငယ်ဘဝစစ်သက် ၁၂ နှစ်တာကာလ၌ အဆိုးဝါးဆုံးရှုံးနိမ့်မှုကို ခါးသီးစွာ ကြုံခဲ့ရသည့်တိုက်ပွဲလည်းဖြစ်ပါ၏။ ဤတိုက်ပွဲပြီးဆုံးသွားခဲ့သော်လည်း နောင်လိုင်ပါဖန်နှင့် ပို့င့် ၆၀၄၁ တိုက်ပွဲဒို



www.burmeseclassic.com

www.burmeseclassic.com



များ အားလုံးပြီးဆုံးသည်အထိလည်း ဆက်လက်ပါဝင်လှုပ်ရှားခဲ့ရပါသေးသည်။ ထို့ကြောင့်ကိုယ်တိုင် မြင်တွေ့ကြားသိရသည်များကို ကျွန်တော့်အမြင် ကျွန်တော့်အတွေးနှင့် ကျွန်တော့်သုံးသပ်ချက်များအား အဓိက ထားပြီး တင်ပြသွားပါမည်။

ဤပန်မွန်စန်းခေါ် ပန်းမွန်တောင်ရွာတိုက်ပွဲ၌ လူ ၆၀ ပါသောကျွန်တော့်တပ်ခွဲသည် တပ်လုံးပြုတ်နီးပါးမျှ ကျေပြုန်းသွားခဲ့ရ၏။

ဤသို့ဖြစ်ရခြင်း အကြောင်းများအား အောက်ပါ အတိုင်းရှုမြင် သုံးသပ်မိပါကြောင်း ဖော်ပြလိုပါသည်။

## (က) ရန်သူ့သတင်းကောင်းစွာမရရှိခြင်း

ဤတိုက်ပွဲနှင့်ပတ်သက်ပြီး ပထမဆုံး အားနည်းချက်မှာ ရန်သူ့သတင်းကောင်းစွာမရခြင်းပင်။ မတ်လ ၆ ရက်နေ့က နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ အနီးရန်သူ အင်အား ၂၅၀၀ ခန့်စုဖွဲ့လာသည်ကို ဗကပမှန်း ကောင်းစွာ မသိကြပါ။ လွယ်မော်တွေလိုလို ဘာလိုလို ဖြစ်နေကြပါသေးသည်။ ထို့ကြောင့်အားလုံးက သိပ်အလေးအနက် မထားကြ။ ခပ်ပေါ့ပေါ့ဟုသာ ယူဆထားကြ၏။ လွယ်မော်





များသည် တပ်မတော်စခန်းများကို အင်ကြီးအားကြီးနှင့် ဝင်တိုက်လေ့တိုက်ထမရှိပါ။ ညရောက်မှမြေပြင်သတင်းများအရ ဗကပမှန်းသိကြပြီး လုပ်စရာရှိသည်များကို အမြန်ဆောင်ရွက်ကြရသည်။ ရန်သူက ဘာလုပ်မယ်မှန်းလဲ မသိပါ။ ထို့ကြောင့်ဖြစ်နိုင် ချေတွက်ပြီး တပ်ကူများ လွှတ်ရပါသည်။ ကျွန်တော်တို့တပ်ခွဲ မတ်လ ၇ ရက်နေ့မနက် တန့်ယန်းစစ်ဗျူဟာ ရောက်တော့ စခန်းတွေ အတိုက်ခံနေရပြီ၊ စစ်ကူလိုက်သွားတော့ဟုသာ စစ်ဗျူဟာမှ သတင်းပေးနိုင်သည်။ တိတိကျကျဘာမှ မမှာလိုက်နိုင်ပါ။ ထိုနေ့နေ့လယ် သံခမောက်တောင်ကို ရောက်မှသာ တန့်ယန်းမှကြိုရောက်နှင့်နေသော ဗိုလ်မှူးစန်းမောင်နှင့် တပ်ခွဲက ပြောမှသာ နောင်လိုင်စခန်းကျသွားပြီဖြစ်ကြောင်း သိရပါသည်။ စခန်းသာ ကျသွားခဲ့သည်၊ ရန်သူက အင်အား ဘယ်လောက်နဲ့၊ ဘယ်သူတွေခေါင်းဆောင်ပြီး ဘာလက်နက်တွေ သုံးကြောင်းလည်း မည်သူကမှ မပြောနိုင်ပါ။ တကယ်တမ်းရင်ဆိုင်ရသည့်အခါ ရန်သူ ဗကပများတွင် နောက်ပွင့်ရိုင်ဖယ် အမျိုးမျိုး၊ စိန်ပြောင်းအမျိုးမျိုး စက်သေနတ်ကြီး အမျိုးမျိုး စသည့် လက်နက်ကြီးများ အမျိုးစုံပါလာ၏။ ကျွန်တော်တို့ တပ်ခွဲတွင် ဘာလက်နက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှ မပါခဲ့ပါ။ ၃ ဒသမ ၅ လောင်ချာ တစ်လက်သာ ပါပါသည်။ ရန်သူ့ဘက်မှာကား တပ်စိပ်တစ်စိပ်၌ R.P.G ခေါ် ၄က်ပျောဖူး လောင်ချာ တစ်လက်ကျပါလာ၏။ ထို့ကြောင့် ရန်သူ့လက်နက်ကြီးဒဏ်ကို အလူးအလဲ ခံစားရကာ လက်နက်ကြီး ကျည်များ ထိ၍ အများအပြား ဒဏ်ရာရကုန်ကြ၏။ အနီးကပ်ရင်ဆိုင်ကြသောအခါတွင်ကား R.P.G များနှင့် အပစ်ခံ ရပြန်ဖါသည်။ ထိကုန် ကြပြန်သည်။ ဤသို့ဖြင့် ကျည်ကုန် လူကုန် ကုန်ကာ အရေးနိမ့်ရတော့၏။

(ခ) မြေပြင်အခြေအနေကို ကောင်းစွာမသိခြင်း

ဗိုလ်မှူးစန်းမောင် ခေါင်းဆောင်သည့် ကျွန်တော်တို့ တပ်ခွဲ၂ခွဲပါ စစ်ကြောင်းသည် နောင်လိုင်နှင့် တန့်ယန်းကြား ခြေလျင်ချီတက်ခြင်း မလုပ်ဖူးခဲ့ကြပါ။ နောင်လိုင်စခန်းတာဝန်လဲတိုင်း ယာဉ်ဖြင့်သာချီတက် ကြခြင်းဖြစ်ပါ၏။ ထို့ကြောင့် တကယ့်မြေပြင်အခြေအနေကို မသိပါ။ မြေပုံကြည့်ပြီးသာ မှန်းဆရပါသည်။ ချီတက်မှုကလည်း ညချီတက်မှုဖြစ်ရာ မတ်လ ၇ ရက်နေ့ည တစ်ညလုံး ချီတက်ကြပြီး မိုးလင်းသည်နှင့် ရန်သူနှင့် ရင်ဆိုင်တွေ့ကြရာ





မြေအခြေအနေလေ့လာဖို့ ဘာအချိန်မှလဲ မရလိုက်ပါ။ ရန်သူက ပန်မွန်းရွာကြီးသို့ မတ်လ ၇ ရက်နေ့ညကတည်းက ကြိုရောက်နှင့်နေပါပြီ။ လက်ဦးမှုနှင့် အခြေအနေဖန်တီးနိုင်ခွင့် ကျွန်တော်တို့ လက်ထဲမှာ မရှိဘဲ ရန်သူ့လက်ထဲမှာသာ ရှိနေပါသည်။ ရန်သူ့အင်အားကလည်း ငါးရာခန့်ရှိပါသည်။ ရန်သူသည် မတ်လ ၇ ရက်နေ့မနက် နောင်လိုင်စခန်းသိမ်းပြီးနောက် တပ်အနည်းငယ်သာ နောင်လိုင်စခန်းထိန်းရန်ထားခဲ့ပြီး ကျန်ပင်မတပ်ဖွဲ့က ကားလမ်းအတိုင်း တောင်ဘက်သို့ဆင်းအလာ ကျွန်တော်တို့ စစ်ကြောင်းနှင့် သွားတွေ့ခြင်း ဖြစ်ပါ၏။ ကျွန်တော်တို့ အကြောင်းဆိုးသွားတာပေါ့ခင်ဗျာ။

(ဂ) စက်အဆက်အသွယ် ပြတ်တောက်သွားခြင်း

ထိုစဉ်က ကျွန်တော်တို့ တပ်ခွဲ၌ ဆက်သွယ်ရေးစက်မှာ ၁၅၆ စက်သာပါလာ၏။ ၁၅၆ စက်များမှာ ကောင်းစွာ ခေတ်မမီတော့ပါ။ အလွန်ခေတ်နောက်ကျနေပါပြီ။ ဗိုလ်မှူးစန်းမောင် စစ်ကြောင်း၌ အထက်ဌာနနှင့် ဆက်သွယ်ရန် စီတွဲလ်ခေါ် ဆက်သွယ်ရေးစက်တစ်စုံနှင့် ၁၅၆ စက်တစ်စုံ ပါပါသည်။ မတ်လ ၈ ရက်နေ့ နေ့လယ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်တော်တို့စစ်ကြောင်း အထိအခိုက် အကျအဆုံးများ နေကြောင်း စစ်ကြောင်းမှူးက ဗျူဟာတင်ပြရာ ဗျူဟာက ဆုတ်မိန့်ပေးပါသည်။ စစ်ကြောင်းနှင့်ဗျူဟာက စီတွဲလ် စက်ဖြင့်ဆက်သွယ်ကြသည်။ စစ်ကြောင်းက ကျွန်တော်တို့ တပ်ခွဲကို ပြန်ဆက်သွယ်တော့ ၁၅၆ စက်ဖြင့် ဆက်သွယ်သည်။ စက်တွေကမကောင်းရတဲ့အထဲ ရန်သူ့လက်နက်ကြီး ထိသွားသဖြင့် ဆက်သွယ်မရတော့ပါ။ လူလွှတ် အပြောခိုင်းသည် ဆို၏။ မရောက်လာပါ။ ဒီက အကျိုးအကြောင်း သွားပြောသည့် သူလည်း လမ်းမှာကျဆုံးသွားသည်။ နေ့လယ်လောက်ကတည်းက ရန်သူက ကျွန်တော်တို့ တပ်ခွဲနှစ်ခွဲကို ဝိုင်းပတ်ထားသလောက် ဖြစ်နေပါပြီ။ စစ်ကြောင်းက နေ့လယ် ၂ နာရီခန့်တွင် တိုက်ပွဲနေရာက ခွာသွားကြသည်။ ကျွန်တော်တို့ တပ်ခွဲက ဘုမသိ ဘမသိနှင့် ညနေ သုံးနာရီထိုးပြီးသည်အထိ ကျည်ကုန် လူကုန်ခံချခဲ့ပါသည်။ နောက်ဆုံး ဘာမှလုပ်စရာမရှိတော့မှ လုပ်မရတော့မှ စီမံချက်မရှိ ဘာမရှိနှင့် ဒရောသောပါး ဆုတ်ကြရတော့၏။





**စနစ်စီမံချက် မရှိခြင်း**

ဤကိစ္စမှာ ခေါင်းဆောင်မှု ရှုပ်ထွေးခြင်းနှင့်လည်း ဆက်စပ်နေပါသည်။ နောင်လိုင်မှပြန်လာသည့် ခလရ(—) (၄)သည် ကျွန်တော်နှင့် သုံးလေးလ အတူနေပြီးပြီ။ သူတို့ အကြောင်း ကျွန်တော်သိသည်။ ကျွန်တော့်အကြောင်း လည်း သူတို့သိသည်။ ခရီးထွက်ခါနီးမှ မန်ပုံမန်စန့်ဘက်မှ ရောက်လာသော ဗိုလ်ကြီးခင်မောင်အုံးအား တပ်ရင်းမှူး ကြီးက စိတ်ပူလို့ဟုဆို၍ ထပ်ဖြည့်ထည့်ပေးလိုက်သည်။ သူက ကိုယ့်ထက်စီနီယာမို့ သူ့ကို တပ်ခွဲမှူး တာဝန် လွှဲလိုက်ရသည်။ (တကယ်တော့ ကျွန်တော်က သူ့ထက် တပ်ဝင်စီနီယာ လအတန်ငယ်စောပါသေးသည်။ ဤကား စကားချပ်) သူက ကိုယ့်အောက်တပ်စုမှူးဆို ကိစ္စမရှိ၊ တပ်ခွဲမှူးဆိုတော့ အဆုံးအဖြတ်များကို သူက လုပ်ရသည်။ သူ့တင်ပြရသည်။ ထိခိုက်ဒဏ်ရာရသူတွေ များလာလို့ ဆုတ်ကြစို့ဟု သွားပြောတော့ သူက ချကြသေးတာပေါ့ ညီလေးရာဟု ဆိုလာ၏။ သတ္တိနည်းသည် ထင်မှာစိုး၍ သူပြောသည့်အတိုင်း နောက်ထပ် ၇ ဒသမ ၆၂ ကျည် တစ်သေတ္တာ ကုန်သည်အထိ ဆက်တိုက်ခဲ့၏။ အသေ အပျောက် ပိုများသွား၏။ စစ်ကြောင်းနဲ့ ဟိုဘက်ကတပ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



က နွာသွားပြီမို့ ရန်သူတွေက ထန်းလျက်ခဲ ပုရွက်ဆိတ်အုံသလို ကျွန်တော်တို့တပ်ခွဲကို ဝိုင်းလာကြသည်။ နောက်ဆုံး ညနေသုံးနာရီထိုး၌ နန့်မူဆယ်ဘက်က ရန်သူတွေထပ်ရောက်လာပြီး သုံးဖက်သုံးတန်ရန်သူ ဝိုင်းမှ အားလုံးထွပြေးရတော့၏။ ဒဏ်ရာရသူအချို့ ကျန်ခဲ့သည်။ အားလုံး အသတ်ခံကြရ သည်။ ချာစစ်အတွက် ကြိုပြင်မထားသဖြင့် လမ်းကြောင်း ရှာပြီး ဒဏ်ရာရသူတွေ ရွှေ့ထုတ်တာတွေ ကြိုလွှတ်တာတွေ လုပ်မထားနိုင်ခဲ့သဖြင့် အဆုံးအရှုံး များခဲ့ရသည်။ ချာစစ်နည်း ဥပဒေသအတိုင်း ဘာမှမလုပ်နိုင်ခဲ့ပါ။

ဒုတိယကမ္ဘာစစ်က မော်လမြိုင်တိုက်ပွဲ၌ မြို့ခံစစ်အား မော်လမြိုင် မြို့စောင့်တပ် အမှတ်(၁၂)တပ်မဟာနှင့်တပ်မဟာမှူး ဂျေဘော့ခ်အား ကြိုပြီးတာဝန်ပေးထားသည်။ ဂျေဘော့ခ် ရက်အတန်ကြာ ခံစစ်လုပ်ငန်းများဆောင်ရွက်ပြီးမှ ဗိုလ်ချုပ်ကြီးဟတ်တွန်းက ဂျေဘော့ခ်ကို စိတ်မချဘူးဆို၍ ဂျပန်တွေ မော်လမြိုင် ဝိုင်းမှ ရန်ကုန်ကိုလွှတ်လိုက်သည့် တပ်မဟာ(၄၆) တပ်မဟာမှူး အက်ကင်အား တပ်ကို ကျိုက်ထိုမှာထားခဲ့ပြီး တပ်မဟာမှူးအက်ကင်တစ်ဦးတည်း မော်လမြိုင်ခံစစ်ကို သွားကွပ်ကဲနိုင်းသည်။





ထိုအချိန်တွင် ဂျပန်က မြို့ကို တိုက်နေပြီ။ အက်ကင်က တာဝန်လွှဲယူပြီးသည်နှင့် ခံစစ်နယ်မြေ ကျယ်သည်ဆို၍ တပ်တွေကို နောက်သို့ဆုတ်ခိုင်းသည်။ မိမိတို့ခြေအကြွ၌ ဂျပန်က အတင်းနင်းလိုက်တိုက်ရာ မော်လမြိုင် တစ်ရက်တည်းနှင့်ကျသွားတော့၏။

ပြီးတာတွေ ပြီးခဲ့ပါပြီ။ သိပ်ပြောလိုက်ရင် အားလုံး စိတ်မကောင်းဖြစ်သွားကြပါမည်။

ဤအချက် သုံးလေးချက်လောက်နှင့်ပဲ ကျွန်တော်တို့တပ်ခွဲ အဘယ်ကြောင့် အဆုံးအရှုံးများခဲ့ရသည်ကို စာရှုသူများ သိလောက်ပြီဟု ထင်ပါသည်ခင်ဗျား။

**နောင်လိုင်တပ်စခန်းတိုက်ပွဲသုံးသပ်ချက်**

နောင်လိုင်တပ်စခန်းတွင် ကျွန်တော် သုံးလကျော်နေခဲ့၏။ ထို့ကြောင့် စခန်းတည်နေပုံကို ကောင်းစွာသိပါသည်။ စခန်းသည် ပေ ငါးထောင်ကျော်မြင့်သောတောင်မြောက်တန်းနေသည့် ရှည်မျောမျော ကုန်းဖြစ်သည်။ အလျားပေ ၆၀၀ခန့် အနံပေ ၂၅၀ခန့် ရှိပါသည်။ ၆ဘာ ၇ ကေခန့် ရှိမည်။ နောင်လိုင်ရွာနှင့်တစ်ဆက်တည်းဖြစ်၏။ စခန်း၏အရှေ့ဘက်ကွင်းထဲ၌ နောင်လိုင်ရွာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်လိုင်ရွာထဲမှဖြတ်၍ ကားလမ်း ဖောက်ထားသည်။ စခန်းထဲအထိ ကားများ ဝင်ထွက်၍ရ၏။ စခန်း၏မြောက်ဘက်အစွန်တွင် ကျောက်ဆောင်ကျောက်တုံးကြီးများ ရှိပြီး ထိုကျောက်ဆောင်ကြီးများ၌ လှည်းဘီးပမာဏခန့်ရှိ များအုံကြီးများစွဲနေပါသည်။ အောက်တွင် ပေ ၁၀၀ခန့် နက်သော ချောက်နှင့်လျှိုဦးတိုတစ်ခု ရှိပါသည်။

ဤကား စခန်း၏ မြေအခြေအနေ ပုံကြမ်းပါတည်း။

စခန်းကို ဝါးခြံစည်းရိုး သုံးထပ်ကာထားသည်။ ခြံစည်းရိုးများကြား၌ မိုင်းကွင်းများရှိ၏။ စခန်းဝင်ပေါက် ထွက်ပေါက်မှာ ရွာဘက်ထွက်သည့် အပေါက်ကြီး တစ်ပေါက်သာ ရှိ၏။ အားလုံး ထိုဂိတ်ပေါက်ကြီးမှသာ ဝင်ကြ ထွက်ကြ၏။

ထိုစခန်းကြီးကို ၁၉၇၈ ခုနှစ် မတ်လ ၇ ရက်နေ့ မနက် ၆နာရီသာသာခန့်တွင် ရန်သူ အင်အား ၅၀၀ ကျော် ၆၀၀ခန့်က လက်နက်ကြီးများ အလုံးအရင်းသုံး ပစ်သွင်းပြီး မနက် ၀၈း၀၀ ချိန်ကစ၍ ရွာဘက်က ဂိတ် ပေါက်ကြီး ပင်ဝင်၍ ကျားထိုး တိုက်ခိုက်ရာ ကျားသုံးလေးခါထိုးပြီး သည်နှင့် စခန်းကြီးကျသွားသည် ဆိုပါသည်။

အဘယ်ကြောင့် ဤမျှနှင့် လွယ်လွယ်ကူကူ





...ခန်းကျသွားရပါသလဲ။ ကျွန်တော်၏ သုံးသပ်ချက်ကို ...င်ပြပါမည်။

(က) စခန်းခံစစ် မပီပြင်ခြင်း

နောင်လိုင်တပ်စခန်းမှာ မဆုတ်တမ်းခံစစ်စခန်း ...ပါသည်။ သို့ရာတွင် မဆုတ်တမ်းခံစစ်စခန်းတစ်ခု တွင် ...ရသည့် ခံစစ်ပြင်ဆင်ထားမှုများ ပြည့်စုံလုံလောက်အောင် ...ပါ။ ရန်သူမှ လက်နက်ကြီး အလုံးအရင်းသုံး အပစ်ခံရ ...သည်နှင့် စခန်းတွင်းရှိ စစ်သည် အတော်များများ ...ရာရသွားကြပြီး ရန်သူက အနီးကပ် ကျားထိုးလာချိန်၌ ...ကောင်းစွာမခုခံနိုင်ကြတော့ဘဲ စခန်းအလွယ်တကူ ကျ ...သွားခဲ့ရပါသည်။

(ခ) ခံစစ်ဥပဒေသကို ကောင်းစွာ မလိုက်နာခြင်း

စခန်းတာဝန်ခံ ဗိုလ်ကြီးသောင်းထွန်းသည် ရန်သူ ...င်နှင့်အားနှင့် စခန်းလာတိုက်ချိန်၌ ခံစစ်ဥပဒေသပါ ...ချက်အလက်များကို ကောင်းစွာမလိုက်နာဟု သုံးသပ် ...သည်။ ရန်သူသတင်းကို ညကတည်းက ရသည်။ ...များ ညကတည်းက ရွာထဲရောက်နေကြပြီး ရွာထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ချက်ပြုတ် သောက်စား ပေါက်မြောက်ပြီးမှ မိုးအလင်း ထတိုက်ကြခြင်း ဖြစ်၏။ မိမိတွင် ပြင်ဆင်ချိန် နာရီပေါင်း အတော်ရပါသည်။ အနည်းဆုံး ၁၀ နာရီခန့်တော့ ရှိမည် ထင်ရ၏။ လုပ်ချိန် ကိုင်ချိန်ရပါသည်။ ရန်သူကို ဥ ကတည်းက ရှာထဲဆင်းပြီး မိမိက အရင်ပစ်ရင် ရသည် တိုက်ပွဲကို မိမိဘက်က,စ နိုင်သည်။ မနိုင်ရင် စခန်းတစ်ခုလုံး မိုင်းထောင်ထားခဲ့ ၍ ဆုတ်လာလည်း ရပါသည်။ စစ်ခေါင်း ဆောင်ဆိုသည်မှာ တရားသေမကျဘဲ ပြောင်းလွယ် ပြင်လွယ် ဖြစ်ရပါမည်။ ယခုတော့ ဘာမှမလုပ်ဘဲ စခန်း တွင်းက စုပြီး ခုခံကြရာ အတော်များများ ကျဆုံးကြရသည် ကျဆုံးသူထဲတွင် ဗိုလ်ကြီးသောင်းထွန်းကိုယ်တိုင် ပါသွား တော့၏။ ဤ ဖြစ်စဉ်မျိုး ၁၉၇၇ ခုနှစ်က မိုးမိတ်တိုက်ပွဲ လည်း ကြုံခဲ့ရ ပြီးပြီ။ တပ်ရင်းမှူးနှင့် စစ်ကြောင်းတစ်ခုလုံး မိုးမိတ် ဟော်ကုန်းမှ စုပြီးခုခံကြရာ ဗကပတပ်မဟာ(၂)က ယခုပုံစံ နှယ်ပင် လက်နက်ကြီး အလုံးထောင်ချိပစ်သွင်း ကျားထိုး တိုက်ခိုက်ရာ တပ်ရင်းမှူးအပါအဝင် လူ ၂ ကျော် ၃၀ ကျဆုံးကာ စခန်းပါကျခဲ့ရသည်။ အခုလည်း ဒီလိုပါပဲ ခင်ဗျာ။ နောင်လိုင်စခန်း အလွယ်တကူ ကျသွား ခဲ့ရခြင်း၏ အကျိုးဆက်က ကျွန်တော်တို့စစ်ကြောင်း





အတိုက်ခံရခြင်းပါပဲ။ ရန်သူက နောင်လိုင်စခန်းမှ စုပုံ ကြွာနှင့် တိုင်းအရန် စုပုံခဲယမ်းများပါရသွားရာ ထိုခဲယမ်း များဖြင့် စခန်းမှရသွားသော ၇၅ မီလီမီတာ နောက်ပွင့် နှင်ဖယ်ကြီးဖြင့်ပင် ကျွန်တော်တို့အား ပစ်ခတ်ခဲ့သည်ဟု နောင်အခါတွင် ကြားသိရပါသည် ခင်ဗျား။

ပြောမည်ဆိုက ပြောစရာ များလှပါသည်။ သို့ရာ တွင် ဒါလောက်ဆိုလျှင်ပင် သင့်တော်မည်ထင်ပါ၏။

ပွိုင့် ၆၀၄၁ စခန်းတိုက်ပွဲသုံးသပ်ချက်

ပွိုင့် ၆၀၄၁ ကို ကျွန်တော် မရောက်ဖူးခဲ့ပါ။ သို့ရာတွင် စစ်သုံးမြေပုံအရ အရှေ့အနောက် ၂ဖက် တ်စောက်ပြီး တောင်မြောက်ရှည်လျားသည့် ကျောတန်း ည်ဖြစ်သည်ကို တွေ့ရ၏။ မြေအနေအထားမှာ ကျွန်တော် နခဲ့သည့် နောင်လိုင်စခန်းထက် ပိုမိုခက်ခဲ ကြပ်တည်း သည့် အခြေအနေရှိကြောင်း တွေ့ရပါသည်။ စခန်းမှူး ဗိုလ်ကြီး သိန်းထွန်းတင်သည် ခံစစ်တွင် ထိုမြေအခြေအနေ ကို မိမိခံစစ်အတွက် အကျိုးရှိအောင် အသုံးချသွားနိုင် ကြောင်း တွေ့ရပါသည်။

ဤတိုက်ပွဲ၌ ကျွန်တော့်အမြင်သုံးသပ်ချက် မဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



မီ ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း ၁၉၉၁ ခုနှစ် ဇန်နဝါရီတွင်ထုတ်ဝေသော "၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်း အကျဉ်းနှင့် တပ်မတော်ကဏ္ဍ" တတိယတွဲစာအုပ် စာမျက်နှာ ၁၇၄ ပါ သုံးသပ်ချက်ကို ဦးစွာ တင်ပြပါမည် အောက်ပါအတိုင်းဖြစ်ပါသည်။

ပါဖန်နှင့်ပွိုင့် ဖြေဝငှာ တိုက်ပွဲသုံးသပ်ချက်

ပါဖန်နှင့် ပွိုင့်ဖြေဝငှာ တိုက်ပွဲအခြေအနေများ ပြန်လည်သုံးသပ်မည်ဆိုပါက တပ်မတော်သားတို့သည် မိမိထက် အင်အား ၁၀ဆကျော်ခန့် သာလွန်အင်အားများ ဖြင့် လက်နက်ကြီးပစ်ကူအပြည့်အဝယူကာ တိုက်ခိုက် သော်လည်း မိမိစစ်သည်များက အနိုင်မခံ အရှုံးမပေး သောစိတ်ဓာတ်ဖြစ် တပ်ခွဲမှူး၏ ဦးဆောင်ကွပ်ကဲမှု အပြည့်အဝယုံကြည်ပြီး တိုက်ပွဲဝင်ခဲ့သည်ကို တွေ့ရှိရ သည်။ ထို့ကြောင့်လည်း အရာရှိစစ်သည် ၁၅ ဦး ကျဆုံး တပ်ခွဲမှူးအပါအဝင် စစ်သည် ၁၂ ဦးသာ ဒဏ်ရာရရှိခဲ့ ရန်သူ ၂၀၀ခန့်ကို ပြီးတိုင်သုတ်သင်နိုင်ခဲ့ခြင်း ဖြစ်ပေသည် တိုက်ပွဲဝင် တပ်မတော်သားများသည် ရန်သူအား ရှစ်ညနှ





ခုနစ်ရက်တိုင်တိုင် ဖွဲ့နပဲကြီးစွာဖြင့် ခုခံခဲ့သော်လည်း ခံယမ်းအခြေအနေ လျော့ပါးလွန်းလာသဖြင့် တိုက်ပွဲအခြေ အနေကို သုံးသပ်ပြီး ရဲရဲဝံ့ဝံ့စွန့်စား ခွာစစ်ဆင် ထိုးဖောက်ခဲ့ ကြသည်။ ထိုသို့ ထိုးဖောက်ရာတွင်လည်း အထိအခိုက် အကျအဆုံး မရှိဘဲ တပ်ခွဲမှူးနှင့် စစ်သည် ၄၁ ယောက် စုစုပေါင်း ၄၂ ယောက် အရောက်ပြန်လာနိုင်ခဲ့ပါသည်။ တိုက်ပွဲ အတွင်းတွင်လည်း တိုက်ပွဲဝင် တပ်မတော်သားတို့ သည် လေ့ခွက်ကြီးကျန် အလံမလှဲစတမ်း စိတ်ဓာတ်ဖြင့် ကျားကုတ်ကျားခဲတိုက်ခိုက်ရင်း ရန်သူ လက်နက် ကိုယ့် လက်နက်အဖြစ် ရန်သူကို ၎င်းတို့ထံမှ သိမ်းပိုက်ရရှိသော လက်နက်ဖြင့်ပင် ပြန်လည်တိုက်ပွဲဝင်ခဲ့ကြကြောင်း တွေ့ရှိ ရမည်ဖြစ်ပေသည်။ ဆိုရပါလျှင် တိုက်ပွဲတွင် တပ်မတော် သားတို့သည် ပြင်ပသြဇာခံ အမျိုးသား သစ္စာဖောက် ဗကပတို့အား လုံးဝ အမြစ်ပြတ်သည်အထိ ချေမှုန်းရန် စိတ်ဆန္ဒပြင်းပြနေခြင်းကို ပြသခဲ့ခြင်းဖြစ်ပါသည်။

ဟူသတည်း။



www.burmeseclassic.com

www.burmeseclassic.com



**စာရေးသူ၏ သုံးသပ်ချက်**

ဤပိုင့်ဖဝေ၄၁ တိုက်ပွဲကြီးကို အထူးတလည် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ရန်မရှိပါ။ တပ်မတော်လေ့ကျင့် ရေးညွှန်ကြားရေးမှူးရုံးမှ "အမိမြေမှသားကောင်းများ" အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးပြီး အများပြည်သူ ကြည့်ရှုနိုင်ရန် ပြသခဲ့ပြီး ဖြစ်ပါသည်။ စာရေးသူ ကျွန်တော့်အနေဖြင့် ဤတိုက်ပွဲခေါင်းဆောင် ဗိုလ်ကြီးသိန်းထွန်းတင်အား ရှေးယခင်ကာလကပင် လေးစားပြီး ဖြစ်ပါသည်။ ယခု တိုက်ပွဲ၌ ခေါင်းဆောင်ကောင်းပီသစွာ နမူနာကောင်း ပြနိုင်ခြင်း "စစ်တိုမည်သည် အင်အား နည်းသည် များ သည်မှာ ပဓာနမဟုတ်၊ လုပ်ရည်ကိုင်ရည်နှင့် အရဲအစွမ်းသာ ပဓာနကျပေသည်" ဟူသော ဘုရင့်နောင်ကျော်ထင် နော်ရထာ၏ နောင်ရိုးတိုက်ပွဲလာ အဆိုအမိန့်အတိုင်း မိမိထက်အင်အား ၁၀ ဆခန့်သာသည့် ရန်သူကို အနိုင်မခံ အရှုံးမပေးဘဲ မိမိ၏ ခန္ဓာကိုယ်အား စွန့်လှူကာ တိုက်ပွဲဝင်ခဲ့သဖြင့် အလွန်လေးစားစရာ ကောင်းလှပါသည်။ ပေးလာသည့် မြေအခြေအနေကို ခံစစ်အတွက် အကျိုးရှိစွာ အသုံးချသွားသည်မှာလည်း အတုယူစရာ နမူနာကောင်း တစ်ခုပါပေ။ စစ်ခေါင်းဆောင် တစ်ယောက်ရှိရမည့်





ဉာဏ်အမြော်အမြင် ပြည့်စုံကြောင်း ပြသနိုင်ခဲ့ပါသည်။ အချုပ်ဆိုရပါက ...

"ရဲရေးရောက်သော် ရှုံ့ကြောက်မဲ့တွန် နိုင်ငံဝန်၌ နာဂခြသေ့် ရင်ဆိုင်တွေ့လည်း ခွာ၍မဆန့် အသက်စွန့် လော့" ဟူသော ဂမ္ဘီသာရ ပျို့လာစကားအတိုင်း အလွန် ရဲရင့်စွာ စွန့်လွှတ်စွန့်စားကာ ဆောင်ရွက်သွားသည်ဟုသာ ဆိုချင်ပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## တိုက်ပွဲစဉ်တစ်ခုလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းသုံးသပ်ချက်

ဤနောင်လိုင်ပါဖန် ဗွိုင့် ဗေဝှာ တိုက်ပွဲစဉ်များ အားလုံးနှင့် မတ်လ ၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဤဒေသစစ်နယ်ဝှန်း War Theatre ကြီးတစ်ခုလုံး၏ ဖြစ်စဉ်ကြီးအပေါ်၌ စာရေးသူကျွန်တော့်အမြင်ကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဗကပများအပေါ် သုံးသပ်ချက်**

ဗကပတို့အပေါ်၌ အောက်ပါအတိုင်း သုံးသပ်အပ်ပါသည်။

(က) ဗကပတို့သည် ဤတိုက်ပွဲစဉ်များကို နောင်တော် ကွန်မြူနစ်ပါတီ၏ အလိုကျ ဆောင်ရွက်ကြခြင်းဖြစ်၏။ ဗမာကွန်မြူနစ်တို့သည် ၁၉၅၀ ခုနှစ်မှစ၍ လမ်းကြောင်းအသွယ်သွယ်မှ တရုတ်ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြ၏။ ၁၉၅၀ ခုနှစ်တွင် ရဲဘော် အောင်ကြီးနှင့် အဖွဲ့သည်လည်းကောင်း၊ ၁၉၅၀ ခုနှစ်တွင် ဘသိန်းတင်နှင့် အင်အား ၄၀သည်





လည်းကောင်း၊ ဗိုလ်ပုနှင့် အင်အား ၅၄ ယောက်သည်လည်းကောင်း တရုတ်ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ၁၉၅၄ ခုနှစ်၌ အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီကို တရုတ်ပြည်တွင်းမှာပင် ဖွဲ့စည်းခဲ့၏။ ထိုစဉ်က ဥက္ကဋ္ဌ မော်စီတုန်း အမှူးပြုသော တရုတ်ကွန်မြူနစ်ပါတီက ဗမာကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုအဖွဲ့ကို နိုင်ငံတကာ ညီနောင်ပါတီ ရဲဘော်များအဖြစ် လှိုက်လှဲစွာလက်ခံကြိုဆိုခဲ့၏။ အထူးအခွင့်အရေးပေးကာ စားဝတ်နေရေးကို တာဝန်ယူထားခဲ့၏။ နိုင်ငံရေး စစ်ရေးသင်တန်းအမျိုးမျိုးကိုလည်း တက်ရောက်စေခဲ့သည်။ ၁၉၆၇ ခုနှစ် တရုတ်ကျောင်းသားများအရေးအခင်းနှင့် ပတ်သက်၍ အဝေးရောက် ဗကပဥက္ကဋ္ဌ ဘသိန်းတင်က ပီကင်းထိ သွားရောက်ပြီး မြန်မာ့တပ်မတော်ကို သူတို့ ဗကပတပ်များက ဘယ်လိုတိုက်ခိုက်ချေမှုန်းနေကြောင်း လီဆယ်လုပ်ကြပြီး ပုံကြီးချဲ့ကာ ပြောခဲ့၏။ ဘသိန်းတင်၏ လံကြုတ်



www.burmeseclassic.com

www.burmeseclassic.com



မိန့်ခွန်းကို တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်များက အကျေနပ်ကြီး ကျေနပ်၍ ညီနောင်ပါတီအတွက် ဂုဏ်ယူမဆုံးဖြစ်ကာ ဗဟိုကော်မတီဝင်အချို့ ကန့်ကွက်နေသည့် ကြားမှပင် မော်စီတုန်းအမှူးပြုသည့် ဗဟိုခေါင်းဆောင်များက ဗမာပြည်ကွန်မြူနစ်ပါတီကို ဘက်ပေါင်းစုံမှကူညီရန် စိတ်အားထက်သန်စွာ ဆုံးဖြတ်ခဲ့ကြ၏။ ဤဆုံးဖြတ်ချက်အကျိုးဆက်အဖြစ် ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တရုတ် မြန်မာနယ်စပ်တစ်လျှောက် တရုတ်တို့စုဖွဲ့ပေးထားသော ဗကပအမည်ခံတပ်များက မြန်မာ့တပ်မတော် တပ်စခန်းများကို တိုက်ခိုက်၍ မြန်မာတစ်ပြည်လုံးကို သိမ်းပိုက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ၏ အာဏာကိုထူထောင်ပေးရန် တရုတ်ကွန်မြူနစ်တို့က ဆောင်ရွက်လေတော့သည်။ ဤသို့ဖြင့် ၁၉၆၈ ခုနှစ်မှစ၍ နယ်စပ်တိုက်ပွဲများပေါ်ပေါက်ခဲ့ရာ ယခု ၁၉၇၈ ခုနှစ်၌ ဆယ်နှစ်တာမျှရှိခဲ့ပြီ ဖြစ်၏။ ၁၉၇၇ ခုနှစ် စက်တင်ဘာတွင် တရုတ်ပြည် အမြဲတမ်း ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌမဒပ်တိန့်ရှင်ချောင်း မြန်မာအစိုးရထံ သွားရောက်



ဗမာပြည်ကွန်မြူနစ်ပါတီ၊ အဝေးရောက်ဗဟိုကော်မတီအဖွဲ့ဝင်များ


သခင်ဘသိန်းတင်


သခင်သန်းမြင့်


သခင်ပု


ရဲဘော်အောင်ကြီး





www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလက ရန်ကုန်တွင်
သမီးများနှင့် တွေ့ဆုံနေသည့် ဗကပ ဥက္ကဋ္ဌ ဘသိန်းတင်

www.burmeseclassic.com

www.burmeseclassic.com



လည်ပတ်လေသည်။ တရုတ်တို့က ပါတီချင်း ဆက်ဆံရေးနှင့် အစိုးရခြင်း ဆက်ဆံရေးအား သီးခြားစီခွဲထား၏။ ထိုမူကိုကိုင်စွဲထား၏။ ထို့ကြောင့် မဒပ်တိန်ရှင်ချောင်းကို အစိုးရချင်း ဆက်ဆံရေးမူအရ မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့ခြင်းဖြစ်လေသည်။ ထိုခရီးစဉ်ကို တုံ့ပြန်သည့်အနေဖြင့် ဗကပတို့က အရှေ့မြောက်ဒေသရှိ မိမိတပ်မတော်၏ ခြူးရွှေပန်ကောက် စခန်းများကို တိုက်ခဲ့၏။ ကွမ်လုံအရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများရှိ မိမိတပ်မတော် စခန်းများကိုလည်း တိုက်ခဲ့၏။ တပ်မတော်၏ ပြင်းထန်သော တုံ့ပြန်တိုက်ခိုက်မှုကြောင့် မျှော်မှန်းထားသည့် အောင်မြင်မှုများ မရခဲ့ချေ။ ထို့ကြောင့် အရချောင်မည်ဟု တွက်ဆကာ ၁၉၇၈ ခုနှစ် မတ်လ၌ နောင်လိုင်ပါဖန်နှင့် ပွိုင့်မိဝင့သဲ ဒေသများအား ဗကပတို့ ထပ်မံတိုက်ခိုက်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စစ်နည်းဗျူဟာ ကျင့်သုံးမှုအပိုင်းမှာ ၎င်းတို့ သုံးနေကျပုံသေနည်းအတိုင်းပင် ဖြစ်ပါသည်။ လက်နက်

www.burmeseclassic.com



(က) သတင်းမရခြင်း

နောင်လိုင်ပါဖန် ပို့ငွေ့မြေငှာ ဒေသကို ဗကပများ ဝင်တိုက်မည့် သတင်းကြိုမရခဲ့ပါ။ အတိုက်ခံရပါမှ ဗကပ တွေဝင်တိုက်ကြောင်း သိကြရတော့၏။ လုံလောက်သော ပစ်ကူ စစ်ကူများ အချိန်မီမပေးနိုင်သဖြင့် နောင်လိုင် စခန်းကျဆုံးခြင်း၊ ခလရ(–) စောင့်ကြိုအတိုက်ခံရခြင်း ခလရ(–)နှင့် ခလရ(–) ပူးပေါင်း တပ်ခွဲနှစ်ခွဲပါကြောင်း အချေမှုန်းခံရခြင်းများ ဖြစ်ခဲ့ရပါသည်။ ရန်သူ့သတင်း ရ ရေးကို အောက်ခြေမှသည် အဆင့်ဆင့် ကြိုးစားဖော်ထုတ် သင့်ကြောင်း သုံးသပ်ရပါသည်။ No information No operation ပါခင်ဗျား။

(ခ) ဆက်သွယ်ရေးလမ်းကြောင်းများ မကောင်းခြင်း

နောင်လိုင်နှင့်တန့်ယန်း မိုင် ၂၀ ကျော်သာဝေး ပါသည်။ ကားလမ်းဆိုသော်လည်း ကျောက်ကြမ်းလမ်း ဖြစ်၏။ မကောင်းပါ။ ထို့ကြောင့် ပစ်ကူစစ်ကူများပေးပို့ရာ တွင် အချိန်ကြန့်ကြာပါသည်။ လမ်းများကောင်းအောင် ပြုပြင်ဆင်၍ ဖြစ်နိုင်ပါက ကတ္တရာလမ်း အဆင့်ထိတိုးမြှင့် သင့်ပါသည်။





(ဂ) စခန်းများအလှမ်းဝေးခြင်း

တန့်ယန်းမြောက်ခြမ်း စခန်းများမှာ တန့်ယန်းနှင့် အလှမ်းဝေးလှပါသည်။ ယခုကဲ့သို့ ရန်သူအင်အားကြီး အားကြီးနှင့် အတိုက်ခံရပါက စစ်ကူပစ်ကူ ပေးရာတွင် အချိန်အတော်ယူရပါသည်။ စစ်ရေးစစ်ရာတွင် အချိန်က အရေးကြီးလှပါ၏။ နောင်လိုင်နှင့်တန့်ယန်းကြား နောက်ထပ် စခန်းများ ထပ်တိုး၍ လှုပ်ရှားစစ်ကြောင်းများသာ ရှိခဲ့ပါက ယခုလို အဖြစ်မျိုး ကြုံချင်မှကြုံရပါလိမ့်မည်။

အားနည်းချက်များကား အထက်ပါအတိုင်းဟုသာ မြင်မိပါသည်ခင်ဗျား။

အားသာချက်များကား ...

(က) လေကြောင်းအကူအသုံးပြုနိုင်ခြင်း

မိမိတို့ဘက်မှ အရေးအကြီးဆုံး အားသာချက်ဖြစ် ၏ ဗကပ တပ်တို့သည် ပညာရည်နိမ့်သော တိုင်းရင်းသား များစုကို အခြေခံထား ဖွဲ့စည်းထားသောကြောင့် အဆင့်မြင့် နည်းပညာများကို နားမလည်ကြပါ။ အရာရာကို သေနတ်အားထစ် မှတ်သားထားကြ၏။ ပညာရေးနိမ့်သော ကြောင့် မိမိတို့လေတပ်၏ စွမ်းပကားကို အမှန်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ လေယာဉ်မှ ဗုံးကြဲခံရခြင်း၊ ရော့ကက်ဒုံးကျည်ဖြင့် အပစ်ခံရခြင်း၊ စက်သေနတ်ကြီးများနှင့် အပစ်ခံရ ခြင်းတို့ အကြိမ်ကြိမ်ခံခဲ့ရဖူးသော ဗကပတပများသည် ကျင်းတူး သန်ကြ၏။ လူတစ်ကိုယ်စာ ခွေးအိပ်ကျင်း Foxhole များကို မိနစ်အနည်းငယ်နှင့်ပြီးအောင် တူးတတ်ရန် ဗကပတပ်များ သင်ကြားထားကြ၏။ လေတပ်ကြောင့်သာ ကျွန်တော်ကိုယ်တိုင် ပန်မွန်းတောင်ရွာတိုက်ပွဲ၌ အသက်ဘေးမှ ဝေးရာကို ခွာချိန် ရခဲ့၏။ ညနေ သုံးနာရီသာသာတွင် ကင်းထောက် လေယာဉ် ခေါင်းပေါ်က လာဝဲ၍ ကျွန်တော်တို့အား ထပ်ချပ်လိုက်စစ်ဆင်နေသည့် ရန်သူများ လေယာဉ်ကြောက် ပြီး သစ်ပင်ကြိုသစ်ပင်ကြား ဝင်ပုန်းနေစဉ် အမြန်သုတ်ခြေ တင်ခဲ့ရ၏။ လေယာဉ် ကယ်ပေလို့သာပေါ့ခင်ဗျာ။ ဒါသာ မကာပါ ဆုံကွေ့မှာရှိစဉ်က လွယ်မော်တောင်အဖျားရှိ ရန်သူ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များနှင့် ဗိုင်ငံ့ဖိုက်စက် သေနတ်ကြီး နှစ်လက် သုံးလက်သည် အတော်ဒုက္ခပေး လှ၏။ ကျွန်တော်တို့ အမြောက်စခန်းကို ရောက်အောင် ပစ်နိုင်ကြသည်။ ၇၆ မမ အမြောက် Crew တစ်ခွဲ ရန်သူ့ကျည်ထိမှန်ခဲ့သည်။ ထိုလက်နက်ကြီးများက ကျွန် တော်တို့ စားချိန် သောက်ချိန်များတွင် ပုံမှန်ပစ်လေ့ရှိ၏။





မော်၏သိဝရီအရ လုပ်တတ်၏။ မနက်၊ နေ့လယ်၊ ည ပုံမှန်ပစ်တတ်၏။ ခဲယမ်းနှင့် ရိက္ခာပို့ကားများ လာရင် ပစ်တတ်၏။ မှန်ပြောင်းနှင့် အကဲကြည့်အဖွဲ့များထားပြီး ပစ်နေခြင်းဖြစ်၏။ ထိုလက်နက်ကြီးအဖွဲ့၏ အဓိက ဗိုင်ငံ့ဖိုက်နှစ်လက်အား T.33 ဂျက်တိုက်လေယာဉ် နှစ်စီးမှ ရော့ကက်ဖြင့် အတင်းဝင်ပစ်တော့မှ တိုက်ရိုက် ထိမှန်ကာ နှိမ်နင်းလိုက်နိုင်တော့သည်။ ထိုအခါကျမှ ကျွန်တော်တို့ အမြောက်စခန်း သက်သာရာရတော့သည်။

(ခ) အုပ်ချုပ်ထောက်ပံ့မှုကောင်းမွန်ခြင်း

တိုက်ပွဲအစပိုင်း သုံးလေးရက်မှာသာ အစာ ရေစာငတ်ပြတ်ခဲ့သော်လည်း နောက်ပိုင်းကာလများ၌ အထက်ဌာနများမှ လိုလေသေးမရှိ အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ သောက်ရေကအစ ပလပ်စတစ် ပုံးများနှင့် ပို့ပေးခဲ့၏။ ရှေ့တန်းဆေးကုစခန်းများ ဖွင့် ပေးခဲ့၏။ Stand by ကားများ အသင့်ထားပေးခဲ့၏။ အားလုံး လိုလေသေးမရှိဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဂ) စွန့်လွှတ်စွန့်စားစွာတိုက်ပွဲဝင်ကြခြင်း

တိုက်ပွဲစဉ်ကြီးတစ်ခုလုံး၌ တိုက်ပွဲဝင်စစ်သည်များ အောက်ခြေအဆင့်မှသည် ဗျူဟာမှူးအဆင့်ထိ စွန့် လွှတ် စွန့်စားစွာ တိုက်ပွဲဝင်ကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင် ရပါသည်။ အထူးသဖြင့် ဗိုလ်မှူးကြီးကျော်ရင် ကွပ်ကဲသော ခမရ( – ) သည် နမ့်မူဆယ်လမ်းခွဲရှိ တောင်ကုန်း ရန်သူများအား သုံးရက်သုံးညတိုင်တိုင် မအိပ်မနေ တိုက်ခဲ့ သည်ကို အံ့ဘနန်း တွေ့ရ၏။ ရန်သူကလည်း ကျားကုတ် ကျားခဲ ခုခံသည်။ နောက်ဆုံး ရှေ့က တိုက်မရ၍ နောက်က တက်တိုက်တော့မှ ဗကပများဆင်းပြေးကြတော့၏။ နောက်ကပိတ်ထားမှာကို ကြောက်ပုံရ၏။ ထိုတိုက်ပွဲ၌ ခဓ ( – ) မှ အရာရှိအရာခံ အကြပ်တပ်သားတစ်ရာနီးပါး ခေါင်းတွင် ရန်သူ့ R.P.G အစများ ထိမှန်ခံခဲ့ရ၏။ အခြား အခြားသော တပ်များလည်း အလားတူပင်။ တိုက်ပွဲဝင်ခဲ့ကြ ပါသည်။ ဗိုလ်ကြီး သိန်းထွန်းတင် ဦးစီးသော ခလရ(–) ကား ပြောဖွယ်ရာမရှိပါချေ။

မြရတနာစာပေ



နိဂုံး

၁၉၇၈ ခုနှစ် မတ်လ ၆ ရက်မှ စတင်ခဲ့သည့် နောင်လိုင်ပါဖန် ဝိုင်ငှ် ဖြဝငှာ တိုက်ပွဲစဉ်များ မတ် ၂၄ ရက်တွင် စခန်းအားလုံး မိမိတို့ တပ်မတော်မှ ပြန်လည် သိမ်းပိုက်ပြီး ပြီးဆုံးခဲ့ပါတော့သည်။

ရန်သူများလည်း သံလွင်အရှေ့ဘက်ကမ်းကို ပြန်ကူးသွားကြတော့၏။ မတ်လ ၂၂ ရက်နေ့၌ နောင် ဆိုင်တပ်စခန်းအား ပြန်လည်သိမ်းမိပြီးဖြစ်သဖြင့် စာရေးသူ နှင့် တပ်ခွဲသည် ပန်မွန်းတောင်ရှာ တိုက်ပွဲတွင် ကျဆုံးခဲ့ သည့် စစ်သည်များကို သဂြိုဟ်ရန် ထွက်ခဲ့၏။ အလောင်း များမှာ ရက်သတ္တနှစ်ပတ်ကျော်ကြာခဲ့ပြီ ဖြစ်၍ အတော် ငြိမ်ချမ်းပျက်ဆင်းပျက်ဖြစ်နေပါပြီ။ အလောင်းအားလုံးကို မြေ မြှုပ်ဘဲ မီးသဂြိုဟ်ခဲ့၏။ စာရေးသူ နောက်ဆုံးနေခဲ့သော တပ်ခွဲရုံးရှိသည့် ကျောက်တုံးကြီးနား၌ ဒဏ်ရာရထားသည့် စစ်သည်များကို ရန်သူက လူတိုင်းအား ကျည်နှစ်တောင့် သုံးတောင့် ခေါင်းပစ်သွင်း၍ အဆုံးစီရင်ခဲ့သည်အား ကြေကွဲဖွယ်ရာ တွေ့ရပါသည်။ ဒါသာမကပါ တပ်ခွဲအရာခံ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ် ဆရာကြီးသောင်းမောင်၏ အလောင်းကိုလည်း လည်ပင်း၌ နွယ်ကြိုးတန်းလန်းနှင့် တွေ့ရသည်။ နွယ်ကြိုးကို ဖြုတ်၍ မီးသင်္ဂြိုဟ်ရသည်။ ဘာဖြစ်လို့ လည်ပင်းကို ကြိုးကွင်းစွပ်ထားတာလဲဟု ပန်မွန်းရွာသားတွေ မေးတော့ ဆရာကြီးသောင်းမောင်တစ်ယောက်တည်း ဝါးရုံတောထဲမှ ကျီသရီးတစ်လက်ဖြင့် ခံချရာ ဗကပ ဆယ့်လေးငါးဦး ကျသွား၍ မကျေနပ်သောကြောင့် ဒဏ်ရာဖြင့် အရှင်မိသည်ကို လည်ပင်းကြိုးကွင်းတပ်ကာ သတ်သွားသည်ဟု သိရပါသည်။ ဆရာကြီးသောင်းမောင်က မုဆိုးဆိုတော့ လက်လည်း ဖြောင့်၏။ ဘာပဲဖြစ်ဖြစ် မိမိနှင့် အလွန်ရင်းနှီးသော အရာခံအကြပ်တပ်သားများ၏ အလောင်းများကို ကိုယ်တိုင် သင်္ဂြိုဟ်ရတော့ မျက်ရည်ကျရသည်။ စစ်သား ဘဝ အနှစ်သုံးဆယ်တွင် ရှားရှားပါးပါး မျက်ရည်သုံးခါ ကျဖူး၏။ ဤအကြိမ်သည် ဒုတိယအကြိမ်ပါပေ။

မတ်လ ၂၆ ရက်နေ့တွင် စစ်မြေပြင်မှ တပ်ရင်း တစ်ခွဲလုံး ပြန်ခဲ့ရသည်။ တန့်ယန်းတွင် တစ်ညအိပ်ခဲ့ရသည်။ ဗျူဟာက နှုတ်ဆက်ညစာစားပွဲလုပ်ပေးသည်။ ရှေ့တန်းတွင် တိုက်ပွဲဝင်ခဲ့သော တပ်မများမှ တပ်မှူးကြီးများ၊ အရာရှိများ၊ ကျွန်တော်တို့ စစ်ကြောင်းမှ အရာရှိများလည်း





ပါပါသည်။ အခြားအကူ လက်ရုံးဝန်ထမ်းတပ်များမှ တပ်မှူးများလည်း တက်ရောက် ကြရသည်။

ဗျူဟာမှူးကြီးက နှုတ်ဆက်စကားပြောကြားရာ၌ . . .

“အားလုံးကို ကျေးဇူးတင်ကြောင်း နောင် ဤလို အဖြစ်မျိုး မကြုံရအောင် စီမံသွားမည်ဖြစ်ကြောင်း၊ စွန့်လွှတ်စွန့်စားသွားသူ အားလုံးကို ဘယ်တော့မှ မေ့မှာ မဟုတ်ကြောင်း”တို့ကို ပြောကြားကာ အဆုံးသတ်ခဲ့ပါသည်။

နောက်တစ်နေ့ မတ်လ ၂၇ ရက်၌ မိုင်းရယ်သို့ ပြန်ရောက်ပါသည်။ ဗကပ မတွေ့ဘူး မတွေ့ဘူးနဲ့ တွေ့မယ့်တွေ့တော့လည်း စစ်မြေမှာ ကြာညောင်းရက်ရှည်သွားရသည်ကို ဖော်ပြရင်း နိဂုံးချုပ်အပ်ပါသည် ခင်ဗျား။

❖ ❖ ❖



www.burmeseclassic.com


www.burmeseclassic.com



၁၉၇၈ နောင်လိုင်ပါဖန် နှင့် ပွိုင့် ၆၀၄၃ တိုက်ပွဲကာလက
တန့်ယန်းစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်အောင်
(ယခုဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင် ကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၈ နောင်လိုင်ပါဖန် နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကာလက
စာရေးသူ၏ စစ်ကြောင်းမှူး ဗိုလ်မှူး စန်းမောင်
(ယခု ဗိုလ်မှူးကြီး စန်းမောင်၊ အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com





အရှေ့မြောက်စစ်ဒေသ ရှေ့တန်းစစ်မျက်နှာများတွင် ဗကပနှင့် သောင်းကျန်းသူအဖျက်သမားများအား ချေမှုန်းတိုက်ပွဲဝင်နေကြသည့် မြန်မာ့တပ်မတော်သားများ

www.burmeseclassic.com

www.burmeseclassic.com





အရှေ့မြောက်စစ်ဒေသ ရှေ့တန်းစစ်မျက်နှာများတွင် ဗကပနှင့် သောင်းကျန်းသူအဖျက်သမားများအား ချေမှုန်းတိုက်ခိုက်ဝင်နေကြသည့် မြန်မာ့တပ်မတော်သားများ

www.burmeseclassic.com

www.burmeseclassic.com





အရှေ့မြောက်စစ်ဒေသ ရှေ့တန်း စစ်မျက်နှာများတွင် ဗကပနှင့် သောင်းကျန်းသူအဖျက်သမားများအား ချေမှုန်းတိုက်ပွဲဝင်နေကြသည့် မြန်မာ့တပ်မတော်သားများ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

## ဖြည့်စွက်ဖော်ပြချက်များ

နိဂုံးချုပ်ကာ အစသတ်လိုက်ပါပြီ။ သို့ရာတွင် ဤတိုက်ပွဲကြီးက ကျွန်တော့်ကို အတော် အကျိုးပေးပါသည် ခင်ဗျာ။ အကျိုးပေးပုံများကို တစ်ခုခြင်း တင်ပြလိုပါသည်။ မပြောဘဲ မနေနိုင်၍ ပြောရခြင်းဟုသာ စာရှုသူများ သူဆကြစေလိုပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**တိုင်းမှူးရုံးအတာင်စံရခြင်း**

၁၉၇၈ ခုနှစ် ဧပြီ သင်္ကြန်အပြီး၌ စာရေးသူသည် ဗထူးတိုက်ခိုက်ရေးကျောင်းသို့ ခြေလျင်တပ်ခွဲမှူး သင်တန်းသွားတက်ရ၏။ စိတ်ပျက်လက်ပျက်ဖြင့် သင်တန်း၌ စာမကြိုးစားခဲ့ပါ။ သင်တန်းအပြီး တပ်ပြန်အလာ လားရှိုး ရမခ ရောက်တော့ သူငယ်ချင်း ဂျီသရီး ဗိုလ်ကြီးသန်းမြင့် (ယခု အငြိမ်းစား စလုံးသုံးညွှန်ချုပ်) က ကျွန်တော့်ကို ဆီးပြောသည်။

"သူငယ်ချင်း ... မင်း တိုင်းမှူးရုံးတက်ရမယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"မင်းကို နောင်လိုင်တပ်စခန်း ခံစစ်ကောင်းအောင် လုပ်မသွားလို့ တိုင်းက အပြစ်ပေးအရေးယူဖို့ လုပ်ထား တယ်"

"ဩော် ... ဘယ်သူက ခိုင်းတာလဲ"

"ကစထမှူး ဗိုလ်ချုပ်ကြီးထွန်းရီက အရေးယူခိုင်း တာ။ တိုက်ပွဲတွေ အားလုံးပြီးလို့ စခန်းတွေကို ကစထမှူး ကြီးကိုယ်တိုင် ရဟတ်ယာဉ်နဲ့ လိုက်စစ်တော့ နောင်လိုင် မဆုတ်တမ်းခံစစ်က မပီပြင်ဘူး။ သူငယ်ချင်းက ဗိုလ်ကြီး သောင်းထွန်းအရင်စခန်းမှာ သုံးလလောက် နေသွားတာ





သူငယ်ချင်း ဘာမှလုပ်မသွားလို့ ဆိုပြီး အရေးယူမှာ။ မဆုတ်တမ်းခံစစ်စခန်းရဲ့ အင်္ဂါရပ်တွေ သိလား"

"မသိဘူးလေ။ အဲ ... အခု တပ်ခွဲမှူး သင်တန်း ဆင်းမှ သိတော့တယ်။ ဟိုတုန်းက ဘယ်သူကမှ မပြော တာ"

ကျွန်တော့်စကားကြောင့် ဗိုလ်ကြီးသန်းမြင့်က ပြုံးလေသည်။

နောက်နေ့တွင် တိုင်းမှူး ဗိုလ်ချုပ်အေးစန် ရုံးကို တက်ရတော့၏။ ရုံးတင်သူ ဂျီဝမ်းကတော့ ယခု ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး ဖြစ်ပါသည်။

"မင်း နောင်လိုင်ပါဖန်နဲ့ ပို့င့် ဖြဝ၄၁ တိုက်ပွဲကို သိလား"

"ကျွန်တော် ပါပါတယ်ခင်ဗျ"

"ဂျီဝမ်းကြီး ဒီကောင်ပါသလား"

"ဒီကောင်က စစ်ကူလိုက်တဲ့အဖွဲ့မှာ ပါပါတယ်"

"အေး ... နောင်လိုင်စခန်းက စခန်းမှူးအပါ အဝင် လူ ၂၀/၃၀ အသေခံပြီး ရန်သူကိုခုခံသွားတာတောင် စခန်းကျသွားတာ ခံစစ်မကောင်းလို့။ ဗိုလ်သောင်း ထွန်းအရင် မင်းက သုံးလလောက်နေခဲ့တာဆိုတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလုပ်မသွားလို့ ခံစစ်မကောင်းတာ မင်းဘာပြောချင်လဲ''

''မရှိပါဘူးခင်ဗျ''

''ဒါဆို မင်းမှာ အပြစ်ရှိလား''

''ရှိပါတယ် ခင်ဗျ''

''ကောင်းပြီ။ နောက်ဆို နိုင်းတာ ကောင်းကောင်းလုပ်၊ အမိန့်နာခံ ဟုတ်ရဲ့လား''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''ဂျီဝမ်းကြီး ဒီကောင်ကို လက်မှတ်ထိုးခိုင်းလိုက်ပါဗျာ''

ဤသို့ဖြင့် သင်တန်းက အပြန် တိုင်းမှူးရုံးတက်ရတော့သည်။ တစ်ခါမှ ရုံးအတင်မခံရဘူး၍ အတော်တော့ခံစားသွားရ၏။ ဤအကျိုးဆက်ကြောင့် ရက်အနည်းငယ်အကြာတွင် ပြုလုပ်သည့် ဘိန်းစစ်ဆင်ရေး၌ ကျွန်တော်သည် သုံးလတိုင်တိုင် တပ်ခွဲတစ်ခွဲကို ဦးစီးကာ ရန်သူချေမှုန်းရေးကို အားကြိုးမာန်တက်ဆောင်ရွက်၍ လူ လက်နက်နှင့် ဘိန်းထုပ်များကိုပါ ရအောင်စွမ်းဆောင်ပြီး သွေးကြွေးဆပ်ခဲ့ရာ ဗျူဟာနှင့်တိုင်းမှ ချီးကျူးသည့် ကြေးနန်းများရအောင် လုပ်နိုင်ခဲ့ပါသည် ခင်ဗျာ။





**နောက်တစ်မှုနှင့် ရင်ဆိုင်ရပြန်ခြင်း**

အကျိုးပေးက ဒါလောက်နဲ့ မပြီးသေးပါ ခင်ဗျာ။ နောက်တစ်မှုနဲ့တိုးပြန်ပါသည်။ ၁၉၈၄ ခုနှစ်၌ ရှေ့တန်းတပ်မ ကျိုင်းတုံ၌ ဂျီတူးခေါ် စစ်ဦးစီးမှူးဒုတိယတန်းတာဝန်ထမ်းဆောင်နေစဉ် ဖြစ်၏။ ပြည်တပ်မမှ ကြေးနန်းဝင်လာသည်။

''၁၉၇၈ နောင်လိုင်ပါဖန် တိုက်ပွဲကာလက နဗဟာ(၆၆၃)အတွက် ခလရ(–)မှ ဗကသက်ဦး လက်ခံခဲ့ သည့် ခဲယမ်းများကိုစာရင်းရှင်းရန် ဗကသက်ဦး (ယခု မှူးသက်ဦး) အား မိမိတို့တပ်မသို့ စေလွှတ်ပေးပါရန်''

''ဟိုက်''

အဲဒီအဖြစ်အပျက်က ဒီလိုပါခင်ဗျာ။

၁၉၇၈ ခုနှစ် မတ်လ ဒုတိယပတ် နေ့တစ်နေ့။ ဆယ်လ ၁၄ လား ၁၅ လား မမှတ်မိတော့ပါ။ တန့်ယန်းမှ အရပ်ကား သုံးစီးဖြင့် လက်နက်ကြီး ကျည်များ လာပို့၏။ ဆုံကွေ့ရှိ ဗျူဟာ အမြောက်စခန်းတွင် ဖြစ်သည်။ ဗျူဟာဂျီတူး ဗိုလ်မှူးထွန်းမြင့်ဦး ရောက်လာပြီး ...

''ညီလေး ... မင်းလက်ခံလိုက်စမ်းပါကွာ''

ဟု ပြောသဖြင့် ကျည်ဆန်များကို ရေတွက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လာပို့သည့် ရမခမှ အရာရှိ ယူလာသော ထောက်(၄) ဘောက်ချာ၌ ကျွန်တော်က လက်ခံရရှိကြောင်း လက်မှတ် ထိုးပေးလိုက်၏။ အမှန်က မအူမလည်ဖြင့် ကျွန်တော် က လက်မှတ်သွားထိုးခြင်း ဖြစ်သည်။ နည်းဗျူဟာ(၆၆၃)မှ ဗျူဟာ ဂျီတူး သို့မဟုတ် ဂျီသရီးကို ထိုးခိုင်းရမည် သာ ဖြစ်ပါသည်။

ထိုကျည်ဆန်များကို ဗျူဟာက ဘယ်လိုဖြန့်ခွဲပြီး ဘယ်တပ်တွေထုတ်ပေးမှန်း မသိပါ။ ကျွန်တော့်ကိစ္စလည်း မဟုတ်ပါ။ သို့ရာတွင် နောင်လေးငါးခြောက်နှစ်ကြာမှ ...

"အဲဒီ ကျည်ဆန်တွေ ဘယ်မှာလဲတဲ့"

"ဘယ်တပ်တွေထုတ်ပေးတာလဲတဲ့"

ကျွန်တော့်ကို မေးလာ၏။ ကျွန်တော်မသိပါခင်ဗျား ဒါကြောင့် ပထမ စမေးကတည်းက မသိကြောင်း ဖြေခဲ့ သေး မရပါ။ သူတို့တပ်မ ဌာနချုပ်ရှိရာ ပြည်ကို လာပြီး ဖြေရှင်း ပါဟုဆို၏။ ကျွန်တော့်တပ်မမှူးကို သတင်းပို့ပြီး ပြည် လိုက်သွားရသည်။ ဟိုရောက်တော့ ...

ဒုဗိုလ်မှူးကြီးထွန်းမြင့်ဦး (ယခင် ဂျီတူး)

ဗိုလ်မှူးတင်လှ (ယခင် ဂျီသရီး)

ကျွန်တော်တို့ သုံးဦးဝွင် တာဝန်ရှိသည်ဟု တင်





မှ ပြောလေတော့သည်။ အင်း ... ခက်တော့ ခက်ပြီ။ ကျည်ဆန်ကား သုံးစီးတိုက်တောင် မတွေ့ရင် တော့ အမှုဖြစ်ဦးမယ်။

ကံအားလျော်စွာ ဤအမှုတွဲကိုင်သူမှာ ကျွန်တော့် မိတ်ဆွေ ဗိုလ်ကြီးမောင်မောင်တင် ဖြစ်သည်။ သူနှင့် ကျွန်တော်က ၁၉၇၃ ခုနှစ်၌ ရတခတွင် တာဝန်ထမ်းဆောင် ကြစဉ်က သူက သံဖြူဇရပ်က အိုင်အို။ ကျွန်တော်က ကျောက်တစ်လုံးက အိုင်အို။ အတူးတလည် ခင်မင်ခဲ့ကြ သည်။ ထို့ကြောင့် သူ့အား ..

"လုပ်စမ်းပါဦး သူငယ်ချင်းကြီးရယ်။ အကူအညီ ပေးစမ်းပါဦး"

"ဘာကူညီရမှာလဲ"

"အဲဒီတုန်းက ပြေစာဖိုင်တွေ ကြည့်ချင်တယ်။ ရှိသေးလား"

"ရတယ်လေ။ ရှိတယ်လေ"

"ဒါဆို ... ခဏ ပြပါ"

သူပေးသည့် ဖိုင်တစ်ထပ်ကြီးအား တစ်နေကုန် ရှာန်လှောရှာရာ ကျွန်တော်လက်ခံထားသည့် ပြေစာများ တွေ့သလို ဗိုလ်မှူးထွန်းမြင့်ဦးနှင့် ဗိုလ်ကြီးတင်လှတို့



www.burmeseclassic.com

www.burmeseclassic.com



တပ်အသီးသီးသို့ ပြန်ထုတ်ပေးသည့် ပြေစာများကိုလည်း တွေ့ရပါ၏။ ထုတ်ယူသွားသည့် တပ်များကား ...

ခမရ( – )

ခလရ( – )

ခလရ( – )

ခလရ( – )

စသည့် တပ်များဖြစ်ပါ၏။ အားလုံး ပြန်ပေါင်းလိုက်တော့ စာရင်းကိုက်ပါ ခင်ဗျာ။

အောင်မလေး ... တော်သေးရဲ့။

ဗိုလ်မှူးထွန်းမြင့်ဦးနှင့်ဗိုလ်ကြီးတင်လှတို့ မပါဘဲ တစ်ယောက်တည်း ရှာ၍သာ တွေ့ခြင်းဖြစ်၏။ သူတို့ ဦး ပါပါက တွေ့ချင်မှတွေ့ပါလိမ့်မည်။ ထိုနေ့က ရုံးပိတ်ရက်ဖြစ် ၍ ဒုဗိုလ်မှူးကြီးထွန်းမြင့်ဦးက မိချောင်းရဲ တပ်ရင်းမှူး ထင်ပါ၏။ သူ့တပ်သူ ပြန်သွားသည်။ ဗိုလ်မှူးတင်လှက ပထမဇနီး ဆုံး၍ ဇနီးအသစ်ကလေး ယူထားခါစ ရက်ပိုင်း ဖြစ်သဖြင့် အသစ်ကလေးရှိရာ ရန်ကုန်ကို ပြန်သွားသည်။

နောက်နေ့မှ သူတို့ ရောက်လာကြသည်။ သူတို့ ရောက်လာတော့ ...

"အစ်ကိုကြီးတို့ ရက်စက်တယ်ဗျာ"





ဟု ပြောတော့ သူတို့ပြုံးကြလေသည်။

သုံးယောက်ဆိုင်ပြီး ဖိုင်ပုံမွှေကာ ရှင်းလင်းလိုက်မှ ထိုကိစ္စကြီး ပြီးပြတ်တော့၏။

"ကဲ ... ကိုမောင်မောင်တင် ကိစ္စပြီးကြောင်း Clear ဖြစ်ကြောင်း ကျုပ် တပ်မကို ကြေးနန်းထုတ်ပေးအုံးဗျာ"

ဟု တောင်းဆိုရသည်။ ကြေးနန်းကို By hand သက်ကမ်းယူခဲ့ရ၏။ ဒီအမှု မပြီးရင် မလွယ်ပါ။ မကြာမီ ရတော့မည့် Promotion ကိုပင် ထိခိုက်ပါဦးမည်။ တပ်မတော်မှာ အမှုရှိလို့ အမှုမပြီးပြတ်ရင် Promotion မပေးပါ။ ကံကောင်းလို့ ဘုန်းကြီးအမှု ရှာပတ်ပြီး ဒုက္ခ ရောက်တော့မလို့။

မအူမလည်နဲ့ လက်မှန်မထိုးကြဖို့ အရာရှိငယ်များ အတွက် ဤဖြစ်စဉ်ကို သင်ခန်းစာအဖြစ် ထည့်သွင်း ဖော်ပြ လိုက်ရပါသည် ခင်ဗျား။

## အာမှူးကြီးနှင့် ခြင်းစုံမိခြင်း

တပ်ခွဲမှူးသင်တန်းအပြီး ဘိန်းသူပုန်ချေမှုန်းရေး ဆမိ ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်အောင်က မိုင်းရယ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ကျွန်တော်အပါအဝင် တိုက်ပွဲဝင်မည့် တပ်မှူးများကို စစ်ဆင်ရေး Briefing လုပ်သည်။ Briefing ပြီးတော့ ကျွန်တော် မြင်သည့်အခါ ...

"ဟော့ ... နောင်လိုင်မှာ ဗိုလ်သောင်းထွန်း အရင် စခန်းထိုင်သွားတာ မင်း မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"မင်း တိုင်းမှူးရုံးရော တက်ခဲ့ပြီလား"

"ပြီးပါပြီ ခင်ဗျ"

ဗျူဟာမှူးကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ...

"အင်း ... မင်း သိပ်ကံကောင်းသွားတယ်။ မင်းကိုယ်စား ဗိုလ်သောင်းထွန်း သေသွားရတာ။ မင်း ခံစစ်ကလည်း မပီပြင်ဘူး။ အဲဒီတုန်းကသာ မင်း အတိုက်ခံ ရရင် မင်းလည်းသေမှာပဲ"

ဗျူဟာမှူးကြီးက ထိုသို့ ပြောသောအခါ မကြာသေးမီကမှ တပ်ခွဲမှူးသင်တန်းဆင်းပြီး ခံခွာတိုက်ခိုက် စစ်ကဏ္ဍကြီးလေးရပ်ကို အပီအပြင် လေ့လာခဲ့ပြီးသော ကျွန်တော်က ငြိမ်မနေနိုင်တော့ပါ။ ပြန်ပြောမိတော့သည်။

"ကျွန်တော်ဆို ဗိုလ်ကြီးသောင်းထွန်းလို သေချာ





သေမှာပါခင်ဗျ"

ဗျူဟာမှူးကြီး ရုတ်တရက် အံ့အားသင့်သွား၏။

"ဟေ ... ဘာဖြစ်လို့လဲကွ"

"နောင်လိုင်စခန်းက မဆုတ်တမ်းခံစစ်စခန်းပေမယ့် ရန်သူက ကိုယ့်ထက် လူအင်အား လက်နက်ကြီး အင်အား ဆယ်ဆလောက်သာနေတာကြောင့် ဆုတ်တန်သင့်ရင် ဆုတ်ရပါမယ်။ အသေမခံသင့်ပါဘူး။ ကျွန်တော်သာဆို အထက်ကို ဆုတ်မိန့် တောင်းမယ်"

"ပြီးတော့ ရန်သူက ညကတည်းက ရောက်နေတာ။ ရွာထဲမှာ အေးအေးဆေးဆေး ချက်ပြုတ်စားသောက်ပြီး မိုးလင်းမှ ထတိုက်တာ။ ကျွန်တော်သာဆိုရင် ညကတည်းက ရန်သူကို အစုလေးတွေခွဲပြီး ဆင်းတိုက်မယ်။ စခန်းကိုလည်း ညကတည်းကစွန့်ပြီး မိုင်းတွေ အပြည့်ထောင်ထားမယ်။ စခန်းထဲက ခဲယမ်းတွေကိုလည်း ဖောက်ခွဲ ဖျက်ဆီးခွင့်တောင်းမယ်။ ရန်သူလာမှ အဲဒါတွေ အားလုံး ပေါက်ကွဲကုန်အောင် မိုင်းတွေထောင်ခဲ့မယ်"

"အဲဒီလိုဆိုရင် ရန်သူဟာ အခုလို သူလုပ်ချင်တာ လုပ်ခွင့်ရှိတော့မှာ မဟုတ်ဘူး။ အခြေအနေ ဖန်တီးပိုင်ခွင့်ကို ရန်သူ့မပေးဘဲ ကိုယ်က ရအောင်ယူမယ်။ ရန်သူစိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားအောင် အလုပ်ရှုပ်အောင် လုပ်မယ်၊ အနားမရအောင် လုပ်မယ်''

ကျွန်တော်က ရှည်လျားစွာ ရှင်းလင်းတင်ပြသော အခါ ဗျူဟာမှူးကြီးက ပြုံးလေသည်။

''အင်း ... မင်း မဆိုးပါဘူးကွ''

ဟု ပြောလေတော့၏။

ဘယ်ဆိုးမှာလဲ ခင်ဗျာ။ ပန်မွန်းတောင်ရွာတိုက်ခိုက် ရတ်ခြည်း ခံစစ်မှာတောင် ရန်သူဆယ်ဆကို တစ်နေကုန် ခံချခဲ့တာ။ ဒီလို မဆုတ်တမ်းခံစစ်မှာ ဗိုလ်ကြီးသိန်းထွန်းတင် တို့လို ရက်ပေါင်း အတော်ကြာ ခံနိုင်အောင် စီမံထားမှာ ပေါ့။ ကြံဖန်ပြီး ကိုယ်လုပ်တတ်တာတော့ အကုန်လုပ်ထားမှာပေါ့။

ဗျူဟာမှူးကြီးကို အထက်ပါအတိုင်း တင်ပြပြီးသည့် နောက် သုံးလကြာ ဘိန်းသူပုန်ချေမှုန်းရေး အောင်ကျော်မင်း စစ်ဆင်ရေးကြီး၌ တပ်ခွဲ(၁၃)ခွဲ ပါဝင်ခဲ့ရာ အောင်မြင်မှုများ ရ၍ ဗျူဟာမှူးကြီးလည်း ဒုတိုင်းမှူးအဖြစ် ရာထူးတိုး၍ ရမခသို့ ပြောင်းရ၏။ ကျွန်တော့်တပ်ခွဲလည်း ထိုစစ်ဆင်ရေး၌ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ပထမရခဲ့ကာ ဗျူဟာမှူး ကြီး၏ လူကိုယ်တိုင် တပ်သို့ လာရောက်ပြီး ဂုဏ်ပြုညစာ





စားပွဲ ပြုလုပ်ပေးသည်ကို လက်ခံရရှိပါသည် ခင်ဗျား။

**ကျွန်တော်နဲ့ကိုအောင်ကျည်ထွက်**

ပြောစရာလေး တစ်ခုကျန်နေပါသေးသည်။ ကျွန်တော်နဲ့ကိုအောင်ကျည်ထွက် သို့မဟုတ် ဗိုလ်ကြီး အောင်ကြည်ထွန်း အကြောင်းပါ။ ကိုအောင်ကျည်ထွက် ဆိုတော့ ကကြီးယပင့် ညသတ် ကျည်၊ ထဆင်ထူး ဘသတ် ထွက်ဆိုတော့ ဘယ်အောင်ကျည်ထွက်ပါလဲ။

တခြားသူဟုတ်ပါရိုးလားဗျာ၊ နာမည်ကျော် စာရေး ဆရာကြီး အကယ်ဒမီအောင်ကျည်ထွက် သို့မဟုတ် အငြိမ်းစားဒုဗိုလ်မှူးကြီး အောင်ကြည်ထွန်း အကြောင်းပါ ခင်ဗျား။

၁၉၇၈ ခုနှစ် မတ်လ ၂၂ ရက် ပန်မွန်းတောင်ရွာ ဆားမှာ ကျွန်တော့်တပ်ခွဲက ကျဆုံးသွားသူများ အလောင်း ကို သဂြိုဟ်ပြီးတော့ ဆုံကွေ့ပြန်မယ်အလုပ် ...

''ဗကသက်ဦးနှင့် ခလရ(–)ခွဲ (၄)သည် ဤ နေရာက နမ့်မူဆယ်သို့ ချီတက်ပြီး မတ် ၂၃ ရက်နေ့တွင် နမ့်မူဆယ်သို့ ရောက်ရှိလာမည့် ကကပြည်မှ မှတ်တမ်းတင် နိုင်ရှင်ရိုက်ကူးရေးအဖွဲ့၏ လုံခြုံရေးနှင့် လိုအပ်သည်

www.burmeseclassic.com



အုပ်ချုပ်မှုကိစ္စများကို စီစဉ်ဆောင်ရွက်ပေးရန်''

ဟူသော ဗျူဟာမှပေးပို့သည် ကနကို လက်ခံရရှိ၏။ နောင်တော်ကြီးကိုခင်မောင်အုံးကတော့ အလောင်းတွေသဂြိုဟ်ပြီး ကျန်းမာရေး အနည်းငယ်ချို့ယွင်းသွား၍ ဆုံကွေ့သို့ ယာဉ်ကြံဖြင့်လိုက်ပါသွားသည်။ တပ်ခွဲ ကျွန်တော်ပင် ပြန်ကိုင်ထားရသည်။

ပန်မွန်းတောင်ရွာနှင့်နမ့်မူဆယ်မှာ သိပ်မဝေး သုံးလေးမိုင်ခန့်သာရှိပါသည်။ နောင်လိုင်တွင်နေခဲ့စဉ် နမ့်မူဆယ်သို့ ၂ခေါက်သုံးခေါက် ရောက်ခဲ့ဖူးပါသည်။ နမ့်မူဆယ်သည်လည်း ရှမ်းရွာ မဟုတ်ပါ။ နောင်လိုင်ကဲ့သို့ပင် တရုတ်ရွာ ဖြစ်၏။ လုပ်ကိုင်စားသောက်ကြသည်မှာလည်း နောင်လိုင်ကဲ့သို့ပင် ဘိန်းနှင့်အခြားအအေး ပိုင်း သီးနှံများစိုက်ပျိုးခြင်း၊ မွေးမြူရေးပြုလုပ်ခြင်း၊ အရက်ချက်ခြင်း စသည်တို့ပါပေ။ အဲ . . . နောင်လိုင်လိုပင် တရုတ်လေးတွေကလည်း တယ်လှဗျာ။ ရွာမှာ တရုတ်အထီးများမရှိဘဲ လှသောတရုတ်မလေးများသာ ရှိကြပါသည်။

ထိုနမ့်မူဆယ်ကို မတ် ၂၂ ရက်နေ့ည ရောက်သွား၏။ နမ့်မူဆယ်က တရုတ်ခေါးစိမ်အရက်ကလေး သောက် တရုတ်မလေးတွေ ပို့ပေးသည့် ဂန္ဓာလရာဇ် ဟင်းလျာများ





စားသုံးပြီး ထိုနေ့ညက စောစောအိပ်ရာ ဝင်ခဲ့၏။ နေ့ခင်းက အလောင်းများလိုက်သဂြိုဟ်တာ တစ်နေကုန်ပါသည်။ ကိုယ့်တပ်ခွဲက အလောင်းများသာ မဟုတ်ပါ။ အခြားတပ်ရင်းတပ်ဖွဲ့များက အလောင်းများကိုပါ တွေ့ရသဖြင့် တွေ့မြင်သမျှ အလောင်းအားလုံး သဂြိုဟ်ပေးခဲ့ပါသည်။ မီးသဂြိုဟ်ရာမှ ထွက်ပေါ်လာသည့် အနံ့ဆိုးများကြောင့် နေ့လယ်စာကိုပင် မစားနိုင်တော့ပါ။ နောင်တော်ကြီး ဗိုလ်ကြီးခင်မောင်အုံးကတော့ လက်ကိုင်ပဝါကြီး ပါးစပ်စည်းတာ အနံ့ဆိုးတွေ မခံနိုင်တော့၍ နောင်လိုင်မှ ဆုံကွေ့ပြန်မည့် ဗျူဟာကားကြံဖြင့် ပြန်လည်လိုက်ပါသွားပါတော့သည်။

မတ်လ ၂၃ ရက် မိုးလင်းတော့ ရမခ လားရှိုးမှ ထွက်လာသော ကကပြည်မှ မှတ်တမ်းတင်ရုပ်ရှင် ရိုက်ကူးရေးအဖွဲ့လိုက်ပါမည့် ရဟတ်ယာဉ်လုံခြုံရေး ယူရပါသည်။ ဘယ်သူတွေ ပါလာမည်လဲဆိုတာ မသိပါ။ ဘယ်သူများ ဘယ်အဆင့်များလိုက်ပါလာမည်ဆိုတာ မသိသော်လည်း ကိုယ့်ထက်ရာထူးကြီးသူတွေ ပါလာမည်ဟု သဘောရကာ စားစရာသောက်စရာများ အတတ်နိုင်ဆုံး ပြင်ဆင်ထားပါသည်။ ညှိဝတ်ပြုနိုင်ရေး ကြိုးစားဆောင်ရွက်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကိုးနာရီသာသာတွင် လားရှိုးရမခမှ Bell 206 ရဟတ်ယာဉ် နမ့်မူဆယ်သို့ဆင်းချလာ၏။ Pilot နှစ်ဦးနှင့် ကကပြည်မှရှပ်ရှင်ရိုက်ကူးရေးအဖွဲ့ ပါလာသည်။ အဖွဲ့ခေါင်းဆောင်ကြီးက ရဟတ်ယာဉ်ထဲမှ Field Jacket ကြီး ဝတ်ပြီးဆင်းလာ၏။ အသားညိုညို၊ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်း။

"ကိုယ် . . . အောင်ကျည်ထွဏ်း ပါကွ"

ကျွန်တော်က သူ့အား အလေးပြုဆီးကြို၍ ဖဲထီးအနက်ကြီးဆောင်းပေးတော့ သူက သူ့ကိုယ်သူ အောင်ကျည်ထွဏ်းဖြစ်ကြောင်း ပြောကာ မိတ်ဆက်၏။

"ဟုတ်ကဲ့ပါဗိုလ်ကြီး ခင်ဗျာ"

ကိုအောင်ကျည်ထွဏ်းသည် ထိုစဉ်က ဗိုလ်ကြီးအဆင့်ဖြင့် ကကပြည်တွင် ဦးစီးအရာရှိဖြစ်နေပေပြီ၊ မြဝတီ၊ ငွေတာရီ စသည့် နိုင်ငံကျော်မဂ္ဂဇင်းကြီးများတွင် စစ်နှင့်အချစ်ဝတ္ထုများ ရေးကာ အောင်ကျည်ထွဏ်း အောင်ကျည်ထွဏ်းနှင့် တစ်ထွဏ်းတည်း ထွဏ်းကာ နာမည် အလွန်ကြီးနေပါပြီ။ နာမည်ကြီးစာရေးဆရာကြီးပေါ့ ခင်ဗျာ။

သူသည် ရောက်ပြီးသည်နှင့် ရှာပတ်ဝန်းကျင်လှည့်ပတ်ကြည့်ကာ သူ့ကင်မရာအဖွဲ့အား Scene အမျိုး





ထီလာစစ်သူ (အငြိမ်းစား ဒုဝန်ကြီး ဦးစိုးညွန့်)
[illegible]ာင်ကျည်ထွက်း (အငြိမ်းစား ဒုဗိုလ်မှူးကြီး အောင်ကြည်ထွန်း)
[illegible]ား လွန်ခဲ့သည့် ၁၅နှစ်ခန့်က စာပေဆွေးနွေးပွဲ တစ်ခုတွင်တွေ့ရပုံ

www.burmeseclassic.com



မျိုးကို ရိုက်နိုင်းသည်။ ကျွန်တော့်ကိုလည်း ...

"မင်းတို့ ဖြစ်စဉ်တွေ ပြောပါဦးကွ"ဆိုပြီး သူသိလိုသည်များကိုမေးသည်။ ကျွန်တော်က သူမေးသမျှ ရှိရှိသေသေဖြေသည်။ မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးမှုမှာ တစ်နာရီခန့်သာ ကြာပါ၏။ ပြီးသွားသည်။

"ကဲ ... ဗိုလ်ကြီး မပြန်ခင် ကျွန်တော့် တပ်ခွဲရုံး လိုက်ခဲ့ပါဦး ခင်ဗျ။ Heavy Breakfast လေးလုပ်ထားပါတယ်ခင်ဗျ"

"ရတယ်လေကွာ"

ကျွန်တော့်တပ်ခွဲရုံးသို့ သူလိုက်ပါလာ၏။ Pilot နှစ်ဦးနှင့် ကင်မရာအဖွဲ့အတွက်ကိုမူကား ရဟတ်ယာဉ် အနီးမှာပင် ခွဲရုံးအဖွဲ့ကို လွှတ်ပြီး ညှော်ခံကျွေးမွေးနိုင်းပါသည်။ ဗိုလ်ကြီး အောင်ကြည်ထွန်းကိုမူ ကျွန်တော်တည်းသည့် အိမ်က တရုတ်မလှလှလေး နှစ်ဦးက စောင့်ကြို ညှော်ခံကြသည်။

ကောက်ညှင်းပေါင်း၊ ကြက်ကြော်၊ ငါးကြော်နှင့် နက်စ်ကော်ဖီ ရေနွေးကြမ်း စသည်တို့ ဖြစ်ပါ၏။ သူသည် ညှော်ခံသမျှကို အားရပါးရစားသုံး၏။

"အေး ... ဟော့ကောင်ရေ ... မင်း Break-



www.burmeseclassic.com

www.burmeseclassic.com



fast က တယ်ကောင်းကွာ''

ကောင်းမှာပေါ့ခင်ဗျာ။ အကြော်အလှော်တွေက ကျွန်တော်တို့ လူစစ်များလက်ရာမှ မဟုတ်တာ။ ရေချေး ကြမ်းတောင် လက်ဖက်ခြောက်က တရုတ်လုပ် မျောက်ခြောက်။ အားလုံး ဂန္ဓာလရာဇ်အနွယ် တရုတ်မလေးများ လက်ရာများသာဖြစ် ပါ၏။ စားသောက်ပြီးတော့ သူသည် ကျွန်တော်၏ ပိန်စုတ်စုတ်ပုံပန်းသဏ္ဌာန်ကို စူးစမ်းသည့် အကြည့်ဖြင့် အသေအချာကြည့်ပြီး ...

''ဟေ့ကောင် ... မင်းကို ငါ မြင်ဖူးသလိုလိုပဲကွ။ မင်း ဘယ်အပတ်စဉ်ကလဲ''

ဟု မေးတော့၏။ ကျွန်တော်ကလည်း ရပာတ်ယာဉ် ဆင်းလာပြီး သူမြင်ကတည်းက ဒီမေးခွန်းကို စောင့်နေတာ ပါခင်ဗျာ။ သူက အားရပါးရ စားသောက်ပြီး ပြန်တော့ မယ်လုပ်မှ မေးတော့ အောင့်သက်သက်နှင့် ကျွဲမြီးတိုနေပါ ပြီ။ ကျွန်တော်က သူ့ကို စေ့စေ့ပြန်ကြည့်ပြီး ...

''ခွေးမသားကြီး ... မင်း ကိုယ့်အဖေကိုတောင် မမှတ်မိတော့ဘူးလားကွ''

ဟု ပြောချလိုက်ရာ သူသည် ''ဟာ''ခနဲဖြင့် အံ့ဩ သွားပြီး ...





''မင်း ဟိုတပ်ခွဲ(၁)က ညစ်ကျယ်ကျယ်ကောင်လေး မဟုတ်လား''

ဟု ပြောတော့၏။

''ဟုတ်တာပေါ့ သားကြီးမောင်အောင်ကျည်ထွက်း ရယ်။ ကိုယ့်အဖေကိုတောင် မမှတ်ရလောက်အောင် ဖြစ် နေပြီလား''

''ဘယ်မှတ်မိမှာလဲကွ။ မင်းက ပိန်စုတ်နေတဲ့ဥစ္စာ''

''အေးပေါ့ကွာ ... ပြေးရလွှားရ ပစ်ရခတ်ရ တိုက်ရခိုက်ရနဲ့ ဒီလောက်တော့ရှိမှာပေါ့။ မင်းလို အရိပ် အာဝါသအောက်မှာ နေတဲ့ စစ်သားမဟုတ်ဘူးကွ။ စစ်တိုက် တဲ့ စစ်သား''

''အင်း ... ဆယ့်တစ်ဏလေး ... ဆယ့်တစ်က လေး။ မင်းက အရင်လေအတိုင်းပါပဲလား။ နာမည်ကြီး မယ်ဆိုရင်လည်း ကြီးထိုက်ပါပေတယ်''

''နာမည်ကြီးတာ ငါမဟုတ်ဘူးကွာ။ မင်းပါ''

ကျွန်တော်သည် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၆)၌ အကောင်သေးသော်လည်း ညစ်ကျယ်ကျယ်လုပ် တတ်ခြင်း၊ စကားကြီးစကားကျယ်ပြောတတ်ခြင်း၊ လူ တကာနှင့် ရန်ဖြစ်တတ်ခြင်းတို့ကြောင့် တပ်ခွဲတစ်ခွဲလုံးက



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းသိကြပါသည်။ ကျွန်တော့်ထက် အသက်ကြီးသော ဗိုလ်လောင်းများကိုလည်း မင်းနဲ့ငါနဲ့ ပြောတတ်၍ အသက်ကြီး ဗိုလ်လောင်းများက အတော်ရိုင်းတဲ့ကောင်ဟု ဆိုကာ မျက်စိစပါးမွေးစူးကြပါသည်။ ဗိုလ်ကြီးအောင်ကြည်ထွန်းသည်လည်း ကျွန်တော့်ထက် အသက်လေးငါးနှစ်ကြီးပါသည်။ တန်းမရွေးသော ကျွန်တော်သည် သူ့ကိုလည်း ဗိုလ်သင်တန်းမှာကတည်းကပင် မင်းနဲ့ငါနဲ့ ပြောခဲ့၏။

သူသည် ထိုအခါမှ တစ်ပတ်တည်းဆင်း သူငယ်ချင်းကို ပြန်တွေ့ရသည်ကို သိသွားပြီး ချက်ချင်းမပြန်သေးဘဲ ရှေးဟောင်းနှောင်းဖြစ်များကို အားပါးတရပြောတော့၏။ သူသည်လည်း ကျွန်တော့်လိုပင် ဗိုလ်သင်တန်းမှာ ကတည်းက နာမည်ကြီးသူဖြစ်၏။ လူရည်လည်ခြင်း၊ အကင်းပါးခြင်း၊ လုပ်တတ်ကိုင်တတ်ခြင်း၊ ပြောတတ်ဆိုတတ်ခြင်းတို့ကြောင့် နည်းပြဗိုလ်ကြီး မောင်ချစ် အပါအဝင် အရာရှိများက လက်ကတုံး တောင်ဝေးပြု၍ သူ့အား တပ်ခွဲအတွက် အုပ်ချုပ်မှုကိစ္စအဝဝကို ခိုင်းလေ့ရှိ၏။ တပ်ခွဲအတွက် မော်တော်ကုန်သွယ်ရေးမှ ပစ္စည်းများ မကြာ ခဏသွားထုတ်ရ၏။ တပ်ခွဲအတွက် ဟင်းလျာများ ထွက်ဝယ်ရ၏။ မျိုးဟာန်





လတ်နှင့်အတူ ဘလင်ကိုချက်၏။ ဖိနပ်ဆေးဝယ်၏။ ဘွဲ့ယူမည့် ဗိုလ်လောင်းများအတွက် ဝတ်စုံများဝယ်ယူရန် တာဝန်ပေးခြင်းခံရ၏။ ထို့ကြောင့် ဗိုလ်သင်တန်း၌ အခြားဗိုလ်လောင်းများက သူ့ကို . . .

"ပပက အောင်ကြည်ထွန်း"

ဟု နာမည်ပေးခဲ့ကြ၏။

(ပပကဆိုသည်မှာ ထိုစဉ်က ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းကို ခေါ်ပါသည်။ ဤကား စကားချပ်)

ယခု သူနှင့်ပြန်တွေ့တော့ ထိုရှေးဟောင်းနှောင်းဖြစ်များကို ပြောကာ တဟားဟားနှင့်ရယ်မောကြရပါသည်။ မရယ်ရတာ ကြာပါပြီ။ ယခု သူနှင့်ပြန်တွေ့မှ အားရပါးရ ရယ်မောလိုက်ရရာ စိတ်တင်းကြပ်မှုများ အတော်ပင် ပြေလျော့သွားပါတော့သည် ခင်ဗျား။

နေ့လယ် ဆယ့်တစ်နာရီထိုးမှ သူပြန်သွားသည်။ ကျွန်တော်ကိုယ်တိုင်ပင် ထီးမိုးကာ သူ့အား ရဟတ်ယာဉ်ပေါ်ပြန်တင်ပေးလိုက်၏။

ရဟတ်ယာဉ်ပေါ် အတက်၌ . . .

"ဟေ့ကောင်ကြီး နောက်တစ်ခါပြန်တွေ့ရင် ဆိုယ့်အဖေကိုယ် မမေ့နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော်ကပြော၏။

"ခွေးမျိုး"

ဟု ကျွန်တော့်ကို ပြန်တွယ်သွားပါသည်။ သူနဲ့တွေ့မှ စိတ်တင်းကြပ်မှုများ ပြေလျော့သွား၍ ပျော်စရာဖြစ်သွားရာ ပျော်စရာ ဤဖြစ်စဉ်လေးကို သတိတရ ထည့်သွင်းဖော်ပြလိုက်ရခြင်းပါ ခင်ဗျား။

ကျွန်တော့်သူငယ်ချင်း အငြိမ်းစားဒုမိုလ်မှူးကြီးအောင်ကြည်ထွန်း အသက် ၁၂၀ ရှည်ပါစေသတည်း။

ရှင်လန်းချမ်းမြေ့ကြပါစေ
သောင်းဝေဦး
၁၀ • ၄ • ၂၀၀၉





**မှီငြမ်းကိုးကားသည့်စာအုပ်များ**

၁။ ထို့ကြောင့် ဤသို့။ တောခိုကျောင်းသားဟောင်းများ

၂။ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ။ ပြန်ကြားရေးဝန်ကြီးဌာန

၃။ တပ်မတော်သမိုင်း ဆဋ္ဌမတွဲ။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်း တိုက်မှူးရုံး

၄။ နှစ် ၅၀ တပ်မတော်ရွှေရတုစာစောင်

၅။ သေကံမရောက်သက်မပျောက်။ သောင်းဝေဦး


၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)။ သောင်းဝေဦး

၇။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)။ သောင်းဝေဦး



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၈ နောင်လိုင်ပါဖန် နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲအပြီး
အား နောင်လိုင်စခန်း ခံစစ် ပီပြင်အောင် မဆောင်ရွက်ခဲ့သည့်အတွက်
အရေးယူခံခဲ့သော တိုင်းမှူး ဗိုလ်မှူးချုပ် အေးစံ
(ယခု ဗိုလ်ချုပ်အေးစံ၊ အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၈ နောင်လိုင်ပါဖန် နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကာလက
နည်းဗျူဟာ (၆၆၃) နည်းဗျူဟာမှူး ဗိုလ်မှူးကြီး ဘုန်းမြင့်
(ယခု ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့် အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၈ နောင်လိုင်ပါဖန် နှင့် ပို့ရှင့် ၆၀၄၁ တိုက် အပြီး
စခန်းများလိုက်လံ စစ်ဆေး၍ နောင်လိုင်စခန်းခံစစ်
ကိစ္စတွင် စာရေးသူအား အရေးယူရန်
ညွှန်ကြားခဲ့သည့် ကစထ မှူး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

## နောက်ဆက်တွဲဖော်ပြချက်

ပြီးတော့ ပြီးသွားပါပြီ။ ဒါပေမယ့် ဒီနောင်လိုင်ပါခန်းနဲ့ ပွိုင့် ၆၀၄၁ တိုက်ပွဲစဉ်ကြီးက ရေးမယ်ဆိုရင် ရေးစရာတွေက အများကြီးပါခင်ဗျာ။ နောင်လိုင်မှာ သုံးလသာသာနေခဲ့တာ တစ်ရွာလုံးနဲ့ အတော်ပင် ခင်မင်ရင်းနှီးခဲ့ပါသည်။ အထူးသဖြင့် အချက်အပြုတ် အကြော်အလှော်ကောင်းသော တရုတ်မလေးများ၏ လက်ရာတင်းလျှာများက မမေ့စရာပါ။ နောင်လိုင်က အမျိုးမျိုးသော



www.burmeseclassic.com

www.burmeseclassic.com



ယမကာများကလည်း အမျိုးမျိုးသော ဝက်၊ ကြက်၊ အမဲ မြည်းစရာ များနှင့် အလွန်လိုက်ဖက်လှပါ၏။

၁၉ရ၈ မိုးတွင်း ဘိန်းသူပုန်ချေမှုန်းလုပ်ရသည့် အောင်ကျော်မိုး စစ်ဆင်ရေး၌ နောင်လိုင်ကို တစ်ညအိပ် ရိက္ခာထုတ်ရင်း ခဏရောက်သွားသည်။ နောင်လိုင်တိုက်ပွဲ တွင် ကျဆုံးသွားသည့် စစ်သည်များ၏ဇနီးဖြစ်ခဲ့သော အသစ်စက်စက် မုဆိုးမလေးများက ကျွန်တော့်ကို ဝမ်းနည်း ဝမ်းသာ ဆီးကြိုသည်။ ယခင် ဗိုလ်လုထွန်း၏ မိတ်ဟောင်း ဆွေဟောင်းများဖြစ်ကြသည့် မသီတာတို့၊ မပုလဲတို့၊ အတ်ဆွေတို့၊ လင်ဖန်းတို့၊ ကြူးကြူးတို့ကလည်း ကြိုကြ သည်။ အပျိုကြီးကြူးကြူးဆိုရင် ကျွန်တော့်ကိုဖက်ပြီး ...

"ဗိုလ်ကြီး ... နင် မသေဘူးနော်"

ဟုဆိုကာ မျက်ရည်တောင် ကျလိုက်သေး၏။ နောင်လိုင်စခန်းမှာ နေခဲ့စဉ်က သူမအိမ်မှာ ညစာ ခဏ ခဏ စားဖူးသည်။ ခဏခဏ စခဲ့ဖူးသည်။ အလွန်ခင်၏။

"ငါမသေပါဘူးဟာ"

ဟုပြောရသည်။ မသေလို့ ပြန်တွေ့ကြတာပေါ့နော်။ သို့ရာတွင် သေသူတွေ သေသွားကြပါပြီ။ ရွာက အလွန် ခင်သော ရှမ်းကြီးဒုအရာခံဗိုလ်သောင်းမောင်၊ တပ်ကြပ်ကြီး





စန်းမောင်၊ တပ်ကြပ်ကြီးခင်မောင်၊ ဒုတပ်ကြပ် တင်သိန်း၊ ဒုတပ်ကြပ်ဆောင်းကုန်၊ လားဟူကလေး ကျည်း အားလုံး သေကြပြီ။ ထိုတိုက်ပွဲအကြောင်းကို သူတို့ မေး၍ ထိုညက သူတို့ကျွေးသည့် ထမင်းစားရင်း သူတို့တိုက်သည့် ယမကာ လေး မှိဝဲရင်း ပြောပြရသည်။

ကျွတ် ကျွတ် ကျွတ်နှင့် စုတ်တသတ်သတ် နားထောင်ကြရှာသည်။

"ဗိုလ်ကြီး ... နင်မသေပေမယ့် တန့်ယန်းက ဆက်ဆက်နဲ့လာတဲ့ ဟိုဗိုလ်ကြီးကတော့ ဒီစခန်းမှာ သေသွားပြီ"

ဟုပြော၍ ဗကပတွေ ဝင်လာသည့်အကြောင်း သေးရ၏။ နောင်လိုင်တွင် ရက်သတ္တနှစ်ပတ်ခန့် ဗကပများ နေသွားရာ သူတို့ ကြက်၊ ငှက်၊ ဝက်တွေ အတော်ပြောင် သွားကြောင်း၊ အရက်များလည်း ချက်မလောက်ကြောင်း အချက်မလေးများက အမူအရာ ကောင်းကောင်းနှင့် ပြော၍ နည်းရပါသေးသည်။

စခန်း ခဏနှင့်ကျသွားကြောင်း၊ စခန်းတိုက်ပွဲ၌ သပဘက်က အနည်းအကျဉ်းသာ ကျပြီး စခန်းက သင်ဝက်ခန့်ကျကြောင်း အချို့ စခန်းအနောက်ခြံစည်းရိုး



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ထွက်ပြီး လွတ်သွားကြောင်းများကိုလည်း ပြော
သည်။


နိဂုံးချုပ်တော့ ကိုယ့်တပ်ခွဲက မုဆိုးမဖြစ်သွားသည့် တရုတ်မလေးများကို နှစ်သိမ့်ရသည်။ သူတို့ကို နှစ်သိမ့်ခဲ့ ရသည့်ဖြစ်စဉ်မှာ ကျွန်တော့်ရင်တွင် ထာဝစဉ်ရှိနေခဲ့ ထိုခံစားချက်အား မကြာသေးမီက "စစ်သားတို့ အချစ်" အမည်ဖြင့် ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့၏။

ထိုဝတ္ထုကလေးမှာ ဤစာအုပ်တွင် ဖော်ပြ သင့်လျော်သည်ဟု ထင်မြင်ယူဆပါသဖြင့် နောက်ဆက် အနေဖြင့် ဖော်ပြပေးလိုက်ပါသည်။ ဖတ်ရှု ခံစားကြ ကြပါရန် ခင်ဗျား။

သောင်းဝေဦး

၁၀ ◦ ၄ ◦ ၂၀၀

မြရတနာစာပေ



www.burmeseclassic.com

## စစ်သားတို့အချစ်

ဇာတ်လမ်းအစ နောင်လိုင်က

၁၉၇၈ ခုနှစ်က နောင်လိုင် ပါဖန်တိုက်ပွဲကြီး။

သွေးချောင်းစီးခဲ့သော ထိုတိုက်ပွဲကြီး၌ ကျွန်တော်သည် တပ်ခွဲတစ်ခွဲကို ဦးစီးပါဝင်တိုက်ခိုက်ခဲ့ရ၏။

အသူရာဟု ကျွန်တော်တို့ အမည်ပေးထားသော ာပတို့သည် ၁၉၇၈ ခုနှစ် မတ်လဆန်းတွင် တပ်မဟာ ၊ တပ်မဟာ (၁၂) နှင့် ပြည်သူ့စစ်များပူးပေါင်းအင်အား ၅၀၀ ခန့်ဖြင့် ကျွန်တော်တို့၏ လားရှိုး အရှေ့ခြမ်းဒေသရှိ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နောင်လိုင်စခန်း၊ ပါဖန်စခန်း၊ ပွိုင့် ၆၀၄၁ စခန်း၊ နမ့်
ဆယ်စခန်းများအား တစ်ချိန်တည်း တစ်ပြိုင်တည်း ဝ
ရောက် တိုက်ခိုက်လေတော့သည်။

ထိုစခန်းများမှာ မဆုတ်တမ်း ခံစစ်စခန်းမျ
ဖြစ်သော်လည်း အသူရာတို့၏ အဆမတန် သာလွန်သော
လူအင်အား အသုံးပြုနိုင်ခြင်း၊ လက်နက်ကြီး ကျည်ဆန်မျ
ဖောဖောသီသီသုံးနိုင်ခြင်း၊ ၎င်းတို့အတွက် Logistics ခေါ်
အုပ်ချုပ်ထောက်ပံ့မှုလွယ်ကူခြင်း၊ Line of Commu-
cation ခေါ် ဆက်သွယ်ရေးလမ်းကြောင်း တို တောင်းခြင်
စသည့် အားသာချက်များကြောင့် ပွိုင့် ၆၀၄၁ စခန်းမှလွဲ၍
ကျန်စခန်းများမှာ အသူရာတို့ လက်တွင်းသို့ အချိန်တို
နှင့် ကျဆုံးခဲ့ရပေသည်။

အသူရာတို့သည် ၁၉၇၈ ခုနှစ် မတ်လ ၆ ရက်နေ့
မိုင်းမောဒေသမှ ထွက်ခွာလာကြပြီး သံလွင်မြစ်အ
နောင်လိုင်စခန်းအရှေ့ဘက် တာဆိုင်းလျှံကူးတို့မှ အ
အရင်းဖြင့် ဖြတ်ကူးကြ၍ စစ်ကြောင်းများ အသီးသီး ခွဲ
အထက်ဖော်ပြပါ စခန်းများသို့ ချီတက်ကြ၏။ နောက်
နေ့ မတ်လ ၇ ရက် နံနက်စောစော၌ စခန်းအားလုံး
လက်နက်ကြီးများ တရစပ်ပစ်ခတ်ကာ Human W





ခေါ် လူလှိုင်းစစ်ဆင်ရေးနည်းနာကို အသုံးပြု၍ တိုက်ခိုက်
လေတော့ရာ ထိုနေ့မှာပင် နောင်လိုင်စခန်းကျဆုံးလေတော့
သည်။ နောက်နေ့များ၌ ပါဖန် စခန်းနှင့် နမ့်မူဆယ်စခန်းများ
ကျဆုံးပြန်၏။ ဗိုလ်မှူးသီဟသူရသိန်းထွန်းတင် ကွပ်ကဲသော
ပွိုင့် ၆၀၄၁ စခန်းတစ်ခုသာ ရက်ပေါင်းအတော်ကြာ
ကြံကြံခံနိုင်ခဲ့၏။

အသူရာတို့ သံလွင်မြစ်ဖြတ်ကူးချိန်မှာပင် ထို
သတင်းကို ကျွန်တော်တို့ အထက်ဌာနများမှ ရရှိခဲ့၏။
အနီးကပ်ဆုံးတပ်ဖြစ်သော မိုင်းရယ်နှင့်တန့်ယန်းတပ်ရင်း
များမှ အရန်တပ်ခွဲများအား ရှေ့တန်းစခန်းများသို့ အမြန်
စေလွှတ်ခဲ့သည်။ ကျွန်တော်နှင့်ဗိုလ်ကြီးခင်အောင်အုံး
ဦးစီးသော မိုင်းရယ်အရန်တပ်ခွဲသည် မတ်လ ၆ ရက်နေ့
ည၌ တပ်ရင်းဌာနချုပ်မှ ယာဉ်များဖြင့် ထွက်ခွာပြီး မတ်လ
၇ ရက်နေ့ နံနက်၌ တန့်ယန်းသို့ ရောက်ရှိလေသည်။
တန့်ယန်းဗျူဟာမှ ညွှန်ကြားချက်များရယူကာ နားညုအထိ
ယာဉ်များဖြင့် နားညုမှ နောင်လိုင်သို့ ခြေလျင် ချီတက်ခဲ့ကြ
၏။ လမ်းခုလတ် သံခမောက်တောင်၌ တန့်ယန်းမှ ကြို
ရောက်နေသော တန့်ယန်းအရန်တပ်ခွဲဖြင့် ပူးပေါင်းကာ
နောင်လိုင်သို့ ဆက်လက်ချီတက်ကြရ၏။ မတ်လ ၈ ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com



မနက်ရှစ်နာရီခန့်၌ ကျွန်တော်တို့၏ စစ်ကြောင်းသည် နောင်လိုင်မှ ဆင်းလာသော အသူရာအင်အားငါးရာကျော်နှင့် တန့်ယန်း နောင်လိုင် ကားလမ်းမကြီးပေါ်ရှိ ပန်းမွှန်းစန်းခေါ် ပန်းမွှန်းတောင်ရွာကလေးတွင် ရုတ်ခြည်းရင်ဆိုင်တွေ့ဆုံကာ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားကြလေတော့သည်။

အသူရာတို့သည် ၆၀ မီလီမီတာ စိန်ပြောင်းများ၊ ၈၂ မီလီမီတာစိန်ပြောင်းများ၊ ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များ၊ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးများ R.P.G ခေါ် ငှက်ပျောဖူးလောင်ချာများကို ဖောဖောသီသီကြီး အသုံးပြု၍ ကျွန်တော်တို့စစ်ကြောင်းကို ဝိုင်းဝန်းတိုက်ခိုက်လေတော့၏။ ထိုနေ့ နေ့လယ်၌ နောင်လိုင်နှင့် နန့်မူဆယ်မှ အသူရာစစ်ကူများ ထပ်ဆောင်းရောက်ရှိလာကာ ကျွန်တော်တို့ စစ်ကြောင်းအား လေးဖက်လေးတန်မှ ဝိုင်းပတ်တိုက်ခိုက်ကြသဖြင့် ညနေသုံးနာရီ၌ ကျွန်တော်တို့သည် တိုက်ပွဲနေရာမှ ခွာစစ်ဆင်ရလေတော့၏။

အသူရာတို့သည် တိုက်ပွဲအစပိုင်း၌ စခန်းလေးခုအနက် သုံးခုကို ရရှိသွားသဖြင့် စိတ်ဓာတ်များ တက်ကြွလျက် တန့်ယန်းမြို့ကိုပင် ခြိမ်းခြောက်ထိပါးရန် ရည်ရွယ်၍





တောင်ဘက်သို့ ဆင်းချလာကြ၏။ ထိုရန်သူများနှင့် ကျွန်တော်တို့၏ တန့်ယန်းမှ ချီတက်လာသော နည်းဗျူဟာကွပ်ကဲမှုအောက်မှ တပ်ဖွဲ့များ ဆုံကွေ့ဒေသတစ်ဝိုက်တွင် ဆုံတွေ့ကာ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားကြပြန်၏။ လူလိုင်းစစ်ဆင်ရေးဖြင့် မြောက်ဘက်မှ ဆင်းချလာသော အသူရာများသည် ကျောက်ဆောင်ကြီးကို ဝင်တိုးကြသော ပင်လယ်လှိုင်းလုံးကြီးများနှယ် ဆုံကွေ့ရှိ ကျွန်တော်တို့၏ ဝင်မတပ်ဖွဲ့ကြီးနှင့် တွေ့ဆုံသောအခါ ရပ်တန့်သွားလေတော့၏။ မတ်လ ပထမပတ်မှ စတင်သော တိုက်ပွဲများသည် မတ်လနောက်ဆုံးပတ်ကျမှ ပြီးဆုံးတော့၏။ တိုက်ပွဲကာလ ရက်ပေါင်းနှစ်ဆယ်နီးပါး ကြာမြင့်သွား၏။ ကျဆုံးခဲ့သော စခန်းများအားလုံး ပြန်သိမ်းနိုင်ပြီး အသူရာများကိုလည်း သံလွင်အရှေ့ဘက်ကမ်းသို့ ပြန်လည်မောင်းထုတ်လိုက်နိုင်၏။ သို့ရာတွင် ပေးလိုက်ရသောတန်ဖိုးကား မနည်းမနောပါပေ။

ထိုတိုက်ပွဲစဉ်ကြီး၌ ကျွန်တော်ပါဝင်သော တပ်ခွဲတစ်ခုတည်းမှပင် လူ ၂၄ ဦး ကျဆုံးခဲ့ပြီး ၁၀ ဦး ပျောက်ဆုံး၍ ၁၀ ဦး ဒဏ်ရာရရှိခဲ့လေသည်။ လူ ၆၀ ပါဝင်သော တပ်ခွဲ၌ ၁၀ ဦးသာ အကောင်းပကတိဖြင့် တပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ပါတော့သည်။

ကျဆုံးပျောက်ဆုံးသူများထဲ၌ တစ်ဝက်က လူမှု ဖြစ်ပြီး၊ တစ်ဝက်က အိမ်ထောင်သည်များ ဖြစ်၏။

အိမ်ထောင်သည်များ၌ မနေ့တစ်နေ့ကမှ အိမ်ထောင်ကျပြီး လက်ထပ်ခွင့်တင်ထားဆဲ စစ်သည်များ ပါဝင်လေရာ မမျှော်လင့်သော လူမှုရေးကိစ္စနှင့်အုပ်ချုပ်မှု ကိစ္စများကို ကြုံဆုံရလေတော့သည်။

တိုက်ပွဲပြီး၍ တပ်ပြန်ရောက်ပြီးမှ နှစ်ရက် သုံးရက် အတွင်းမှာပင် ကျွန်တော့်တပ်ခွဲသို့လာပြီး ခေတ္တ တပ်ခွဲမှူးတာဝန် ထမ်းဆောင်ခဲ့သော ဗိုလ်ကြီးခင်မောင်အုံး တပ်ပြောင်းရွှေ့သွားသဖြင့် ထိုကြုံရဆုံရ အုပ်ချုပ်မှုကိစ္စများအား ရှင်းလင်းရန် ကျွန်တော်ပင် တာဝန်ယူရတော့၏။

ကျွန်တော် တာဝန်ယူရသည့် လူမှုရေးကိစ္စများ အနက် စိတ်မကောင်းအဖြစ်ဆုံးမှာ မြန်မာစကားပင် ရေရေလည်လည် မကျွမ်းကျင်သေးသည့် နောင်လိုင်ရွာမှ တရုတ်အမျိုးသမီးလေး သုံးလေးဦး မုဆိုးမ ဖြစ်သွားရခြင်း ပါတည်း။

ဤနေရာတွင် နောင်လိုင်ရွာအကြောင်းကို အတန် ငယ် တင်ပြလိုပါသေးသည်။





နောင်လိုင်ဆိုသည်ကား

နောင်လိုင်ဟုအများက ခေါ်ကြသည်။ ရှမ်းအခေါ် ဖြစ်၏။ တကယ့်ရှမ်းသံစစ်စစ်ဖြင့်ခေါ်မည်ဆိုပါက နောင် လိုင် မဟုတ်ပါ။ နောင်လျှံသာ ဖြစ်၏။

နောင်ဆိုသည်မှာ အင်း၊

လျှံဆိုသည်မှာ အနီရောင်၊

နောင်လျှံ သို့မဟုတ် အင်းနီရွာဟု အဓိပ္ပာယ်ရလေ သည်။

ထိုနောင်လျှံ သို့မဟုတ် ကျွန်တော်တို့အခေါ် နောင်လိုင်ရွာသည် တန့်ယန်းမြို့မြောက်ဘက် တည့်တည့် မိုင် ၂၀ ကျော်အကွာ၌ တည်ရှိသည်။ နေထိုင်သူများမှာ တရုတ်လူမျိုးသာဖြစ်၏။ ရှမ်းတရုတ်များဟုခေါ်မည် ဆိုကလည်း ခေါ်နိုင်ပါသည်။ သို့ရာတွင် တစ်ရွာလုံး တရုတ်စကားသာ ပြောကြ၏။ ရှေးအခါက မြို့စားအုပ်ချုပ် သော ရွာဖြစ်သည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မဝေးလှသော ကြောင့် ထိုဒေသ၌ ရှေးပဝေသဏီကပင် တရုတ်လူမျိုးများ လာရောက် အခြေချနေထိုင်မှုများရှိခဲ့၏။ သူတို့သည် သူတို့ လူမျိုးများ၊ အစဉ်အလာအတိုင်း ထိုဒေသ၌ စိုက်ပျိုးရေး



www.burmeseclassic.com

www.burmeseclassic.com



မွေးမြူရေးများကို အခြေခံသည့်စီးပွားကုန်သွယ်မှုများဖြင့် အသက်မွေးဝမ်းကျောင်းကြလေသည်။ အလွန်အေး သော ရှမ်းကုန်းမြေမြင့်ဒေသဖြစ်ခြင်း၊ မြင့်မားဝေသီသည့် ကျောက်တောင်ကြီးများရှိခြင်း၊ မြေပြန့်လွင်ပြင်နည်း ပါးခြင်းတို့ကြောင့် နောင်လိုင်သူ နောင်လိုင်သားများသည် စိုက်ပျိုးရေးအဖြစ် ပြောင်းဖူး၊ ဂျုံ၊ အာလူး၊ မြေပဲ၊ ပန်းနှမ်း စသည့် အအေးပိုင်း သမပိုင်းဒေသ၌ ဖြစ်ထွန်းသည့် ကောက်ပဲသီးနှံများကိုသာ စိုက်ပျိုးကြသည်။ သို့ရာတွင် အဓိကစိုက်ပျိုးသည့် သီးနှံကား ထိုကောက်ပဲသီးနှံများ မဟုတ်ပါ။ မူးယစ်ဆေးဝါးဟု အမည်ရသည့် ဘိန်းပင်များ သာတည်း။

ဘိန်းပင်ကို အဘယ်ကြောင့် အများအပြား စိုက်ကြ ပါသနည်း။ ရှင်းပါမည်။

၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကျွန်တော်သည် နောင်လိုင်စခန်းတာဝန်ယူရန် ရောက်သွား၏။ ထိုအချိန် ၌ နောင်လိုင်တပ်စခန်း ကုန်းဘေားရှိ တောင်ကုန်းအသီးသီး၌ အဖြူ အနီ အပြာ ပန်းခရမ်း ရောင်စုံဖြာနေသည့် ဘိန်းပွင့် များနှင့် တစ်မျှော်တစ်ခေါ် ဘိန်းခင်းကြီးများကို တွေ့ရသည်။

အားလား နောင်လိုင်ဆိုတာ တကယ့်ဘိန်းစိုက်တဲ့





ရွာကြီးပါလား။

ကျွန်တော်သည် ဤမျှ ကြီးမားကျယ်ပြန့်သော ဘိန်းခင်းကြီးကို တစ်ခါမှ မတွေ့ဘူးသေးပါ။ ထို့ကြောင့် အလွန်အံ့ဩသွား၏။

ရက်အနည်းငယ်အကြာ နောင်လိုင်ကျေးရွာလူကြီး များနှင့် သိကျွမ်းပြီးသည့်အခါ၌ ကျွန်တော်က ထိုဘိန်းခင်း ကြီးများအကြောင်း မေးမိတော့၏။

"ဘယ်လိုလဲဗျာ။ ခင်ဗျားတို့ရွာကြီးက ဘိန်း တအားစိုက်ပါလား။ ဘာဖြစ်လို့ စပါးမစိုက်ဘဲ၊ ဘိန်းတွေ အများကြီးစိုက်တာလဲ"

"ကျွန်တော်တို့ဆီက စပါးစိုက်လို့ မဖြစ်ဘူး ဗိုလ်ကြီးရဲ့။ ဒီက သိပ်အေးတာ။ မြင့်လည်းမြင့်တယ်။ မြေကြီးက ကျောက်တွေချည်းပဲ။ စပါးစိုက်ရတာ ခက် တယ်"

"တောင်ယာစပါး မစိုက်ဘူးလား"

"နည်းနည်းပါးပါးတော့ စိုက်တယ်။ ဒါပေမယ့် တောင်ယာစပါး ငါးကေစိုက်တာနဲ့ ဘိန်းတစ်ကေစိုက်တာ ဝင်ငွေကျတော့ သွားတူတယ်။ ဘိန်းစိုက်ရတာက စပါး ထက်ပိုလွယ်တယ်။ ဒါကြောင့် ဘိန်းစိုက်ပြီးရောင်းလို့ ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငွေနဲ့ ကျွန်တော်တို့ တန့်ယန်းသွားပြီး ဆန်ဝယ်စားတယ် လေ။ ဒီမြေကြီးနဲ့ရာသီဥတုက ဘိန်းကျတော့ သိပ်ဖြစ်တာ ဗိုလ်ကြီးရဲ့''

ဟု ဆိုလေတော့သည်။

''ဒါနဲ့ဗျာ ဒီဘိန်းတွေကျတော့ရော ဘယ်သွား ရောင်းကြလဲ''

''ဘယ်မှသွားမရောင်းရပါဘူး ဗိုလ်ကြီးရာ။ နွေ ပေါက်ရင် ဝယ်တဲ့သူတွေက သူတို့အဆက်အသွယ်တွေနဲ့ သူတို့ ကျွန်တော်တို့ရွာတွေကို ရောက်ပြီး လာဝယ်ကြတာ ပါပဲ''

''ဪ''

မေး၍သာမေးနေရသည်။ တကယ်ဆိုတော့ ဤ နောင်လိုင်ဆိုသော တရုတ်ရွာကြီးသည် M.T.A ခေါင်း ဆောင် ဦးခွန်ဆာ၏ ဇာတိရွာကြီးဖြစ်၏။ ဦးခွန်ဆာသည် တစ်ရံရောအခါက နောင်လိုင် ကာကွယ်ရေး ခေါင်းဆောင် ဖြစ်သည်။ နောင်လိုင်ရွာအနီးရှိ လွယ်မော်တောင်ကြီးကို အစွဲပြုပြီး နောင်လိုင်ကာကွယ်ရေးအား လွယ်မော်ကာကွယ် ရေးဟု ခေါ်ခဲ့ကြ၏။ ဦးခွန်ဆာသည် လွယ်မော်ကာကွယ်ရေး ခေါင်းဆောင်ဘဝ၌ ၎င်း၏တပ်ဖွဲ့ဝင်များ စားဝတ်နေရေးကို





အကြောင်းပြုကာ ဘိန်းအရောင်းအဝယ်ကို စတင်ဆောင် ရွက်ခဲ့၏။ ယခု ကျွန်တော်တို့ရောက်နေသည့် နောင်လိုင် ဒေသနှင့် လားရှိုး တန့်ယန်းဒေသမှ ဘိန်းများကို စုဆောင်း ဝယ်ယူပြီး ထိုင်း မြန်မာ နယ်စပ်ရှိ မူးယစ်ဆေးဝါးကုန်သည် များသို့ သွားရောက် ရောင်းချလေသည်။ ဤနည်းဖြင့် ဦးခွန် ဆာသည် M.T.A တပ်ဖွဲ့ကြီးကို ထူထောင်ခဲ့ပြီး ဘိန်း ဘုရင်ခွန်ဆာဟု အမည်ရခဲ့၏။ လွန်ခဲ့သော နှစ်အနည်း ငယ်ကမူ ဦးခွန်ဆာနှင့် M.T.A တပ်ဖွဲ့သည် မြန်မာ့ တပ်မတော်ထံသို့ အကြွင်းမဲ့ လက်နက်ချ အလင်းဝင်ခဲ့ကြ ၏။

ဦးခွန်ဆာသည် နောင်လိုင်မြို့စား၏ ဒုတိယဇနီး တရုတ်အမျိုးသမီးမှ မွေးဖွားခဲ့သူလည်းဖြစ်၏။ ထို့ကြောင့် နောင်လိုင်ရွာ၌ တရုတ်လူမျိုးများသာ အများအပြား တွေ့နေရခြင်းဖြစ်သည်။ အိမ်ခြေရာကျော်ရှိသော ထိုနောင် လိုင်ရွာကြီး၌ အားလုံးနီးပါးမှာ တရုတ်များသာဖြစ်၏။ ကျွန်တော် သိသလောက် ရှမ်းအိမ်တစ်အိမ်နှင့် လွယ်လ အိမ်တစ်အိမ်သာရှိ၏။ ထိုလွယ်လ အိမ်ပိုင်ရှင်ကား နောင်လိုင်လူကြီး ဦးပီခမ်းအိမ်ဖြစ်၏။ ရှမ်းအိမ်မှာ နောင်လိုင် မြို့စားနှင့် ဆွေမကင်း မျိုးမကင်း ကိုစိုင်းဌေးနု၏အိမ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မန္တလေးတက္ကသိုလ် ကျောင်းထွက်ဖြစ်ပြီး နောင်လိုင်၌ အခြေချကာ အရောင်းအဝယ်များလုပ်ရင်း ကျေးရွာကိစ္စများ၌ ကျွန်တော်တို့ကို ဝိုင်းဝန်းကူညီနေ သူလည်း ဖြစ်၏။ ပေါင်းလို့သင်းလို့ကောင်းသည်။ ကျွန်တော် နှင့်လည်း အသက်အရွယ် မတိမ်းမယိမ်းပါပေ။ နောင်လိုင် တွင် တရုတ်လူမျိုးယောက်ျားများ အလွန်နည်းသည်။ ဈေးရောင်းနေသူ ယောက်ျားဈေးသည် သုံးလေးငါးဦးနှင့် တရုတ်ကျောင်းဆရာနှစ်ဦးသာ ကျွန်တော် တွေ့ဖူးသည်။ ကျွန်တော်က မသိသဖြင့် . . .

"ရွာက ယောက်ျားတွေ ဘယ်သွားကြလဲဟင်"

ဟု မေးသောအခါ အတော်များများက ပြုံးကြ၏။ ဘာမှတော့ တိတိကျကျ အဖြေမပေးကြ။ သို့သော်ငြား လည်း ရွာရှိ အိမ်ထောင်ရှင်တရုတ်အမျိုးသမီးများကို ကိုယ်ဝန်ဆောင်များနှင့် အများအပြား ကျွန်တော် တွေ့ရ သည်။ သူတို့ယောက်ျားများကိုမူ ကျွန်တော် တစ်ခါမှ မတွေ့ ဘူးပါ။ ရွာထဲဆင်းလျှင် တရုတ်မများကိုသာ တွေ့ရ၏။

ဤသို့ ယောက်ျားရှားပါးသော နောင်လိုင်ရွာကြီး၌ ကျွန်တော်သည် သုံးလကျော် လေးလနီးပါးနေခဲ့၏။ ကျွန်တော် ကိုင်ရသောတပ်ခွဲက ကျွန်တော့်အရင် နှစ်လ





သုံးလ စောရောက်နေသည်။ တပ်ခွဲမှူးအဟောင်း ဗိုလ်ကြီး ဌေးလွင် ဆေးစစ်ခံသွားရန်ရှိ၍ ကျွန်တော်က တပ်ခွဲမှူး တာဝန် သွားလဲပေးရခြင်းဖြစ်သည်။

ကျွန်တော်သည် နောင်လိုင်စခန်း တာဝန်ယူပြီး ရက်ပိုင်းအတွင်းမှာပင် ရွာနှင့်ရင်းနှီးသွား၏။ ကျွန်တော့် တပ်စုမှူး ဗိုလ်လှထွန်းနှင့် တပ်ခွဲအရာခံဗိုလ်ဆရာကြီး ဒိုင်းမောင်ကြောင့်ပင် ဖြစ်သည်။ ဗိုလ်လှထွန်းသည် ရှမ်း အဆိုင်ဝ။ အသက် နှစ်ဆယ်သာသာ လူပျို။ အသားဖြူဖြူနှင့် ချုပ်ချော၊ ဟောင်ကောင်ရုပ်ရှင်မင်းသား ချောင်ယူဖတ်ပုံစံ မျိုး။ ထို့ပြင် သူသည် အားကစားထူးချွန်သူလည်း ဖြစ်၏။ သက္ကသိုလ်ကျောင်းသားဘဝက တက္ကသိုလ်ဘောလုံးအသင်း လက်ရွေးစင်၊ ဘော်လီဘောလက်ရွေးစင်၊ ဘတ်စကက် ဘော လက်ရွေးစင် ဖြစ်ခဲ့ ဖူးသည်။ သူသည် အလုံးများကို အပေါက်ထဲသွင်းရသည့် အားကစားများ၌ အစွမ်းထက်သူ ဖြစ်၏။

အနီး ထိုနောင်လိုင်ရွာကြီး၌ ဖော်ပြပါ အားကစား ပွဲများလည်း ရှိသည်။ ကစားကြသူများမှာ ယောက်ျား သားများ မဟုတ်ပါ။ နောင်လိုင်ရွာမှ တရုတ်မလေးများသာ ဖြစ်၏။ နောင်လိုင်ရွာ၌ မြန်မာစာသင် ကျောင်းမရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း တရုတ်စာသင်ကျောင်းတော့ရှိ၏။ ထိုကျောင်းက ရွာမှ ကလေးများကို တရုတ်စာ သင်ပေးသည်။ မြန်မာစာကိုမူ ကြားညှပ်သင်သည်။ သင်ကြားပေးသူများမှာ လားရှိုးနှင့် တန့်ယန်းမှ တရုတ်ဆရာနှင့် ဆရာမများဖြစ်ကြ၏။ တရုတ်ဆရာမတစ်ဦးသည် ဘတ်စကက်ဘော အလွန်ကောင်း၏။ သူမ ဦးဆောင်၍ တရုတ်ကျောင်းမှ အမျိုးသမီးဘတ်စကက်ဘောအသင်းနှင့် မကြာခဏ တရုတ်ကျောင်းက ဘတ်စကက်ဘောကွင်းသို့ သွား၍ ဘတ်စကက်ဘောကစားတတ်ရာ ကျောင်းသင်းက အပျိုပေါက် ကျောင်းသူ တရုတ်မလေးများနှင့် ရင်းနှီးနေ၏။ ဘတ်စကက်ဘောသာမကပါ တရုတ်ကျောင်း၌ အမျိုးသမီး ဘော်လီဘောအသင်းလည်း ရှိ၏။ ဗိုလ်လှထွန်းနှင့် တပ်ခွဲက ဘော်လီဘောကစားတတ်သူများ သွားကစားကြသည်။ လားရှိုးက တရုတ် ကျောင်းဆရာမသည် ဗိုလ်လှထွန်းနှင့် အသက်မတိမ်းမယိမ်းဖြစ်ပြီး မြန်မာစကား အလွန်ပီသည်။ သူမသည် အားကစား ထူးချွန်သော ဗိုလ်လှထွန်းအား အလွန်သဘောကျ၏။ သူတို့ကျောင်းသို့ ဗိုလ်လှထွန်းရောက်သွားလျှင် ပျာပျာသလဲ ညှော်ခံတတ်၏။ ချက်ပြုတ်ကျွေးလျော် ကျွေးမွေးတတ်၏။ ထမင်းချက် ဟင်းချက်လည်း





ကောင်းသည်။

"ဟော့ ... ဗိုလ်လှထွန်း ဆရာမကို မင်းခေါ်ခဲ့ရင် ဒီတပ်မှာ တရုတ်ခေါက်ဆွဲဆိုင် ဖွင့်လို့ရပြီကွ"

ဟု ကျွန်တော်က မထိတထိ ပြောသည့်အခါ သူက ...

"စွာတယ် တပ်ခွဲမှူးရဲ့။ မလုပ်နဲ့"

ဟု ပြန်ပြော၏။ တရုတ်ဆရာမမှာ ရုပ်သိပ်မလှပါ။ ရွက်ကြမ်းရေကျိုသာဖြစ်၏။

သူမကဲ့သို့ပင် ဗိုလ်လှထွန်းအား အလွန်သဘောကျနေသည့် အခြားတရုတ်အမျိုးသမီးကလေးတစ်ဦးလည်း ရှိ၏။ သူမ မိဘများသည် ထိုရွာကြီး၌ ချမ်းသာသူများအထဲတွင် ပါဝင်၏။ မွေးမြူရေး စိုက်ပျိုးရေးသာမက ရွာလယ်ဈေး၌ ဈေးဆိုင်ကြီးကြီးလည်း ရှိသည်။ သူမသည် အသက် ၁၈ နှစ်ခန့်သာရှိသေး၏။ တရုတ်ရုပ်ရှင်မင်းသမီးကြီး ချင်ဖေ့ဖေ့ငယ်စဉ်က ရုပ်မျိုး။

အမည်မှာ အတ်ဆွေဖြစ်၏။ သူမသည်လည်း ဘတ်စကက်ဘော၊ ဘော်လီဘော အလွန်ကောင်းလေသည်။ သူမ ဦးဆောင်၍ နောင်လိုင်ဈေးသူများမှလည်း ဘော်လီဘောနှင့် ဘတ်စကက်ဘော အသင်းထော



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ သူတို့ဈေးအဖွဲ့ကလည်း ဈေးနှင့်မလှမ်းမကမ်း၌ ဘော်လီဘောကွင်းနှင့် ဘတ်စကက်ဘောကွင်း လုပ်ထား၏။ ဗိုလ်လှထွန်းနှင့်တပည့်များက ထိုကွင်းများသို့လည်း သွားရောက်ပြီး ဘော်လီဘော ဘတ်စကက်ဘော ကစားကြ၏။ အားကစားပွဲများပြီးသည့်အခါများ၌ တရုတ်ကျောင်းဆရာမကဲ့သို့ပင် အတ်ဆွေကလည်း ဗိုလ်လှထွန်းအား သူ့အိမ်ခေါ်သွားပြီး ကျွေးမွေးပြုစုတတ်၏။ အတ်ဆွေသည်လည်း အချက်အပြုတ်အကြော်အလှော် ကောင်းပေသည်။ ဗိုလ်လှထွန်း ခေါ်သွားသဖြင့် ထိုအိမ်သို့ ကျွန်တော် ရောက်သွားပြီး ထမင်းတနပ်စားမိပြီးသောအခါ၌ ...

"ဟော့... ဗိုလ်လှထွန်း ဒါလေးက ငယ်လည်း ငယ်၊ လှလည်း လှ၊ အချက်အပြုတ်လည်းကောင်း ဆိုတော့ မဆိုးဘူးကွ။ ဘယ်နဲ့သဘောရလဲ။ မောင်ရင်ကတော့ ဖူးစာနှစ်ခိုင်ဖြစ်နေပြီဟေ့"

ဟု စလိုက်သောအခါ သူက ဘာမှ ပြန်မပြော ပြုံးရုံသာပြုံးနေသည်။ အတ်ဆွေကို သူ သဘောကျပုံရသော် သို့ရာတွင် တရားဝင်သမီးရည်းစားဖြစ်နေပုံတော့ မရသေး ယခုကဲ့သို့သော သွားသွားလာလာ လုပ်နေခြင်းလောက်သာ ဖြစ်ပါလိမ့်မည်။ သူကသာ တရားဝင် သမီးရည်းစား





မရှိသေးသော်လည်း တပ်ခွဲက လူပျိုစစ်သည် အတော်များများကား နောင်လိုင်က တရုတ်မလေးများနှင့် အများအပြား သမီးရည်းစားဖြစ်နေကြပြီ။

ဗိုလ်လှထွန်းပြီးတော့ ဆရာကြီးစိုင်းမောင်ခေါ် ဆရာကြီး သောင်းမောင်အကြောင်းကို ပြောချင်ပါသည်။

ဆရာကြီး စိုင်းမောင်သည် သီပေါရှမ်းဖြစ်၏။ အသက်ငါးဆယ်နီးပါး အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ အရပ်ရှည်သလို စိတ်လည်း အလွန်ရှည်လှ၏။ ထို့ပြင် သူသည် တောလည်ခြင်း၊ အမဲပစ်ခြင်းများကိုလည်း ဝါသနာထုံ၍ ကျွမ်းလည်း ကျွမ်းကျင်လေသည်။

နောင်လိုင်တွင် သူသည် သူကြီးဦးပီခမ်းနှင့် ပေါင်း၍ တောလည်သည်။ တောမောင်းသည်။ အမဲပစ်သည်။ ရလာသည့် ဂျီ ဆတ်စသည့် တောကောင်များကို ခေန်းနှင့် ရွာမှုတစ္စာ ခွဲဝေပေးပြီး ဦးပီခမ်းအိမ်၌ ထိုနေ့အတွက် နောင်လိုင် ဆေးစိမ်အရက်ဖြင့် တောကောင်ဝမ်းသွင်းသားချက်ပြီး ညစာ သုံးဆောင်လေသည်။ ကျွန်တော့်ကိုလည်း ဖိတ်ခေါ်ကျွေးမွေး၏။ သူသည်လည်း ကျွန်တော်ကဲ့သို့ ယမကာကြိုက်၏။ အပေါင်းအသင်း ခင်မင်တတ်၏။ ရှမ်းလူမျိုးဖြစ်ပြီး အထူးတလည် ရှမ်းစကား



www.burmeseclassic.com

www.burmeseclassic.com



သင်ရန် မလို။ နောင်လိုင်ရွာကြီးမှာသာ တရုတ်ရွာဖြစ်သော်လည်း ပတ်ဝန်းကျင်ရွာများကား ရှမ်းရွာ၊ ပလောင်ရွာ၊ လွယ်လရွာများဖြစ်သဖြင့် ရွာလူကြီးအားလုံးနှင့် ဆရာကြီးစိုင်းမောင် စကားပေါက်၏။ သဘောမနောကောင်းသဖြင့် ရွာလူကြီးများကလည်း သူ့ကို ခင်ကြ၏။ မကြာခဏ နောင်လိုင်သို့ ရောက်လာတတ်ပြီး ထမင်းလက်ဆုံ စားကြ၏။ ကျွန်တော်နှင့်လည်း တွေ့ဆုံ စကားပြောဖြစ်၏။ ဆရာကြီးစိုင်းမောင်ကို အကြောင်းပြုပြီး ကျွန်တော်နှင့် ထမင်းအတူစား ယမကာ အတူ သုံးဆောင်ရင်း ထိုကျေးရွာလူကြီးများအားလုံးနှင့် ရင်းနှီးခင်မင်သွားတော့သည်။

BURMESE CLASSIC

## နောင်လိုင်ရွာမှ နေ့ရက်များ

ကျွန်တော်သည် နောင်လိုင်ရွာကြီး၌ ၁၉၇၇ ခုနှစ် နိုဝင်ဘာမှ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလကုန်ထိ လေးလနီးပါး နေခဲ့ရ၏။

ရောက်စက တပ်စခန်းမှာပင် ထမင်းစားသော်လည်း များမကြာမီကာလများ၌ ပိုလ်လှထွန်းနှင့် ဆရာကြီးစိုင်းမောင်တို့ မိတ်ဆက်ပေးမှုကြောင့် တစ်ရွာလုံးနှင့် ခင်မင်သွားကာ ညစာထမင်းကို ရွာတွင်း ဆင်းစားဖြစ်





တော့၏။

နောင်လိုင်ရွာကြီး၏ အဓိက စီးပွားရေးလုပ်ငန်း တစ်ခုမှာ အရက်ချက်ခြင်း ရောင်းချခြင်းပေတည်း။

တစ်ရွာလုံး အရက်ချက်ကြသည်။ ပြောင်းဖူးများ စိုက်ပျိုး၍ ပြောင်းအရက်ချက်ကြ၏။ တရုတ်တို့ ထုံးစံအတိုင်း ချက်ပြီးအရက်များကို အရွယ်အမျိုးစုံ စဉ့်အိုးကြီးများနှင့် ထည့်သွင်းသိုလှောင်ထား၏။ ဈေးနေ့များ၌ ချရောင်း၏။ ထို့ပြင် ရက်ခြားပြေးဆွဲနေသည့် ဂျစ်ကားလေးများဖြင့် တန့်ယန်းမြို့သို့ တင်ပို့ရောင်းချ၏။ နောင်လိုင် အရက်သည်လည်း မိုင်းကောင် အရက်ကဲ့သို့ အလွန်သောက်၍ ကောင်းသည်။ နောင်လိုင်က လိပ်နှင့် မြွေရုပ်ပါသော အရက်များကို ချက်လုပ်ရောင်းချသည်။

"နေစမ်းပါဦး ဦးပီခမ်းရဲ့။ ခင်ဗျားတို့ရွာက အရက်က ဘာဖြစ်လို့ လိပ်ရုပ်တွေ မြွေရုပ်တံဆိပ်တွေ ကပ်ရတာလဲဗျ"

ဟု ကျွန်တော်က ရောက်စက သူကြီးဦးပီခမ်းကို မေးမိသည်။

"လိပ်လိုနှေးပြီး မြွေလို ရစ်ပတ်ထားတာလေ"

"ဘာနှေးပြီး ဘာကိုရစ်ပတ်ထားတာလဲ"



www.burmeseclassic.com

ထိုအခါ ဦးပီခမ်းက ကျွန်တော်နှင့်အတူ ပါလာသည့် ဆရာကြီးစိုင်းမောင်ကို ရှမ်းလို ရှင်းလင်းပြောဆိုတော့၏။ လက်ဟန် ခြေဟန်လည်း ပြ၏။ သူစကားကြားတော့ ဆရာကြီးစိုင်းမောင်က ပြုံးလေသည်။ ပြီးတော့ ကျွန်တော့်နားနားကပ်၍ တိုးတိုးတိတ်တိတ် ရှင်းပြလေသည်။

"ဩော် ... ဒါကြောင့် ဒီရွာက တရုတ်မတွေ Maternity Coat တွေ ဝတ်ဝတ်ထားကြတာကိုး"

ဟု ကျွန်တော်က သဘောပေါက်လိုက်မိတော့၏။ နောင်လိုင်က ဆေးစိမ်အရက်တန်ခိုးတွေ ဖြစ်မှာပေါ့ ခင်ဗျာ။

ညစာ သွားစားသည့်အခါ တရုတ်မလေးများက သူတို့ လက်ရာအရက်မျိုးစုံကို ထုတ်တိုက်သည်။

"အစ်အစ် အစ်အစ်"

ဟုလည်း ဆို၏။ အစ်အစ်ဆိုတာကတော့ နည်းနည်းစီ မြည်းကြည့်ပါဟု ပြောခြင်းပါပင်။

နည်းနည်းစီမြည်းလိုက်ရာ သုံးလေးမျိုးတော့ မူးချင်ချင်ဖြစ်သွားသည်။ ယမကာတစ်ခွက် သောက်လိုက် အမျိုးမျိုးသော အသားဟင်းများကို မြည်းကြည့်လိုက်ဖြင့် ညစာထမင်းပင် ကောင်းကောင်း မစားနိုင်ပါ။ ကျွန်တော်





နှင့်အတူ ဗိုလ်လှထွန်း လိုက်ပါတတ်၍ မျက်နှာအလွန်ပွင့်ပါသည်။ ဗိုလ်လှထွန်းက ရှမ်းပအို့ဖြစ်သော်လည်း အရက်မသောက်တတ်ပါ။ ထို့ကြောင့် သူတို့ တည်ခင်းသည့် ယမကာများကို ကျွန်တော်တစ်ဦးတည်းသာ ဒိုင်ခံ သောက်သုံးရတော့၏။

ဤသို့ဖြင့် ၁၉၇၇ ခုနှစ် ကုန်ပြီး ၁၉၇၈ ခုနှစ် စရောက်လာသည်။ နောင်လိုင်ဒေသသည် ဆောင်းတွင်း၌ ရေခဲ၏။ ဒီဇင်ဘာ၊ ဇန်နဝါရီလ ရေခဲလေ့ရှိ၏။ အေးလွန်းသဖြင့် ရေပင်ကောင်းကောင်း မချိုးနိုင်ကြပါ။ တစ်နေ့လုံး နှင်းတွေကျပြီးနေတတ်ရာ နေကို နေ့လယ် ၁၂ နာရီလောက်မှ ခဏသာ မြင်လိုက်ရ၏။ အေးလွန်း လှ၍ ရဲဘော်များကို အားကစားများ များများလုပ်ခိုင်းရ၏။ ကျွန်တော်လည်း ဗိုလ်လှထွန်းနှင့် ညနေ ညနေ ဘောလုံးဆင်းကန်လိုက်၊ ဘော်လီဘော သွားပုတ်လိုက် လုပ်ရသည်။ ကျွန်တော်တို့ ဘောလုံးပွဲသို့ နောင်လိုင် သူတရုတ်မလေးများက လာအားပေး၏။ သူတို့က ဗိုလ်လှထွန်း ဘောလုံးသယ်ရင်း Dodging အကွေ့ အလိမ်လုပ်သည်များကို အလွန်သဘောကျကြသည်။

"ဟော့ ... ဗိုလ်လှထွန်း မင်း တရုတ်မလေးတွေက



www.burmeseclassic.com

www.burmeseclassic.com



အားတစား ဝါသနာပါတယ်ကွ။ ဒို့လွတ်လပ်ရေးနေ့ ပြေးခုန်ပစ်နဲ့ ဘော်လီဘော၊ ဘတ်စကက်ဘောပြိုင်ပွဲတွေ ရွာနဲ့ တပ်နဲ့ ပေါင်းလုပ်လိုက်ကြရင် မကောင်းဘူးလား'

"ကောင်းပါတယ် တပ်ခွဲမှူး"

"ဒါဆို ဦးပီခမ်းတို့၊ ကိုဒွေးနုတို့နဲ့ တိုင်ပင်ကွာ။ လွတ်လပ်ရေးနေ့ ပြေးခုန်ပစ်ပြိုင်ပွဲလေး လုပ်ပေးရအောင်"

သို့နှင့် ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလဆန်း ၂ ရက်၊ ၃ ရက်၊ ၄ ရက်နေ့များ၌ ပြေးခုန်ပစ်နှင့် ဘတ်စကက်ဘော၊ ဘော်လီဘောပြိုင်ပွဲများ ပြုလုပ်ဖြစ်သည်။ ယောကျ်ားများအတွက် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကက် ဘောပြိုင်ပွဲများ လုပ်ပေးသည်။ အမျိုးသမီးများအတွက်ကား ဘော်လီဘောနှင့် ဘတ်စကက်ဘောပွဲများ လုပ်ပေးဖြစ်သည်။ ဆုကိုမူ ပစ္စည်းမပေးဘဲ ငွေသားသာ သတ်မှတ်ပေးလိုက်သည်။ ယောကျ်ားသားများအတွက် ကျွန်တော့်တပ်ခွဲက နှစ်သင်း သုံးသင်း ထွက်၍ ရွာက တစ်သင်းရအောင် စီစဉ် ထွက်ခိုင်းရသည်။ ပြဿနာမရှိပါ။ မိန်းကလေးအသင်းများအတွက်ကား ကျောင်းက နှစ်သင်း ထွက်၍ ဈေးက နှစ်သင်း ထွက်၏။ ဘော်လီဘောတွင် ပြဿနာမရှိသော်လည်း ဘတ်စကက်ဘောတွင်မူကား





ကျောင်း(က)သင်းနှင့် ဈေး(က)သင်း တွေ့ကြသည့်အခါတွင်မူ ဘောလုံးလုရင်း အမျိုးသမီးများ စကားများကြတော့၏။

အသင်းနှစ်သင်း ခေါင်းဆောင်များဖြစ်သည့် အတ်ဆွေနှင့် ဆရာမ ရန်ဖြစ်ကြတော့သည်။ ဗိုလ်လှထွန်းကိုယ်တိုင် ကွင်းထဲဆင်းရှင်းပေးရသည်။ ဇာတ်လိုက်မင်းသားဆင်းသွားမှ ကွင်းထဲက မင်းသမီးနှစ်ယောက်လည်း ငြိမ်သွားတော့သည်။ ရွာနီးချုပ်စပ်မှ တရုတ်များလည်း လာကြည့်ကြရာ ပြိုင်ပွဲတိုင်း၌ 'ကျားရိုး' 'ကျားရိုး' ဟု တရုတ်လို ဆူညံစွာ အော်ဟစ်အားပေးကြရာ အားပေးသံများ သောသောညံတော့၏။

ရဲဘော်များကလည်း သူတို့ရည်းစား တရုတ်မလေးများပါသည့်ဘက်က အားပေးကြ၏။ အတော်ပျော်စရာကောင်းပြီး ရွာနှင့် ကျွန်တော့်တပ်ခွဲများလည်း အလွန်ရင်းနှီးသွားတော့သည်။

ထိုပြိုင်ပွဲများ၏ နောက်ထပ်ရလဒ်ကား ပွဲရက်များ၌ ရဲဘော်များနှင့် တရုတ်မ သမီးရည်းစားအတွဲများ နေ့စဉ်လို တွေ့ဆုံကြပြီး စစ်သည်လေးငါးခြောက်ဦး ပွဲအပြီးတွင် တရုတ်မလေးများကို ယူပါရစေတော့ဟု ကျွန်တော့်ထံ ခွင့်တောင်းခံကြခြင်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှူးကိုယ်ပတ် ဖြစ်ချေပြီ။

"အေး ... စဉ်းစားပေးမယ်ကွာ"

ဟု မယုတ်မလွန်ဖြေလိုက်ရ၏။ အကျိုးအကြောင်းကို တပ်ရင်းမတင်ပြလို့ မဖြစ်။ တပ်ရင်းမှူးက အသစ်။ သူ မသိဘဲ ရဲဘော်များကို တရုတ်မများနှင့် ပေးစားလိုက်ပါက အရာအားလုံး တပ်ခွဲမှူး ကျွန်တော့်တာဝန်လုံးလုံး ဖြစ်ချေမည်။ ဒီလိုတော့ မဖြစ်သေးပါ။

## နောင်လိုင်ကအပြန်

၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလကုန်၌ ကျွန်တော့်တပ်ဖွဲ့ နောင်လိုင်က ပြန်ရသည်။

မပြန်မီ လဆန်းက တန့်ယန်းမှ ဘိန်းဖျက်အဖွဲ့များ ရောက်လာကြပြီး နောင်လိုင်ပတ်ဝန်းကျင်က ဘိန်းခင်းများကို လိုက်ဖျက်ကြ၏။ လိုအပ်သည့် လုံခြုံရေးကိစ္စများကို ကျွန်တော့်တပ်ခွဲက လိုက်လံဆောင်ရွက် ပေးရသည်။ အခြားရွာများ၌ ဘယ်ရွေ့ဘယ်မျှ ကြာသည် မသိပါ။ နောင်လိုင်မှာတော့ တစ်လခန့်ကြာသွား၏။ ကြာမှာပေါ့ ခင်ဗျာ။ ကျွန်တော်တို့ နောင်လိုင်လာသည့် ဘိန်းဖျက်အဖွဲ့မှာ တစ်အုပ်တစ်မကြီးဖြစ်သည်။ လူပေါင်း သုံးလေးဆယ်ပါလာ





၏။ ရဲတပ်စိပ်နှစ်စိပ်နှင့် ကျနိုတန့်ယန်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တပျော်တပါး လိုက်ပါလာသဖြင့် လူ ၃၀ ကျော် ၄၀ နီးပါး ရှိသည်။ သူတို့အား နောင်လိုင်ရွာလယ်ရှိ ဦးခွန်ဆာ၏အိမ်ကြီးတွင် နေရာချထားပေးရ၏။ ဦးခွန်ဆာ၏ အိမ်ကြီးမှာ နှစ်ထပ်တိုက်အိမ်ကြီးဖြစ်ပြီး နှစ်ဧကခန့်ကျယ်သည့် ခြံဝင်းကြီးနှင့်ဖြစ်၏။ အိမ်မကြီးအပြင်၌ အိမ်တန်းလျားလေး တစ်ခုနှစ်ခုလည်း အပိုရှိပေသည်။ တန့်ယန်းက လာသည့် ဘိန်းဖျက်အဖွဲ့အတွက် အားလုံးအဆင်ပြေပါသည်။ ညဆို အောက်လင်းဓာတ်မီးများ ထွန်းပေးထားသည်။ ရေအတွက် ရွာက ရေစည်လှည်းများဖြင့် တိုက်ပို့ပေးသည်။ မနက်စာ ညစာများအား ရွာမှ သန့်သန့်ပြန့်ပြန့် တရုတ်မလေးများက နေ့စဉ် ချက်ပြုတ်ကြော်လှော်ကျွေးမွေးသည်။ အလှဆုံး တရုတ်မလေးများက စားပွဲထိုးသည်။ ဧည့်ခံသည်။

ညစာမစားမီ နောင်လိုင်ရွာမှ ထွက်သည့် အကောင်းဆုံး ယမကာဖြစ်သော မြွေနဲ့လိပ်ကို တိုက်သည်။ လူငယ်တွေက မြွေနဲ့လိပ် ကြိုက်သော်လည်း လူကြီးပိုင်းက သိပ်မကြိုက်ဆိုသဖြင့် တန့်ယန်းမှ Malt Whisky မော့စီစကီတစ်သေတ္တာမှာပြီး တိုက်ရသည်။ နေ့လယ်နေ့ခင်း ဘိန်းခင်းဖျက်ပြီး ခဏ ထမင်းစားအပြန် အပျင်းဖြေ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ပြည့်အောင် ဗိုက်မန်းခေါ် ရှမ်းဖဲများ ကစားနိုင်အောင် စီစဉ်ပေးထားသည်။ ရှမ်းဖဲ မကစားချင်သူများအတွက် မှာကျန်ခေါ် မာကျောက်ကစားရန် လုပ်ပေးထားသည်။ Show ခေါ် တစ်ချပ်မှောက်ကစားရန် လုပ်ပေးထားသည်။ လိုအပ်ပါက လေးကောင်ဂျင်ပင် ကစားချင်ကစားနိုင်အောင် ရွာမှ သိုလေသေးမရှိ စီစဉ်ပေး ထား၏။

သူတို့အဖွဲ့ခေါင်းဆောင်ဦးဘရန်ရှောင်က အား ကစားသမားဖြစ်သည်။ တန့်ယန်းမြို့နယ်မှ ဌာနဆိုင်ရာ မြို့နယ်ဦးစီးမှူး အရာရှိတစ်ဦးပင်။ အသက်က သုံးဆယ်သာသာ။ ကျွန်တော်နှင့် မတိမ်းမယိမ်း။ သူသည် ဘောလုံးကန် အလွန်ကောင်း၏။ သူတို့ ဘိန်းဖျက်အဖွဲ့က ရောက်လေရာ၌ ဘောလုံးပွဲများ၊ ဘော်လီဘောပွဲများ နွှဲခဲ့ရာ ယခုလည်း နောင်လိုင်၌ ဘောလုံးကွင်း ဘော်လီဘောကွင်းများ အဆင်သင့်ရှိနေသဖြင့် ဆောင်းတွင်း အချမ်းပြေ ကစားလိုပါသည်ဟု ဆိုလာ၏။

ရပါသည်။ သိပ်မခက်ပါ။ ထိုတာဝန်ကို ဗိုလ်လှထွန်းအား ပေးလိုက်ရာ ညနေတိုင်း အိမ်ရှင်နှင့်ညှိသည် ဘောလုံးပွဲများ မြိမ့်မြိမ့်သဲ ဆင်နွှဲဖြစ်၏။ နောင်လိုင်က တရုတ်မလေးများ နေ့တိုင်း လာအားပေးကြသည်။ သူတို့က



ညှိသည့်တန့်ယန်းအသင်းကို အားမပေးဘဲ အိမ်ရှင်နောင်လိုင်အသင်းကိုသာ မျက်နှာပြောင်တိုက်ပြီး အားပေးသည်။ နောင်လိုင်အသင်း၌ တပ်က ရှစ်ဦးခန့်ပါ၍ ရွာမှ တရုတ်ကျောင်းဆရာနှစ်ဦးနှင့် ဈေးတန်းမှ ဆန်ကုန်သည်ကိုလောက်လီတို့ ပါသည်။ ထိုအခါ ကျောင်းသူလေးများနှင့် ဈေးသူလေးများက သူတို့အမျိုးတွေ ပါနေသဖြင့် ဘောလုံးပွဲသို့မလာ မနေနိုင်ဘဲ လာကြ၏။ သူတို့သည် တခြားသူများ ဘောလုံးသယ်သွားသည့်အခါ သိပ်ပြီး မအော်ကြသော်လည်း ရှေ့တန်းတိုက်စစ်မှူး ဗိုလ်လှထွန်း ဘောလုံးသယ်သွားပြီဆိုပါက သူတို့ တရုတ်လို ကျားရိုးတွေရော၊ ကျားရှိုးတွေရော ရှိသမျှ ကျားတွေ အကုန် ကျားမျိုးစုံအောင် အော်တော့၏။

"နေပါဦး ကိုဌေးနုရ ... တရုတ်မလေးတွေ အော်အော်နေတဲ့ ကျားရိုးတို့၊ ကျားရှိုးတို့ဆိုတာ ဘာပြောတာလဲဗျ"

ကျွန်တော်က ဘောလုံးပွဲ အတူလာကြည့်နေသည့် ကိုစိုင်းဌေးနုအား မေးရသည်။

"ဗိုလ်ကြီးရဲ့ ကျားရိုး ကျားရှိုးဆိုတာ ဗမာလိုတော့ အတိအကျ ကျွန်တော် ဘာသာမပြန်တတ်ဘူး။ အနီးစပ်

www.burmeseclassic.com



ဆုံး အဓိပ္ပာယ်ကတော့ ချပေးကွ၊ လုပ်ပေးကွ၊ ချပါတော့လားဟေ့၊ လုပ်ပါတော့လားဟေ့ဆိုတဲ့ အဓိပ္ပာယ်မျိုးပါ။ အားပေးတာပေါ့ ခင်ဗျာ။ အားပေးတဲ့စကားပါ''

''ဩော်''

ဘောလုံးပွဲသာမကပါ။ ဘော်လီဘောပွဲများလည်း လုပ်ဖြစ်သည်။ ပြည်ထောင်စုနေ့၌ လျှပ်တစ်ပြက် ပြိုင်ပွဲများပင် လုပ်၍ ဆုချပေးလိုက်သည်။ တန့်ယန်းက ညှိသည်များ ပျော်ရအောင် ကျား၊ မ ရောရာ ဘော်လီဘောပွဲများ၊ ဘတ်စကက်ဘောပွဲများလည်း လုပ်ပေးလိုက်သည်။

ဤသို့ အပြုအစုကောင်း၍လား မသိပါ။ ဘိန်းဖျက်အဖွဲ့ နောင်လိုင်တွင် တစ်လနီးပါး ကြာသွား၏။ တန့်ယန်းက တာဝန်ရှိသူများက မပြီးသေးဘူးလား၊ ကြာလှချည်လားဆိုမှ လုပ်ငန်းလက်စသတ်ကာ ပြန်သွားကြလေတော့သည်။ ထိုအခါ ညှိသည်များက နောင်လိုင်တွင် အလွန်ပျော်ကြောင်း၊ ကျေးမွေးပြုစုသည်များကို ကျေးဇူးတင်ကြောင်း ပြောသွား၏။

သူတို့ပြန်ပြီး သုံးလေးငါးရက်အကြာ၌ ကျွန်တော့်တပ်ခွဲလည်း နောင်လိုင်မှ ပြန်ရသည်။ တန့်ယန်းတပ်ရင်းမှ ဗိုလ်ကြီးသောင်းထွန်း ဦးစီးတပ်ခွဲတစ်ခွဲက ကားလေးစီးဖြင့်





တာဝန်လာလဲသည်။

တပ်ခွဲတာဝန်လဲတာ သိပ်မကြာပါ။ တစ်မနက်နှင့် ပြီးပါသည်။ စစ်ရေးစစ်ရာပြဿနာ ဘာမှမရှိပါ။ ဒါပေမဲ့ လူမှုရေးပြဿနာကတော့ ရှိနေပြီ။

နောင်လိုင်က တရုတ်မလေး ခြောက်ယောက်က ကျွန်တော်တို့အပြန် လိုက်မည်တဲ့။ ရဲဘောများနှင့် ယူမည်တဲ့။ သူတို့မိဘများက သူတို့ရွာမှ စစ်သားယူလေ့ယူထမရှိသဖြင့် သဘောမတူဟု ဆိုကြသည်။ ဒါပေမယ့် တရုတ်မလေးများက စစ်သားမှ စစ်သား၊ ဘယ်သူဖျက်ဖျက် မပျက်နိုင်ပါဘူးရှင် ဖြစ်နေ၏။

''ကဲ . . . ဗိုလ်လှထွန်းတို့၊ ဆရာကြီးစိုင်းမောင်တို့ လုပ်ကြဦး။ ဘယ်လိုလုပ်ကြမှာလဲ။ သူတို့မိဘတွေက သဘောမတူဘူးဆို''

''ဟုတ်ပါတယ်။ ဒါပေမယ့် ကောင်မလေးတွေကလည်း လိုက်မယ်၊ တပည့်တွေကလည်း သိပ်ခေါ်ချင်နေတယ်။ တစ်ပါတည်းခေါ်ခဲ့ပါရစေဆိုပြီး ကျွန်တော့်ကို ဗျိုလာကျနေကြတယ်။ တပ်ရင်းကရော ခွင့်ပြုမယ်တဲ့လား တပ်ခွဲမှူး''

''တပ်ရေးဗိုလ်ကြီးကတော့ တပ်ရင်းမှူး တင်ပြထား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခေါ်ချင်ခေါ်လာခဲ့ပါတဲ့။ နေပါဦးဗျ။ အခုဟာက အယ်သူတွေက ခေါ်ကြမှာလဲ''

"တပ်ခွဲမှူးရဲ့ ခွဲရုံးက လောင်ချာကိုင်တဲ့ စိန်ထွန်းက ရှေ့ဆုံးကပဲ။ ဒီကောင်က မနက် မနက် ဈေးဝယ်သွားရင်း ဈေးတန်းက ရှမ်းခေါက်ဆွဲရောင်းတဲ့ မသန်းရွှေနဲ့ခင်ဗျ"

"ဩော် ... ဟိုဟိုဖြူဖြူဖွေးဖွေး ထောင်ထောင်မောင်းမောင်းကြီးလား"

"ဟုတ်တယ်ခင်ဗျ"

"ကျန်တာတွေရော"

"ကျန်တာတွေက ဈေးတန်းဘော်လီဘောအသင်းက သုံးယောက်၊ ကျောင်းသင်းက တစ်ယောက်နဲ့ ဦးလောက်လီတို့ ဆန်တန်းက တစ်ယောက်၊ ပေါင်းခြောက်ယောက်ပါ၊ ကျန်တဲ့ခေါ်ချင်သူတွေက တစ်စုတွေထဲက ရဲဘော်တွေပါခင်ဗျ"

"အခု အဲဒီကောင်မလေးတွေရော။ သူတို့အိမ်တွေမှာလား"

"မဟုတ်ဘူးခင်ဗျ။ သူတို့အိမ်တွေကနေပြီး မနက်စောစောကတည်းက တောင်ယာသွားမယ်ဆိုပြီး လိမ်ထွက်လာကြပြီး အခု ကျွန်တော်တို့စခန်းရောက်နေတယ်"





"ဩော် ... ဆရာကြီးတပည့်တွေက အသည်းအသန်ပါလားဗျာ။ အချစ်ဆိပ်က တယ်ပြင်းသကိုး"

ဤသို့ဖြင့် နောင်လိုင်က အပြန်၌ ယခင်က လူ ၆၄ ယောက်သာရှိသည့် ကျွန်တော့်တပ်ခွဲသည် ဘိုးဘိုးအောင် တန်ခိုးနှင့် ၆ ယောက်တိုးကာ လူ ၇၀ ဖြင့် နိုင်းရယ်တပ်ရင်းသို့ ပြန်ရောက်ရပါတော့သည် ခင်ဗျား။

❖ ❖ ❖

**ဆပ်ရင်းဌာနချုပ်မှာ စောတာ**

တပ်ရင်းပြန်ရောက်တော့ တရုတ်မလေးတွေခေါ်လာခဲ့ရသည့်အကျိုးအကြောင်းကို တပ်ရင်းမှူးကြီးထံကျွန်တော်ကိုယ်တိုင် နုတ်သံနှောကာ မျက်နှာငယ်ငယ်လေးနှင့် တင်ပြရပါတော့သည်။ တပ်ရင်းမှူးမှာ အသစ် ဖြစ်ပြီးကျွန်တော်နှင့် တစ်ခါမှ မတွေ့ဖူးသေးပါ။ အဟောင်းမှာ ဦးခဲ့သည့် ဒီဖင်ဘာလက ပြောင်းသွားခဲ့ပါပြီ။

"အေးဗျာ ... ခင်ဗျားခေါ်လာခဲ့ပြီဆိုတော့လည်း ဆားရတော့မှာပေါ့ဗျာ။ ထုံးစံအတိုင်း လက်ထပ်ခွင့်ပုံစံနဲ့ ဓာတ်ပုံလေး ဘာလေးကပ်၊ ဆေးစာလေးဘာလေးယူပြီး ကျွန်တော့်ဆီတင်လိုက်ပေါ့ဗျာ။ စစ်သားဆိုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



လူဖို့လူညှ်ဖို့ ဘာဖို့ အချိန်သိပ်ရတာ မဟုတ်ဘူး။ အခုလို မိန်းကလေးများများရှိတဲ့နေရာမှာ နေလိုက်ရရင် တရုတ်မ ရယ်၊ ကုလားမရယ်၊ ဗမာမရယ်၊ ရှမ်းမရယ် မဟုတ်ပါဘူး အဖိုနဲ့အမ တွေ့သွားရင် ရတတ်ကြတာပါပဲ''

ဟု ဆိုလေတော့၏။

ထိုအခါကျမှ ကျွန်တော့်မှာ စိတ်အေးရတော့၏။

နောက်နေ့ တပ်ခွဲရုံး၌ ရုံးထိုင်ပြီး တပည့်တော် မိန်းမယူမည့်ကိစ္စကို အရင်စီစဉ်ပေးရတော့သည်။ ရုံး အဖွဲ့ ၃ ဒသမ ၅ လောင်ချာကိုင်သည့် တပည့်ကျော်တပ်သား စိန်ထွန်းနှင့် တရုတ်မ ယူလာသည့်အဖွဲ့ကို ခေါ်တွေ့ရ၏။

ဆရာကြီးစိုင်းမောင်နှင့် ဗိုလ်လှထွန်းပါ ဘေး ခေါ်ထားရသည်။

''ကဲ ... စိန်ထွန်းတို့ မင်းတို့ အီရှမ်းကွမ်းလ ပေါက်ဖော်မ အဖွဲ့တွေကတော့ ထုံးစံအတိုင်း ဆရာကြီး စိုင်းမောင်ကတစ်ဆင့် လက်ထပ်ခွင့်ပုံစံဖြည့်ပြီး ငါ့ဆီတင် ကြ။ ငါ လက်မှတ်ထိုးပြီး တပ်ရင်းမှူးဆီ ဆက်တင်မယ် မှတ်ပုံတင်ရော ရှိကြလား။ မရှိရင်လည်း တပ်ခွဲအရာ ဗိုလ်ကြီးတို့က လိုက်လုပ်ပေးလိုက်ဗျာ။ နာမည်တွေက ဘာတဲ့လဲ''





''လုပ်စမ်းပါဦး ဆရာကြီးစိုင်းမောင်ရေ။ ခင်ဗျား ချွေးမတွေ နာမည်မေးစမ်းပါဦး''

''ကျွန်တော်လည်း ဘော်လီဘောပွဲ၊ ဘတ်စကက် ဘောပွဲတွေမှာ သူတို့အချင်းချင်းခေါ်တဲ့နာမည်တွေပဲ သိတယ်ခင်ဗျ''

''အဲဒီနာမည်တွေပဲပြောဗျာ။ ဟော့ ... ဗိုလ်လှထွန်း မောင်ရင်လည်း ပြောစမ်းပါဦး''

''နာမည်တွေက အတ်ဉာဏ်၊ အတ်ချွေ၊ အတ်ဆုံ၊ အတ်ရီ၊ လင်ဖန်၊ မသန်းရွှေ''

''ကဲ ... ထားပါကွာ။ သူတို့ယောကျ်ားတွေ ဆီမှာပါ။ ဟော့ကောင်တွေ မင်းတို့ တရုတ်မလေးတွေ ခေါ်လာပြီး ကိုယ့်ပစ္စည်းကိုယ် နာမည်ရောပေးထားပြီးပြီ လား။ ဒီမှာ မှတ်ပုံတင်အသစ်လုပ်ရအောင်။ ဗိုလ်လှ ထွန်းလည်း လိုရင် လိုက်သွားကွာ။ မြို့နယ်ဦးစီးမှူးကို အကျိုးအကြောင်းပြောပြပြီး မှတ်ပုံတင် ချက်ချင်းရအောင် လုပ်ပေး။ နော့ နေစမ်းပါဦး။ အခု ကောင်မလေးတွေကို ဘယ်လိုထားပြီး ဘယ်လိုနေနေကြလဲ''

''ကျွန်တော့်အိမ်ဘေးက အရာခံဗိုလ်အခန်းလွတ် ကို တပ်ထောက်ဗိုလ်ကြီးဆီ တောင်းပြီး ခဏ စုထား



www.burmeseclassic.com

www.burmeseclassic.com



ပေးပါတယ်''

''အခန်းရော လောက်လို့လား''

''စိန်ထွန်းက ကျွန်တော့်အိမ်မှာ။ ထွန်းရင်နဲ့ လှမောင်းကတော့ သူတို့သူငယ်ချင်းတွေနဲ့ လိုင်းခန်းမှာ သွားနေကြတော့ လောက်ပါတယ်ခင်ဗျ''

''ကောင်းပါတယ် . . . ကောင်းပါတယ်။ တပည့်တွေက ကျွန်တဲ့ဟာသာ အကြံဉာဏ်မထွက်ရှိမယ်။ ဒါမှ တော့ အကြံထွက်ပဲ့ဗျာ။ ကဲ . . . ထားတော့ လုပ်စရာရှိတာ လုပ်ပေးဗျာ။ တစ်ပတ်နေပြီးရင် တစ်ခွဲ လေ့ကျင့်ရေး မွမ်းမံသင်တန်းလုပ်ဖို့ရှိတယ်။ အဲဒါလည်း အခုထဲက ပြင်ထားဗျာ''

ဤသို့ဖြင့် တပ်ခွဲမှူးကျွန်တော်သည် တပည့်ရေး တရုတ်မယူမည့်အရေးကို လိုလေသေးမရှိ ဆောင်ရွက် ပေးရတော့၏။

မကောင်းမြစ်တာ ကောင်းရာညွှန်လတ် အတင် သင်စေ ပေးဝေနိုးရင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာဆိုသည့်စကားအတိုင်း ဟုသာ ဆိုပါရစေ ခင်ဗျား။

❖ ❖ ❖





တပ်ရောက်တာ တစ်ပတ်ကြာပြီ။ တပ်ခွဲအတွက် ညစာစားပွဲလုပ်ပေးလိုက်သည်။ တပ်ရင်းမှူးကြီးနှင့် အရာရှိများကို ဖိတ်သည်။ တပ်ခွဲက အိမ်ထောင်သည် အမျိုးသမီးများကိုပါ တက်စေသည်။

ထမင်းစားပွဲကို ကက်ဆက်များဖွင့်ကာ ပျော်ရွှင်စွာဖြင့် ကျင်းပပြုလုပ်သည်။ ထမင်းစားပွဲတွင် အစ မသတ်နိုင်သေး။ တန့်ယန်းဗျူဟာက ကျွန်တော်၏ အရန်တပ်ခွဲအား အရေးကြီးသဖြင့် ယခုချက်ချင်း တန့်ယန်း လွှတ်ပေးရန်၊ အင်အားကြီးမားသော ရန်သူ အသူရာတပ်ဖွဲ့ကြီးတစ်ခု တာဆိုင်းလျှံကူးတို့မှ သံလွင်အနောက် ကမ်းကို ဖြတ်ကူးလာကြောင်း မိမိတို့ရှေ့တန်း စခန်းများကို တိုက်မည်ထင်ကြောင်း လှမ်းပြီး ပြောတော့၏။

''ကဲ . . . ဗိုလ်သက်ဦးရေ သွားလိုက်ပါဦးဗျာ။ ခင်ဗျားနဲ့ ဗိုလ်တင်မောင်အေး နှစ်ယောက်တည်းဆိုတော့ အင်အားတောင့်သွားအောင် ခွင့်ပြန်ဖို့ ခဏရောက်နေတဲ့ ဗိုလ်ကြီးခင်မောင်အုံး ခေါ်သွားဗျာ။ ခင်ဗျား နောင်တော်ကြီးပဲ၊ သူ့ကို တပ်ခွဲမှူးထားလိုက်ပါ၊ ခင်ဗျားက ဒုတပ်ခွဲမှူးပေါ့ဗျာ''

ဟု တပ်ရင်းမှူးကြီးက ပြောတော့၏။ ဗိုလ်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ မနေ့စာမင် ဗထူးသို့ တပ်စုမှူးသင်တန်းတက်ရန် ထွက်ခွာသွားသဖြင့် သူ့အစား ဗိုလ်တင်မောင်အေး ရောက်လာသည်။ ကျွန်တော်က ရှေဦးသား၊ ဗိုလ်ကြီးခင်မောင်အုံးက ရွှေဘိုသား၊ ဗိုလ်တင်မောင်အေးက စစ်ကိုင်းသား။ ဤသို့ဖြင့် ကျွန်တော်တို့ ဆင်၊ မျောက်၊ ခါ သတ္တဝါ သုံးဦးသို့မဟုတ် အညာသားသုံးဦးကွပ်ကဲသော တပ်ခွဲသည် ထိုနေ့သို့မဟုတ် မတ်လ ၆ ရက်နေ့ ညဦးပိုင်းမှာပင် တန့်ယန်းသို့ ကားသုံးစီးဖြင့် ထွက်ခွာခဲ့ရတော့၏။

တန့်ယန်းရောက်ပြီးနောက် ဖြစ်စဉ်များကိုကား စာရှုသူများ သိပြီးဖြစ်ကြပါသည်။ မတ်လ ၆ ရက်နေ့မှ ပြန်ရောက်သည်။ ပြန်ရောက်တော့ အများသိတော်မူကြသည့်အတိုင်း လူစုံတက်စုံပါမလာတော့။ သေသူ သေ၊ ပျောက်သူ ပျောက်၊ ဒဏ်ရာရသူရ၍ ဆေးရုံပို့သူ ပို့ရနှင့် တပ်ခွဲမှာ အတော်တော့ ဖွဲ့စည်းပုံ ပျက်သွား၏။ နောင်တော်ကြီး ဗိုလ်ကြီးခင်မောင်အုံးကလည်း တပ်ရင်းပြန်ရောက်ပြီး တစ်ရက်နှစ်ရက်အတွင်းမှာပင် တပ်ပြောင်း မိန့်ထွက်သွားရာ သူပြောင်းရမည့် ရန်ကုန် C.A.D Central Ammunition Depot ပင်မ ခဲယမ်းမီးကျောက် တပ်သို့ အပြီးအပိုင် ပြောင်းပြေးတော့၏။





ကျွန်တော်သည် အထက်က ဖော်ပြခဲ့သည့်အတိုင်း လက်ထပ်ခွင့်တောင် မကျသေးသည့် အသစ်စက်စက် မုဆိုးမ တရုတ်အမျိုးသမီးလေး လေးဦးနှင့် ပိုက်ဘောမိကာ ကျန်ခဲ့၏။ ပိုက်ဘောက ဒီတစ်လုံးသာမကပါ။ နောက်တစ်လုံးကလည်း ရှိပါသေးသည်။

နောက်တစ်လုံးက ဒီလိုပါခင်ဗျား။

**စစ်သားတို့အချစ်**

မတ်လ ၆ ရက်နေ့ည ခရီးထွက်တော့ ကျွန်တော့် တပ်ခွဲမှာ သတ်မှတ်အင်အားမပြည့်ပါ။ လူ ၇၀ ပြည့်အောင် ဖြည့်ပေးလိုက်ပါဟု တန့်ယန်းဗျူဟာက မှာရာ တပ်ရင်းတွင် လားရှိုးက တိုင်းဘောလုံးပွဲမှ ပြန်ရောက်နေသည့် တပ်ရင်း ဘောလုံးအသင်းကို ဖျက်ပြီး ထည့်ပေးလိုက်သည်။

တပ်ရင်းမှူးအဟောင်း ဗိုလ်မှူးကြီးမောင်မောင်ထွန်းက ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာတွင် ဗထူးတိုက်နိုက်ရေးကျောင်းသို့ ဒုကျောင်းအုပ်ကြီးရာထူးနှင့် ပြောင်းသွားသည်။ သူနေရာသို့ ဗိုလ်မှူးကြီး သန်းဌေးရောက်လာ၏။ ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



ဦး သန့်ရွှေကား အားကစားသမားကြီးဖြစ်သည်။ ငယ်စဉ်က တစ်မတော် ဘောလုံးသင်း လက်ရွေးစင် ဖြစ်ခဲ့၏။ ရှေ့တန်းတိုက်စစ်မှူးပင်။ အပြေးအလွှန်သန်ပြီး ဘောလုံးရော လူပါ လိမ့်နေအောင် ပြေးနိုင်သည်။ မာလည်း အလွန်မာ၏။ ထို့ကြောင့် သူ့အား သူ့သူငယ်ချင်းများနှင့် အထက်လူကြီးများက သံဂေါ်လီသန်းရွှေ ဟု ခေါ်ကြကုန်၏။ သူသည် ရောက်သည်နှင့် တပ်ရင်းဘောလုံးသင်းအား တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ ဖန်နဝါရီလ ဆန်း၌ လားရှိုးရခမတိုင်းဘောလုံးပြိုင်ပွဲသို့ စေလွှတ်လိုက်၏။ အသင်းအုပ်ချုပ်သူအဖြစ် အားကစားဝါသနာထုံသည့် တပ်ရင်းအရာခံဗိုလ်ဆရာကြီးမောင်မြင့်ကို ရွေးထည့်ပေးလိုက်သည်။ အရင် တပ်ရင်းမှူးက အားကစားတွေ စိတ်မဝင်စားပါ။ Indoor Game ဟုခေါ်သည့် Scrabble ကစားခြင်း၊ Chess ခေါ် စစ်တုရင် ကစားခြင်းတို့လောက်သာ စိတ်ဝင်စားသူ။ တပ်ရင်းမှူးအဟောင်းလက်ထက်က ဆုတွေ၊ ဘာတွေ ရလာသော တပ်ရင်း ဘောလုံးသင်းသည် ဘောလုံးအားကစားကို အထူးစိတ်ဝင်စားသည့် တပ်ရင်းမှူးအသစ် လက်ထက်မှ ခွက်ခွက်လန်အောင် ရှုံးပြီး အစောကြီး ဖျာလိပ်ရတော့၏။ ထိုအခါ အသင်းအုပ်ချုပ်သူ





တပ်ရင်း အရာခံဗိုလ်ကြီးက သူကိုင်မှ ညံ့ရမလားဟု ဒေါသအမျက်ခြောင်းခြောင်း ထွက်ပြီး ဘောလုံးအသင်းအား လူမှု ဝန်ထမ်းများကို တွင်တွင်ခိုင်းတော့၏။

ယခု အရေးပေါ်ခရီးထွက်ရ၍ လူလိုနေသည့်အတွက် သူ့ထံလူတောင်းရာ အဆင်သင့်ဖြစ်နေသည့် တပ်ရင်း ဘောလုံးတစ်သင်းလုံးကို ထိုးထည့်ပေးလိုက်တော့သည်။ ဆေးရုံတက်နေရသူတစ်ဦးသာ ကျန်၏။ ထိုဘောလုံးသမားများအနက် ရှစ်ဦးမှာ လူပျိုလေးများဖြစ်ရာ လူပျိုရှစ်ဦးမှ လေးဦးတိုက်ပွဲကျဆုံးရာ၌ ပါဝင် သွားလေ၏။ ထိုအထဲမှ တပ်သားအောင်ညွှန့်နှင့် တပ်သားစောချစ်ဆွေတို့ နှစ်ဦးက ရွာမှာကျန်ခဲ့သည့် သူတို့ ရည်းစားများကို သကြန် မကျမီ သွားရောက်တောင်းရမ်းယူမည်ဟုဆိုပြီး လက်ထပ်ခွင့် တင်ခဲ့ကြ၏။ လက်ထပ်ခွင့် ကျပြီ။ သို့ရာတွင် ခရီးထွက်ရာ၌ ပါသွားသဖြင့် ခရီးက ပြန်လာမှ မင်္ဂလာသွားဆောင်ရန် စီစဉ်ထားသည်။ ယခု တိုက်ပွဲကျသွားတော့ ပြဿနာဖြစ်တော့သည်။ တပ်သားအောင်ညွှန့်၏ ကောင်မလေးကို တပ်က လှမ်းခေါ်သည့် အခါ ရောက်လာသည်။

"ကိုအောင်ညွှန့်နဲ့ ကျွန်မ ကြိုက်တာ မှန်ပါတယ်။ ဒါပေမယ့် အခုလို လပ်ထပ်ခွင့်တင်လိုက်တာ ကျွန်မ မသိ



www.burmeseclassic.com

လိုက်ပါသွား"

ဟုဆိုပြီး ငိုတော့သည်။ ရေနံချောင်းဘက်က ဖြစ်သည်။

အလားတူပင် တပ်သားစောချစ်ဆွေသည်လည်း သူ့ကောင်မလေးက တောင်ငူဘက်က ကရင်မလေး။ ရှားရှားပါးပါး ဗုဒ္ဓဘာသာကရင်ဖြစ်၏။ သူမသည်လည်း ဘာမှမသိပါ။ သူတို့ချင်း သမီးရည်းစားဖြစ်နေတာတော့ ဟုတ်ပါသည်ဟု ဆိုပြန်၏။

ကဲ ဘယ်နှယ်လုပ်ကြမှာလဲ။

ကျွန်တော့်မှာ ထိုအရှုပ်ထုပ်များကို အပြေးအလွှား ရှင်းရသည်။ သက်ဆိုင်သူများသို့ အကျိုးအကြောင်း ပြောပြရတော့သည်။ တပ်ရင်းမှူးထံ တင်ပြပြီး အဆုံးအဖြတ် ယူရသည်။

"လက်ထပ်ခွင့်ပြုပြီး တပ်ရင်းအမိန့်ပါ ထုတ်ထား ပြီးပြီဆိုတော့ ဥပဒေသဘောအရတော့ ဒီကလေးမတွေ ပဲ အမွေစား အမွေခံ ပေးရမှာပေါ့ဗျာ"

ဟု ဆိုလာ၏။

အလားတူပင် နောင်လိုင်မှပါလာသည့် တရုတ်မ လေးများကိုလည်း တပ်ရင်းအမိန့်ဖြင့် လက်ထပ်ခွင့်ပြုပြီး





ဖြစ်ရာ ကျဆုံးသွားသူ သူတို့ခင်ပွန်းများ၏ အမွေစား အမွေခံကို သူတို့အား ပေးလိုက်ရပါတော့သည်။ ပြီးတော့ သူတို့ကို အကျိုးအကြောင်း ရှင်းပြ၍ တပ်တွင် ပျော် သလောက်နေစေပြီး သူတို့ခင်ပွန်းများ၏ ရသင့် ရထိုက် သည့် ရေး ၄ ဆိုင်ရာ ငွေကြေးများကို လက်ခံရယူစေ၏။ သူတို့ခမျာ ယောကျ်ားနှင့် တစ်ပတ်လောက်သာ နေ လိုက်ရပြီး ဘုမသိ ဘမသိနှင့် မုဆိုးမဖြစ်ကြရရှာသည်။ စစ်တပ်အကြောင်း စစ်သားအကြောင်း ကောင်းကောင်း ဘာမှ သိမသွား။ ဗမာစကားလည်း ကောင်းကောင်း မပြော လိုက်ရ။ တရားရစရာပါပေ။

များမကြာမီမှာပင် သူတို့၏ တောင်းဆိုချက်အရ သူတို့မိဘများရှိရာ နောင်လိုင်ရွာသို့ လုံလောက်သည့် အစောင့်အရှောက်ဖြင့် ပြန်ပို့ပေးလိုက်ရ၏။ သူတို့မိဘများ ကတော့ ဘာမှမပြော။ ဒါပေမဲ့ ကျဆုံးသွား သူ သူတို့ ယောကျ်ားများ၏ ပင်စင်ကို သူတို့ခံစားရသည်ဆိုတော့ သူတို့ရွာက အောက်ပါအတိုင်း ပြောသည် ဆို၏။

"ဟဲ့ . . . စစ်သားယူတာ ဒို့ရွာမှာ ဝက်မွေး တာထက်တောင် ကိုက်သေးတယ်။ စစ်သားက သေတာ တောင် အရိုးက လုပ်ကျွေးသွားသေးတယ်" ဟူသတည်း။

www.burmeseclassic.com



စစ်သားတို့အချစ်က ဒီမှာတင် ပြီးပါပြီခင်ဗျာ။

◆ ◆ ◆

သို့ရာတွင် စာရှုသူများသို့ ကျွန်တော် အနည်းငယ် ဖြည့်စွက် အစီရင်ခံလိုပါသည်။

စစ်သားများသည်လည်း သူလို ငါလို လူသားများ ပင်ဖြစ်၍ ချစ်တတ် ကြိုက်တတ်ကြပါသည်။ ချစ်တတ်သည့် အသည်းနှလုံးရှိပါသည်။ သို့ရာတွင် သူတို့မှာ ချစ်ဖို့ ကြိုက်ဖို့ အချိန်သိပ်မပေးနိုင်ပါ။ အမိန့်နှင့်တာဝန်ကို ဦးထိပ် ပန်ဆင်နေရသူများဖြစ်၍ ထားရာနေ စေရာသွားရ၏။ ထို့ကြောင့် အိမ်ထောင်ကျသည့်အခါ မမျှော် လင့်ဘဲနဲ့ အိမ်ထောင်ကျသွားကြသည်သာ။

တခြားသူမကြည့်ပါနှင့်။ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ ပြောရမည်ဆိုလျှင် အသက် ဆယ့်လေးငါးနှစ်မှ သည် အသက် ၂၃ နှစ်ထိ ရည်ငံခဲ့သော ငယ်ရည်းစားနှင့်လည်း မရခဲ့ပါ။ တက္ကသိုလ်တွင် ကြုံခဲ့ဆုံခဲ့ရသော နှစ်နှစ် သုံးနှစ်တွဲခဲ့မိသော Girl Friends များနှင့်လည်း မရခဲ့ပါ။ စစ်သားဖြစ်လျှင် ဖြစ်ချင်း ကရင်ပြည်နယ်တွင် တာဝန်ကျ ခဲ့ရာ ရုတ်ခြည်းတွေ့ဆုံခဲ့သော ကရင်ပြည်နယ်မှ ကရင်





အမျိုးသမီးလေးနှင့်သာ အိမ်ထောင်ကျခဲ့ရ၏။ ကျန်ရည်ငံ ထားသူများက ဗိုလ်ကတော်လုပ်ချင်သော်လည်း တောထဲ တောင်ထဲကျတော့ လိုက်မနေချင် ကြပါ။ အသာစံချင်သော် လည်း အနာမခံချင်ကြပါ။ ထို့ကြောင့် အေးအတူ ပူအမျှ နေမည့်သူနှင့်သာ အိမ်ထောင် ကျခဲ့ရခြင်းပါပေ။

ဒါက ကျွန်တော်တစ်ဦးတည်းသာ မဟုတ်ပါ။ ကမ္ဘာ့အနိုင်နိုင်ငံက စစ်သားများလည်း ဒီအတိုင်းပါပဲခင်ဗျာ။

၁၉၈၈ ခုနှစ်က ကျွန်တော် ရန်ကုန်စစ်ရုံး တကကျောင်း၌ တွဲဘက်တာဝန်ထမ်းဆောင်ရ၏။ ဗိုလ်ချုပ် စစ်မောင် အပါအဝင် နိုင်ငံခြားပြန် အရာရှိများနှင့်အတူ နေရသည်။ သူတို့၌ သူတို့တက်ခဲ့သည့် နိုင်ငံခြား သင်တန်း အလိုက် ကျောင်းသမိုင်းစာအုပ်များပါလာကြသည်။ ထိုစာအုပ်ကြီးများ၌ ကျောင်းမှ ကျောင်းအုပ်ကြီး မှသည် အရာရှိအသီးသီး၏ ကိုယ်ရေးရာဇဝင်နှင့် မိသားစုလိုက် Group Photo ဓာတ်ပုံများပါ၏။ အမေရိကန် စစ်ကျောင်း ကြီးများဖြစ်သည့် Fort Benning နှင့် Fort Leaven Worth တို့မှ အဆင့်မြင့်နည်းပြ အမေရိကန် အရာရှိကြီးများ ၏ မိသားစု ဓာတ်ပုံများကို တွေ့ရသောအခါ ကျွန်တော် ရုတ်တရက် အံ့သြသွား၏။ သူတို့ ကျောင်းက ဗိုလ်ချုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးချုပ်အချို့၏ ဇနီးများမှာ ကိုးရီးယားမများ၊ ဂျပန်မများဖြစ်နေကြသောကြောင့် ပါတည်း။

"ဟ . . . ဘယ်နဲ့လုပ်ပြီး ဒီအမေရိကန်ဗိုလ်ချုပ်တွေက ကိုးရီးယားမတွေ၊ ဂျပန်မတွေ ယူထားကြလဲ မသိဘူး"

ဟု ကျွန်တော်က ပြောသောအခါ Fort Leaven Worth မှ C.G.S.C ခေါ် Command and General Staff College စစ်ဦးစီးတက္ကသိုလ်သင်တန်းတက်ပြီး မကြာမီက ပြန်လာသည့်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးလှသိန်းက အောက်ပါအတိုင်း ပြောတော့၏။

"ကိုယ့်ညီကလည်း လုပ်ရော့မယ်။ အဲဒီဗိုလ်ကြီးတွေက ဒုတိယကမ္ဘာစစ်ပြီးစက ဂျပန် အိုကီနာဝါကျွန်းမှာ နေခဲ့ရတဲ့ ဗိုလ်ပေါက်စလေးတွေ၊ ၁၉၅၃ ခုနှစ် ကိုးရီးယားစစ်ပွဲတုန်းက ကိုးရီးယားမှာ နေခဲ့ရတဲ့ အရာရှိပေါက်စလေးတွေလေ။ အိမ်လည်း မပြန်ရ။ မိန်းမကလည်း လိုချင်ဆိုတော့ ဂျပန်မနဲ့ ကိုးရီးယားမမှ မယူရင် မိန်းမ မရတော့ဘူးလေကွာ။ ကိုယ့်ဟာကိုယ်လည်း ပြန်ကြည့်ဦးလေ၊ ဘယ်ကမိန်းမနဲ့ရလာတာလဲဆိုတာ"

"ဟုတ်ပါ့ဗျာ . . . ဟုတ်ပါ့ . . . ဟား . . . ဟား . . . ဟား . . . ဟား၊ ကျွန်တော် မေ့သွားလို့ အစ်ကိုကြီးရေ၊ မေ့သွားလို့ခင်ဗျ"

မြရတနာစာပေ



သူပြောတာဟုတ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့တွဲဘက်ခုနစ်ဦးတွင် ကျွန်တော်အပါအဝင် လေးဦးက တိုင်းရင်းသူများကို ယူထားသူများဖြစ်ကြပါ၏။ သတိမမူတော့ ဂူမမြင်လိုက်ဘူးပေါ့ခင်ဗျာ။

ယခု ကျွန်တော်၏ဖြစ်ရပ်မှန် ဤဝတ္ထုဖြင့်လည်း အထက်ပါအတိုင်းပါပင်။ နောင်လိုင်က တရုတ်မများကို ယူခဲ့ကြသည့်စစ်သည် ၄ ဦး၊ ငယ်ရည်းစားနှင့် လက်ထပ်ခွင့်ရပြီး အတူမနေလိုက်ရသည့် စစ်သည် ၂ ဦး၊ သူတို့သည် သူတို့၏ အချစ်အား ထင်ရှားစွာ မပြလိုက်နိုင်မီမှာပင် တိုက်ပွဲကျဆုံးသွားခဲ့ကြ၏။

ဒါသာမကပါ။ တရုတ်မများနှင့် တပ်ခွဲက ရဲဘော်များကို လက်ထပ်ခွင့်ဆောင်ရွက်ပေးခဲ့သော တပ်ခွဲအရာခံဗိုလ် ဆရာကြီးစိုင်းမောင်ခေါ် ဆရာကြီးသောင်းမောင်သည်လည်း သီပေါသားရှမ်းကြီး ဖြစ်ပါ၏။ သူ့ဇနီးမှာ မန္တလေးသူမြန်မာစစ်စစ်ကြီး ဖြစ်ပါသည်။ သူသည်လည်း ထို ၁၉၇၈ ခုနှစ် မတ်လက ဖြစ်ပွားခဲ့သော နောင်လိုင် ပါဖန်တိုက်ပွဲကြီး၌ ကျဆုံးခဲ့ရှာ၏။ ကျွန်တော့်မှာ တပ်ပြန်ရောက်သည့်အခါ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တွင် မှုဆိုးမဖြစ်သွားကြသည့် ရဲဘော် ဇနီးဖြစ်ခါစ တရုတ်မ လေးတွေကိုရော၊ တခြားမုဆိုးမဖြစ်သွားသည့် ဗမာမလေး တွေကိုရော၊ လွယ်လမလေးတွေ ကိုရော၊ ရှမ်းမလေးတွေကို ရော အရာခံဗိုလ်ကတော် ဗမာအမျိုးသမီးကြီးကိုပါ နှစ်သိမ့်ခဲ့ရပါ၏။

ဤသည်ပင်လျှင် စစ်သားတို့အချစ်ဟု ဆိုရမည် ထင်ပါသည်ခင်ဗျား။

သောင်းဝေဦး

၁၇-၉-၂၀၀၇

မြရတနာစာပေ

# သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သေကံမရောက် သက်မပျောက်
၈။ ဣတ္ထိယခေါ် မိန်းမတို့သည်
၉။ ယောက်ျားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ဝံ့သားများ စစ်ထဲဝင်ရင်လေ
၁၃။ ကြည်း ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ
၁၄။ မုဆိုးဖြစ်မှသည် ရောဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ

www.burmeseclassic.com

www.burmeseclassic.com

၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)

၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)

၁၈။ ကုက္ကိယခေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း

၁၉။ အစ်ကိုတို့စစ်သား

၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)

၂၁။ ကျွန်တော် ဂေါက်သီးသမား

၂၂။ ဒီဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ

၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)

၂၄။ ကပ္ပတိန်ကျော်ညွန့်၏ စွန့်စားခန်းများ

၂၅။ အချစ်နဲ့ စစ်သား

၂၆။ စစ်မြေစခန်းက လွမ်းပုံပြင်

၂၇။ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ

၂၈။ မလွမ်းဆို မငိုနဲ့နော်

၂၉။ အမှတ်တရတိုက်ပွဲများ အမှတ်(၁)
စီစီဝမ်တာပန်တိုက်ပွဲကြီး

၃၀။ မြန်မာ့မြေမှ အင်္ဂလိပ်-ဂျပန်တိုက်ပွဲများ

၃၁။ လူစွန့်စားကြီးကပ္ပတိန်စောနားမူး

၃၂။ အမှတ်တရတိုက်ပွဲများ အမှတ်(၂)
မိုင်းယန်းတိုက်ပွဲ

၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)

## ထပ်ထွက်ရှိမည့်စာအုပ်

၃၄။ အမှတ်တရတိုက်ပွဲများ အမှတ်(၃)
ကျွန်တော်ပါဝင်သော နောင်လိုင်ပါဇန်နှင့် ဗိုလ်နှင့် မိတ္ထီလာ တိုက်ပွဲကြီး

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၃၅။ နမ်မယောင်းမှသည့် ရောဝတီ

၃၆။ ကပ္ပတိန်စောနားမူး၏ မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ

၃၇။ ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများနှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများ
အမှတ် (၁) (၂) (၃) (၄)

၃၈။ ပေဟု. နိုကွန်မန်ဒီ

www.burmeseclassic.com